

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




# လမင်းမို့မို့

## သံယောဇဉ်ရှိပါမြဲမှာ



မောင်ကျော်လှိုင်
စေတနာစာပေမှ
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

လူ့လောကကြီးမှာ . . .
အပြန်အလှန်စွန့်လွှတ်နားလည်ရခြင်းတို့နဲ့
သံယောဇဉ်ချည်နှောင်သော ရိပ်မြုံတလေးများရှိတယ်။
ထိုရိပ်မြုံတလေးများရဲ့ပိုင်ရှင်တို့ဟာ . . .
သူတို့ရိပ်မြုံတလေးများ
သာယာလှပသထက်လှပစေချင်သောဆန္ဒ
သူနည်းသူ့ဟန်နဲ့သူ ရှိကြတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com

၁

ယုဇနေဂါးခင်းဟိုရာယ်ဝင်းထဲ ကားကိုဝင်လာကာ တာဝန်ရှိသူညွှန်ပြသည့်အတိုင်း ကားကိုအစီအစဉ်တကျ ရပ်ပြီးလျှင် ဇော်ရှင်းက ကားနောက်ခန်းထဲမှ လက်ဖွဲ့ထုပ်ကြီးကို လှမ်းယူလိုက်ပါသည်။ ဤပြောင်ပြောင်လက်လက် လက်ဖွဲ့ထုပ်ကြီးကိုင်သွားရမှာ ဘာကြီးမှန်းကိုမသိ။ သူ့စိတ်ထဲ ရှက်သလိုလိုပင်။

ဝတ်နေမကျလှသည့် တိုက်ပုံကြွေဖြူရောင် တောက်တောက် ပိုးပုဆိုးတွေ ဝတ်ဆင်ထားရ၍ … ဘာမှ မပါဘဲတောင်မှ လမ်းလျှောက်ဝင်သွားရမှာ ရှက်တက်တက် ရယ် …။ အထုပ်ကြီး မ,သွားရဦးမည်ဖြစ်၍ … စိတ် အိုက်သော်လည်း ဘာတတ်နိုင်ပါမည်နည်း။ 'ဒီ' မှ ပါ၊

www.burmeseclassic.com

www.burmeseclassic.com



လာတာ … ။

'မိ' ပါလျှင်တော့ ဒီလိုလက်ဖွဲ့ထုပ်တို့ဘာတို့ကို မိကိုင်ဖို့ သူက တာဝန်လွှဲခေါင်းရှောင်ထားပါသည်။ အထုပ်က ဘာမှမကြီးလှ … ။ အထဲမှာ နေရှင်နယ်လ်မီးပူဖြစ်ပါသည်။ ညက … 'မိ' အထုပ်ထိုင်ထုတ်နေတာကို သူတွေ့သည်။ မိ့,ပဲ ကြည့်ရှုဝယ်ခြမ်းစီစဉ် ထုတ်ပိုးပေးလိုက်တာဖြစ်သည်။

" ဇေယျ နှင့် ဝတ်မှုံ
တို့အတွက်
မင်္ဂလာဦးလက်ဆောင်
ဇော်ရှင်း + မိမိမြိုင် ။ "

ဇော်ရှင်းက လက်ဖွဲ့ထုပ်ပေါ်ကပ်ပေးလိုက်သည့် စာရွက်ဖြူကို တစ်ခေါက်ဖတ်ကြည့်ကာ ကားပေါ်မှဆင်းသည်။ ခရမ်းရောင်မှင်နှင့် ရေးထားသော မိရဲ့လက်ရေးက လှပသည်။ မိက ဒါတွေအားကိုးရသည်။ ဇေယျတို့ မင်္ဂလာဆောင်ဖိတ်စာကို အိမ်က စားပွဲတစ်ခုပေါ် သူ ပစ်တင်ထားလိုက်ရုံပင် … ။

မိ့,က ဘယ်သူ့မှမတိုင်ပင်ဘဲ သူ့ဟာသူ ကြည့်ကျက်လုပ်လိုက်တာပင်။ မနေ့ကတော့ အောင်ခိုင့်မိန်းမ ချောစုက အိမ်ကိုဖုန်းဆက်သည်။

"ကိုဇေယျတို့မင်္ဂလာဆောင်မှာ ဘာဖွဲ့မလဲလို့ မိ့,ကို တိုင်ပင်မလို့ ကိုဇော်ရှင်း"

"အော် … မိတော့ မီးပူတစ်လုံးဝယ်ထားတာတွေ့



တာပဲဗျ"

"ဟုတ်လား … မိ့,က ဝယ်တောင်ပြီးပြီ၊ ချောစုက အားလုံးစုပြီး တန်ဖိုးကြီးကြီးတစ်ခုခု ဖွဲ့မလားလို့"

"မိနဲ့ပြောကြည့်လေ"

ဇော်ရှင်းက ဖုန်းကို မိထံလွှဲပေးလိုက်ပါသည်။

သူတို့တတွေဟာ ကျောင်းတုန်းကတည်းက တွဲလာကြသော ရည်းစားများဘဝမှ အိမ်ထောင်ကျခဲ့ကြတာဖြစ်သည်။ ခင်မင်ခဲ့တာကတော့ ဇော်ရှင်း၊ အောင်ခိုင်၊ ဇေယျ၊ ရဲနောင်တို့လေးယောက်ပင်။ သူတို့ချင်း ခင်မင်ကြရာမှ သူတို့ရည်းစားတွေချင်းပါ သိကျွမ်းရင်းနှီးကုန်ကြတာဖြစ်ပါသည်။

အောင်ခိုင်က ချောစုနှင့်၊ ဇော်ရှင်းက မိမိမြိုင်နှင့်၊ ရဲနောင်က ညိုညိုအောင်နှင့် အသီးသီးအိမ်ထောင်ပြုကြတာ ရှေ့ဆင့်နောက်ဆင့်ပင် …။ ဇေယျက ကျောင်းတုံးကတည်းက ရည်းစားမရှိခဲ့။ ကျန်တဲ့သူငယ်ချင်းတွေကလေး နှစ်ယောက် သုံးယောက် ရကြမှပဲ … အခုမှ အသက်နှစ်ဆယ်ရွယ် … ဝတ်မှုံဆိုသူကလေးနှင့် လက်ထပ်သည်။

မိနှင့်ချောစု ဖုန်းပြောပြီးတော့ … ဇော်ရှင်းက

"ဘာတဲ့လဲ မိ … အားလုံး စုဝယ်မလား"

"မညိုနဲ့ မချောစု စုဝယ်ရင်ဝယ်လို့ ပြောလိုက်တယ်၊ မိတော့ ဝယ်ပြီးသားဖြစ်သွားပြီလို့"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့စုဝယ်ရင် ကိုယ်ပါ,ပါလိုက်ပါလား"

"အို ... မောင်ကလဲ ... ဒီမီးပူကြီး ဘာသွားလုပ်မလဲ၊ အိမ်မလဲ အသုံးမလို၊ နောက်တစ်ကြိမ် မင်္ဂလာဆောင်ပေါ်ရင်တောင် ဒီလောက်တန်ဖိုး လက်ဖွဲ့ချင်မှဖွဲ့မှာပေါ့၊ ဒီမီးပူက ငါးထောင့်နှစ်ရာတောင်ပေးရတယ်၊ ဝယ်ပြီးမှတော့ ဒါပဲဖွဲ့တော့မှာပေါ့၊ သူတို့နဲ့စုရင် ပိုက်ဆံလဲထပ်ထည့်ရ ... ဒါကြီးလဲ အလကားဖြစ်"

"အေးလေ ... ဟုတ်ပါတယ်၊ အားလုံးစုဖွဲ့တော့ တန်ဖိုးကြီးကြီးဝယ်နိုင်မလားလို့ပါ"

"ကိုဇေယျတို့က တန်ဖိုးကြီးတာမှ မလိုဘဲ၊ နှစ်ဦးနှစ်ယောက် သူငွေးသားသူငွေးသမီးတွေ၊ အမှတ်တရရှိရင်ပြီးတာပါပဲ မောင်ရယ်၊ မီးပူဆိုတာမျိုးကလဲ အလကားမဖြစ်ဘဲ အသုံးတည့်တဲ့ပစ္စည်းပါ"

"ဟုတ်ပါတယ်ဗျာ ... မိ မှန်တယ်ဗျာ"

ဒီတော့မှ မိ,က ပြုံးစေ့စေ့နှင့် ထ,သွားပါသည်။ အမှန်တော့ မင်္ဂလာဆောင်ကို မိ,ပါလိုက်ဖို့ပါ။ ညက မိတစ်ယောက် ... ဇော်ရှင်းရဲ့ ရှပ်၊ တိုက်ပုံ၊ ပုဆိုးတွေရော ... သူရဲ့ဓာဝတ်စုံကိုပါ မီးပူ ကျကျနနထိုင်တိုက်နေပါသေးသည်။ ကောင်မလေးတွေကို တိုက်ခိုင်းလျှင် တန်ဖိုးကြီးအဝတ်အစားတွေ မီးကျွမ်းပျက်စီးမှာစိုးလို့ဆိုပြီး သူကိုယ်တိုင် အပင်ပန်းခံတိုက်သည်။

ညလယ်မှာ ခုထိ အိပ်ရာထဲ ရှူးပေါက်ဆဲ



သားအငယ်ကောင်သည် အဲကွန်းအိပ်ခန်းထဲ သူ့ရှူးနှင့်သူ အအေးပတ်ပုံရပါသည်။ ညလယ် မိ အခင်းထ,စမ်းကတည်းက သားငယ်ကိုယ်က နွေးနေကာ ... ဒီမနက်တော့ ဖျားပြီ။ ဖျားသာဖျားသော်လည်း သားငယ်က ယန်းတော့လန်းပါသည်။

သို့ပေမယ့် ... အစိုးရိမ်ကြီးကာ စိတ်ပူတတ်သော မိ,က ... အငယ်ကောင်ကို အိမ်မှာ နှစ်နာရီနီးပါးချန်ရစ်ရမည့်ကိစ္စကို နောက်ကြောင်းမအေး နောက်ဆံတင်းပြီ ...။ အိမ်မှာအဖော်ခေါ်ထားသည့် ... နှစ်ဆယ်ကျော်မိန်းကလေးကတစ်ယောက်၊ ဆယ့်လေးနှစ်လောက်က တစ်ယောက်။ မိနှင့် နှစ်ဝမ်းကွဲတော်စပ်သော နယ်မှ နှစ်ဆယ်ကျော်မောင်နှမ နှစ်ယောက်ကိုလည်း အိမ်မှာ အဖော်လည်းရ၊ စိတ်လည်းချရ ... သူတို့လည်း ဆယ်တန်း မအောင်သေး၍ ကျူရှင်တက်ရအောင် ခေါ်ထားတာကလည်း ရှိပါသေးသည်။

ဒီ

ဇော်ရှင်းက တစ်ခါတစ်ရံ ကုမ္ပဏီက အလုပ်ကိစ္စနှင့် လေးငါးရက်တစ်ပတ် ခရီးထွက်ရတတ်၍လည်း ဤမောင်နှမ ရှိသည့်အတွက် ဇော်ရှင်း ကျေနပ်စိတ်ချနိုင်ပါသည်။ သူတို့ကလည်း လိမ္မာကြပါသည်။ နှစ်နာရီလောက်မက ကလေးအပ် မျက်နှာလွှဲနိုင်ပါသည်။ သို့ပေမယ့် မိကိုယ်တိုင်ကိုက အစိုးရိမ်ကြီးလှပေတာကိုး။

ဒါကြောင့် ... ခုတော့ သူတစ်ယောက်တည်းပဲ မင်္ဂလာဆောင်ကိုလာရပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဇော်ရှင်း"

ကားနားမှအထွက် ခေါ်သံကြောင့် ဇော်ရှင်းက လှည့်ကြည့်လိုက်လျှင် ... နေရာမယူရသေးသော ကားတစ်စီးထက်မှ အောင်ခိုင်နှင့်ချောစု စုံတွဲကိုတွေ့လိုက်ရပါသည်။

"ခဏစောင့်အုံး ... ကားပါကင်လုပ်လိုက်ဦးမယ်"

"အေး ... "

ဇော်ရှင်း ရပ်စောင့်လိုက်ရသည်။ ကားရပ်ပြီးလျှင် အောင်ခိုင်နှင့်ချောစု ကားပေါ်မှဆင်းလာပါသည်။ အဝါရောင်ဝတ်စုံနှင့် ချောစုက လှပနေပါသည်။ ပဝါတို့ဘာတို့နှင့် လူကြီးဟန်ဖမ်းမလာဘဲ လူငယ်ပုံပဲဆင်လာသည်။ ဆံပင်ကလည်း ဘိုကေသာသာမျှရှည်၍ လည်ကုပ်၌ အခွေကလေးတွေထောက်ကာ နားအောက်ကျော်သည်ဆိုရုံပင် ...။ ဘာပဲဖြစ်ဖြစ် နဂိုကလှသောမိန်းမဖြစ်၍ ကြည့်ကောင်းနေပါသည်။

ချောစုကို အောင်ခိုင်နှင့် ယှဉ်တွဲလာတာတွေ့လိုက်ရတော့ ... ဇော်ရှင်းသည် သူ့နံဘေး၌ 'မိ' ယှဉ်တွဲပါမလာတာအတွက် ကသိကအောက်ခံစားရပါသည်။

"ဟော့ကောင် ... မိမိမြိုင်ရော"

"မပါဘူးကွာ ... လိုက်ဖို့ပဲ ... ကလေးဖျားလာတာနဲ့ နေခဲ့ရတယ်ကွာ"

"ဟောတော် ... မိတို့ကတော့လေ ... အိမ်မှာအတွက်တို့မောင်နှမကလဲ စိတ်ချရရက်သားနဲ့ ... ခဏတဖြုတ်ပဲဟာကို ... "

"မိ့က စိတ်သိပ်ပူတတ်တာပဲဗျာ ... ချောစုလဲသိသားပဲ"

"သူလဲ အရင်က ဒီလိုပါပဲ ဇော်ရှင်းရာ၊ တဖြည်းဖြည်း ဖျောင်းဖျယူရတယ်၊ ခုတော့ ... အိမ်ထောင်စုတစ်ခုမှာ ရင်သွေးတွေရဲ့အရေးဟာလဲ အရေးပါသလို ... လင်ရယ် မယားရယ် နှစ်ယောက်အရေးဟာလဲပဲ အရေးပါကြောင်း ချောစုကို သင်ခန်းစာတွေပေးထားရတယ် ... ဟဲ ဟဲ"

ချောစုကလည်း အောင်ခိုင်နှင့်ရောနှော ရယ်မောနေကာ ... သူတို့သုံးယောက်သား မင်္ဂလာဆောင်ခန်းမထဲ အတူဝင်ခဲ့ကြပါသည်။ လက်ဖွဲ့ပေးကာ ခန်းမထဲရောက်လျှင် ဟိုဟိုဒီဒီကြည့်ကာ နေရာရှာဖွေစဉ် ... စားပွဲတစ်ခုမှ ရဲနောင်က အသံကျယ်ကြီးနှင့် ...

"ဟော့ကောင်တွေ ... ဒီလာ"

လက်ယပ်ခေါ်လိုက်၍ ... သူတို့ ထိုစားပွဲသို့ လျှောက်သွားကြပါသည်။

"ညိုညိုရော မပါဘူးလား"

"ဝတ်ရစားရ ... ပြင်ရဆင်ရ ... အလုပ်ရှုပ်လို့၊ ငြီးငွေ့လို့တဲ့ကွာ ... ပါမလာဘူး၊ ခေါ်လို့ကိုမရဘူး"

ဇော်ရှင်းက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း ... မိ့ကတော့ ဤမျှမဆိုးသေးဟု ဖြေတွေးကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်လိုက်ရပါသည်။ မိ,ကတော့ လိုက်ဖို့ရည်ရွယ်ခဲ့ရှာသေးသည်ပဲ။ အငယ်လေး ကောက်ကာငင်ကာ ထ,ဖျားတာကိုတော့ မတတ်နိုင်ဘူးပေါ့လေ။

"ဟော့ကောင် … မင်းမိန်းမလဲ ဂရုစိုက်ဦးကွာ၊ တောတွေဘာတွေ ထွက်သွားဦးမယ်"

အောင်ခိုင်က ရဲနောင် မခံချင်အောင်ပြောပြီး တကိကိရယ်မောနေပါသည်။

"မင်းက အရွဲ့တိုက်ပြောတာ၊ အမှန်က တကယ်တောင်ဖြစ်နိုင်ချေရှိနေတာကွ၊ ငါလဲဘာမှမတတ်နိုင်ဘူးကွာ၊ လုံချည် ညိုတိုတိုဝတ်ရင်တောင် ရင်မ,ပြီးကြည့်နေရတယ်၊ အပေါ်က အကျႌအဖြူမဟုတ်မှ အပွင့်အကျားဖြစ်မှ သက်ပြင်းချရတယ်"

ချောစုက သဘောတကျရယ်မောနေလေသည်။

ထို့နောက်တော့ သူတို့သည် မကြာမကြာ မတွေ့ဖြစ်ကြသည့် သူငယ်ချင်းများထုံးစံ … ရောက်တတ်ရာရာတွေနှင့် စကားဝိုင်းစည်ကားနေပါသည်။ အခင်ဆုံးသူငယ်ချင်းတွေဖြစ်ကာ မိန်းမတွေအထိပါ လိုက်ခင်မင်ရင်းနှီးဖြစ်ကြပေမယ့် ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်ကာ အကြောင်းတိုက်ဆိုင်မှပဲ တွေ့ဖြစ်ကြပါသည်။

တမင်တကာ ဟိုအိမ်ဒီအိမ် သွားရောက်လည်ပတ်ဖြစ်တာက အတော်ကြီးပင် ရှားပါးလှပါသည်။ သူတို့ဇနီးတွေထဲတွင် ချောစုနှင့်မိမိမြိုင်က အပြင်မှာ တခြားအလုပ်မလုပ်ပါ။ ညိုညိုအောင်သာလျှင် အလယ်တန်းပြဆရာမ



ဖြစ်ပါသည်။ အခု … ဧယျယူမည့် ဝတ်မှုံကတော့ ဇနီးသည်တွေထဲ အငယ်ဆုံးတည်း … ။

အသက်နှစ်ဆယ်ဝန်းကျင်လောက်နှင့် ကျောင်းပင်ပြီးစီးသေးတာမဟုတ်။ ချောစု၊ မိမိမြိုင်နှင့် ညိုညိုအောင်တို့မှ သုံးဆယ့်နှစ်နှစ်ပတ်ဝန်းကျင်ရှိကြပြီဖြစ်၍ ဝတ်မှုံနှင့်စာသော် အတော်ကြီးပြီဖြစ်သည့်လူကြီးတွေပင်။ ဇော်ရှင်းတို့သူငယ်ချင်းအုပ်စုမှာ သုံးဆယ့်လေးငါးခြောက် အဝန်းအဝိုင်းထဲကဖြစ်ပါသည်။

"ဧယျတစ်ယောက်လဲ မယူမယူနဲ့ … ယူမယ့်ယူတော့ တကယ့်ကလေးမလေးကို ကောက်ယူတာပဲဟော့ … လူကြီးတွေစိစဉ်တာလို့ ပြောတယ်၊ ဒါပေမယ့် … မြင်မြင်ချင်းပဲ ဒီကောင်ကြီးက ပစ်ကျသွားတာတဲ့"

ဇော်ရှင်းသည် ဝတ်မှုံကို တစ်ကြိမ်မှမမြင်ဘူးသေးသူဖြစ်၍ …

"တော်တော်လှလို့လား"

စကားဝင်ထောက်လိုက်လျှင် အောင်ခိုင်ကဖြတ်ကာ …

"လှတာပတလေးတော့ ရှိပါတယ်ကွာ၊ ဒါပေမယ့် ငယ်ဂုဏ်ပေါ့ကွာ၊ ငယ်ဂုဏ်နဲ့ဆိုတော့ ဒီကောင့်မျက်စိထဲ စွဲစရာလေး ချစ်စရာလေးဖြစ်နေတာပေါ့၊ တကယ်တမ်းတော့ မိမိမြိုင်ကို … ဟောဒီက ငါ့မိန်းမ ချောစုတို့ခြေဖျား မမှီပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မြှောက်စရာမရှိ ဘောက်ပ်မြှောက်နေတယ်၊ ကိုဖေယျကြီးကြားလို့ ဒေါ်တွေပွနေပါအုံးမယ် ကိုအောင်ရယ်"

"အောင်ခိုင်ပြောတာ မှားမယ်မထင်ပါဘူး ချောစုရာ၊ ကျွန်တော်နဲ့အောင်ခိုင်က အဲဒီနှစ်တွေက ရန်ကုန်တက္ကသိုလ်မှာ အလှဆုံး နှစ်ယောက်ကို တစ်ယောက်စီရအောင် ယူထားခဲ့တာပဲ"

"သူကပါ အရှုံးမပေးစတမ်း ပါလာပြန်ပြီ၊ သူတို့သူငယ်ချင်းတွေပဲ လိုက်လဲလိုက်တယ်၊ ကိုယ့်မိန်းမ ကိုယ်မြှောက်ဖို့တော့ ဝန်မလေးဘူး"

"ဟာ ... ခော်ရှင်းက မြှောက်ပြောတာမှမဟုတ်တာ၊ အမှန်ကိုပြောတာပဲဟာ ... ပြောပါစေ ချောစုရာ၊ တကယ်လဲ ဟုတ်ခဲ့တာပဲ၊ ချောစုနဲ့ မိမိမြင့်ကို အဲဒီနှစ်က တက္ကသိုလ်ကျောင်းသားတွေ မသိတဲ့သူမှ မရှိဘဲ၊ ဒီလောက်ထိကျော်ကြားပြီး လှပတဲ့မိန်းကလေးနှစ်ယောက်ကို ငါတို့တစ်အုပ်စုတည်းက သူငယ်ချင်းနှစ်ယောက် ရခဲ့တာ၊ ဂုဏ်ယူစရာပဲကွ ... ဟဲဟဲ"

"ငါ့မှာတော့ကွာ ... "

ရဲနောင်က တမင်တကာ ရှုံ့မဲ့ပြီး စကားစ လိုက်ပါသည်။

"လှတာမက်ရင် ညစာခက်မယ်ဆိုပြီး ... အရိုးဆုံး၊ အအေးဆုံးဆိုတဲ့ မိန်းကလေးကို ရအောင်ရှာယူခဲ့



တာ၊ ခုတော့ ... တစ်နေ့ထက်တစ်နေ့ အရိုးလွန်၊ အအေးလွန်ပြီး ... မထုံတတ်သေး မလှုပ်တလှုပ်နဲ့ ဖြစ်ဖြစ်လာလို့ ကြာရင် ... ညစာတင်မကဘူး ... မနက်စာ နေ့လယ်စာပါ ခက်တော့မယ်ထင်တယ်ကွ၊ ချောစုတို့ အားတဲ့အခါတွေဘာတွေ ညိုညိုကို လာခေါ်ပြီး အပြင်လေးဘာလေး အပျော်အပါးခေါ်ပါအုံးဗျာ"

"ခေါ်ချင်ပါတယ် ကိုရဲနောင်ရယ်၊ ချောစုတို့က အလုပ်လက်မဲ့တွေမို့ အားပေမယ့် ... ညိုညိုက အားမှမအားဘဲ"

"စနေ၊ တနင်္ဂနွေ အားပါတယ်"

"စနေ၊ တနင်္ဂနွေကျတော့ ချောစုတို့လာခေါ်မှလား၊ ကိုရဲနောင်ကြီးလဲ အားတာပဲဟာကို ... ၊ ကိုယ်လင်ကိုယ်မယား တွဲသွားပေါ့"

"သူက နှစ်ယောက်တည်း တတွဲတွဲကိုမသွားချင်တာဗျ၊ ကလေးနှစ်ယောက်လဲ စိတ်မချတာနဲ့ တတာန်းတန်းခေါ်ချင်တာ၊ ဒီလိုသွားပြန်တော့လဲ အဲဒီမျောက်နှစ်ကောင် ဗာဟီရနဲ့တင် ရှုပ်ပွေလီပြီး ဘယ်အချိန်ဘယ်ရောက်လို့ အိမ်ကို ဘယ်ပုံပြန်ရောက်လာမှန်းတောင် မသိတော့ပါဘူးဗျာ၊ ဒီတော့ ကျွန်တော်နဲ့တွဲမသွားရရင်နေပါစေ၊ သူ့ကို ပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွရှိလာစေချင်လို့ ... စနေ တနင်္ဂနွေကျ ကျွန်တော်က ကလေးနှစ်ယောက်ကို အိမ်စောင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားမဖော်၊ ခင်ဗျားတို့က သူ့ကိုသာ လာခေါ်သွားကြပါ"

"မင်းဟာကလဲကွာ ... အိမ်မှာ ညီညီ့အမေလဲ အတူနေရက်နဲ့"

"သူ့အမေ တရားသမားကြောင့် ပိုဆိုးနေတာပေါ့၊ ကလေးတွေကို ငါတို့အလုပ်သွားတဲ့ရက်တွေ သူကြည့်ရှုထားရတော့ စနေ၊ တနင်္ဂနွေဆိုရင် သူက ဥပုသ်စောင့် တရားထိုင်လုပ်ချင်တယ်၊ သူ့အမေကိုကြည့်ပြီး ညီညီကလဲ အားကျနေပုံပါကွာ၊ ဘယ်တော့တရားသွားထိုင်မလဲ ငါ့မှာ တထင့်ထင့်ပဲ"

"ဘုရားတရားကိစ္စဆိုတော့လဲ လုပ်နိုင်တာ ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် ညီညီ့အဖိုက ဒီအရွယ်ဒီအိမ်ထောင်နဲ့က တော်ရုံလောက်ပဲကောင်းပါတယ်"

"အဲဒါ ကျွန်တော့်ကို ခုလိုပြောနေမယ့်အစား ညီညီ့ကိုခေါ်ထုတ်ပြီး ပြောနိုင်ရင် ကျေးဇူးတင်မှာပဲဗျာ"

"ချိန်း ... ချိန်း ... ရအောင်ချိန်း၊ ခင်ဗျားတို့ယောကျ်ားတွေဟာ ကိုယ့်မိန်းမကိုကိုယ် လည်စေပတ်စေချင်၊ ပျော်စေပါးစေချင်တဲ့ယောကျ်ားတွေဗျ၊ ရှားတယ်နော်၊ ခင်ဗျားတို့ ကျေးဇူးတင်သင့်တယ်၊ ကိုယ့်မိန်းမ မပျော်ရွှင်မှာကိုဘဲ စိုးရိမ်နေကြတာ၊ မိတစ်ယောက်လဲ ဘာတွေရှုပ်နေတယ်မသိဘူး၊ ကြည့်လိုက်ရင် အိမ်ထဲမှာတင်ပဲ တကုပ်ကုပ် တလှုပ်လှုပ်နဲ့"



မကြာခင်ပင် သတို့သမီးသတို့သားကို ပွဲထုတ်လာပြီဖြစ်ရာ ... သူတို့ စကားစပြတ်ကာ ... မင်္ဂလာမောင်မယ်ကိုကြည့်ရပါသည်။ သတို့သား ဇေယျာ၏မျက်နှာမှာ ဇနီးငယ်ငယ်ကလေးရှ၍ သဘောကျကျေနပ်ရိုင်ကြီးဟာဖုံးဖိမရ ... ။ ပြုံးချင်သောနှုတ်ခမ်းကို ဣန္ဒြေရရှိအောင်အတင်းဆွဲကာဆွဲကာ စေ့နေရသည်မှာ လူရိပ်မိစရာဖြစ်နေတာမို့ ညှော့်ပရိသတ်တွေပါ ရောနော၍ ပြုံးမိစရာဖြစ်နေပါသည်။

ဝတ်မှုံကတော့ ဗုဒ္ဓဘာသာမင်္ဂလာဆောင်ပင်ဖြစ်သော်လည်း ကလေးသာသာမို့ ဂါဝန်ဖြူကြီးကိုဝတ်ဆင်ထားပါသည်။ နဖူးစည်းဇာနားဖားဖားနှင့် သရဖူကလေးအောက်မှ ကလေးဆန်သောမျက်နှာနုနုကလေးဟာ အရေးအရာ ဘာမှနားမလည်လှဘဲ ... ပျော်သလိုနေ ကြိုက်သလိုလုပ်ကာ ... ဇေယျာကြီးအပေါ် ထင်တိုင်းနွဲ့ဆိုးမည့် အရိပ်အယောင်ကလေးက ထင်ထင်ရှားရှားပင်ပေါ်လွင်နေပါသည်။

"ဝတ်မှုံကချစ်စရာလေးပါ ... ချောပါတယ်"

ချောစုက ချီးမွမ်းလိုက်ပါသည်။ သို့သော် စိတ်ထဲကတော့ ... ဝတ်မှုံဟာ တကယ်ပဲ မိမိမြင့်တို့၊ သူတို့လောက် နဂိုချောနဂိုလှမဟုတ်ဘဲ ငယ်ဂုဏ်လည်းကူသဖြင့်နုနယ်ကြည့်ကောင်း ရွှန်းတင့်နေတာမှန်း ကြိတ်၍ဝန်ခံရပါသည်။ လူကြီးပိုင်းရောက်လာတဲ့အခါ ရွက်ကြမ်းရေချိုဖြစ်သွားမည့်မျက်နှာရုပ်ကလေးမျိုးတည်း ... ။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်းသည် ဝတ်မှုံကို ကြည့်နေရင်း … သူတို့မင်္ဂလာဆောင်နေက … မိမိမြိုင် ဘယ်လောက်လှခဲ့သည်ဆိုတာကို မနေ့တစ်နေ့ကလိုပဲ … မျက်စေ့ထဲ ပြန်လည်မြင်ယောင်နေပါသည်။ အိမ်ထောင်သက် ရှစ်နှစ်ခွဲရှိပြီဖြစ်ပေမယ့် … သူ့စိတ်ထဲက မကြာသေးသလိုပင် …။ ထိုင်မသိမ်း ပန်းနုရောင်ကလေးဝတ်ဆင်ခဲ့သည့် မိမိမြိုင်ဟာ … အခု ဝတ်မှုံထက် ဆယ်ဆမကလည်း လှပခဲ့လေသည်။

အဲဒီတုန်းက မိမိမြိုင်မျက်နှာကလေးဟာ အခု ဝတ်မှုံမျက်နှာကလေးလိုပဲ ပူပင်သောကဟူ၍ ဘာမှမရှိ။ ပကတိ နုနုစင်စင် …။ အဲဒီတုန်းက မိမိမြိုင်အသက်ဟာ နှစ်ဆယ့်သုံးစွန်းရုံကလေး … ။ အခု ဝတ်မှုံထက်တော့ နည်းနည်းအသက်ပိုသည်။ သို့ပေမယ့် … နဂိုလှလွန်းသူဖြစ်၍ အင်မတန်ကိုပဲ ကြည့်မဝအောင် ဂုဏ်ယူချင်စရာတည်း။

သူ့သတို့သမီးအတွက် ဇော်ရှင်း အကြီးအကျယ် ဂုဏ်ယူရွှင်လန်းခဲ့ပါသည်။ လူငယ်ချင်းလည်း ချစ်မြတ်နိုး၊ လူကြီးတွေလည်း လိုက်လိုက်လှဲလှဲ သဘောတူကြည်ဖြူခဲ့သော သူတို့မင်္ဂလာပွဲဟာ ကျက်သရေမင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံခညောင်းခဲ့ပါသည်။ အင်း … ရှစ်နှစ်ခွဲတောင် ရှိခဲ့ပြီတဲ့။

သူ့စိတ်ထဲ ဘာမှမကြာသေးသလိုပင်။ အောင်ခိုင်၊ ရဲနောင်တို့မင်္ဂလာဆောင်တွေနှင့်ကတော့ မတိမ်းမယိမ်း





အချိန်မခြားလှသဖြင့် ဘာမှသိပ်မသိသာခဲ့သော်လည်း … ခုလိုအတော်ကြာမှာ သူတို့သူငယ်ချင်းအရင်းထဲကပဲ မင်္ဂလာပွဲတစ်ခုကို ဆင်နွှဲရပြန်တော့ ကိုယ့်တုန်းက မင်္ဂလာပွဲကို အမှတ်တရဖြစ်ကာ ရင်ထဲ ဆွတ်ပျံ့၍ပင်လာသည်။

မိကို ဇော်ရှင်းက အင်မတန်ကိုချစ်လှပါသည်။ မိကလည်း သူ့ကိုသိပ်ချစ်လှတာပါပဲ။ အခု သူတို့မှာ သားကလေးနှစ်ယောက် ရှိပြီ။ ဒီအချိန်မှာ မိအပေါ် သူသည် ရိုးအီအချစ်ပေါ့တာမျိုး တစိုးတစိကလေးမှ မခံစားရသေး။ မိကိုချစ်ဆဲ ချစ်မြဲ ရင်ခုန်လျက်ပင်တည်း။

မိ,ပါလာလျှင် သိပ်ကောင်းမှာပဲ။

အသေအချာ ပြန်စဉ်းစားကြည့်တော့ … သူနှင့် မိတို့ ဒီလိုယှဉ်တွဲပြီး အပြင်သွားလာရတာမျိုး သိပ်မရှိတော့တာကို သတိပြုမိသည်။ ရဲနောင်လောက် မဆိုးတောင်မှ … အဲလောက်နီးပါးပါပဲ။ မိသည် ဘာတွေမှန်းမသိ ရှုပ်ပွေနေကာ … သူ့ဟာနှင့်သူ စိတ်တွေဆတ်နေတတ်သည်။

စီးပွားရေးအလုပ် ဘာမှမလုပ်၍သာ တော်တော့သည်။ မိကိုကြည့်လိုက်လျှင် ဘယ်တော့မှ မအားလပ်သလိုပင်။ ဘာတွေရှုပ်ယှက်ခတ်နေသည်မသိ။ ဟိုလျှောက်ဒီလျှောက် တတောက်တောက်နှင့် … ဖိုသီဖတ်သီရှိရှိသည်။ စိတ်အိုက်စိတ်ရှုပ်နေသောမျက်နှာကို မကြာမကြာတွေ့ရသည်။ တစ်ခါတစ်ရံ ညနေခြောက်နာရီခွဲကျော် သူရုံးကပြန်လာမှ ဤတစ်နေ့တာအတွက် မိ ရေချိုးနေတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသည်။

ရုံဖန်ရံခါ၌ ရာသီဥတု မိုးအေးနေသည်နှင့်ဆုံ၍ ...

"မိရာ ... နေ့လယ် နေသာချိန် ရေချိုးတာမဟုတ်ဘူး၊ အေးလဲအေး ... ညဘက်လဲရောက်မှ ရေချိုးရတယ်လို့"

သူက မြည်တွန်မိသည်။

"မအေးနိုင်ပါဘူး မောင်ရာ ... လူတစ်ကိုယ်လုံး ချွေးတွေနဲ့ စေးထန်းနေတာပဲ ... အေးဖို့နေနေသာသာ ... ခု ... ရေချိုးပြီးတာတောင် ချွေးကဆက်ထွက်တုံး"

"နေမကောင်းဖြစ်မှာစိုးလို့ပြောနေတာ၊ နေ့လယ်နေ့ခင်းကျတော့ ဘာလုပ်နေမှန်းမသိဘူး"

"အိပ်နေတာ ... သိုးနေလို့ ရေမချိုးလိုက်ရဘူး"

မိ အငေါ်တူး၍ တမင်အရွဲ့တိုက်ဖြေမှန်း သိကာ သူကလည်း ပါးစပ်ပိတ်ထားလိုက်ရပါတော့သည်။ ဟုတ်ပါရဲ့ ... မိတစ်ယောက်ဟာ ချွေးထွက်မှာပေါ့။ လှုပ်စိလှုပ်စိနှင့် ဟိုပါဒီပါ။ အော်ကျယ်အော်ကျယ်နှင့် ဟိုဆူဒီပြော။ အိုက်မယ်ဆိုလည်း အိုက်ချင်စရာ ... ။

လူပုံကလည်း ရေချိုးပြီးကာစပင် တကယ်တိုဖိုသီဖတ်သီဖြစ်နေတတ်သည်။ နဂိုက မိန်းမလှမို့သာတော်ပါရဲ့။ နဂိုကသာ ရုပ်ဆိုးလျှင်တော့ ရစရာရှိတော့မှာမဟုတ်ပါ။ ခါးမရောက်တရောက်ဆံပင်ကို ဘီးဆံပတ်ကြီးလုပ်လို့



လုပ်၊ လိမ်ကာ ကလစ်နှင့်ညှပ်တင်လိုတင်။ ကျောင်းတုန်းက စင်းနွှယ်ပျော့လက်မည်းအိသော မိရဲ့ဆံပင်ရှည်အလှကို သူ မမြင်ရတော့ဘဲ မေ့တောင်မေ့လျော့နေတာ ဘယ်လောက်တောင်ကြာပါပြီလဲ။

မရှည်ချင်ရင်လည်းနေပါစေ၊ ချောစုလို အတိုဖြတ်ထားချင်လျှင်လည်း ဇော်ရှင်းက ကန့်ကွက်စရာမရှိပါ။ လှပသော ဆံပင်ပုံဖြစ်နေလျှင် ပြီးတာပါပဲ။ ဘီးဆံပတ်ကြီးကတော့ ကြီးဒေါ်ကြီးတွေဆန်လှကာ ... လိမ်တင်ထားပုံကြီးကတော့ သားသည်မအေပုံ ထွက်နေပါသည်။

သားသည်မအေတော့လည်း မအေပဲပေါ့လေ။ ဒါပေမယ့် ဖြစ်ကတတ်ဆန်း လျှော့တီလျှော့လျဲ ဖိုသီဖတ်သီပုံပန်းကြီးကတော့ မကောင်းဘူးပေါ့။ မိ့ပုံစံကြီး ဖြစ်ကတတ်ဆန်းနိုင်နေလျှင် သူ့ကို ရန်စဇော်ကားနေသလိုပဲ ဇော်ရှင်း ထင်တတ်သည်။ တစ်စုံတစ်ရာ သူ့စိတ်ထဲ မပြေလည်တော့သလိုပင်။

"ဟော့ကောင် ... ဘာငိုင်နေတာလဲ၊ ပြီးရင်ထွက်မယ်ကွာ၊ ဇေယျတို့စုံတွဲလဲ ထွက်သွားပြီ"

"အေး ... ထွက်မယ်လေ"

"ညကျ ... သောက်ပွဲရှိသေးတယ်နော်၊ ဇေယျ ပြောတယ်မဟုတ်လား"

"အေးပါ သိပါတယ်"

သူတို့လေးယောက်သား ထွက်လာကြပါသည်။ ခန်းမထိပ်တစ်နေရာမှာ မင်္ဂလာမောင်မယ်က ဧည့်ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကို စောင့်ကြိုနှုတ်ဆက်နေပါသည်။ ဖေယျမှာ ပြုံးရ လွန်း၍ ပါးစပ်ကြီးပြဲကာ နားရွက်သို့ ချိတ်လုနီးနီး ...။ ဝတ်မှုံကား အနီးကပ်ကြည့်မှ ... မျက်လုံးလေး ကလယ် ကလယ်နှင့် အင်မတန်အိုက်တင်များများ မိန်းမငယ်ကလေး တစ်ယောက်ဖြစ်နေပါသည်။

"ဟော့ကောင် ... နည်းနည်းလျှော့ပါအုံး၊ မင်းပါး စပ်ကြီးက အရမ်းကိုပြဲနေပြီ"

"ဟာ ... အောင်မာ ... ဟော့ကောင်တွေ၊ မိမိမြိုင် တို့ ညီညီအောင်တို့ရော ... ခေါ်မလာဘူးလား"

"အကြောင်းကြောင်းသော အကြောင်းကြောင်းတွေ ကြောင့်ကွာ"

"ညကျ ... လာကြမယ်မဟုတ်လား"

"လာမှာပေါ့ကွ"

"ငါတို့လေးယောက်ရယ် ... ငါ့ညီနဲ့ ငါ့ညီသူငယ် ချင်းနှစ်ယောက်ရယ်၊ ခုနစ်ယောက်တည်းကွ၊ တခြား ကျွေးမွေးရမယ့်တစ်အုပ်စုကို မနေ့ညက ငါ သတ် သတ်ကျွေးပြီးပြီ၊ ဒီညက ငါတို့ချည်းပဲ၊ ဒီယုဇနဂါး ဒင်းကိုပဲလာခဲ့၊ ကြားလား"

"အေးပါကွာ"

"ဝတ်မှုံ ... သိတယ်နော် ... ဒါက အောင်ခိုင်၊ အောင်ခိုင့်ဇနီး ချောစု၊ ဇော်ရှင်း၊ ရဲနောင် ... ၊ သူတို့မိန်းမတွေက ပါမလာဘူး"

ဝတ်မှုံက ကလေးလေးလို ခေါင်းညိတ်နေပါ



သည်။ မျက်နှာကလေးချိုချိုနှင့် ချစ်စရာတော့ကောင်းပါ သည်။ နှုတ်ဆက်ပြီး သူတို့ အပြင်ဘက်ထွက်လာကြကာ ညမှတွေ့ဖို့ ချိန်းချက်ပြီး ကိုယ့်ကားရှိရာကိုယ် လူစုခွဲခဲ့ပါ သည်။

၁၀

"အတွတ်ရေ ... မင်းတစ်ယောက်လဲ မပြောရင် မပြောသလိုဘဲ၊ အလကားနေ ထိုးအိပ်နေတာပဲ၊ စာ လဲမကျက် ... ဘာလဲမကျက်၊ လုပ်စရာရှိတာလဲ မလုပ်"

အပြင်ဘက်မှ မိမိမြိုင်ရဲ့ အသံစာစာစာစာကို ကြားလျှင် ဇော်ရှင်းသည် သားနှစ်ယောက်နှင့် ပုံဆွဲအရောင် ခြယ်ပေးနေရာမှ ခေါင်းမတ်နားစွင့်လိုက်မိပါသည်။ ယောက် ဖနှစ်ဝမ်းကွဲ အတွတ်ကလေးမှာ လူအေးကလေးပင်။ အသက် နှစ်ဆယ့်နှစ်နှစ် ယောကျ်ားတစ်ယောက်အဖြစ်နှင့်တွက်လျှင် မှ အနည်းငယ်ပျင်းရိတတ်သည်ဟု သတ်မှတ်ရမည်ဖြစ်သော် လည်း သူ့ဟာနှင့်သူ ပြဿနာကင်းသော လူပျိုလူရွယ်ငယ် လေးဖြစ်ပါသည်။

အရက်၊ ဘီယာ၊ ဆေးလိပ်တို့လည်း လုံးဝ မသုံးစွဲတတ်၊ အလည်အပတ်လည်း အတော်နည်းလှကာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မေ မိမိကိုလည်း ကျိုးကျိုးနွံနွံ … ဇော်ရှင်းအပေါ်လည်း ဆေးဆေးစားစားရှိသော လူလိမ္မာကလေးတစ်ယောက်သာ ဖြစ်ပါသည်။

"မမမိမိ ဘာခိုင်းစရာရှိလို့လဲ"

"ခိုင်းမှပဲလား အတွက်ရယ် … မနက်က မင်းအစ်ကိုကြီးပြန်လာတော့ နေပူတုံးမို့ ကားကို သပြေပင်ရိပ်အောက်ထိုးထားတာ၊ အိမ်ရှေ့ဘက် နေရိပ်သွားရင် နေရိပ်ဆီကို ကားရွှေ့ထားပါလို့ မမမိ အမြဲပြောနေကျ၊ အပင်အောက်ထားတော့ အပင်ပေါ်က ပိုးကောင်တို့၊ ငှက်ချေးတို့၊ အမှိုက်တိုစတွေ ကားပေါ်ကျတယ်၊ အခုကြည့်အုံး … ညနေကျ မင်းအစ်ကိုကြီးအပြင်သွားရမယ်၊ ကားရှေ့မှန်နဲ့ ဘောနက်ပေါ်ငှက်ချေးကြီးပဲ၊ မင်းအခန်းကကြည့်ရင် တည့်နေတာ … မတွေ့ဘူးလား"

"ဟုတ် … ဟုတ် … ကျွန်တော် ကားရွှေ့ပြီးဆေးလိုက်မယ် မမမိမိ"

"ငါပြောရတာ မောတယ်ဟယ်၊ အိမ်မှာ ဂိုဒေါင်က ကားတစ်စီးစာရယ်ရှိတာ၊ ကားကနှစ်စီး၊ တစ်စီးက အပြင်ရပ်ရတာ၊ ရုံးပိတ်ရက်တွေဆို အိမ်မှာ ကားက နှစ်စီးလုံးရှိနေရင် တစ်စီးစီးတော့ အပြင်ထားရတာ ခေါင်းထဲအမြဲရှိရမှာပေါ့၊ နေရိပ်တဲ့အပင်အောက်ထိုးရင် ငှက်ချေးတွေကျ၊ အမှိုက်တွေကျတာ မင်းလဲအသိ … အိမ်ရှေ့ နေရိပ်သွားတာနဲ့ နေရာရွှေ့ထား



ရင် သုတ်သင်ရသက်သာတာပေါ့၊ ခုတော့ … တစ်မနက်ခင်း တစ်နေ့လယ်ခင်းလုံး ခုထိ ညနေစောင်းတော့မယ် … ရေနဲ့ကိုဆေးယူရတော့မှာ၊ ကိုယ်လဲ ပိုပင်ပန်းတယ်၊ ကိုယ့်အသိစိတ်နဲ့ကိုယ် ရွှေ့တာများ တစ်ခါတလေ ရှိစမ်းပါအတွက်ရယ်၊ အမြဲ … အပတ်စဉ်ပြောရတယ်"

ဇော်ရှင်း သက်ပြင်းချလိုက်မိပါသည်။

ကောင်လေးတော့ လူပျိုလေးပီပီ နားညည်းမှာအမှန်ပင်။ အမေလည်း မဟုတ်။ အစ်မနှစ်ဝမ်းတောင်ကွဲသေးတာ။ နှစ်ဝမ်းကွဲပေမယ့် သူတို့ချင်း ရင်းနှီးခင်မင်ကြ၍ တော်ပါသေးသည်။ သို့ပေမယ့် အတွက်တို့မောင်နှမဟာ မရှိလို့ လာမှီခိုနေတာမျိုးမဟုတ်။ ရန်ကုန်မှာ ကျူရှင်ယူချင်လို့လာကြတာ။ အတွက်က ဒီအိမ်မှာ နှစ်နှစ်ရှိပြီ။ အငယ်မ မိယုက ရောက်လာတာ ခြောက်လလောက်ရှိပါသေးသည်။

အတွက်တို့မိဘတွေဟာလည်း နယ်မှာ သူတို့ဟာသူတို့ ချောင်ချောင်လည်လည်ပင်။ သားသမီးနှစ်ယောက်လုံးကို ရန်ကုန်မှာ အဆောင်ထားပြီး ကျောင်းတက်စေဖို့ စီစဉ်သည့်အတွက် ဇော်ရှင်းနှင့် မိမိမြင့်က အိမ်မှာလာနေစေလိုက်တာပါ။ သူတို့ကျောင်းလခမုန့်ဖိုးတို့ကို မိဘတွေက ပြည့်ပြည့်စုံစုံပို့ပါသည်။

အိမ်ပေါ်ခေါ်တင်ကာ ထမင်းကျွေးထားသဖြင့်လည်း စားစရိတ်သဘောနှင့် လစဉ်ပေးဖို့ ဆန္ဒရှိကြပါသည်။ ဇော်ရှင်းရော မိ,ပါ ငြင်းကြ၍သာ သူတို့ စားစရိတ်ပေးမရ

www.burmeseclassic.com

www.burmeseclassic.com



တာ။ တကယ်က … ကိုယ့်ကိုမှီခိုကပ်ရပ်နေသည့်သဘော မဟုတ်။ သူတို့ရှိ၍လည်း အိမ်အတွက် ဖော်ရှင်း ပိုပြီး စိတ်ချလက်ချရှိရသည်။

ထို့ကြောင့် ဖော်ရှင်းအဖို့ကတော့ အတွက်ကို ရော မိယုကိုပါ လက်တိုလက်တောင်းတဖည့်တပန်းသဘော မခိုင်းစေပါ။ မိယုကိုမှ တစ်ခါတစ်ရံ ရေပုလင်းယူခိုင်းမိတာ မျိုး၊ အိမ်ထဲ မျက်မှန်အိတ် ပိုက်ဆံအိတ်ကျန်ခဲ့၍ ယူပေးခိုင်း တာမျိုးလောက် ခိုင်းမိပါသေးသည်။ အတွက်ကိုတော့ ကိုယ် တိုင်လည်း မခိုင်းမိသလို မိအနေနှင့်လည်း နေ့စဉ် တာဝန် ဝတ္တရားသဘောမျိုး အလုပ်ခိုင်းတာမရှိစေချင်ပါ။

သူတို့မောင်နှမက နယ်သူနယ်သား ရိုးရိုးအေး အေးကလေးတွေပီပီ သူတို့မမ မိမိကို လေးစားအားကိုးချစ် ခင်ကြပါသည်။ မိ ဆူလျှင်လည်း ကလေးတွေလိုပဲ အဆူ ခံကြပါသည်။ စောဒကမတက်ကြရှာ။ ဖော်ရှင်းကသာ ကြားထဲက အားနာသည်။

မိသည် မီးပူတိုက်ပြီးသော အိပ်ရာခင်း၊ ခေါင်း အုံးစွပ်တစ်ထပ်ကို ဆယ့်လေးနှစ်ရွယ် ကောင်မလေးဂျမ်းဘုံ ကို သယ်ခိုင်း၍ အခန်းထဲဝင်လာကာ …

"ကဲ … ကဲ … သားအဖတွေဖယ် … အိပ်ရာခင်း လဲအုံးမယ်"

ခုတင်ပေါ်မှောက်လျက် အရုပ်ဆွဲအရောင်ခြယ် နေကြသော ဖော်ရှင်းနှင့် သားကြီးသားငယ်တို့မှာ အာရုံ ပျက်သွားရကာ …



"ဟာ … မိကလဲ … နောက်မှလဲပါကွာ၊ ဒီမှာ သားတို့ ဇိမ်ကျနေတာ"

"သားတို့ဇိမ်ကျနေတာလား … ဖေကြီးဇိမ်ကျနေ တာလား"

"အားလုံးပဲလို့ပြောလိုက် သားကြီး"

"အားလုံးပဲ … အားလုံးပဲ"

"ကဲ … ဖယ်ပါမောင်ရဲ့၊ အိပ်ရာခင်းတွေက စက်နဲ့ ကြာကြာမှလျှော်ရတာကွဲ၊ ရွှေမိတို့ကို လက်နဲ့မလျှော် ခိုင်းဘူး၊ သူတို့လျှော်လဲပဲ အဝတ်ကကြီးတော့ မစင် ဘူး၊ မီးလာတုံး စက်နဲ့လျှော်လိုက်မလို့ပါ မောင်ရာ၊ ကဲ … ထ … ထ"

"ဟာ … ပစ်ထားလိုက်ကွာ မိရာ၊ ဘာတွေလျှော်ကဲ လုပ်နေမှန်းမသိဘူး၊ တတောက်တောက်နဲ့၊ မောင်နဲ့ သားတွေနား လာနေစမ်းပါကွာ၊ ဒီညနေမီးလာတုန်း မလျှော်ရကော ဘာဖြစ်လဲ၊ နောက်နေ့မှလျှော်လဲရ တယ်၊ ပုံထားလိုက်"

မိမိမြိုင်သည် မျက်ခုံးလေးတွန့်ကာ ခေါင်း ကို တဆတ်ဆတ်ယမ်းရင်း …

"မဖြစ်ဘူး မောင်ရာ … နောက်နေ့လဲ နောက်နေ့ အလျှော်က လုပ်စရာအလုပ်တွေက ပေါ်လာအုံးမှာ၊ ထ,ပါ … အိပ်ရာခင်းလဲပြီးမှ ပြန်တက်ကြပါ၊ ဒီ မှာ ဂျမ်းပုံအားတုံးကွာ … ဂျမ်းဘုံက ခဏနေ နွားနို့အိုးကြည့်ရအုံးမယ်၊ အိပ်ရာခင်းလဲ ရှုရှုစော်

www.burmeseclassic.com



ကြီးနဲ့ သူတို့မို့ အောင့်ရှူနိုင်တယ်"

သူတို့မိသားစုလေးယောက်လုံးဟာ အိပ်ခန်းကျယ်ကြီးထဲမှာ နှစ်ယောက်အိပ်ခုတင်နှစ်လုံးကိုဆက်ကာ ရေမြှုပ်မွေ့ယာတုံးကြီးတွေပေါ်မှာ အိပ်ရာခင်းဆင်တူခင်းထားနေကျ ... ရုတ်တရက်ကြည့်လျှင် ဧရာမခုတင်ကြီးအလားထင်မှားရပါသည်။ တစ်ဖက်ကိုပြုတ်မကျနိုင်သော နံရံနှင့်ကပ်ရက်တွင် သားကြီးကို အိပ်စေ၍ ... ဒုတိယ သားငယ်၊ သားငယ်ဒီဘက်က မိမိမြိုင်၊ အစွန်ဘက်က ဇော်ရှင်း ... တန်းစီ၍အိပ်ကြပါသည်။

သားငယ်လေးဟာ ရှုးကို မွေ့ယာကျော်ကာလည်း လှမ်းပန်းတတ်၍ သူရှူပေါက်ချလျှင် ခုတင်နှစ်ခုစာစလုံး အခင်းတွေလဲပစ်ရတာပင်။

"မိရယ် ... မိ ပင်ပန်းနေတာကိုကြည့်ရတာ စိတ်ရှုပ်လွန်းလို့ပါ၊ လာပါ ... ပြီးမှလဲပါ"

"အို ... စိတ်တိုချင်လာပြီ မောင်ရာ၊ အိပ်ရာခင်း တစ်ခုလဲဖို့အရေး ကုန်လိုက်တဲ့လေ ... ကဲ ... ဖယ် ... ဖယ် ... သားကြီး အောက်ခဏဆင်း၊ သားငယ် ... ဆင်း"

သူနိုင်ရာ ကလေးနှစ်ယောက်ကိုလှမ်းယောက်လျှင် ကလေးတွေက အမေကိုလန့်၍ ပေကတ်ကတ်ဆင်းကြရပါသည်။ ရှန်သား ဘလောက်စ်ပွစိစိနှင့် ဆံပင်လိမ်တင်ကာ ပုံပျက်နေသော မိမိမြိုင်ကိုကြည့်ရင်း ... ဇော်ရှင်းက နှာခေါင်းရှုံ့မိလေသည်။ ပုံကလည်းပျက်၊ အာက



လည်းကျယ်၊ ဘာကြီးမှန်းကိုမသိဘူး ... ။

"ဘာကြည့်တာလဲ ... ဆင်းပါဆိုရင် သူကအဖေလုပ်ပြီး သူကအပေကတ်ဆုံး"

"လဲ ... လဲ ... သိပ်လဲချင်နေတယ်၊ လုပ်မယ့်သူတွေရှိသားနဲ့ သူပဲ ပင်ပန်းခံချင်နေတာ ပင်ပန်းပစေ၊ စေတနာနဲ့ နားနားနေနေ နေစေချင်လို့ပြောတာကိုလဲ လက်မခံဘူး"

မိမိမြိုင်သည် အိပ်ရာခင်းဟောင်းကို ခါးကိုင်းကာ လှမ်းဖြုတ်ရင်း ...

"မောင်ရယ် ... ဂျမ်းဘုံတို့၊ ရွှေမိတို့ကို အိပ်ရာခင်းခိုင်းရင် အခင်းကြီးကရှုံ့စောင်းပြီး သပ်သပ်ရပ်ရပ် တင်းတင်းကြပ်ကြပ်ကလေးကိုမဖြစ်ဘူး၊ အဲဒါမျိုးကြီးကို မိကလဲ သိပ်အသည်းယားတယ်၊ စန့်စန့်ရန့်ရန့်လေးမှ မြင်ရတဲ့သူစိတ်ချမ်းသာတာ"

ဇော်ရှင်းသည် မိပြောသလောက်ကိုပင် ထုံတုံတုံနိုင်လှသော ဂျမ်းဘုံကိုလှမ်းကြည့်ကာ တမင်တကာရွဲ့ပြီး ...

"ဒါဖြင့် သူတို့ကိုဖြုတ်ပြီး တောသာပြန်ပို့ပစ်တော့"

ဂျမ်းဘုံခမျာ မျက်နှာလေးငယ်ကာ မိထံအားကိုးတကြီး လှမ်းကြည့်ပါသည်။

"ဒီနေရာညံ့ပေမယ့် ဟိုနေရာလေးတော်နေတာလဲ ရှိပြန်တာကိုး၊ မိကို ကာလန်ကဆန်မချောင် မလုပ်တာကတင် တော်လှပြီ မောင်ရေ၊ ညံ့တာက ကူ

www.burmeseclassic.com



လုပ်ကူသင့်လို့ရတယ်"

"မိ,ကိုပြောရအုံးမယ်၊ အတွက်ကို သိပ်မဟောက်ပါနဲ့ကွာ"

"ဘယ်မှာဟောက်လို့လဲ မောင်ရ"

"ခုနကပဲ ကားမရှေ့လို့ မဆေးလို့ ဟောက်နေတာ"

"အဲဒါ ရိုးရိုးပြောတာ၊ ဟောက်တာမဟုတ်ဘူး"

"အမလေးဗျာ … သူသာဟောက်ရင် နေစရာတောင်ရှိမှာမဟုတ်တော့ဘူး၊ တာဝန်ဝတ္တရားကြီးတစ်ခုလိုသတ်မှတ်ပြီး မခိုင်းပါနဲ့ မိရ၊ နေပါစေ"

"နေပါစေ လုပ်လို့ရမလား၊ ခုကိုပဲ မောင်အပြင်သွားရခါနီးနေပြီ၊ ကားက ပေရေလို့၊ အတွက်ကိုမခိုင်းဘဲထားရရင် ဘယ်သူလုပ်ရမှာလဲ၊ ဒီအိမ်မှာမောင်လဲ ကားမရှေ့ … အတွက်လဲမခိုင်းရရင် မိပဲနေရာရွှေ့ ရေဆေးဖို့ရှိတာပေါ့၊ မိ လုပ်ရမှာလား၊ သူများခိုင်းတော့လဲ မခိုင်းနဲ့၊ မောင်လဲမလုပ် … မိ,လုပ်ဖို့ချည်းပဲကျန်နေမှာပေါ့ … အဲလိုလား"

"မင်းရဲ့မောင်ပါ … မင်းရဲ့မောင်ကို အားနာပြီးပြောမိတာ"

"အားမနာနဲ့ … နာစရာရှိ မိပဲနာမယ်၊ မောင့်ဟာမောင်နေ၊ မောင်လုပ်နိုင်တာပဲ မောင်လုပ်၊ မောင်မလုပ်နိုင်တာကို မိ စီမံခန့်ခွဲရင် မောင်ဝင်မစွက်နဲ့တော့၊ မိ,ဟာမိ ဘယ်သူ့ခိုင်းခိုင်း၊ ကဲ … နာရီကြည့်အုံး"



ဇော်ရှင်းသည် စိတ်ရှုပ်စိတ်တိုလာကာ နာရီကို ဘုကြည့်နှင့်မော့ကြည့်ရင်း …

"အစောကြီးရှိသေးတာ … သောက်ပွဲကွ၊ အစောကြီးဘယ်သူကသောက်မလဲ"

"ကြည့် … မောင်မေ့ပြီ၊ သောက်ပွဲက အပြန်မှသွားရမှာ၊ မောင့်ဘော့စ်က ညနေ သူ့အိမ်ခဏခေါ်တယ်ဆိုတာ မနက်က မိပြောတာမေ့သွားပြီလား၊ ဘော့စ်ဖုန်းဆက်ထားတယ်လေ၊ သူ့ဆီအရင်ဝင်ပြီးမှ ကိုဇေယျရဲ့ ဘက်ချလာနိုက်ထ်သွားရမှာ ရှင်ရဲ့"

"ဟာ … ဟုတ်သားပဲ [illegible]သူ့ဆီဝင်ရအုံးမှာ"

ဇော်ရှင်းသည် န[illegible]းကိုရိုက်ကာ ကြမ်းပေါ်နှစ်ပတ်လောက် လိမ့်လိုက်ပါသည်။ ကြမ်းပေါ်မှောက်ကာ အရောင်ခြယ်နေကြသော သားနှစ်ယောက်လည်း အဖေအတုနိုးကာ ကြမ်းပေါ်လူးလိမ့်ကြ၍ ချွာချလိုက်သော ခေါင်းအုံးစွပ်တွေနှင့် လုံးထွေးနေကြပါသည်။

"ဂျမ်းဘို့ … အဟောင်းတွေစုပုံပြီးချလေ၊ ဟိုပစ်ဒီပစ်နဲ့ ဟိုမှာကလေးတွေနဲ့ လုံးထွေးနေပြီ၊ သားကြီးခေါင်းအုံးစွပ်ဟောင်းကြီး ဒီဘက်ပစ်လိုက်၊ မောင်ကအရင်ထ,တော့ … ရေချိုးချည်"

ဇော်ရှင်းသည် ကြမ်းပေါ်မှလူးလဲ၍ ထ,လိုက်ရပါသည်။ မိမိမြိုင် သတိမပေးလျှင် ဘော့စ်အိမ်ဝင်ဖို့ သူတကယ်မေ့ပြီမှာ သေချာသည်။

"ဂျမ်းဘို့ … ရော့ … ခေါင်းအုံးစွပ်တွေပဲ နင်

www.burmeseclassic.com

www.burmeseclassic.com



စွပ်ထား"၊

မိမိမြိုင်သည် ပြောပြောဆိုဆို ... ရေချိုးခန်းဆီသို့ မောင် မဝင်ခင် အရင်ဝင်လာခဲ့ပါသည်။ မောင် ရေချိုးတဲ့ဆပ်ပြာရည်ဗူးကုန်ခါနီးတာကို မနက်က မျက်နှာသစ်ရင်း သတိပြုမိသော်လည်း အသစ်ထုတ်မပေးမိသေး။ ရေချိုးခန်းထဲဝင်ကာ ဘာကုန်သေးလဲစစ်ဆေးပြီး ... ဆပ်ပြာရည်ဗူးဟောင်းကိုသိမ်းခဲ့၍ အိပ်ခန်းထောင့် ဘီရိုထဲမှ အသစ်ဝယ်ထားသောဗူးကို ရေချိုးခန်းထဲ ပြန်ထည့်ပေးရပါသည်။

မောင်တို့ယောကျ်ားတွေ အပျင်းထူပုံများ ဆပ်ပြာဗူးကုန်နေလျှင် အသစ်ထုတ်မယူဘဲ ညှစ်ချမရသောဗူးမှ အကပ်အသပ်ကို လက်ညှိုးနှင့်နှိုက်ကော်ကာ အမြှုပ်ကလေးရသလောက်မျှနှင့် ရေချိုးပြီးစီးလိုက်တတ်သည်။ နေရာတကာ ပါရတော့ ပိုတောင်မောပါသေးသည်။ မပါချင်ပါ။

မပါလျှင် မပြီးစီးသည့်အတွက်သာ ပါနေရပါသည်။ မောင်နှင့်ပတ်သက်သမျှ၌လည်း ရုံးအလုပ်ကိစ္စမှလွဲလျှင် နေရာတကာတိုင်းမှာ မိမိမြိုင် ပါရပါသည်။ သားနှစ်ယောက်ကိစ္စ၌လည်း အလုံးစုံပါရကာ အိမ်ကကောင်မလေးနှစ်ယောက်ရယ်၊ ဆွေမျိုးနှစ်ယောက်ကိစ္စရယ်တို့၌လည်း မိမိမြိုင်ပါရသည်ပင်။ ထိုအခါ လူက ပင်ပန်းစိတ်တိုတောင်းနေတတ်ပါသည်။ ပြင်ချင်ဆင်ချင်လည်း မရှိတော့။ အလုပြင်နေရမည့်အချိန်၌ အိပ်ရာထဲ တဖြုတ်တအောင့် ကျောခင်းအနားယူလိုက်ချင်သည်။



မှန်ရှေ့ရောက်လျှင်မူ မိမိမြိုင်သည် မိမိရဲ့ချို့ယွင်းချက် အပြစ်အနာအဆာတွေ ပစ္စလက်ခတ်နိုင်မှုတွေကို ကိုယ့်ဘာသာလည်း ရိပ်မိကာ စိတ်ခေတ်ကျကျ ပြုံးရသည်တည်း။ ရှစ်နှစ်ခွဲစာနှင့်မကာမိအောင် ... သူမ အသွင်ပြောင်းသွားသည်ဟု ထင်မိသည်။ မောင်လည်း ဒါကို ရိပ်တော့ ရိပ်စားမိမှာပင်။ သို့ပေမယ့် မိမိမြိုင်သည် မိသားစုအရေးကိစ္စ ဗာဟီရတို့အတွက်ကြောင့် သူမ ဤမျှသွင်ပြင်ဟန်ပန်ပြောင်းလဲသွားရခြင်းမှာ သူမ၌ အပြစ်မရှိဟု ယုံစားနေသည်။

ဇော်ရှင်း ရေချိုးတုန်း ... မိမိမြိုင်သည် အိပ်ရာခင်းနှစ်ခုကို အပြီးအကြော လဲလှယ်ခင်းကျင်းထားလိုက်သည်။ အဟောင်းတွေ ဂျမ်းဘုံလက်ထဲထိုးထည့်ပေးပြီး အဝတ်လျှော်စက်ဘေးကခြင်းထဲ သွားထည့်ထားဖို့မှာသည်။ ဇော်ရှင်း ရေချိုးခန်းမှထွက်လာသောအခါတွင် အခန်းသည် သန့်ရှင်းသပ်ရပ်၍ အနံ့အသက်ဆိုးကင်းကင်း သင်းပျံ့သွားချေပြီ။

ဒီလိုဆိုတော့ ဇော်ရှင်းသည် လတ်လတ်ဆတ်ဆတ် ရေချိုးပြီးစနှင့်ပေါင်းကာ ရင်ထဲ ရှင်းလင်းကြည်လင်သွားပါသည်။ ဤအတွက် မိမိမြိုင်ကိုကျေးဇူးတင်သော်လည်း ဆံမျှင်တွေ ကပိုကရိုနှင့် မောဟိုက်ချွေးပျံကျန်ရစ်ပုံကိုတော့ ဘဝင်မကျ။ မိကိုအမြဲ လှပသန့်ရှင်းမွှေးကြိုင်နေစေလိုသည်။

"မိ ... ရေမချိုးသေးဘူးလား"

"ချိုးမှာ မောင်၊ မောင်နဲ့အတူပဲထွက်မှာ"

www.burmeseclassic.com

"ဘယ်ကိုလိုက်မလို့လဲ"

"ဘယ်မှမလိုက်ပါဘူး၊ မိ သတ်သတ်ထွက်မှာ၊ အငယ်လေးကို ဘာမှမဖြစ်ပေမယ့် ဖျားတာရှည်မှာစိုးလို့ ဆေးတော့တိုက်ချင်တာပဲ မောင်ရယ်၊ ဆရာဝန်ဆီပဲသွားလိုက်မယ်"

ဒီတော့မှ ဇော်ရှင်းက သတိရကာ … သားငယ်လေးကိုကြည့်မိသည်။ သားငယ်လေးမှာ စိုးရိမ်စရာဘာတစ်စုံတစ်ရာမှမရှိတာကို သိသော်ငြားလည်း ဖခင်ပီပီသူလည်း တတ်နိုင်ပါက ဆေးခန်းလိုက်ပို့လိုသေးသည်ပင်။ သို့ပေမယ့် သူမတတ်နိုင်တော့။ မတတ်နိုင်ပေမယ့် သူနောက်ဆံငင်ရခြင်းမရှိအောင် မိမိမြိုင်က စွမ်းဆောင်နိုင်၍ သူမိကိုကျေးဇူးတင်မိရပါသည်။

မိသည် အခန်းထဲမှ လှစ်ခနဲထွက်သွားပြန်ကာ အဝတ်လျှော်စက်ထားရာ ရေချိုးခန်းဆီ ရောက်သွားသည်။ ဆပ်ပြာမှုန့်ကို အဝတ်နှင့်တိုင်းဆထည့်၊ ရေဖွင့်ထည့်ကာ စက်ကို ဖွင့်လှည့်ပစ်ခဲ့ပါသည်။ မီးဖိုထဲက ရွှေမိကိုလည်း စက်သံရပ်လျှင် ဆယ့်ငါးမိနစ် ထပ်လှည့်ဖို့ … ပြီးလျှင် ရေညှစ်ရေဆေး သုံးခါလုပ်ဖို့မှာရပါသည်။ ခိုင်းသည့်အခေါက်တိုင်းဈေး၌ အသစ်ထပ်သင်ပြရကာ … အသစ်ထပ်မသင်ထပ်မပြောပါက တလွဲရှာတတ်ကြပေသည်။

မိ အခန်းထဲပြန်ဝင်လာကာ မျက်နှာသုတ်ပဝါဆွဲ၍ ရေချိုးခန်းထဲဝင်သွားပုံကို ဇော်ရှင်းက မှန်ထဲမှလိုက်ကြည့်နေမိသည်။ ကဗျာကသီရှိလှသည်မှာ လောက၌ သူမ





လောက်အလုပ်များသူ ရှိပုံမရှိတော့။

မိမိမြိုင်သည် ရေကို ချွေးနှံ့ကင်း၍ စင်ကြယ်ရုံ အမြန်ချိုး၍ ရေချိုးခန်းမှ ခပ်မြန်မြန်ပင်ထွက်လာသည်။ ရေသုတ် … ပါးနှစ်ဖက် နဖူးပြင် လည်ပင်းတို့ဆီ ကရင်မ်တစ်ခုကို လေးငါးစက် လျှောက်တို့လိုက်ပြီး လက်ဝါးနှစ်ဖက်လုံးနှင့် ပွတ်လူးဖျောက်ဖျက်ပစ်လိုက်၏။ ထို့နောက်တွင် ဆံပင်ကိုဖြည်ချကာ ဘရပ်ရှ်ဘီးနှင့် လေးငါးချက်ရှင်း ဖြီးလေသည်။ ပြီးလျှင် လိမ်ခေါက်ကာ ခုနကအတိုင်း ပြန်တင်လိုက်လေ၏။

ဇော်ရှင်းသည် ဘော့စ်ဆီကပြီးလျှင် သောက်ပွဲကိုလည်း ဆက်ရမည်ဖြစ်၍ အဝတ်ကိုရွေးချယ်တုံးရှိသေးသည်။ မိမိမြိုင်က အဝတ်တန်း၌ တစ်ကြိမ်ဝတ်ပြီး အလွယ်လွှားတင်ထားသော ဘလောက်စ်ထူထူ ဖြူဖြူတစ်ထည့်ကို ဖျတ်ခနဲဆွဲယူကာ ကြယ်သီးထိပ်ဆုံးတစ်လုံးပဲဖြုတ်ပြီး ခေါင်းမှ ငွပ်ခနဲစွပ်ချလိုက်ပြီးပြီ။

ထို့နောက် ရေလဲလုံချည်စိုနှင့်ပင် … စာရေးစားပွဲအံဆွဲ၌ သားငယ်ပြလက်စ ဆေးစာအုပ်ကို လှန်လှောရှာဖွေသည်။ ဇော်ရှင်းသည် ခေါင်းထဲ ဘရိုင်လ်ကရင်းမ်ထည့်ရင်း မိ့ကို မှန်ထဲမှလှမ်းကြည့်နေမိသည်။ အံ့သြတကြီး လန့်ပင်လန့်လာသည်။ အလုကြိုက်မလေး မိမိမြိုင်ဟာ ခုထိ မှန်တစ်ချက်မကြည့်သေးဘဲ လုပ်ကိုင်ရှုပ်ယှက်နေပုံကို ရင်ထဲတစ်မျိုးကြီး ခံစားငေးမောနေမိလေသည်။

မိမိမြိုင်သည် ရှာတွေ့သော ဆေးစာအုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ပွေ့အိတ်ညိုညစ်ထဲထည့်ကာ နံရံမှနာရီ မော့ကြည့်ရင်း

"ဦးဇော်ရှင်းရေ ... ဘောစ်ကစောင့်နေရအုံးမယ်"

ထို့နောက် မိမိမြိုင်က သားငယ်ကို အရုပ်တစ်ရုပ်နှယ် ဆွဲမ,ကာ ခုတင်ပေါ်တင်လိုက်ပြီး ဘီရိုထဲမှ အင်္ကျီထုတ်၍ လဲပေးလေသည်။

"သားကြီး ... ကိုယ့်ဘာသာအဝတ်လဲစမ်းနော်၊ လိမ္မာပါတယ် ... သားကြီးက နှစ်တန်းတောင်ရောက်နေပြီဆိုတော့ မေမေကြီးကို ပင်ပန်းသက်သာအောင် ကိုယ့်ကိစ္စကိုယ်ကူလုပ်တယ်ကွယ်၊ ဘီရိုထဲက သားကြီးအထပ်မှာ တီရှပ်အဖြူလေးထုတ်လိုက်၊ ရင်ဘတ်မှာ ကွက်ရှင်မာ့ခ်လေးပါတယ်လေ၊ အောက်က ... ဘောင်းဘီထပ်မှာ ဂျင်းဘောင်းဘီတို အမည်းရောင်လေးထုတ်လိုက်၊ ပြီးရင် သားကြီးဝတ်"

ဇော်ရှင်းသည် သားငယ်ကို ပေါင်ဒါယည့်နေသော မိ,ကိုလှည့်ကြည့်ကာ သက်ပြင်းချမိရင်း ...

"မောင် လဲပေးလိုက်ပါ့မယ် မိ,ရာ"

"မောင့်ကိစ္စမောင် မှီအောင်လုပ်ပါကွာ၊ ဒါကြောင့် စောစောက အရောင်ခြယ်နေတာ နာရီလေးဘာလေး မော့ကြည့်ပါလား၊ စောစောလုပ်တော့ စောစောပြီး၊ အချိန်ပိုမှ အီးရောရင်အီးရောပေါ့"

မိမိမြိုင်သည် ကံခါးဝလျှောက်သွားကာ တံခါးဆွဲဟ,၍ ...

"ဂျမ်းဘုံရေ ... "



"ရှင် ... "

"ဦးရဲ့ဖိနပ် အဆင်သင့်ထုတ်ထား သုတ်ထားမယ်၊ မောင် ဘယ်ဖိနပ်လဲပြောလိုက်ချည်"

ဇော်ရှင်းသည် သားကြီးကိုတီရှပ်ဝတ်ပေးမလို လုပ်ရာမှ ခေါင်းကုတ်မိကာ ...

"ရုံးသွားတဲ့ရှူးမဟုတ်ဘူး ဂျမ်းဘုံ၊ ဝေါ့ကင်းရှူး အဖြူရောင်ထုတ်ထားလိုက်"

"ဟုတ်ကဲ့ ဦး"

ဇော်ရှင်းသည် ဤမျှနှင့်ပဲ ဗျာများ ဦးနောက်ခြောက်ကာ သူ ခုနကဘာလုပ်လက်စဖြစ်၍ ဘာဆက်လုပ်ရမည်ကိုမေ့သွားလေပြီ။ ဟိုကြည့်ဒီကြည့် ခါးထောက်ကာ ဘောင်းဘီတစ်ထည် ရွေးချယ်ဆွဲထုတ်ဝတ်ဆင်သည်။ သူ ဝတ်နေတုံး သားကြီးရဲ့ဘောင်းဘီကို မိမိမြိုင် ဖြတ်ခနဲကူ ဝတ်လိုက်တာမြင်မှ ... ခုနက သားကြီးကို သူအဝတ်လဲ ပေးဖို့ကြံနေတာကို ပြန်သတိရလာလေသည်။

"ဂျမ်းဘုံရေ ... မမယုပြီးပြီလား မေးလိုက်"

"ယုယုလိုက်မှာလား"

"လိုက်ခဲ့မယ်တဲ့မောင်"

"တော်ပါသေးရဲ့၊ ယုယုပါရင် သားကြီးကူထိန်းလို့ ရတာပေါ့"

ဘယ်သွားသွား အကြီးကိုလည်း အကြီးအလျောက် စိတ်မချ၊ အငယ်ကိုလည်း အငယ်အလျောက် စိတ်မချတတ်သော မိအကျင့်ကြောင့် သားငယ်ဆေးခန်းပြ

www.burmeseclassic.com

www.burmeseclassic.com



ရာသို့ သားကြီးဟိ ရောပါရမှာဖြစ်ပါသည်။ မိမိမြိုင်သည် အနက်များများပါသော စိန်မိုက်ကယ်လ်လုံချည် ထူအိအိ တစ်ထည်ကိုဆွဲယူကာ လဲလှယ်သည်။

"မောင် ... ညကျအရက်သိပ်မသောက်နဲ့အုံး ... ကားမောင်းပြန်ရမယ်နော်"

"အင်းပါ ... မောင် နည်းနည်းပဲသောက်မှာပါ"

ထိုစဉ် ... တံခါးဝသို့ ဂျမ်းဘုံရပ်လာကာ

"အန်တီ ... မမယုပြီးပါပြီတဲ့"

"အေး ... ကောင်းတယ်၊ ကလေးနှစ်ယောက်ခေါ်သွား၊ ကားပေါ်တင်၊ ယုယုက အလှပြင်တာကြာလို့ တစ်နာရီလောက်ကြိုပြောထားတာ ဝီရိယအကျိုးခံစားရတယ်၊ တွေ့တယ်မဟုတ်လား မောင်"

ဇော်ရှင်းသည် ရှပ်အကျီကြယ်သီးတပ်နေရင်း မိမိမြိုင်အတွက် ရင်မောမောနှင့် ပြုံးမိလျက် ...

"မိလဲ အချိန်ယူပြီးအလှလေးဘာလေး ပြင်ပါအုံး၊ အခုကြည့်စမ်း၊ တစ်ကိုယ်လုံးပြီးပြီ၊ နာရီပတ်နေပြီ၊ မိ မှန်တစ်ချက်မှ လာမကြည့်သေးဘူး"

မိမိမြိုင်က မျက်ခုံးပင့်ကာ ဇော်ရှင်းကို ရယ်ဟဟကြည့်လိုက်ပါသည်။

"မိက ... ! မိက အချိန်ယူအလှပြင်ရမယ် ... ! ဟာဟ"

ဇော်ရှင်းသည် အံ့အားသင့်ကာ ...

"အင်းလေ ... ဘာကြောင့် မပြင်ရမှာလဲ"



မိမိမြိုင်သည် မျက်ခုံးပင့်ထားပြီး မအပ်စပ်ရာကိုကြားနေရဘိသို့ တမင်လုပ်သောအပြုံးနှင့် လက်ဝါးနှစ်ဖက်ကိုပင် ဖြန့်ပြလိုက်သေးသည်။

"မောင်ရယ် ... မိကို ဘာထင်နေတာလဲ၊ ကလေးနှစ်ယောက်အမေရှင့်"

"ဟင် ... ကလေးနှစ်ယောက်အမေဖြစ်တော့ ဘာဖြစ်သလဲ"

"အချိန်ယူအလှပြင်ရအုံးမတဲ့၊ အပိုဖြစ်သွားပြီ မောင်၊ ဘယ်လိုပြင်ပြင် မိကမလှနိုင်တော့ဘူး၊ မိ အသက်ကြီးနေပြီ"

ဇော်ရှင်းသည် မိကို ကပိုကရိုမြင်တွေ့နေရတတ်သော်လည်း ဤအတွေး ကိန်းအောင်းနေသည်ရယ်လို့တော့ ထင်ခဲ့တာမဟုတ်။ အိမ်ကိစ္စ ရှုပ်တာရယ်၊ ပင်ပန်းတာရယ်၊ အလှပြင်ဖို့ပျင်းတာရယ်လို့သာ ပေါ့ပေါ့မှတ်တာပင်။ ခုတော့ မိက သူ့ကိုယ်သူမလှတော့ဘူး ... လှလည်းမလှသင့်တော့ဘူးဆိုသည့်အတွေးမျိုး ခံယူနေတာမှန်း အမှတ်မထင်ကြားရကာ အတော်အံ့အားသင့်သွားပါသည်။

"မိ ... မိ ဘာကြောင့်မလှတော့ရမှာလဲ၊ အလှပြင်ရမယ်၊ မိလှတာကို မောင်ကြိုက်တယ်၊ မိလှမှလဲ မောင်ကျေနပ်တယ်၊ စိတ်လျှော့ထားလိုက်တာမျိုးကြီးက အဓိပ္ပါယ်မရှိလိုက်တာကွာ"

မိမိမြိုင်သည် ဇော်ရှင်းကို တပ်ပြုန်စီး အံ့သြနေပြန်သည်။ ထို့နောက် တစ်စုံတစ်ခု တွေးမိကာ တဟက်

www.burmeseclassic.com

www.burmeseclassic.com



ဟက်ရယ်လိုက်ရင်း ...

"မောင် မနက်က ကိုဧယျတို့စုံတွဲကိုကြည့်ခဲ့ပြီး ဝတ်မှုံလေးက ငယ်နေလှနေတာတွေ့တော့ စိတ်ကူးတွေယဉ်လာတာထင်တယ်"

"ဟာ ... ဘာဆိုင်လို့လဲ၊ ကိုယ့်မိန်းမကိုယ် လှစေချင်တာက ခုမှ ထ,စိတ်ကူးယဉ်တာမျိုးမှမဟုတ်တာ၊ နေ့စဉ်နဲ့အမျှ လိုလားတဲ့ဆန္ဒတစ်ခုပဲ"

"သနားမိပါရဲ့မောင်ရယ်၊ မိက ဆက်မလှနိုင်တော့တာ မောင့်ကိုအားတောင်နာမိတယ်၊ မိလဲ စိတ်မကောင်းပါဘူး၊ ကဲ ... ပြီးမှဆက်ပြောတာပေါ့"

မိမိမြိုင်က ပိုက်ဆံအိတ်ကောက်လွယ်ကာ အခန်းထဲမှ ဦးစွာထွက်ဖို့ပြင်သည်။ ဇော်ရှင်းသည် မိမိမြိုင်ကို ဆတ်ခနဲဆွဲလိုက်ကာ မှန်ရှေ့သို့တွန်းပို့လိုက်သည်။

"ကဲ ... ဘယ်လိုလဲ ကြည့်အုံး"

မိမိမြိုင်က မှန်ထဲသို့ ငေးငေးပျံ့ပျံ့ကလေး ကြည့်လိုက်ကာ ...

"ဘာမှမလိုဘူးပြောလဲရတယ်၊ အားလုံးတစ်ခုမကျန် လိုတယ်ပြောလဲရတယ်၊ မောင်ရယ် ... မိဘဝက အလှအပမဟုတ်တော့ဘူးကွဲ့၊ မိဘဝက လင်ကိစ္စ သားကိစ္စဖြစ်နေပြီ"

"ဟာ ... မောင် လုံးဝမလက်မခံဘူး"

"မောင် ဘာကြောင့်လက်မခံဘူးလဲ၊ မောင်တို့အတွက် ဘဝကိုပေးထားတာပဲဥစ္စာ"



"မောင်တို့အတွက် အဲသလိုပေးထားပုံကို မကြိုက်ဘူး၊ မိ လှရအုံးမယ်၊ မိ,က မောင့်မိန်းမ၊ အမြဲလှနေရမယ်၊ လှချင်စိတ်ကုန်နေတာမျိုး လုံးဝလက်မခံဘူး၊ လှအောင်နေရမယ်၊ ဒါပဲ"

"မောင်နော် ... ထွက်ဖို့နောက်ကျနေပြီ"

"မိ,မှာ လှချင်ပချင်စိတ်မရှိတော့ဘဲ ... စိတ်တွေပစ္စလက္ခတ်ပျက်စီးပြီး လေနေတာ ခုမှသိတယ်၊ အံ့ဩစရာပဲကွာ"

"အမလေး မောင်ရယ်၊ မလှချင်တာကဘဲ စိတ်လေတာဖြစ်ရသေးတယ်"

"စိတ်လေတာပဲ၊ တစ်နည်းတစ်ဖုံလေတာပဲ၊ ဒီမှာ မိ၊ ခုအချိန်မရှိဘူး"

ဇော်ရှင်းက ... လက်ပတ်နာရီကိုထောက်ကာ ပြောလိုက်သည်။

"ဒီကိစ္စ မပြတ်သေးဘူး၊ ဆက်ကိုဆွေးနွေးရမယ်"

"အင်းပါကွာ"

မိမိမြိုင်က ထွက်သွားဖို့ပြင်သည်။ ဇော်ရှင်းသည် မိမိမြိုင်ကိုချုပ်ထားပြီး သူမဆံပင်မှ ခလုတ်ကလစ်ကို ဆွဲဖြုတ်ပစ်လိုက်ရာ ... မိမိမြိုင်ဆံပင်တို့သည် ကျောလယ်သာသာ၌ ခွေခွေနွယ်နွယ် ဖွာကျသွားပါသည်။

"ဟာကွာ ... မောင်ကလဲ ... ပေးကွာ ... ကလစ်"

"မရဘူး၊ အဘွားကြီးပုံလုပ်မနေနဲ့၊ ဆံပင်ကိုဒီတိုင်းချသွား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လူ့အိုက်စိဖ်ဘ်အိုက်နဲ့၊ စိတ်မလွှတ်လပ်ပါဘူး မောင်ရာ၊ ဒီအဖွယ်ကြီး ဆံပင်ဖားလျားနဲ့၊ ကလစ်ပေးပါ"

"မပေးဘူး၊ သွားတော့ ... လုံးဝမတင်ရဘူး"

မိမိမြင့်သည် ဇော်ရှင်းမျက်နှာကို တအံ့တသြ နားမလည်သလို တွေကြည့်နေရာမှ ... ဖျတ်ခနဲလှည့်ထွက်လိုက်သည်။ ကလစ်ပြန်မယူသွား၍ ဇော်ရှင်းက စိတ်ကျေနပ်သင့်သလောက် ကျေနပ်ကာ ကျန်ရစ်ခဲ့ပါသည်။ မိစိတ်တွေ ဘာကြောင့်ရင့်ရော်ကုန်ပါလိမ့်မလဲ။ သူ လှူးဆန်းလှပါသည်။

မိမိမြင့်သည် သက်ပြင်းတစ်ရှိုက်နှင့် အခန်းပြင်ကိုထွက်လာခဲ့သည်။ သူမ ဒီလိုပုံစံနှင့်နေလာတာကြာပြီဖြစ်ပါလျက် ဒီနေ့မှပဲထ,ပြီး မောင်တစ်ယောက် ဘာတွေဂယောင်ချောက်ချား စိတ်ကူးယဉ်နေပါလိမ့်။ မိအဖို့ကတော့ မိနေပုံထိုင်ပုံဟာ ဖြစ်သင့်ဖြစ်ထိုက်သည့် မိဘဝအနေအထားလို့ပင် ထင်တာပင်။

မိန်းမတစ်ယောက်ရဲ့ လမ်းဆုံးဟာ အိမ်ထောင်သည်ဘဝ ... မိခင်ဘဝပဲမဟုတ်လား။ မိမိမြင့်ဘဝမှာ ဘာမှထပ်မံထူးသစ်လာစရာအကြောင်းတွေမရှိတော့။ ချစ်သောခင်ပွန်းသည်နှင့် သားနှစ်ယောက်အပေါ် တာဝန်ကျေဖို့သည်သာ မိရဲ့တစ်ခုတည်းသော လက်ကျန်ဆန္ဒဖြစ်တော့သည်။

မိမိမြင့်သည် အသာအယာခေါင်းယမ်းလိုက်



ပြီး ကားပေါ်သို့ မောင်းသူနေရာ၌ တက်မထိုင်မီ လက်ပွေ့အိတ်ဆွဲဖွင့်ကာ အသင့်ရှိသော အခြားကလစ်တစ်ချောင်းဆွဲထုတ်၍ ဆံပင်ကိုလိမ်တင်ပြီး ဖိညှပ်လိုက်ပါသည်။

ဿဪ

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ချောစုနဲ့ငါနဲ့အိမ်ထောင်သက်က ··· ကိုးနှစ်ရှိပြီ၊ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ် ··· အငယ်ဆုံးကလေးမွေးပြီးကာစလောက်က ချောစုလဲပဲ ဒီလိုပဲဖြစ်လာတယ်ကွ"

ဇော်ရှင်းက ဖန်ခွက်ကိုကိုင်ထားရင်း အောင်ခိုင့်စကားကိုနားစွင့်နေသည်။ ရဲနောင်သည်လည်း အောင်ခိုင့်စကားကို စိတ်ဝင်တစားရှိပါသည်။ ဇေယျကတော့ ··· ဝတ္ထုရေးအရ တစ်ယောက်ပြောနေသောစကားကို နားထောင်နေသလောက်သာရှိသည်။ ဒီနေ့မှ မင်္ဂလာဆောင်ထားသော သတို့သားအသစ်ကျပ်ချွတ်ဖြစ်၍ သူ့အတွက် ဤပြဿနာမျိုးမရှိသေးပါ။



အောင်ခိုင့်စကား၌ စိတ်မဝင်စားလှဘဲ သူတို့ဘာသာ ခေါင်းစဉ်တစ်ခု သီးခြားပြောဆိုနေသည်မှာ ဇေယျရဲညီနှင့် သူ့သူငယ်ချင်းတို့ပင်။

"ကလေးကသုံးယောက် ··· တစ်နှစ်ခွဲစီလောက်ပဲခြားတော့ အပြိုင်းအရိုင်းနဲ့၊ ဘယ်သူ့မှလက်လွှတ်မရ၊ အိမ်ဖော်တွေကလဲ မျက်နှာလွှဲမရ၊ သူတစ်ယောက်တည်း ချာလပတ်ယမ်းပြီး စိတ်ရှုပ်စရာတွေဖြစ်လာတဲ့အချိန်မှာ ··· သူ့မှာ စိတ်ဓာတ်ကျသလိုကိုဖြစ်လာတာ၊ ဒီပရက်ရှင်ဝင်လာသလိုကိုဖြစ်တာ၊ သူ့ကိုယ်သူ ဂရုမစိုက်နိုင်ဘဲ ပစ်ထားလိုက်တာလဲ ပေါင်တစ်ရာ့လေးဆယ်ကျော်အထိ ဝ,လာတဲ့အထိပဲ"

ဟုတ်သည်။ တလောက ချောစုအဇော်ဝဖြိုးလာတာကိုမြင်တွေ့လိုက်ကြရပါသေးသည်။

"မိန်းမတွေမှာ အပြင်ဝင်ငွေရှာတဲ့အလုပ် မရှိတာတောင်မှ သူတို့ဟာ အိမ်ထောင့်ကိစ္စ၊ ကလေးကိစ္စတွေနဲ့ ဓါတ်ဘာယာကအများသားကွ၊ မိန်းမတွေဟာ သနားဖို့တော့ကောင်းကြပါတယ်၊ ဘက်ပေါင်းများစွာရှိတဲ့အထဲက ထောင့်စေ့အောင် သူတို့မစွမ်းဆောင်နိုင်ကြတော့တဲ့အခါ 'ကိုယ့်ဘက်' ကို သူတို့လက်လျှော့လိုက်ကြတယ်"

"ကိုယ့်ဘက်ဆိုတာ ဘာလဲ"

ရဲနောင်က ဖြတ်မေးလိုက်သည်။

"ကိုယ့်ဘက်ဆိုတာ သူ့တို့ကစ်ကိုယ်ရေး ··· သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးကိုယ်တာကိစ္စကိုပြောတာ”

ဇေယျာသည် ဟက်ခနဲရယ်လိုက်ရင်း …

“မင်းလေသံက ဆရာကြီးလေ သိပ်ပေါက်နေတယ်ကွာ၊ အိမ်ထောင်ရေးဗိသုကာပညာရှင်ကြီး ကျနေတာပဲ၊ လေနည်းနည်းလျှော့အုံး”

အောင်ခိုင်က ဆရာကြီးပုံအပြည့်နှင့် ခေါင်းကိုပြုံးပြုံးကြီးယမ်းရင်း …

“မလျှော့နိုင်တော့ဘူးကွ၊ ဆရာကြီးလေပေါက်ဆို ဆရာကြီးပဲ ကိုယ့်လူ၊ ချောစုကို ပေါင်တစ်ရာ့လေးဆယ်ကျော်ဟနေ တစ်ရာ့သုံးဆယ်ထိပြန်ချလိုက်နိုင်စေပြီး ကပိုကရို ဖိုသီဖက်သီအဘွားကြီးပုံစံကနေ … ဒီပုံစံပြန်ဝင်လာအောင် ငါလုပ်နိုင်ခဲ့ဟယ်လေ၊ မနက်က ချောစုကို မင်းတို့အားလုံးတွေ့လိုက်သားပဲ၊ အိမ်မှုရေးရာတွေရှုပ်ပွေလီနေတဲ့ ကလေးသုံးယောက်အမေပုံပေါက်ရဲ့လား”

“မပေါက်လဲ ငါတို့က သိနေတာပဲ”

“ဟော့ကောင် … ရဲနောင်၊ ကဖျက်ယဖျက်ဝင်မပြောနဲ့၊ မင်းဒီလိုညံ့လို့ ညိုညိုအောင် တောထွက်မတတ်ဖြစ်နေတာ”

ရဲနောင် မကျေမနပ်နှင့် တစ်ချီတည်းနှုတ်ပိတ်သွားပါသည်။

“ရဲနောင်ရာ … လက်ချာရိုက်ချင်တဲ့သူလဲ သူ့ဟာသူရိုက်စမ်းပါစေ၊ ဒီမှာ သူ့ဟာနဲ့သူ သင်တန်းသား



ကလဲအသင့်”

ဇော်ရှင်းသည် ဇေယျာစကားကို ပြုံးစိစိလုပ်နေလိုက်ရပါသည်။ ဘာပဲဖြစ်ဖြစ် အောင်ခိုင့်စကားတွေကိုသူ စိတ်တော့ဝင်စားပါသည်။

“ကဲ … အစကပြန်ပြောမယ်၊ ငါတို့ကောင်တွေဟာ ထူးထူးခြားခြား ရှားရှားပါးပါးယောကျ်ားကောင်းတွေဖြစ်ကြတယ်၊ ကိုယ်တည်ဆောက်ထားတဲ့အိမ်ထောင်ရေးတစ်ခုအပေါ် သစ္စာမဲ့စွာနဲ့ ရိုးအီငြီးငွေ့ ဖောက်ပြန်ရေးလုပ်ကြမယ့်ကောင်စားမျိုးတွေမဟုတ်ဘူးကွ၊ ဒါကို သူတို့သိအောင်ပြောရမယ်၊ ဒါက တစ်အချက်”

“ကိုယ်ရည်ကလဲ သွေးတယ်ကွာ”

“ဟော့ကောင် ဇေယျ … ဒီဟာကို ကိုယ်ရည်သွေးတယ်စွပ်စွဲရအောင် မင်းက ဒီစာရင်းထဲ မပါဘူးလား … ပြော၊ ဝတ်မှုကို ကြိုပြောရအောင်”

ဇေယျာက တစ်ခွက်ခွက်မည်အောင် ရယ်မောနေလိုက်ပါသည်။

“ကိုယ့်အိမ်ထောင်ထဲမှာပဲ … ကိုယ်သာယာချင်တဲ့ယောကျ်ားကောင်းတွေဆိုတာကို သူတို့ဇနီးသည်တွေဘက်က သဘောပေါက်စွာနဲ့ ပြန်ပြီးပေးဆပ်မှုပြုလာသင့်တယ်၊ အဲဒီပေးဆပ်မှုကို မိန်းမတွေက တစ်မျိုးသဘောပေါက်ပြီး သူတို့သဘောပေါက်တဲ့အတိုင်းပဲ အနံ့တာခံ အနစ်နာခံတဲ့နည်းမျိုးတွေနဲ့ ပေးဆပ်လေ့ရှိကြတယ်၊ သူတို့ ကိုယ်ရေးကိုယ်တာကို ပစ်ပယ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ကြတယ်၊ သူတို့ကိုယ်သူတို့ ဂရုမစိုက် ပစ္စလက်ခတ်လုပ်ထားလိုက်ကြတယ်၊ အိမ်ထောင့်ရဲ့ တာဝန်တွေ သောကဒုက္ခ ဗာဟီရတွေထဲ နစ်သွားတဲ့ အခါ သူတို့ဟာ ရုပ်ပိုင်းဆိုင်ရာကော စိတ်ပိုင်းဆိုင် ရာပါ အပြောင်းကြီးပြောင်းလဲသွားကြရော၊ ဒါဟာ အလိုအလျောက်ဖြစ်လာတာပဲ၊ ဥပမာ ··· ချောစု ဟာ အလကားနေ သိပ်စိတ်တိုပြီး ··· ဗျစ်တောက် ဗျစ်တောက်ဖြစ်လာတယ်၊ သောကဖိစီးတော့ သည်း ညည်းခံနိုင်စွမ်းတွေ လျော့နည်းလာတယ်၊ ကလေး တွေအပေါ်လဲ စိတ်မရှည်တော့ဘူး"

ဇော်ရှင်းက ခေါင်းညိတ်ရင်း ···

"မှန်တယ် ··· တူတူပဲ၊ ဆက်ပြော၊ ဒါဆိုရင် ··· မင်းဖြေရှင်းတဲ့နည်းကို ငါအသုံးပြုလို့ ရနိုင်လောက် တယ်"

"မပြီးသေးဘူး၊ ချောစုမှာ ညီမတွေ အပြိုင်းအရိုင်း အပျိုပေါက်ကနေ အပျိုဟိုင်းအထိရှိတယ်၊ ဒါတွေ ဟာ သူတို့ဟာနဲ့သူတို့ တက်ရှယ်ဆိုတော့ မျက်စေ့ အောက်တင် လှပလန်းဆန်းတက်ကြွသစ်လွင်နေကြ တယ်၊ ကိုယ့်ညီမရင်းတွေဆိုတော့ ဒါကို မုဒိတာပွား နိုင်တယ်လေ၊ မနာလိုအပြိုင်အဆိုင်စိတ်မျိုး မဝင် ဘူး၊ ဒီမှာတင် ဒါတွေနဲ့ သူ့ကိုယ်သူယှဉ်ပြီး သူ့ အသက်ကြီးပြီ၊ ကျပြီ ··· မလှတော့ဘူး၊ လှစရာ လဲမလိုတော့ဘူး စိတ်ဓာတ်ကျကျလက်ခံလိုက်တယ်၊



ကိုယ့်ခင်ပွန်းသည်ရဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်မှုအပေါ်လဲ အခွင့်အရေးယူပြီး ဒီအခွင့်အရေးကို အလွဲသုံးစားလုပ်လိုက်တာပေါ့"

ဇော်ရှင်းက သဘောတကျ ရယ်မောလိုက်မိ ပါသည်။

"သူ့ကိုယ်သူ ပစ္စလက်ခတ်ထားလိုက်ပေမယ့် ··· မိန်းမ ဆိုတာ မွေးရာပါလှချင်မျိုးပဲကွ၊ အတွင်းကမသိစိတ် ထဲမှာတော့ ဒွိဟစိတ်နှစ်ခုဟာ လွန်ဆွဲနေတယ်လေ၊ ကိုယ့်ကိစ္စကိုယ်ရှုပ်ပြီး မပြုမပြင်နေလိုက်ချင်တော့တာ ရယ်၊ ဒါကိုပဲ မကျေမနပ်ပြန်ဖြစ်နေတာရယ်"

"ဟော့ကောင် အောင်ခိုင် ··· လေလုံးမိုးလုံးကြီးလွန်း တယ်ကွာ၊ ထင်ရာတွေလျှောက်ပြောနေတာလား၊ စိတ် ထဲကဟာတွေဆိုတော့ သက်သေလက်ဆုပ်လက်ကိုင် ပြစရာမလိုတာနဲ့ဘဲ မင်းရမ်းတုတ်လို့ရနေတာပေါ့"

"ဇေယျ ··· ခုမှအိမ်ထောင်သည် အသစ်စက်စက် ဘာအတွေ့အကြုံမှမရှိဘဲနဲ့ ကဖျက်ယဖျက်မလုပ်နဲ့၊ အေး ··· မင်းတစ်နေ့အကူညီလိုလာရင် တောင်း နိုင်တယ်"

"ခွေးကောင်"

"ဒီမှာ သေချာစိတ်ဝင်တစား ဂရုစိုက်နားထောင်တဲ့ ဇော်ရှင်းတစ်ယောက်လုံးရှိတယ်၊ မင်းတို့မကြားချင် နားပိတ်ထား၊ ငါက ··· ငါ့အတွေ့အကြုံကိုပြောပြ နေတာ၊ လူတိုင်းဒီလိုပဲလို့လဲ သိမ်းကြုံးဝေဖန်နေ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး"

"ဒီကောင်တွေကို ထားလိုက်စမ်းပါ အောင်ခိုင်ရာ၊ ဆက်ပြော"

ဇော်ရှင်းကတော့ လာခါနီးတင် သူ့မိန်းမ မိ အပေါ် သူအံ့သြခဲ့ရတာအတွက် ဤကိစ္စကို လောလောလတ်လတ် အထူးတလည်စိတ်ဝင်စားနေပါသည်။ ဘာပဲဖြစ်ဖြစ် ချောစု ပုံပြောင်းသွားတာလည်း မျက်မြင်ဖြစ်ရာ အောင်ခိုင့် မှတ်ချက်အတွေးအခေါ်နှင့် နည်းစနစ်တို့ဟာ ... မှန်ကန် အောင်မြင်မှုရှိခဲ့တာလည်း သေချာသည်။ ဇော်ရှင်း စိတ်ဝင် စားနေတာကို ဧယျက ဘေးမှလှောင်ရယ်နေ၍ ဇော်ရှင်းက လက်သီးတစ်ချက်လှည့်ရွယ်ပြီးမှ ...

"ဆက်ပြော ... အောင်ခိုင်"

"မိန်းမတွေ ... အထူးသဖြင့် တကယ်လဲလှတဲ့ မိန်းမတွေ ပိုဆိုးတာပေါ့ကွာ၊ မိန်းမတွေဟာ သူတို့ လှတာကို လူတွေရဲ့အသိအမှတ်ပြုမှု လိုချင်ကြတယ်၊ တစ်ကိုယ်လုံးလှတဲ့ မိန်းမကလဲ အသိအမှတ်ပြုခံ ချင်သလို ... နှုတ်ခမ်းလေးတစ်ခုပဲလှတဲ့မိန်းမဟာ လဲ ဒီနှုတ်ခမ်းလေးလှကြောင်း အသိအမှတ်ပြုခံချင် သေးတာပဲ"

ဖြစ်နိုင်သည်။ လက်ခံနိုင်သဖြင့် ဇော်ရှင်းက ငြိမ်၍ ဆက်နားထောင်သည်။

"တစ်ခါတစ်ရံမှာ ကိုယ့်ယောကျ်ားရဲ့ အသိအမှတ်ပြု ကလဲ လိုအပ်သလို၊ တစ်ခါတစ်ရံမှာ ကိုယ့်ယောကျ်ား





ရဲ့အသိအမှတ်ပြုမှုကို သူတို့ လုံးဝအယုံအကြည်မရှိ ဘူး၊ ဒင်း ... အလကားပါ၊ ငါကြိုက်အောင် အပို တွေမြှောက်ပြောနေတာလို့ထင်ပြီး အပိုတွေပြောရ ကောင်းရှော့လားဆိုတာကိုပဲ တန့်နဲ့ မခံနိုင်ဖြစ်တတ် တယ်၊ သူမြှောက်ပင့်တိုင်းယုံရအောင် ငါ့မျာ:ငပေါ ကြီးမှတ်လို့လားပေါ့"

"ဒါတော့ ဟုတ်ရဲ့လားကွာ"

"အော် ... ဟုတ်တယ်ကွာ၊ ရံဖန်ရံခါ ဟုတ်တယ်၊ မိန်းမတွေရဲ့စိတ်က ဖတ်ရခက်သော အမြဲတသမတ် တော့မဟုတ်ဘူး၊ သူတို့စိတ်အပေါ် ဖတ်ရှုဝေဖန်မှု တွေဟာ အမြဲအတွက် ဘယ်တော့မှမဟုတ်ဘူး၊ ဒါ ကို အပြီးမှတ်၊ ရံဖန်ရံခါအတွက်ပဲ မှန်ကန်ချက်ဖြစ် တယ်"

"ကဲ ... ကဲ ... ဆက်ပြောပါအုံး"

"သူလှကြောင်း ... ကြည့်ကောင်းကြောင်းကို ပတ် ဝန်းကျင်က ယုံကြည်လောက်တဲ့သူတွေက အသိအ မှတ်ပြုဖို့လိုတယ်၊ ဒါကို သူတို့ပိုယုံကြည်တယ်"

"ဟာ ... ဒါတော့ ငါတို့ဘယ်လိုလုပ် တတ်နိုင်ပါ့ မလဲကွ၊ ပတ်ဝန်းကျင်ရဲ့အသိအမှတ်ပြုမှုကို ငါက ဘယ်လိုလုပ်ပေးလို့ရမှာလဲ၊ ငါ့အသိအမှတ်ပြုမှုကိုပဲ 'မိ' ရနိုင်တာပေါ့၊ ငါကလဲ အပိုတွေမဟုတ်ဘူး၊ တကယ့်ကို စစ်မှန်စွာ အသိအမှတ်ပြုမှာမျိုးပဲ၊ မိမိ မြိုင်ဟာ ကျောင်းတုံးကလဲလှတယ်၊ ခုလဲလှဆဲပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အလှကို စိတ်မဝင်စားတော့ဘဲနေခြင်းက သူ့မှာ ရုပ်ဆိုးသွားတာ၊ ညနေကပဲ သူ့ကိုလှရမယ်လို့ ငါပြောတာကို ဟားပစ်တယ်ကွာ၊ ရယ်သွမ်းသွေးတယ်၊ သူဟာ လှစရာလားပေါ့"

"ဒါ … ဒီပရက်ရှင် အစပျိုးတာတွေ၊ မြန်မြန်ကုရမယ်"

ဇေယျက အသံပြဲကြီးနှင့် ရယ်လိုက်ကာ …

"ဒေါက်တာကြီး … ဒေါက်တာကြီးကို အားကိုးပါတယ်"

"ဟော့ကောင် … တိတ်ကွာ၊ ထောင်တန်တဲ့စကား ရယ်ပေါ့ကွ၊ မကြားဖူးဘူးလား"

"မကြားဖူးဘူးဒေါက်တာကြီး … မသင်ခဲ့ရဘူး"

ဇေယျကို ဇော်ရှင်းက ပခုံးကိုတစ်ချက်လှမ်းထိုးကာ တိတ်တိတ်နေဖို့ မျက်နှာထားနှင့်မာန်လိုက်ပါသည်။ ဟုတ်တာမဟုတ်တာတွေအပထား၊ ဒီခေါင်းစဉ်ဟာ သူစိတ်ဝင်စားလှတဲ့ခေါင်းစဉ်မို့ အပြီးသတ်ထိ သူကြားချင်သည်။

"ကဲ … ဟော့ကောင်အောင်ခိုင်၊ အနှောက်အယှက်လဲများတယ်၊ မင်းကလဲ လိုရင်းကွာ၊ မင်းကြီးဒေါ်ကြီးတဲ့မှုပဲ၊ ပေရှည်လွန်းတယ်"

"လိုရင်းကတော့ကွာ … ချောစုကို ပတ်ဝန်းကျင်ရဲ့အသိအမှတ်ပြုမှုကို ငါပေးလိုက်တယ်၊ ဒါပဲပေါ့"

"ဘယ်လိုပေးလိုက်လဲ"

ဇော်ရှင်း တအံ့တသြမေးသည်။



"ပထမ … သူညီမတွေ မိသားစုတွေကို စည်းရုံးတယ်၊ ရှင်းပြတယ်၊ သူတို့ကလဲ ပျော်ပြီး ဝမ်းပန်းတသာကူညီတာပေါ့၊ သူညီမတစ်ယောက်က … ဟာ … သမီးပါးမှာဖုတွေထွက်လာတယ်၊ မမကြီးဆို ဘယ်တော့မှ ဖုမထွက်ဘူး၊ မမကြီးအသားအရေမျိုးလိုချင်လိုက်တာ၊ ဟဲ … ဒီလိုပေါ့ကွ၊ နောက်တစ်ယောက်ကလဲ … သမီးတို့နှုတ်ခမ်းက ပုံဖော်လိုင်းဆွဲပြီးမှဆိုးတာတောင် ပုံကိုမကျဘူး၊ မမကြီးနှုတ်ခမ်းဆိုရင် သူ့ဟာနဲ့သူ အနားသတ်လိုင်းလေးပါပြီးသား၊ သိပ်လိုချင်တာပဲ၊ ဒါမျိုးပေါ့ကွ"

"ဟ … ဒီလိုတစ်ယောက်တစ်ပေါက်ပြောနေတော့ သူက ယုံရဲ့လား"

"ဘာလို့မယုံရမှာလဲ၊ တစ်နေ့တည်း စုပြုံပြောတာမှမဟုတ်တာ၊ မင်းကညံ့လိုက်တာ၊ ရေရှည်အကောင်အထည်ဖော်တာကွ၊ နှစ်ရက်သုံးရက်ခြားပြီးမှ တစ်ယောက်တစ်မျိုးပြောတာပေါ့"

"အော် … အော်"

"ချောစုအမေကဆိုရင် သူ ကလေးခုနစ်ယောက်မွေးလာတာ၊ မွေးကင်းစ ကလေးတစ်ယောက်အဖို့ အားလုံးထဲ ချောစုမွေးကင်းစက အလှဆုံးလို့ … နောက်ကြောင်းပြန်ပြီး ချီးမွမ်းပေးတာပေါ့"

"မင်းဟာက မိန်းမကို အရူးလုပ်သလိုဖြစ်နေတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ရဲနောင်က မှတ်ချက်ချလိုက်ပါသည်။

"အရှုံးလုပ်တယ်ဆိုလဲ ကောင်းဖို့စေတနာနဲ့လုပ်တာပဲကွာ၊ ဒီထက်တောင်လုပ်ခဲ့သေးတယ်၊ ဒါပေမယ့် ပြန်မပေါ်ပါဘူး၊ ချောစု တကယ် ဒီပရက်ရှင်ဝင်လာတာကို သဘောပေါက်နားလည်ပြီး ငါစေတနာမေတ္တာ သန့်သန့်နဲ့ အကူအညီတောင်းမှန်း အားလုံးနားလည်ကြတဲ့အတွက် ဒီကိစ္စကြီးဟာ ခုထိမပေါ်ပေါက်ပါဘူးကွာ၊ အိမ်သားက သူတို့နဲ့ခင်တဲ့ အန်တီကြီးတို့၊ ငါ့ရုံးက ဝန်ထမ်းတချို့တို့၊ ငါ့စီမံကိန်းထဲ ပါခဲ့ကြတယ်၊ ဒါဟာလဲ သူ့စိတ်ကို အနည်းအကျဉ်းသာ လှုပ်ရှားပြောင်းလဲစေခဲ့တယ်၊ တိုးတက်မှုက သိပ်အားမရလောက်ဘူး၊ ဒီတော့ နောက်တစ်ဆင့် ငါ ထပ်ကြိုးစားခဲ့တယ်"

"နောက်တစ်ဆင့်က ဘယ်လိုလဲ၊ မင်းကလဲကွာ၊ ပြောမှာဖြင့်မပြောဘူး"

"ဟောကောင် ... အာခေါင်ခြောက်သေးတယ်ကွ၊ ဒီအဆင့်က လျှို့ဝှက်ချက်၊ ငါ အားလုံးရှေ့မပြောနိုင်ဘူး၊ တကယ်တမ်း ဒီနည်းကို လိုအပ်ကောင်းလိုအပ်မယ့် ဇော်ရှင်းတစ်ယောက်ကိုပဲ ပြောနိုင်မယ်၊ ဇော်ရှင်းနဲ့ငါနဲ့ နှစ်ယောက်ချင်းကျမှပြောမယ်"

"ကြီးကျယ်ပါ့ကွာ၊ မပြောနဲ့ဟောကောင် ... နော်၊ ငါလဲမလိုဘူး၊ ငါ့မိန်းမအသက်နှစ်ဆယ်ပဲရှိသေးတယ်၊ မင်းတို့မိန်းမတွေလို အဘွားကြီးမဖြစ်သေးဘူး၊ သူ့ကိုယ်သူလှတယ်ထင်တာပဲ လွန်တောင်လွန်နေပြီ၊ လှချင်စိတ်ကလဲ လျှော့ဖို့တောင်လိုတယ်၊ မင်းနည်းတွေ မသိချင်ဘူး၊ မပြောနဲ့ဟောကောင် ... ရတယ်"



"ငါကလဲ ဇော်ရှင်းတစ်ယောက်ကိုပဲပြောမယ်လို့ ပြောပြီးသား ... နော်၊ ဒီနည်းက မိမိမြင့်နဲ့လဲ ကိုက်နိုင်လို့၊ ညိုညိုအောင်နဲ့ဆိုရင် ဒီနည်းနဲ့မဖြစ်နိုင်လှဘူး၊ ဒါကြောင့် ရဲနောင်ကိုတောင်မပြောဘူး"

ရဲနောင်ကတော့ ပြုံးတုံးတုံးနှင့် ကြွ်ရှိသာနေသည်။ ဇော်ရှင်းကား မိနှင့်ချောစုအသွင်သဏ္ဍာန်ကို ချက်စေ့ထဲ မြင်ယောင်ကြည့်နေကာ ... အောင်နိုင်ရဲ့နည်းလမ်းကို သူ သိကိုသိရမှဖြစ်မည်ဆိုတာ အသေအချာခံယုံးဖြတ်သည်။

မိမိမြင့်ရဲ့ တွန့်နေတတ်သောမျက်ခုံး ... ပင်ပန်းနွမ်းနယ်နေပုံရသည့်အမူအရာ ... အိမ်မှုရေးရာကိစ္စတွေကလွဲလျှင် ဘာကိုမှ စိတ်ဝင်စားလှတော့ပုံမရသည့်ဟန်ပန်၊ ကပိုကရိုပစ္စလက္ခတ်နေထိုင်ဆင်ယင်မှုတို့ကို ပြန်မြင်ယောင်လေ ... သူ့စိတ်ထဲ ဘဝင်မကျလေပင်။

သူသည် မိမိမြင့်ကို လက်ထပ်ကာစကတည်းက မီးဖိုချောင်ထဲ နစ်မြုပ်သွားမည့်မိန်းမတစ်ယောက်မဖြစ်စေလိုခဲ့။

မိ ပင်ပန်းတာကိုလည်း မကြည့်ချင်။ မိ စိတ်ရှုပ်နေတာမျိုးလည်း မမြင်ချင်။ သူ့ရဲ့လုပ်ကိုင်ရှာဖွေကျွေးမွေးမှုအောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း သက်တောင့်

www.burmeseclassic.com

သက်သာ ပြုံးပျော်ရွှင်မြူးကြည်နူးနေတာကိုသာ သူ မြင်လိုပါသည်။ ဒါမှ သူလည်းစိတ်ချမ်းသာမှာဖြစ်ပါသည်။

သူရှာလို့ရသမျှ ဝင်ငွေကိုလည်း မိမိမြိုင်ကို အပ်သည်။ သူမ မပင်ပန်းအောင် အိမ်ဖော်လည်းနှစ်ယောက် တောင်ထားထားသည်။ အိမ်အတွက် စိတ်ချရအောင် ဆွေမျိုးထဲကလည်း ခေါ်တင်ကျွေးထားသေးသည်။ ဒီကြားထဲက ပင် မိ,ဟာ တက်ကြွမှုကင်းပြီး အလှအပကိုတောင် မခံမင်နိုင်အောင် ဘာကြောင့်ဖြစ်လာရသလဲ။

ဇနီးသည်တစ်ယောက်ဟာ သူမရဲ့အလှအပကို ဂရုမစိုက်တော့ခြင်းဟာ လင်ယောကျ်ားကိုပါ ဂရုမစိုက်တော့ခြင်းဟု ဇော်ရှင်း ယူဆချင်သည်။ ငွေရေးကြေးရေး စီးပွားရေးကြပ်တည်း အဆင်မပြေလို့ဆိုလျှင်လည်း တစ်မျိုးပေါ့။ ခုတော့ ဘာမှလိုလေသေးမရှိပါပဲလျက် စိတ်ဓာတ်ကျဆင်းရပါသည်ဆိုလျှင် … သူ့အပေါ်ပဲ စိတ်ကုန်လို့လား၊ အိမ်ထောင်အပေါ်ပဲ စိတ်ကုန်လို့လား ဟု ဇော်ရှင်းကတွေးချင်သည်။

သူ့စိတ်ထဲ တနုံ့နုံ့နှင့် အခံခက်လှသည်။ အသက်သုံးဆယ်ကျော်ရုံလေးမှာ မိ,ဟာ ဤသို့ဖြစ်နေပြီဆိုလျှင် အသက်ငါးဆယ်လောက်ကျ သူတို့အိမ်ထောင်ရေးကြီးဟာ ဘယ်လိုဖြစ်နေတော့မှာလဲ။ စိတ်ပျက်စရာကြီးဖြစ်သွားရတော့မှာပေါ့။ သူ့ဘက်ကတော့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်သည်နှင့်အညီ မိသားစုနှင့် ပျော်ရွှင်ချင်တတ်သော ခင်ပွန်းတစ်ယောက် ဖခင်တစ်ယောက်ဖြစ်ပါသည်။



မိ,ကကျတော့ မိသားစုနှင့် မပျော်ရွှင်နိုင်ဘူးလား။

သူ့ဇနီးသည်ဟာ သူ့နံဘေးယှဉ်တွဲပြီး လှလှပပပြုံးပြုံးရွှင်ရွှင်နှင့် ကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ပိုက်နေမှသာလျှင် သူ့အိမ်ထောင်ရေးအောင်မြင်သည်ဟု ဇော်ရှင်းထင်သည်။ ဤအခြေအနေကိုရအောင် သူ သတိမမူမိသော သူ့ဘက်မှ ချို့ယွင်းချက်ရှိရင်လည်း ဇော်ရှင်းက ကြိုးစားပြုပြင်ယူမည်ပင်။

သူ ခုလိုသတိထားကြည့်မိချိန်၌ မိမိမြိုင်ဟာ အရင်က မိမိမြိုင်နှင့်မတူတော့ဘဲဖြစ်နေပြီ။ သူ သက်ပြင်းချမိရင်း …

"ဟော့ကောင် … ဒါဖြင့် မင်းနဲ့ငါ နှစ်ယောက်တည်း ဘယ်တော့ထပ်တွေ့မလဲ"

"မင်းကြိုက်သလို လှမ်းချိန်းလိုက်ကွာ ဇော်ရှင်း"

ဖေယျကတော့ အောင်ခိုင်နှင့်ဇော်ရှင်းကို ဟားချင်သလို အံ့သြသလိုပုံစံနှင့် သူ့ရဲ့ တကိကိသဘောတကျရယ်သံကို အဆုံးမသတ်နိုင်ဘဲရှိတော့သည်။

ဆ ဆ

www.burmeseclassic.com



မိမိမြိုင်သည် ဇော်ရှင်းကား ခြံထဲဝင်လာတာ မြင်လျှင် ... သူမရဲ့ပန်းပင်ရေလောင်းခြင်းကိစ္စကို 'လက်စသတ်ဖို့ ပြင်ဆင်ပါသည်။ ခြံကလေးအသင့်အတင့်ပါသော အိမ်ဖြစ်သေး၍ ဤခြံကလေးကို သာယာလှပအောင် ပြုစုပျိုးထောင်ဖို့ရှိလာပါသည်။ ခြံကလေးမြေပိုပါလျက် ချုံတောချုံရိုင်းတွေနှင့် ရှုပ်ပွကာ ဖြုတ်စဖျင်းတောင်းဖြစ်နေမှာမျိုးကို သူမက လက်မခံနိုင်ပါ။

တစ်သက်လုံး ပန်းပင်၊ ပန်းအိုးများနှင့်သာ ကြီးပြင်းနေထိုင်ခဲ့ရ၍လည်း အထိုက်အလျောက် ပန်းကို ချစ်တတ်ပါသေးသည်။ ကိုယ်တိုင်ပြုစုပျိုးထောင်ထားသည့် ပန်းပင်၊ ပန်းအိုးတို့မှ အဖူးအပွင့်များ ဝေဝေဆာဆာ အသွေးစုံစုံ လန်းဆန်းလာတာမြင်ရလျှင်တော့ ကိုယ့်ကိုကိုယ် ကျေနပ်ဂုဏ်ယူကာ တာဝန်ကျေသူတစ်ယောက်အဖြစ်မြင်မိပြီးလျှင် လုပ်ငန်းဆောင်တာတစ်ခု အောင်မြင်သလိုခံစားရပါသည်။

ပန်းပင်တွေ၊ ပန်းအိုးတွေရှိပြန်တော့ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ရေလောင်းခြင်းနှင့် ပေါင်းသင်ရှင်းလင်းခြင်းအလုပ်တို့က ပိုလာပါသည်။ သို့ပေမယ့် ဒီအလုပ်တို့ကို ကျေနပ်လောက်အောင် လက်လွှဲတာဝန်ပေးမရ၍ ဤတာဝန်အတွက် မိမိမြိုင်သာပဲ အစအဆုံးလက်ခံယူထားလိုက်ရပြန်တာပင်။

အတွက်က လိုလိုလားလား ရေလောင်းပေးဖို့ အသိစိတ်ရှိရှာပါသည်။ သို့ပေမယ့် အတွက်မှာ ပန်းပင်တွေ



အပေါ် ဝါသနာလည်းမပါ ... မြတ်လည်းမမြတ်နိုး၊ နားလည်းမလည်။ ရေလောင်းဆိုလျှင် ပိုက်နှင့်တဖြန်းဖြန်းဖိပန်းကာ ပင်ရင်းမြေမှုန်မြေစိုင်တွေ လန်ပျံထွက်အောင်ကို လောင်းတော့တာပင်။ ရေသိပ်မလိုသည့်အပင်တွေ ရေနှူးပြီး အမြစ်ပုပ်လိုပုပ်၊ ရေဝဝလိုသောအပင်တွေ မဝတဝနှင့် နွမ်းသွေ့လိုသွေ့ ... ။

ဘယ်အပင် ရေဘယ်လောက်အတိုင်းအဆဆိုတာမျိုးကို နားမလည်စိတ်မပါသူအား သင်ကြားထားလည်းပဲ ဘယ်တော့မှ မှတ်မိမှာမဟုတ်။ သူမှစိတ်မပါဘဲ။ ဒါကို လက်တွေ့နားလည်ခဲ့ရသော မိမိမြိုင်သည် အတွက်ကို မြက်ခင်းရေဖျန်းဖို့လောက်နှင့် အချို့သော အကြမ်းခံအပင်တစ်တန်းလောက်မျှကိုသာ တာဝန်ပေးရပါသည်။ ကျန်တဲ့အပင်တွေ မိ တာဝန်။ ဤခြံလှပဖို့အရေးဟာ ဤမိသားစုလေးရိပ်မြုံသာယာလှပဖို့အရေးနှင့် တူတူပဲမဟုတ်လား။

"မိ ... မောင်တောင်မှောင်တော့မယ်"

"မိ တက်ခဲ့တော့မယ် မောင်၊ မောင်တက်သွားနှင့်"

"သားတို့ရော"

"သားကြီးကို အိမ်စာလုပ်ခိုင်းထားတယ်၊ သားငယ်တော့ ယုယုနဲ့ကစားနေမလားမပြောတတ်ဘူး၊ မောင့်ကို ရေစင်မယ် သွားတော့၊ မိ ပြီးခါနီးပါပြီ"

ဇော်ရှင်းသည် ဂျပန်ဖိနပ်စီးကာ ... လုံချည်တိုတို၊ ရှပ်အကျီကွက် ဖွံ့ယို့ဖားယားနှင့် ပိုက်ကိုင်ထားသော မိမိမြိုင်ရဲ့ အဆီပြန်သည့်မျက်နှာနှင့် ... ပြီးချင်ဇော စိတ်

www.burmeseclassic.com

www.burmeseclassic.com



စောကာ တွန့်နေ့သောမျက်မှောင်ကိုကြည့်ကာ သက်ပြင်းရှိုက်၍ အိမ်ပေါ်တက်လာခဲ့ပါသည်။

ဇော်ရှင်းပြန်လာပြီမို့ … မိမိမြိုင်စိတ်က သိပ်မဖြောင့်တော့။ အိမ်ပေါ်တက်ချင်လှပြီဖြစ်၍ ကျန်သော လေးငါးအိုးကို ဖြစ်ကတတ်ဆန်း ခပ်ဖြီးဖြီးဖျန်းပက်ကာ … ရေဘုံပိုင်ကို ပြေးပိတ်လိုက်ပါသည်။ မီးဖိုဘက်မှပတ်ရင်း

"ရွှေမိရေ … အားရင်လာအုံး"

"ဟင်းအိုးတွေနွှေးနေတယ် မမ"

"ဂျမ်းဘုံကိုကြည့်ခိုင်းခဲ့လိုက်၊ ပိုက်လာခွေပြီး ဂိုဒေါင်မှာသွားသိမ်းလိုက်အုံး၊ ရေပိုက်က ဂျမ်းဘုံမနိုင်ဘူး"

"ဟုတ် … "

ခြံဝင်းသီးသန့်ရပ်ကွက်ဖြစ်သော်လည်း မထင်လျှင်မထင်သလို ပန်းအိုးအစ တစ်ခါတစ်ရံခိုးခံရပါသည်။ ဒါကြောင့် ရေပိုက်ကို ခြံထဲဒီတိုင်းပစ်ခဲ့လို့မရ။ မိမိမြိုင်က နောက်ဖေးမှတက်ကာ နောက်ဖေးရေချိုးခန်းထဲဝင်ပြီး ခြေဆေးလက်ဆေးသည်။ ခုထိ ရေမချိုးရသေး။ မိုးလင်းလင်းချင်း တစ်ခေါက်ချိုးပစ်လိုက်တာသည် တစ်နေကုန်ချွေးထွက်ဆီပြန် ဂျိုးဖုံကပ်ကာ ညစ်ပတ်နေပြီ။ လက်ကိုခြောက်သည်ထိပင်မသုတ်မိဘဲ မခြောက်တခြောက်လက်နှင့် မျက်နှာဆီပြန်ပြန်ကိုသုတ်ပစ်ကာ အိမ်ရှေ့ဘက်ထွက်လာသည်။

ညှော်ခန်း၌ ယုယုနှင့်ကစားနေသော သားငယ်လည်းမရှိတော့။ သားကြီးကတော့ အစကတည်းက သူ့ရဲ့စာကြည့်ခန်းထဲတွင်ဖြစ်သည်။ မိမိမြိုင်က စာကြည့်ခန်းတံ



ခါးကိုတွန်းကာ ကြည့်လိုက်လျှင် စာရေးစားပွဲပုလေးတွင် စာအုပ်တန်းလန်း၊ ခဲတံတန်းလန်း … ။ သားကြီးကတော့ မရှိတော့ပေ။ ဖအေနား ကပ်အုံကြပြီထင်သည်။

မိမိမြိုင်က သူတို့အိပ်ခန်းဆီ လျှောက်လာခဲ့သည်။ အိပ်ခန်းဝရောက်ကတည်းက အထဲမှ တတီတီတတော်တော် အသံသေးသေးလေး ထွက်နေသည်။ လက်နှိပ်တီဗီဂိမ်းအသေးကလေးက အသံမှန်း မိမိမြိုင်ရိပ်မိပါသည်။ ထင်သည့်အတိုင်း ခုတင်ပေါ်တွင် သားအဖသုံးယောက်မှောက်လျက်သား … အဖေလုပ်သူက ကစားပုံကိုပြနေသည်။

"ဟော … မောင် … အသစ်ဝယ်လာပြန်ပြီ၊ ဟိုတစ်နေ့ကတင်တစ်ခု"

"ဟိုနေ့ကဟာက သိပ်မကောင်းလို့တဲ့မိရာ၊ သားကနှစ်ယောက်ရှိတာ နှစ်ခုတော့ဝယ်ပေးရမှာပေါ့၊ သားငယ်လဲ နောက်နှစ်လောက်ဆို ကစားနိုင်ပါပြီ၊ တစ်ခုတည်းဆိုရင် လုနေရဦးမယ်ကွာ"

"နောက်နှစ် … ! မောင်က အရုပ်ဝယ်ရင် နောက်နှစ်အထိခံမယ်မျှော်လင့်ပြီးမှ ဝယ်တာလား၊ ဖြစ်မှဖြစ်ရလေ၊ ဟိုနေ့ကဝယ်ပေးတဲ့ ကားရုပ်ဆိုရင် တစ်စစီပြုတ်ပြီ၊ ဝက်အူတွေဖြုတ်ထုတ်ပစ်ပြီး အပိုင်းပိုင်းလုပ်ပစ်တာ၊ ပြန်တောင်မစပ်ဟပ်တတ်ဘူး"

"အေးပါကွာ … မိကလဲ"

"ဘာအေးပါကွာလဲ၊ ဒါဘယ်လောက်ပေးရလဲ"

"မပေးရပါဘူး"

www.burmeseclassic.com



"ဘာမပေးရပါဘူးလဲ"

"နှစ်ထောင်လောက်ပေါ့ကွာ၊ မမှတ်မိပါဘူး"

မိမိမြိုင်သည် မွေ့ယာပေါ်ကုန်းကာ မွေ့ယာအလယ်မှ စက္ကူဗူးကိုကောက်ယူကြည့်လိုက်သည်။ ဗူးခွံတွင် ရုပ်ပါဝမ်းကုန်တိုက်အမှတ်တံဆိပ်နှင့် ဈေးနှုန်းကပ်ထားသည်။

"ဟယ် ... ဘုရားရေ ... ငါးထောင့်နှစ်ရာတဲ့"

အလန့်တကြား အော်ဟစ်လိုက်မိပါသည်။

"ဟိုနေ့က နှစ်ထောင်ကျော်တန်ဟာ ချိုင်းနားကွ၊ ဒါက ဂျပန်မိတ်မို့ပါ"

"ဘာလုပ်ဖို့လဲ ဂျပန်မိတ်၊ သူများကို လိမ်သေးတယ် နှစ်ထောင်လောက်တဲ့၊ ကဲ ... ကဲ"

မိမိမြိုင်က ဇော်ရှင်းတင်ပါးကို အားကုန်စပ်စပ် ဆင့်ကဲရိုက်သည်။ ဇော်ရှင်းကရယ်မောကာ ဂိမ်းမ်ကို သားကြီးလက်ထဲထည့်ရင်း ပက်လက်လှန်လှဲထ,လိုက်လျက် ...

"ကလေးတွေကစားပါစေကွာ၊ မောင်တို့လဲ ဝယ်ပေးနိုင်သားနဲ့၊ ဟိုမှာတောင် စက်ထဲထိုးကစားရတဲ့ ခွေ သစ်နှစ်ခွေ ထပ်ဝယ်လာသေးတယ်"

မိမိမြိုင် တကယ် ဒေါသထွက်နေသည်မထင်သော ဇော်ရှင်းသည် မိမိမြိုင်ရဲ့ တင်းမာနီရဲသော မျက်နှာကိုမြင်လျှင် အံ့သြသွားရပါသည်။ မိမိမြိုင်သည် စက်ထဲထိုးကစားသော ဂိမ်းမ်အခွေဝါဝါလေးနှစ်ခုပေါ်က နှစ်ထောင်ကျော်ဈေးနှုန်းများကိုဖတ်ကာ ပို၍ပင် မျက်နှာမည်းပုပ်လာပါသည်။



ဒီတစ်ရက်တည်း ကစားစရာချည်းပဲ စုစုပေါင်း တစ်သောင်းကျော်ဖိုးဝယ်လာသော အဖေလုပ်သူကို သူ့ဘား တွေချစ်တာပဲလေဟု မဖြေသိမ့်နိုင်ဘဲ ... ရှေ့နောက် ဘာမှ မဆင်ခြင်မတိုင်းထွာတဲ့သူရယ်လို့ စိတ်တောင်နာသွားပါသည်။ မျက်နှာကိုလည်း ပြင်မရတော့။ ရေချိုးတာပဲအေးသည်ရယ် လို့ စကားနည်းရန်စဲ မျက်နှာသုတ်ပဝါဆွဲကာ ရေချိုးခန်း ဘက်သွားလျှင် ...

"မိ ... မိ ... ဘာဖြစ်တာလဲကွာ၊ မျက်နှာကြီး ကလဲ အလန့်တကြား၊ ရှုပုပ်နေတာပဲ၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမလဲ၊ ကစားဖို့ကိစ္စ ငွေတစ်သောင်းဖိုး တစ်ထိုင်တည်းဝယ်စရာလား၊ မောင်က အိုနာစစ်လား၊ ပင်ပန်းရတဲ့အထဲ ဒေါသထွက်အောင်လုပ်ချလာတယ်၊ နည်းနည်းမှမသိတတ်ဘူး"

"ဟာ ... သားတွေဖို့ အရုပ်ဝယ်တာလေ၊ ဘာဖြစ်လဲ"

"အဲဒါကြောင့်မေးတာ ... ရှင်က အိုနာစစ်လားလို့"

"ဟာကွာ ... လခကိုတွက်ရင် တစ်လ နှစ်သိန်းလောက်ရတာကွာ၊ ဒါလောက်တော့ ဝယ်နိုင်ပါတယ်၊ တစ်လနှစ်သိန်းကျော်ရှာနေတာ ဒီမိန်းမနဲ့ ဒီသားတွေကို ဝယ်မပေးရရင် ဘာသွားသုံးမှာလဲ"

မိမိမြိုင်သည် ဒေရှေ့မှကာထားသော ဇော်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကို တွန်းပစ်ကာ ကွေ့ထွက်လိုက်ပါသည်။ ဘာသွား သုံးရမလဲတဲ့။ သုံးစရာတွေမှ အမျိုးကြီး။ ဒီကစားစရာ အတွက် ဒီလောက်ဖြုန်းတီးရကောင်းလား။ ဒီတစ်လတည်း ကစားစရာဝယ်တာ လေးငါးကြိမ်ရှိပြီ။ ခုမှလဝက်ပဲရှိသေး တာ။ ရှေ့က လေးငါးကြိမ် စုစုပေါင်း၌ တစ်သောင်းလောက် ကုန်ထားပြီ။ ကစားစရာတွေကလည်း ဈေးကြီးမှကြီး။

ဒီတစ်လတင် ကစားစရာဖိုးနှစ်သောင်းကျော်။ ဒီလောက်ဝယ်စရာလား။ တစ်လတည်းကိစ္စလည်း မဟုတ် ပေ။ လစဉ်ပြောသည့်ကြားကပင် မဆင်မခြင်ဝယ်တာ။ ငွေ ဝင်တာလည်းဟုတ်ပါရဲ့။ ဒီငွေက ငြိမ်နေတာမဟုတ်ဘဲ ထွက် နေတာ။ တစ်လ ငွေနှစ်သိန်းလောက်ကို လောက်ငရုံပဲသုံး စွဲလို့ရသည့်ဤမိသားစုကို အချို့မိသားစုများကြားလျှင် ရိုက် သတ်ချင်မည် ဧကန်ပင်။

မိသဘောက သားတွေကို အစားအသောက် ကိစ္စ၌ မလျှော့ချင်ဘဲ ကစားဖို့ အပိုကိစ္စတို့၌ လျှော့ချင် သည်။ သားနှစ်ယောက်လုံးဟာ မာရီဂိုးလ် နို့ဗူးစိမ်းလေး တွေကို ခုံမင်နှစ်သက်ကာ ... တစ်ရက်နှစ်ဗူးသောက်သည်။ နှစ်ယောက်ဆိုတော့ လေးဗူး။ တစ်လကို ဗူးတစ်ရာ့နှစ်ဆယ်။ ဒီစရိတ်နှင့်ပင် တစ်လကို သောင်းကျော်နေပြီ။ ဒါမျိုးကိုကျ တော့ မိ,ကမလျှော့ပစ်ရက်ပါ။

စားစရိတ်၊ ကျန်းမာရေးစရိတ်၊ အိမ်ဖော်လခ၊ မီတာခ၊ ဖုန်းခ၊ ဓာတ်ဆီခ၊ ကားပြင်စရိတ်၊ မောင့်စီးက ရက်ဖိုး၊ သူငယ်ချင်းတွေနှင့် ရံဖန်ရံခါဝိုင်းဖွဲ့သည့် စားပွဲ



သောက်ပွဲဖိုး၊ သားတွေအတွက် နို့ဗူးဖိုး၊ မုန့်ဖိုး၊ စာအုပ် ခဲတံ ကွန်ပါဗူး အလှအပကလေးတွေဖိုး၊ အဝတ်အစားဖိုး။ မျက်စေ့ရှေ့ မြင်ကရာ လက်ဖွာဖွာဝယ်တတ်သည့်မောင်နှင့် ငွေစုဖို့စိတ်ကူးသာရှိပြီး မကျွမ်းကျင်လှသော မိတို့လင်မယား နှစ်ယောက်ရဲ့ ဤအိမ်ထောင်စုမှာ ဝင်ငွေသည် သုံးငွေနှင့် လောက်ငရုံအစွန်းထွက်ကလေးလောက်သာ ပိုရုံရှိကာ ...။ မပိုသည့်လတောင်ရှိကြောင်း မောင်က လုံးဝမတွေး ... ဟု မိ စိတ်နာသည်။

သီချင်းဆိုဓာတ်ပြားမှ နားထောင်သော မောင့် ကြောင့် ဆီးရီးတစ်ခုထွက်လျှင် သူများလို သုံးရာကျော် ကုန်ကျတာမဟုတ်ဘဲ ထောင့်ငါးရာ နှစ်ထောင်ကျော်ကုန်ကျ တာဖြစ်သည်။ ဤလခနှင့် မောင်လုပ်လာတာ လေးနှစ် ကျော်ပြီဖြစ်ရာ ... တစ်လ တစ်သိန်းပဲသုံးလျှင် မိတို့ သိန်းငါးဆယ်လောက်စုမိနိုင်ပြီ။ ခုတော့ ဘဏ်မှာ ပြောပ လောက်အောင် ငွေမရှိ။ တစ်လနှစ်သောင်းလောက်မရမက မိ ကုတ်ကပ်စုလို့သာ နည်းနည်းပါးပါးရှိတာ။ မောင် ဒါတွေ ရှေ့နောက်မစဉ်းစား ... ။

ဒါတွေကို အသေးစိတ်ရှင်းပြတွက်ပြချင်သော် လည်း သူက ရှာဖွေတဲ့သူ ... ။ သူရှာတဲ့ငွေပဲလေ ... ရယ်လို့ ပြောချင်တာတွေ အောင့်သိပ်မျိုချလိုက်ရတဲ့အခါ ရင်ထဲမှာသာ အလိုမကျမှုတစ်ချက်တိုးလာပါသည်။ ဒါဟာ ထူးပြီးဖောက်ပြန်ဆိုးဝါးနေတာမဟုတ်၍ မောင့်ကို ရက်ရက် စက်စက်အပြစ်တင်ရမှာလည်း မတင်ရက်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို မောင်ဝယ်ချလာခဲ့ပြီဆို ... ဒီလ ဘယ်လိုမှ နှစ်သောင်းကလေးကိုစုလို့ရတော့မှာ မဟုတ်ဆေ။ ထို့ကြောင့် မိ မျက်နှာပျက်ရတာဖြစ်သည်။ မိအဖြစ်က လင်ဖြစ်သူရှာသောငွေကို လင်မသိအောင် ကြိတ်ခိုးကာစုနေရသည့်အဖြစ်။ မိတို့အိမ်ထောင်ကျပြီးမှ ဘာ့နှတိုးပွားလာတယ်လို့ ဖြစ်ဖြစ်မြောက်မြောက်မရှိ။

ကားသစ်လဲတာ၊ ဆက်တီတွေလဲတာ၊ တီဗီတွေလဲတာ ... ဒါလောက်ပဲ တိုးပွားသည်။ မြေကွက်ကို မိမေမေတို့ကလက်ဖွဲ့၍ မောင့်မေမေက သိတတ်စွာ အိမ်ဆောက်ပေးလိုက်၍သာ ခြံပိုင်တိုက်ပိုင်လေးနှင့် နေခဲ့ရသည်။ လူပျိုအပျိုဘဝက ကိုယ်မောင်းသောကား ကိုယ်ဆက်ယူလာ၍ ကားနှစ်စီးရှိခဲ့သည်။ ဒီအပြင် မိတို့အိမ်ထောင်၌ ဘာမှသိသာတိုးပွားမလာတာကို မိ,ကကြောင့်ကျသည်။

မိန်းမပီပီ သိမ်းသိမ်းထုပ်ထုပ် ကုပ်ကုပ်စစလုပ်ချင်တာပင်။ ဒါဟာ မိဖို့လည်းမဟုတ်။ မောင်နှင့်သားတို့ရှေ့ရေးဖို့ပင်။ သို့ပေမယ့် မောင်ဟာ သူ့ရုံးမှာ ဘယ်လိုပင်ပန်း ဘယ်လိုစိတ်ရှုပ်စွာ အလုပ်လုပ်ရသည်ကို မိ အတိအကျမသိနိုင်။ ဒါကြောင့် ရလာသောလခငွေကို မဟုတ်တမ်းတရားနေရာမဟုတ်ဘဲ မိသားစုအတွက်ပင် ဘုန်းဘောလအော ပြန်သုံးချင်တာကို အပြစ်တင်ဖို့ခက်လှပါသည်။

မိမိမြိုင်သည် အတွေးတွေနှင့် မျိုသိပ်လိုက်ရပြန်၍ ရေချိုးပြီးသွားသည့်တိုင် စိတ်လက်မကြည်လင်တော့ပါ။ မောင့်ကိုဖြစ်လို့မရသော ဒေါသတို့ကို ဘယ်နားသွား





ပစ်ရမည်မသိဘဲ လောကကြီးတစ်ခုလုံး ဘဝကြီးတစ်ခုလုံးအပေါ်ပုံ၍ အလိုမကျဖြစ်မိပါသည်။

မိမိမြိုင် ရေချိုးခန်းမှထွက်လာလျှင် ဇော်ရှင်းသည် ခုတင်ပေါ်ထိုင်ကာ ရေချိုးခန်းဘက်လှည့်ကြည့်နှင့်သည်။ မိ ခြေထောက်သုတ်တုံး ...

"မိ"

"ဘာလဲမောင်"

မိမိမြိုင်က လေသံကိုပျော့ပျောင်းထားပါသည်။

"မိမှာ မောင် မသိတဲ့စိတ်ညစ်စရာတစ်ခုခု လျှို့ဝှက်ထားတာများရှိလား"

မိမိမြိုင်က အံ့သြပြီး ပြူးစိစိဖြစ်သွားရပါသည်။

"ဥပမာ ... ကြွေးတွေတင်နေတာတို့ဘာတို့ ..."

"အခု မတင်သေးဘူး ... မောင် ခုလိုမတိုင်းမထွာဝယ်ပုံနဲ့ တင်တော့မှာ"

"သိဘူးလေ ... ဒီကြွေးတွေကြောင့်များ စိတ်ညစ်ပြီး ဟိုဟာဝယ်အပြစ်ပြော၊ ဒီဟာဝယ်အပြစ်ပြော၊ ကိုယ့်ကိုကိုယ်တောင် လုံးဝမသ,နိုင်တော့ဘဲ ပစ္စုလက္ခတ် စိတ်ညစ်နေတာလားလို့၊ ရှိနေရင် မောင်ဆပ်ပေးမှာပေါ့၊ ဒီလိုကြီး မပြုမပြင်စိတ်ရှုပ်လက်ရှုပ် ဒီပရက်ရှင်ပုံကြီးနဲ့တော့ မနေနဲ့"

"တော်စမ်းပါမောင်ရာ ... ပေါက်ကရတွေလျှောက်ပြောနေတယ်"

မိမိမြိုင်သည် ဘီရိုကိုဖွင့်ကာ ... အကျီတစ်

www.burmeseclassic.com

www.burmeseclassic.com



ထည်ကို အလွယ်တကူ ဆွဲထုတ်ယူလိုက်သည်။ ဇော်ရှင်းသည် ထိုအင်္ကျီကို ဖျတ်ခနဲ မိလက်ထဲမှဖြတ်လုကာ …

"ဟာ … ဒါကြီးမဝတ်စမ်းပါနဲ့၊ အင်္ကျီကို ဘယ်လို ပုံကြီးတွေချုပ်ထားတာလဲ၊ ပုံမကျပန်းမကျ ဒလဟော ပွစိစိကြီးတွေ"

"ဒါတွေက ချောင်ချိလွတ်လပ်တယ်လေ"

"ဒါပေမယ့် လူကိုရုပ်ပျက်စေတယ်"

"မောင်နဲ့တော့ ခက်တော့တာပဲ၊ မောင်က မိ ရုပ်ရည်ကို ဘယ်လောက်ထိ မြှော်လင့်ထားလို့လဲ၊ ဘာ အင်္ကျီကြီးဝတ်ဝတ် … မိဟာ ကျောင်းတုံးက မိမိမြိုင် မဟုတ်တော့ဘူး မောင်၊ မောင် ဒါကိုနားလည်ထားစမ်းပါ၊ မောင်လက်ထပ်တုံးက … မိမိမြိုင်ဟာ ခါးဆယ့်ကိုးလက်မပဲရှိတဲ့ မိန်းကလေးတစ်ယောက်၊ အခု ခါးနှစ်ဆယ့်ငါးလက်မရှိတယ်၊ အားလုံးပြောင်းလဲကုန်ပြီ"

"နှစ်ဆယ့်ငါးလက်မ ဟုတ်လား၊ သေးသေးကလေး၊ လှတုန်းပဲ၊ ချောစုဆိုရင် လက်မသုံးဆယ်ရောက်ပြီးမှ အသိစိတ်နဲ့ပြန်ချုပ်စ်လို့ ကျသွားတာတောင် နှစ်ဆယ့်ငါးတော့ကျော်ဦးမယ်"

"မောင် ဘာတွေဖြစ်နေတာလဲ"

မိမိမြိုင်သည် ဇော်ရှင်းဆွဲထုတ်ပေးလိုက်သော တီရှပ်ကို ခေါင်းမှဆောင့်၍ စွပ်ချလိုက်ပါသည်။

"ဒီတီရှပ်လဲ ပေါ့ပါးလွတ်လပ်တာပါပဲ၊ ဟိုအင်္ကျီထက်



တော့ ပုံကျတာပေါ့"

"ဒါပေမယ့် တီရှပ်ဝတ်ဖို့ရာ မိအသက်က သုံးဆယ့်နှစ် မောင်ရဲ့၊ တီရှပ်ဆိုတာ တီးန်အေ့ဂျ်လောက်နဲ့မှ ကြည့်ကောင်းတာ"

"ဟာ … မှားနေပြီ၊ မိအတွေးတွေ အရမ်းမှားနေပြီ၊ မိနဲ့ ဒီတီရှပ်နဲ့ လိုက်လဲလိုက်တယ်၊ လှလဲလှတယ်၊ မိ ဝတ်ဖို့မတန်တော့ဘူးလို့ထင်နေတာ လုံးဝလွဲတယ်၊ ဟော့ … အပြင်က မိယုတို့ … ဂျမ်းဘုံတို့ ခေါ်ကြစမ်းပါဟော့"

ဇော်ရှင်း ကုန်းအော်လိုက်၍ မိမိမြိုင်က မျက်လုံးဝိုင်းသွားကာ …

"မောင် … ဘာတွေအော်နေတာလဲ"

ချက်ချင်းပဲ အခန်းဝကို ယုယုတို့ … ဂျမ်းဘုံတို့ … ရွှေမိတို့ ရောက်လာကြပါသည်။

"မိယု … မမမိမိကိုကြည့်စမ်း … ဒီတီရှပ်နဲ့လိုက်လား မလိုက်လား"

"လိုက်တယ် မမမိမိ … နုတောင်နုသွားတယ်၊ မမမိမိမှာ ရှိသားနဲ့ ဘာလို့မဝတ်တာလဲဟင်"

"ရွှေမိ … နင့်အစ်မဘယ်လိုလဲ၊ ဂျမ်းဘုံ ပြောစမ်း၊ အန်တီလှလား မလှဘူးလား … ကြည့်ပြီးပြော"

"လှတယ် … မမနဲ့လိုက်တယ်"

"ဂျမ်းဘုံ ပြောလေ"

"အဟိ"

www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းဘုံက သူ့ထင်မြင်ချက်တောင်းတာကိုပဲ ရက်သယောင် လက်ကိုက်၍ရယ်နေပါသည်။ မိမိမြိုင်သည် မျက်နှာတွေ နီရဲလာကာ ...

"မောင် ဘယ်လိုဖြစ်နေလဲ၊ မိကို အရူးကြီးဖြစ်အောင် လုပ်နေတာလား"

မိမိမြိုင်အသံလေးက ရက်ဒေါသနှင့် တုန်ရီ၍ ၁င်နေသည်။

"အော် ... မိရယ်"

"တီရှပ်အတင်းဝတ်ခိုင်းပြီး လူကို ရယ်စရာလုပ်နေတာ ...၊ မောင်နော် ... မိ ဒေါသဖြစ်တယ်နော်၊ သွား ... အားလုံးသွား ... နင်တို့လှတယ်ပြောတိုင်း ယုံပြီး ကျေနပ်ရအောင် ငါအရူးလဲမဟုတ်သေးဘူး၊ ငါနဲ့ လှမလှ လိုက်မလိုက် ငါအသိဆုံး၊ သွားကြ"

ကလေးမ သုံးယောက်မှာ အူကြောင်ကြောင်နှင့် မျက်နှာလေးတွေငယ်ကာ လှည့်ထွက်သွားကြပါသည်။ မိမိမြိုင်သည် သူမကို ဇော်ရှင်းက အရူးလုံးလုံးဖြစ်အောင် လုပ်သည်ယူဆကာ ဇော်ရှင်းရင်ဘတ်ကို တဆတ်ဆတ်ရိုက်ပုတ်ပစ်လိုက်ပြီး ဒေါသတကြီး မျက်ရည်ပင် ရစ်ဝိုင်းလေသည်။

"မောင် ... မိကို လူရယ်စရာဖြစ်အောင်လုပ်တာ"

"မဟုတ်ဘူး မိ ... မိဘာသာစွတ်ပြီးထင်နေတာ၊ မောင်အကောင်းပြောတာ၊ တီရှပ်ပန်းနုရောင်ကလေးနဲ့ မိနဲ့သိပ်လိုက်နေပါတယ်၊ မိ ငယ်သွားတယ်"



"ငယ်သွားတယ်ဆိုကတည်းက ကြီးနေလို့ပေါ့၊ ကြီးနေတဲ့သူကိုမှ ငယ်သွားတယ်ဆိုတဲ့စကား သုံးရတာ"

မိက တီရှပ်ကိုဒေါသတကြီး ခေါင်းမှဆွဲချွတ်က အဝတ်ခြင်းထဲ ပစ်ပေါက်ထည့်လိုက်သည်။ ခုနက အင်္ကျီကိုပဲ ဆွဲထုတ်ယူကာ ဝတ်ချလိုက်ပါသည်။

"မိ ... ဘာဖြစ်လို့ဒီလောက်ဒေါသဖြစ်ရတာလဲ"

"မိရဲ့အသက် ကြီးရင့်လာမှု၊ မိရဲ့ မလှပတော့မှုကို မောင်လှောင်တာ"

"ဟာ ... သွားပြီကွာ၊ မိက လုံးဝအဓိပ္ပါယ်မရှိဘူး၊ မိ ဒီလိုတွေထင်နေလို့ကို မောင်စိတ်ညစ်တာ၊ အသက်သုံးဆယ်ဆိုတာ မိတို့အဘွားခေတ်ကတော့ လူကြီးပိုင်းဖြစ်ရင်ဖြစ်မယ်၊ ဒီခေတ်မှာတော့ ခေတ်နဲ့အညီဝတ်ရင် ဒီအသက်ဟာ ဘာမှမရင့်ရော်သေးဘူး မိ၊ မိရဲ့ မလှပမှုဆိုတာဘာလဲ၊ မိဟာ မောင် စ,တွေ့ဖူးကတည်းကစ,ပြီး အခုထိ၊ ခုထိလှပတုံး ... အဲဒီလှပမှုကို မိ ပစ္စလက္ခတ်ဖုံးကွယ်ထားတာပဲရှိတယ်၊ လှတုံးလှဆဲ လှမြဲပဲ၊ မိကိုယ်မိ မလှအောင်တမင်တကာ လုပ်နေတာ၊ ဖိုသီဖတ်သီကြီးအောက်မှာ မပြုံချင်မပြင်ချင်စိတ်ဓာတ်တွေကျနေတာကို မောင် လက်မခံနိုင်ဘူး၊ ဒီလိုဖြစ်ရစတမ်းဆိုရင်တောင် ဖြစ်ဖို့အတွက် မိ ငယ်ပါသေးတယ်၊ လေးဆယ်ငါးဆယ်လောက်ကျမှဖြစ်ရင် တော်ပါသေးတယ်"

"တော်ကွာ မောင်ရာ၊ တစ်နေကုန် တီတ်ရှပ်ရခေါင်း

www.burmeseclassic.com

www.burmeseclassic.com



နောက်ရ၊ ... လူက မောရတဲ့ကြားထဲ ဒေါသဖြစ် အောင် မောင် လာလုပ်နေတယ်"

"မိ လုချင်ရမယ်၊ လုကိုလုရအုံးမယ်၊ ဒါပဲကွာ"

ဇော်ရှင်းက ဦးနှောက်ခြောက်ခြောက်နှင့် ပြတင်းပေါက်နားလာရပ်ကာ ခန်းဆီးစ ဆွဲဖယ်လိုက်သည်။ မှောင်ရီပျိုးပြီ။ ဘာမှသေချာမမြင်ရတော့၍ ခန်းဆီးပြန်ဆွဲပိတ်ကာ ပြန်လှည့်လာသည်။

မိမိမြင်က ဇော်ရှင်းကို နားမလည်နိုင်စွာ ... သက်ပြင်းမကင်းကြည့်နေလေသည်။

"နေစမ်းပါအုံးမောင် ... မောင် ဘာဖြစ်နေတာလဲ၊ မောင် ခပ်လှလှ ကောင်မလေးငယ်ငယ်တစ်ယောက်များ အသစ်တွေ့နေလား"

"ဟာ ... ဘာဆိုင်လို့လဲ"

"အဲဒီမှာ ... ဖောက်ပြန်ရေးသမားကလဲ ဖြစ်ရမှာစိုး၊ မိကိုလဲ အားမလိုအားမရ အပြစ်တွေမြင်လာတာ နေမှာပေါ့"

"အားလုံး ရေစုန်မျောတာပဲ၊ ဦးနှောက်ကိုမရှိဘူး၊ ချီးဘာရှိန်းမ"

"ဦးနှောက်ရှိတယ် ... မိ,ဘဝမှာ လုဖို့ပဖို့ထက် အရေးကြီးတာတွေအများကြီး ... အများကြီးပဲ၊ တစ်ရက်လောက် မိ မိုးလင်းကမိုးချုပ် အလုထိုင်ပြင်နေလိုက်မယ်ဆိုရင် အိမ်ရဲ့ယန္တရားလည်း စည်းချက်တွေလွဲကုန်မယ်၊ ကိုယ်လည်း ဘယ်လောက်မှထူး



ပြီးပိုလှလာမှာမဟုတ်ဘူး၊ မိ ရပ်တည်နေထိုင်လှုပ်ရှားနေပုံဟာ ဒီအသက်အရွယ် ဒီယောကျ်ား ဒီကလေးနှစ်ယောက်နဲ့ မိ ဖြစ်ကိုဖြစ်နေရမယ့်ဘဝပဲ"

"မှားတယ်"

"မိ သိပြီ ... မောင့်မသိစိတ်ထဲမှာ တဖြည်းဖြည်းကြီးရင့်လာပြီး မလှပနိုင်တော့တဲ့ မိန်းမတစ်ယောက်ကို စိတ်ပျက်လာတယ်၊ အပြစ်မြင်လာတယ်၊ ပြန်မရနိုင်တော့တဲ့တစ်ချိန်ကအရွယ် ... တစ်ချိန်ကအလှကိုပဲ မောင်ပြန်တမ်းတလာတယ်၊ အဲဒီစိတ်ဟာ မောင့်ရင်ထဲမှာ ပဋိပက္ခဖြစ်နေတယ် ... ဒါပဲ"

"လုံးဝမှားတယ်၊ မမှန်ဘူး"

"တိုရှင်း ပြောရရင် ... မောင် ... မိကိုကြည့်ရင်းကြည့်ရင်း စိတ်ကုန်နေတယ်၊ ဒါပေမယ့် မောင်ရယ် မိ ဝမ်းနည်းပါတယ်၊ မိ,ဘဝက ဒါပါပဲ၊ မိမှာဘာများထူးခြားဆန်းသစ်နိုင်စရာ မျှော်လင့်ချက်ရှိလို့လဲ၊ မိ ဒီထက်ပိုလှမလာတော့လို့ မောင် ဖောက်ပြားချင်လာရင်တောင် ဘာမှမတတ်နိုင်တော့ဘူး"

"ဟာ ... သွားပြီကွာ၊ တော်ပြီ မိ၊ တော်ပြီ ... ဘာမှဆက်မပြောလိုတော့ဘူး၊ မိအတွေးတွေ မှားနေတယ်"

"မောင် ... မိကိုစိတ်ပျက်နေတာတော့ မှန်တယ်မို့လား"

"လုံးဝမမှန်ဘူး၊ မောင်လက်ထပ်ခဲ့ ပြတ်နိုးခဲ့တဲ့ လှ

www.burmeseclassic.com

www.burmeseclassic.com



ပတဲ့မိန်းမရှာစ်ယောက်ဟာ ခုထိလဲ လှပဆဲမိန်းမ တစ်ယောက်ပဲ၊ ဒါပေမယ့် ဒါကို မိ မေ့နေတယ်၊ ငါဟာ လှတဲ့မိန်းမတစ်ယောက်ဆိုတာ မိ မေ့လျော့ နေတယ်၊ ပြုပြင်ပြင်ဆင်ဖို့ကိုတောင် မိ စိတ်ကုန် နေလောက်အောင် မိမှာ ဖိစီးထားတဲ့သောကတွေ ရှိရင်လဲ မောင် မျှယူပါ့မယ်၊ ဘာတွေမှန်း မောင် မသိလို့ ဒီပြဿနာရဲ့ထွက်ပေါက်ကို မရောက်တာ ပါ"

"ထွက်ပေါက်ပိတ်လောက်အောင် ကြီးနေတဲ့ ပြဿ နာကိုမဟုတ်ဘူး၊ ပုံမှန်မိသားစုတိုင်းမှာ ဒီအဖြစ်အ ပျက်မျိုးရှိနေမှာပဲ မောင်၊ မောင် ဒါကို ပုံကြီးချဲ့ နေတာကို တွေးမရတာ"

"မတွေးနဲ့တော့ ... ဒါဟာ မိကိုသိပ်ချစ်လို့ ... မိသားစုကိုလဲ သိပ်ချစ်လို့ဖြစ်နေတာ၊ မိကိုလှစေချင် တာ ... မိကိုချစ်လို့ပဲ ... ရှင်းရှင်းလေးပါ မိရာ"

ဆဝဖ

၃

မနက်မိုးလင်းလျှင် မိမိမြို့င်သည် မီးဖိုချောင် တွင် ကိုယ်တိုင်မချက်ရရုံတမယ်ဖြစ်၍ လက်တိုလက်တောင်း သဖွယ် နေရာတကာ၌ တစပ်စပ်ပါရလေသည်။ မောင်နှင့် ကလေးတွေ မနက်အမီ စားသောက်သွားနိုင်ဖို့ ... အသီး သီး ထမင်းဗူးကိုယ်စီ ဖွယ်ဖွယ်ရာရာပါစေဖို့ - ခုနစ်နာရီခွဲ လောက်တွင် အပြီးအစီး စီစဉ်ရပါသည်။

တစ်ခါတစ်ရံ ... မောင် ရုံးသွားခါနီး သူ့ ဟာနှင့်သူ ဘယ်ထားမိမှန်းမသိ ပျောက်ရှနေသမျှကို ပြေး သွားကူညီ ရှာဖွေရသေးကာ ... ယုယုလာပါအုံး၊ ဂျူဘို့ ကူပါအုံးနှင့်ပင် ကလေးနှစ်ယောက်လုံးအား ရေမိုးချိုး သ နပ်ခါးလိမ်း ... အကျီလဲ၍ ကျောင်းသွားဖို့ပြည့်စုံအောင်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ရသည်မှာ ချာလပတ်ယမ်းနေသည်။

မောင်က ရုံးသို့ ကားတစ်စီး … မိ,က က လေးနှစ်ယောက်နှင့်ကားတစ်စီးထွက်ရသည်။ ကားပေါ်တက်ကာ ကားချင်းလက်ပြနှုတ်ဆက်ပြီး ရှေ့ဆင့်နောက်ဆင့် အိမ်ကထွက်ကြပါသည်။ အငယ်ကလေးက ဒေါ်ယဉ်ယဉ် ဝိုင်းမူကြိုတက်နေ၍ ရှစ်နာရီအရောက် အရင်ပို့ရပါသည်။

သားငယ်ကို ကျောင်းထဲပို့ပြီးမှ သားကြီးကို တီတီစီသို့ ရှစ်နာရီခွဲအရောက်ပို့ရသည်။ သားကြီးတီတီစီပို့ပြီး အပြန်တွင် လှည်းတန်းဈေးသို့ဝင်ကာ ဈေးဝယ်ရပါသည်။ မိမိမြို့ဂိုတ်အိမ်မှာ ဈေးနှင့်မနီးစပ်၍ ကားနှင့်သာ ဈေးသွားရသည်ဖြစ်ရာ … ကားထွက်တုံးထွက်ခိုက်တို့၌ လိုအပ်သမျှ ဝယ်ရခြမ်းရပါသည်။

အဲဒီနောက်မှာတော့ ဖုန်းခွန်ဆောင်တာ၊ မီတာဆောင်တာမျိုးကို တစ်လတစ်ကြိမ်ဆောင်ရွက်ရသည့်နေ့၌ ဆောင်ရွက်ရ၍ … ရက်ခြားကတော့ ဓာတ်ဆီသွားတန်းစီကာ ထည့်ရပြန်ပါသည်။ ဝယ်ခြမ်းပြန်လာ အိမ်မှာဈေးခြင်းချပြီးသော် ဘာကိုဘယ်လိုဆေး … ဘယ်လိုခုတ် .. ဟယ်လိုနယ် … အခေါက်တိုင်းစေ့ မပြောလျှင် အိမ်ကကောင်မလေးများက တလွဲလုပ်ဖို့ဝန်မလေးပေ။

ဆယ့်တစ်နာရီ၌ အိမ်ကတစ်ကြိမ်ထွက်ကာ သားငယ်ကိုကျောင်းသွားကြိုရပါသည်။ သားငယ် အိမ်ပြန်ရောက်လျှင် သူ့ကိုထမင်းကျွေးခြင်း၊ ရေချိုးခြင်းတွေနှင့် မနားရပြန်။ သားတို့ရဲ့အကျင့်ဆိုးကလည်း သူတို့ဝေယျာဝစ္စ



ကို မမယုတို့ … အိမ်ကကောင်မလေးတို့ အထိအကိုင်မခံဘဲ မေမေလုပ်ပေးမှ … ရယ်လို့ မူနွဲ့ဂျီကျ စေခိုင်းတတ်ကြတာပင်။

နေ့လယ်နှင့်ညနေခင်းပိုင်းတို့တွင် ခြံစည်းရိုးရှုပ်၍ ခြံသမားခေါ်ရှင်းခိုင်းရာတွင် ပါရတာမျိုး၊ ရေပိုက်ပျက်တာဆို့တာ ပြင်ရတာမျိုး၊ မော်တာပျက်လို့ပြင်ရတာမျိုး၊ ခြံထဲကရေစင် ပြုပြင်ဖာထေးရတာမျိုး၊ အပျက်ကိစ္စ အပြင်ကိစ္စတို့ တစ်နေ့တစ်မျိုး မရိုးရမထပ်ရအောင် ပေါ်သမျှ အလုပ်သမားလိုက်ရှာ၊ သွားခေါ်နှင့် မကျွမ်းကျင်လှဘဲ စိတ်ပင်ပန်းလူပင်ပန်း၌ အလုပ်ရှုပ်ရတတ်မြဲပင်။

တစ်ခုခုကိစ္စပေါ်လျှင် ကုမ္ပဏီလခစားဖြစ်သော မောင့်ကို အားကိုးလို့မရ။ မောင့်ကိုခိုင်းဖို့ အကွက်မမြင်။ မောင် အားလပ်သော စနေ၊ တနင်္ဂနွေတို့ထိ ရွှေ့ဆိုင်းပြန်လည်း ရုံးပိတ်ရက်တို့၌ အစစအရာရာ နှောင့်နှေးခက်ခဲတတ်ပေသည်။ သာရေးနာရေးကိစ္စကလည်း တစ်ဖုံရှိသည်။ အလုပ်ရှင်းပါသည်ဆိုသော နေ့မျိုး၌ ထုံးစံမပျက် မရှုပ်ရှုပ်ရလေအောင် မိဂျမ်းဘုံတို့လက် မားထိကာ သွေးထွက်များ၍ ဆေးခန်းပြေးရတာမျိုးက ကြုံဖန်ပေါ်ပေါက်တတ်လေရာ မိမိမြို့ဂ်သည် သူမရဲ့ ရှုပ်ပွေလီ ဗျာများလှသော ဘဝပေးကို အံ့ဩမိ၏။

ရှုပ်တာတွေကို စီကာစဉ်ကာ ပြောပြရလျှင် ယုံနိုင်စရာပင် မရှိအောင် မိုးလင်းကမိုးချုပ် တမက်တတ်တတ် ဝင်ချည်ထွက်ချည်နှင့် ညညကျ ခြေသလုံးတွေပင်

www.burmeseclassic.com

www.burmeseclassic.com



သွေးတောင့်နေသည်။ အိမ်မှာ လူဦးရေရှိသလောက် တစ်ဦးချင်းရဲ့ ဇာတ်ကြမ်းပိုင်အေးရိုး ... ခေါင်းပိုင်ခေါင်းမှ အသက်ကသား မိမိမြို့ခေါင်း ဘယ်ကလပ်ကြားရှိ မိမိမြင်ခေါင်းပေါ်မှာတည်း။

ကျန်းမာရေးကိစ္စကလည်း တစ်ယောက်မဟုတ် တစ်ယောက် အလှည့်ကျ နာဖျားဖို့ ကြိတ်တိုင်ပင်သလားဟုပင်ထင်မိသည်။ အရေးထဲ ကိစ္စရှုပ်တုံး၊ အိမ်ဖော်က မပျော်လို့ထွက်ချင်တာမျိုးနှင့် လူရှာထွက်ရတာကလည်း ... ခေါင်းခြောက်ဖို့ကောင်းလှသည်။ လူသစ်တစ်ကြိမ်ပြောင်းပြီးလျှင် တစ်လလောက်က အထာမကျ ... ကိုယ်တိုင်ကိုယ်ကျ ပါရဝင်ရ သင်ရချက်ရနှင့် တစ်ခါပြလည်း လပ်မမြင်ကြသောအခါတွင် ... အော် ... ဒါကြောင့်လည်းပဲ ဒင်းတို့ခမျာ အသိပညာနုံနည်း၍ သူများအနိုင်းခံ အဖော်အလှော် အလုပ်သမားဖြစ်နေကြရရှာတာပဲ ... ဟု ဖြေသိမ့်တွေးယူရတော့သည်။

ကားမျက်လို့လည်း မောင် ပြင်နိုင်ချိန်ထိ ထား မရ။ ကားနှင့် အတွတ်ကို ဝပ်ရှော့ထားရစ်ပြီး 'ကက' တစ်စီးနှင့် ကျောင်းပတ်ကြိုရ ပြေးရလွှားရ။ ညနေ သားကြီးကိုကျောင်းကြိုလာပြီးလျှင်လည်း ညစာအတွက်တစ်ချီ စီမံရ ...။ ညနေစောင်း၌ ပေါ်လာတတ်သော ကိစ္စများမြောင်ကို ဖြေရှင်းခန့်ခွဲရ ...။ သားကြီးရဲ့ ကျူရှင်ဆရာမပါလာ၍ စာသင်ဖို့စီစဉ်နေရာချကာ အမောပြေ အဆာပြေ ကော်ဖီအအေးလေးမျှတော့ စီစဉ်တိုက်ကျွေးရသည်ပင်။

ဇယ်စက်သလို အပြင်ထွက်နေသည့်ကြားက



ကော်ဖီဖျော်ခါနီးမှ ကော်ဖီထုပ်ကုန်နေတာမျိုး တစ်ကို ကြိုခါနီးမှ မဝယ်ဖြစ်သေးတာမျိုး မေ့လျော့လစ်ဟင်းပျက်သေးမှုတွေက အများသားပင်။ လျစ်လျူရှုနိုင်တာကိုရှု၍ မရှောက်တာအတွက် ကောက်ကာငင်ကာ ထ,ပြေးရသည်။

ဟိုမောင်နှမနှစ်ယောက်က ကျူရှင်ကိစ္စအတွက် စက်ဘီးလေးကိုယ်စီနှင့် ကိုယ်ထူကိုယ်ထ သွားလာကြ၍ပင် တော်ပါသေးသည်။ အိမ်ရှိ လျှပ်စစ်ပစ္စည်းတွေကလည်း ဒီဟာပြီး ဟိုဟာ တစ်လှည့်စီ အလှည့်ကျစနစ်တကျ ပျက်ကြလေရာ ... ဒီရက် ဒီကိစ္စတွေပြီးသွား၍ နောက်ရက် အအားရမည်မှတ်သော်လည်း နောက်ရက်၌ ပေါ်လာသော နောက်ကိစ္စနှင့် ချာလပတ်လည်ရပြန်လေသည်။

ဤအရာတို့ဟာ ဘာတွေဘယ်လိုရှုပ်ထွေးမှန်း လက်ဆုပ်လက်ကိုင်ပြလို့ ရသေးတာတွေဖြစ်ပြီး ... အချို့ကိစ္စတို့၌မူ ပြောပြလို့ပင်မရ။ ကိုယ့်ရဲ့ ဦးနှောက်ခြောက်ရှုပ်ပွေဗျာများရမှုများကို ကိုယ်တိုင်ပင်အံ့အားသင့်ရပါသေးသည်။ လုံးစေ့ပတ်စေ့ မောင့်ကိုဖွင့်ပြော ညည်းညူမနေမိတာဟာလည်း မောင့်ကိုစိတ်အနှောက်အယှက်မပေးချင်တာ။ ဒါတွေဟာ မိရဲ့ဘဝ ... မိရဲ့တာဝန် ... မိ,တင်မက အိမ်၌နေရသော အိမ်ရှင်မမှန်သမျှ အိမ်ထောင်စု ကြီးလျှင်ကြီးသလောက် ကြုံတွေ့ရင်ဆိုင်နေရမည့် ပင်ပန်းမှုများသာရယ်လို့ ကျေကျေလည်လည် လက်ခံနားလည်ပြီးဖြစ်၍ပင်။

ဤရှုပ်ထွေးပွေလီသမျှအတွက် ပင်ပန်းနွမ်းနယ်လှသော်လည်း စိတ်မရှည်လက်မရှည်ရှိနေတတ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သွေးလ်နိုင်တော့လောက်အောင် တစ်ကြိမ်မှ နောင်တမရခဲ့။ ချင်းနှင့်သားတို့အတွက် မိဖ္ဖနောင်တရစရာမရှိ။ အပြစ်မြင်စရာလည်းမရှိ။ သို့သော် … ဤပြဿနာအချက်အလက်တို့ကြောင့် ကိုယ့်ကိုကိုယ် မိ မသ,နိုင်၊ မဆင်နိုင်၊ မပြင်နိုင်တော့တာကိုလည်း မောင့်ဘက်က အေးချမ်းစွာ နားလည်ခွင့်လွှတ်သင့်သေးသည်။

အိမ်ထောင်မှု၌ တာဝန်ကျေဖို့အပြင် အချိန်ပြည့် မိတစ်ကိုယ်လုံး လှကြော့နေဖို့အထိ မောင် လောဘမကြီးသင့်ပေဘူး … ဟု မိ,ကတွေးသည်။ ခုတလော ဒါကို ထုတ်ဖော်ပြောပြောပြီး အပြစ်မြင်သလိုလို ဘာလိုလိုဖြစ်လာတာကို အံ့အားသင့်သည်နှင့်အမျှ မိ စိတ်ထဲစနောင့်စနင်းလည်းဖြစ်ရပေသည်။

ဒီနေ့အဖို့ဆိုလျှင် … ခါတိုင်းဝတ္တရားတွေထက် တစ်မျိုးထူးကာ မောင့်ကို ရုံးကြိုရုံးပို့လုပ်ရပေသည်။ မောင့်ကားပျက်၍ ပြင်တုံး မနက်ကတော့ လိုက်ပို့ပြီးပြီ။ တစ်နေ့ခင်းလုံးတွင် ခြိစည်းရိုးခုတ်သမားနှစ်ယောက်အနား ခါးတထောက်ထောက်နှင့် ညွှန်ကြားကြည့်ကြပ်ရသည်။ တစ်ချိန်လုံးကြည့်နေတာတောင် ခိုတဲ့နေရာ၌ ခိုကပ်ပစ္စလက္ခတ်လုပ်၍ မညီတာမညီ … ပါးတာကပါး ဖြစ်ကုန်သေးသည်။

စိတ်တိုတိုနှင့် ခြံစည်းရိုးသမားနှစ်ယောက်နှင့် တစ်နေကုန်သလောက်ပင်။ မခိုမကပ်လုပ်လျှင် တစ်ရက်တည်းပြီးနိုင်ပါလျက် … နားလိုက်၊ ဆေးသုတ်လိုက်၊ ထမင်းလုံးစီလိုက်၊ ဆေးလိပ်တိုဖွာလိုက်၊ ဝဲကုတ်လိုက်လုပ်နေသဖြင့်



ညနေခြောက်နာရီထိုးခါနီးတွင် မပြီးသေး။ မောင့်ကို ကြိုရအုံးမည်မို့ အိမ်ကထွက်ရမည်။ အတွက်ပြန်မရောက်သေး၍ ကောင်မလေးသုံးယောက်နှင့် ခြံစည်းရိုးသမားနှစ်ယောက်ကို ဘယ်လိုမှ ထားခဲ့ဖို့မဖြစ်။

"ကဲ … ကဲ … ရှင်တို့ပြန်တော့၊ နက်ဖြန်မနက်မှ ထပ်လာခဲ့၊ ဒီတစ်နေ့ကုန်မှာ ပြီးသင့်ရက်သားနဲ ဘာမှများတာမဟုတ်ဘဲနဲ့ ရှင်တို့မပြီးဘူး၊ ကျွန်မက သွားစရာရှိသေးတယ်"

"ရတယ်လေ … အစ်မသွား၊ မမှောင်သေးပါဘူး၊ ကျွန်တော်တို့ဆက်လုပ်နိုင်ပါတယ်"

"ရှင်တို့ဆက်လုပ်နိုင်ပေမယ့် မဖြစ်ဘူး၊ ခြံထဲသော့ခတ်သွားမှာ၊ ကျွန်မအနားကရပ်နေတာတောင် ရှင်တို့လုပ်တာ မညီမညာနဲ့၊ ကျွန်မ ထွက်သွားရင် ရှင်တို့စိတ်ကြိုက် ပုံဆန်းထွင်ပစ်ခဲ့မှာ စိတ်ကိုမချပါဘူး၊ နက်ဖြန်မနက် ကိုးနာရီလောက်မှ လာတော့၊ ရှင်တို့ မလှာပဲလဲမနေနဲ့နော်"

"ဟုတ်ကဲ့ … လာပါ့မယ် … စိတ်ချပါအစ်မ"

"နက်ဖြန်မှ ပိုက်ဆံရှင်းမယ်"

ပုတ်ပြတ်ခိုင်းထားတာမို့ ငွေရှင်းလိုက်လျှင် ပေါ်လာတော့မှာမဟုတ်တော့ပါ။

"ဟာ … မလုပ်ပါနဲ့အစ်မ၊ ငွေတော့ရှင်းပေးပါ၊ ကျွန်တော်တို့ တကယ်လာပါ့မယ်"

"မရဘူး … ကဲ … အခုဘယ်လောက်ကျန်လဲ



www.burmeseclassic.com

www.burmeseclassic.com



သုံးပုံတစ်ပုံလောက်ကျန်တယ်လေ၊ ဒီတော့ ပိုက်ဆံလဲ သုံးပုံတစ်ပုံချန်ထားမယ်၊ ဒီထက်တော့ မရဘူးရှင်၊ သင်ခန်းစာရပေါင်းများပြီ၊ ရှင်တို့လဲ မနာပါဘူး၊ ကိုယ်ပြီးသလောက်ရတာပဲ"

ဖွတ်ပင် သုံးပုံနှစ်ပုံသာ ရှင်းပေးလိုက်၍ ... အီးရောအီးရော အဝတ်လဲကာ ထွက်သွားကြပါသည်။ သူ ဘို့သွားမှ ရေကမန်းကတန်းချိုးကာ သားနှစ်ယောက်ကား ပေါ်တင်ပြီး ဇော်ရှင်းရဲ့ကုမ္ပဏီရုံးတည်ရှိရာ ခြံဝင်းကြီးတစ်ခုသို့ ထွက်လာခဲ့သည်။ ခြံဝင်းကျယ်ကြီးသို့ရောက်လျှင် ကားအစီးစီးထိုးထားသော ပါကင်နေရာ၌ ကားကိုထိုးရပ်ထားပြီး မောင်ထွက်အလာကိုစောင့်နေပါသည်။

မောင်တို့ ရုံးလုပ်ထားသည့် သုံးထပ်တိုက်ကြီးဟာ ဟိန်းဟိန်းကြီး ခမ်းနားထည်ဝါလှ၍ ပြတင်းပေါက်တံခါးပေါက်တို့၌ တပ်ဆင်ထားသောမှန်နက်တို့ကြောင့် အထဲကိုဖောက်မမြင်သာ။ အထဲကသာ လှမ်းမြင်နေရပါလိမ့်မည်။ မိနှင့် သားနှစ်ယောက် ကားပေါ်ကဆင်းကာ ခြံဝင်းထဲ လမ်းလျှောက်နေကြပါသည်။

ခဏအကြာတွင် ရုံးထဲမှ ဝန်ထမ်းမိန်းကလေးတို့ ပြန်စပြုကြရာ ... တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြလေသည်။ မျက်မှန်းတန်းသော ... သိနေသောတချို့ကိုပြုံးကာ မိ,ကနှုတ်ဆက်ပါသည်။

"ဟယ် ... မမမိ ... မမမိက မတွေ့တာကြာလို့ လားမသိဘူး၊ ပိုချောလာတယ်"





"အမလေး ... ညီမက ပြောရတယ်ရှိသေးတယ်၊ ပြန်ပြီလား"

"ဟုတ်ကဲ့"

ခဏနေလျှင် ဇော်ရှင်းနှင့် အင်မတန်ခင်သော အန်တီသင်းဆိုသည့် စာရင်းကိုင်အမျိုးသမီးကြီး ထွက်လာပြန်ပါသည်။ သူ့ကားက မိကားအနားမို့ အနားထိလျှောက်လာရင်း ...

"ဟော ... မိမိ နေကောင်းလား"

"ဟုတ်ကဲ့အန်တီ ... ကောင်းပါတယ်၊ အန်တီရော"

"ကောင်းပါတယ်ကွယ်၊ ဘယ့်နှယ် မိ ... ဒီနေ့ လှနေပါလား"

"အမလေး အန်တီရယ် ... ချီးကျူးစရာမရှိ မိကို ချီးကျူးရတယ်လို့"

"အဟုတ်ကွဲ့ ... မိ ဒီနေ့လှနေတယ်၊ ဒါကြောင့်လဲ ဦးဇော်ရှင်းတစ်ယောက်က မိန်းမနာမည်ပဲ ပါးစပ်က မချ တဖွဖွပြောနေရတာထင်ပါရဲ့ ... သွားမယ်နော်"

"ဟုတ်ကဲ့ အန်တီ"

မိမိမြင်သည် အန်တီသင်းကားထွက်သွားလျှင် သူမကိုယ်သူမ မသိမသာငုံ၍ကြည့်မိပါသည်။ စပန့်သားအဖြူနှင့် နက်ပြာစင်းဘလောက်စ်ပွစိစိနှင့် လုံချည်နက်ပြာဖြောင့်တစ်ထည်ကို တော်ရိလျော်ရိဝတ်ဆင်ကာ ဆံပင်က ဘုံးစံအတိုင်း ခေါက်တင်လိမ်ညှပ်၊ မျက်နှာကအပြောင်။ ဒါကို သူတို့မျက်စေ့ထဲ ဘယ်လိုလုပ်ပြီး ကြည့်လှနေကြပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားကိုယုံကြည်ကာ ဝမ်းမြောက်အားတက်လောက်စရာ ကိုယ့်ပုံစံက လုံးဝမဟုတ်၍ မိမိမြိုင်က စဉ်းစားမရအောင်ဖြစ်ကာ ခေါင်းကို အသာယမ်းမိပါသည်။ တတိယအကြိမ်၌ကား ... မိမိမြိုင်သည် အတော်နားမလည်နိုင်အောင်ဖြစ်ရတော့ပြီ။ မိနှင့်လည်းခင်သော မိတ်ဆွေလူကြီးတစ်ဦးရဲ့သမီးကလေး ပုလဲဆိုတာလည်း ဒီရုံးမှာပဲရှိသည်။

ပုလဲထွက်လာပြန်တဲ့အခါ ပုလဲသည် မိကို လှမ်း၍ ရယ်ပြနှုတ်ဆက်ရင်း ...

"မမမိ ... မမမိက ဘယ်တော့ကြည့်ကြည့် လှနေတာပဲ၊ မတွေ့တာကြာလဲ ကြီးလာတယ်မထင်ရဘူး၊ သိပ်နုတာပဲ"

"ပုလဲရယ် ... အပိုတွေမပြောစမ်းပါနဲ့ကွယ်၊ မဟုတ်တာကိုသိနေတော့ အမြောက်ခံရသလိုပဲ၊ ခိုးလိုးခလုနဲ့"

"ပုလဲ တကယ်ပြောတာ ... မမိက နဂိုလှ"

"ဒီညနေ ဒီလိုပြောပြောသွားတာ သုံးယောက်ရှိပြီ၊ လောကကြီး ဘာတွေဖြစ်နေသလဲ၊ ဒါမှမဟုတ် ... ရုံးကလူတွေ ဒီနေ့ဘာဖြစ်နေကြလဲ၊ မမမိလဲ ဒီနေ့ သနပ်ခါးတောင်တစ်စက်မလိမ်းခဲ့ဘူး"

"ဘာမှမလုပ်ဘဲနဲ့ လှနေလို့ နဂိုလှလို့ပြောတာပေါ့ မမမိရဲ့"

"မဖြစ်နိုင်ဘူး၊ ရုံးမှာ ဒီနေ့ တစ်ခုခုတော့တစ်ခုခုပဲ"



"ဘာမှမဖြစ်ပါဘူး မမမိရယ် ... လှလို့လှတယ်ပြောသွားကြတာပေါ့၊ ဦးဇော်ရှင်းကြီးက ကံကောင်းတယ်၊ မိန်းမလှလှရထားပြီး သားချောချောလေးနှစ်ယောက် မွေးပေးထားတာလဲ ပိုင်သေးတယ်"

မိ,သည် ပုလဲထွက်သွားရာကို မျက်မှောင်ကုတ်ပြီးကြည့်ကာ ကျန်ရစ်ခဲ့ရသည်။ မဟုတ်ဘူး ... တစ်ခုခုတော့ မှားနေပြီ။ အားလုံးဟာ မိကို အရှိထက်ပို၍ အကောင်းမြင်နေကြတာသေချာသည်။ တစ်ခါတစ်ရံမှ ရုံးကိုလာတတ်တဲ့ မိကို ထူးခြားပြီးအကောင်းမြင်နေစရာလည်း ဘာအကြောင်းမှမရှိပါ။

ဒါဖြင့် မိအပေါ် သူတို့အားလုံး ဘာကြောင့် အရှိထက်ပို၍ ချီးမွမ်းသွားကြသနည်း။ မေတ္တာစိတ်နှင့်ဖြည့်စွက်ချီးမွမ်းသွားကြတာပဲပေါ့။ ဒါဖြင့် ဘာကြောင့်ရော ... မိအပေါ်အသလွတ်မေတ္တာသက်ရောက် ကျဆင်းကြသနည်း။

မိ,သည် ကားအနားလက်ပိုက်ရပ်ကာ ... တွေးမရဖြစ်နေဆဲ ... ရုံးထဲမှ ဇော်ရှင်းထွက်လာပါသည်။ သားနှစ်ယောက်က အဖေကိုပြေး၍ကြိုဆိုကြသည်။ သားတွေကို တစ်ယောက်ချီ တစ်ယောက်ဆွဲကာ ဇော်ရှင်းက ကားဆီလျှောက်လာသည်။

"မောင် ... မောင်းမလား"

"မိ,ပဲမောင်းပါ"

မိမိမြိုင်က မောင်းသူဘက် ပြန်ဝင်ထိုင်လိုက်သည်။ သားနှစ်ယောက်ကို နောက်ခန်းထဲထည့်ပြီး ဇော်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



က ရှေ့ခန်းဦ၀င်ထိုင်လိုက်ပါသည်။ ဇော်ရှင်းထံမှများ ထူးထူးခြားခြား ချီးမွမ်းစကားကြားရလေဦးမလားရယ်လို့ … မိ,က နားစွင့်နေသော်လည်း ဇော်ရှင်းထံမှ ဘာချီးမွမ်းစကားမှမရပါ။ ဘယ်ရမလဲ … တကယ်လည်းပဲ မိဟာ ဒီနေ့ ထူးခြားပြီးပြောပလောက်အောင် ကြည့်ကောင်းမနေတာက အမှန်ပင်။

"ရုံးမှာ ဒီနေ့ဘာများထူးခြားသလဲ မောင်"

"ဘာမှမထူးခြားပါဘူး … ဘာဖြစ်လို့လဲ"

"မောင်ရော ရုံးကလူတွေနဲ့ မိအကြောင်း ပြောဖြစ်သေးလား"

ဇော်ရှင်းက မိကို မသိမသာအကဲခတ်လိုက်ပါသည်။

"မပြောဖြစ်ပါဘူး ထင်ပါရဲ့၊ ဘာမှထူးထူးခြားခြား မပြောပါဘူး၊ ဘာဖြစ်လို့လဲ မိရဲ့"

"ဘာမှမဖြစ်ဘူး"

ဇော်ရှင်းသည် သူနှင့်ရော … မိနှင့်ပါရင်းနှီးသည့် ရုံးကဝန်ထမ်းအမျိုးသမီးအချို့ကို အောင်ခိုင့်သင်ကြားမှုအတိုင်း မိအကြောင်း တစ်စိတ်တစ်ဒေသဖွင့်ဟပြောပြကာ ပတ်ဝန်းကျင်ရဲ့အကူအညီယူသည့်နည်းကို ဒီနေ့စ, တင်စမ်းသပ်ကြည့်ထား၍ မိ,ကို အကဲတခတ်ခတ်နှင့် ကိုယ့်ဟာကိုယ်လည်း ရယ်ချင်နေပါသည်။

အန်တီသင်းကြီးကဆိုလျှင် …

"အမလေးလေး … ဦးဇော်ရှင်းတို့များ မိန်းမကိုချစ်



တဲ့နေရာမှာ မိန်းမကိုအရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်လိုက်တာနော်၊ မိန်းမ ဒီပရက်ရှင်ရနေလို့ ပတ်ဝန်းကျင်ကိုပါ စည်းရုံးပြီး စိတ်ဓာတ်မြှင့်တင်ရေးလုပ်ရသတဲ့၊ အန်တီသင်းကတော့ သဘောကျတယ်တော့၊ မိန်းမတွေဘက်ကလဲ ကျေနပ်တယ်၊ ဒီလောက် မိန်းမကို ဂရုတစိုက်ချစ်တဲ့ယောကျ်ားကိုကူရမှာပေါ့၊ မိ,က လုပ်ကြံပြီး မဖြစ်နိုင်တာကို ချီးမွမ်းမြှောက်ပင့်ရမယ့်သူမျိုးလဲမဟုတ်ဘူး၊ တကယ်လဲ … မိန်းမလှတစ်ယောက်၊ လှကြောင်းပြောပေးဖို့ ဘာမှမကူညီချင်စရာမရှိဘူး၊ အိမ်ကလူကြီး ဦးအောင်မိုးကိုတောင် ဒါတွေပြန်ပြောပြရမယ်ဟေ့"

"ဘာလို့လဲ အန်တီသင်းရဲ့"

"သူများယောကျ်ားတွေများ ကိုယ့်ဇနီးကိုချစ်လွန်းလို့ ကြံဖန်ဂရုစိုက်တတ်တာကို နည်းနာယူတတ်အောင်ပေါ့"

ဇော်ရှင်းက တဟင်းဟင်းနှင့် သဘောတကျရယ်နေရပါသည်။ ဒီနေ့က ရုံးကို မိ လာကြိုရမှာမို့ … မိနှင့်တွေ့ခွင့်နည်းပါး ခဲယဉ်းကြသော ရုံးကအပေါင်းအသင်းတစ်စုကို ဒီနေ့ပဲ အကောင်အထည်ဖော်ဖို့ သူမှာကြားထားရတာပါ။ ဇော်ရှင်းတို့ရုံးမှာက ယောကျ်ားဝန်ထမ်းဦးရေ နည်းပါးပါသည်။ ဘော့စ်နှင့် သူအပါအဝင်မှ လေးယောက်သာရှိတာ။ အမျိုးသမီးဦးရေများတာမို့ သူနှင့်ပိုရင်းနှီးသူတွေဟာ အမျိုးသမီးတွေပင်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကဆို ... ဘော့စ်က နိုင်ငံခြားနှင့် ဒီကို ကူးချည်သန်းချည်မို့ တစ်ရုံးလုံး ဘုန်းမောင်တစ်ယောက်တည်းအဖြစ် ... ဇော်ရှင်းသည်သာ တစ်ဦးတည်းသောဝန်ထမ်းအမျိုးသားပင်။ နောက်ထပ် အမျိုးသားနှစ်ယောက်က နောက်မှ တိုးခန့်လိုက်တာဖြစ်သည်။ တစ်ယောက်က ဇော်ရှင်းလက်အောက်၌ တိုက်ရိုက်တာဝန်ယူရသော ခပ်ချောချော လူရွယ်လူပျိုကလေး ကိုကိုလတ်။ နောက်တစ်ယောက်က စာရင်းအင်းဘက်မှာ အန်တီသင်းအောက်အဆင့်၌ စာရေးကြီးအဆင့် ဦးဘိုစိန် ... ။

ဦးဘိုစိန်ကတော့ လူရိုးလူအေး လူထိုင်းကြီးဖြစ်၍ ခင်မင်ပေါင်းသင်းမရ။ ကိုကိုလတ်ကတော့ သွက်လက်ထက်မြက်သော လူရွယ်ကလေးတစ်ယောက်ပဲဖြစ်ကာ ပျော်ရွှင်ပေါ့ပါးစွာ ပေါင်းသင်းဆက်ဆံရေးကောင်းသော ... ကောင်လေးလည်းဖြစ်ပါသည်။ သို့ပေမယ့် ကိုယ်က တိုက်ရိုက်ခိုင်းစေနေရသော တပည့်ပုံစံဖြစ်နေ၍ ဇော်ရှင်းမှာ သူ့ရဲ့ပြဿနာကို ဖွင့်ပြောမထွက်သေးပါ။

ဒါကြောင့်လည်း သူ စည်းရုံးရေးဆင်းထားသူတို့မှာ အမျိုးသမီးတွေသာဖြစ်နေတာပင်။ မိနှင့်လည်း အထိုက်အလျောက် သိကျွမ်းပြီးနှင့်ရှိုးမည်မဟုတ်လား။ မိကို ဒီညနေ သူတို့အတွေ့မှာ ချီးမွမ်းသွားကြပေလိမ့်မည်။ ဤအတွက် မိထံတွင် ကျေနပ်သဘောကျရိပ်ကို မံတွေ့ရဘဲ ... စနိုးစနောင့်ခံစားချက်မျိုးသာ မြင်နေရ၍ ဇော်ရှင်းမှာ ဦးနှောက်ပင်ခြောက်မိပါသည်။



ဖွင့်၍လည်း မိ,ကမပြော။ ဘယ်လိုပြောသွားကြမလဲ ဇော်ရှင်းကသိချင်ပေသည်။ မိ,ဘာကြောင့် ပြန်မပြောပြဘဲ မြုံထားသလဲကိုလည်း စဉ်းစားမရ။ မိ,က ဘာမှဆက်မပြောလေ ... ဇော်ရှင်းက မရိုးမရွသိချင်လေ။ လှကြောင်းပကြောင်း ချီးမွမ်းစကားတွေသာဖြစ်မှာမို့ လှကြောင်းပကြောင်းနှင့်စကားကို ဘယ်လိုဆက်စပ်အစ်အောက်ကြည့်ရမလဲ သူ စဉ်းစားသည်။

ထို့နောက် ဇော်ရှင်းသည် တစ်စုံတစ်ရာကို သတိရသွားကာ ...

"အော် ... မနေ့ကတောင် ကောင်မလေးအသစ်တစ်ယောက် ခန့်တယ်"

မိမိမြိုင်ဟာ ဇော်ရှင်းရဲ့မျက်နှာကိုလှည့်ကြည့်သည်။ အကြာကြီးတိတ်နေရာမှ ကောက်ပြောလိုက်သောစကားစ,အဆက်အစပ် မရှိ၍ ဘာကိုပြောတာလဲဟု ငုံကြည့်မိတာပင်။

"မိက ရုံးမှာဘာထူးခြားလဲဆိုလို့ အဲဒါပဲသတိရတာ၊ ကောင်မလေးတစ်ယောက် ခန့်လိုက်တာ၊ ကောင်မလေးက တော်တော်အလှပြင်တယ်ကွ၊ လှလဲတော်တော်လှတယ်"

မိမိမြိုင်မှာ ဆတ်ခနဲပင်ဖြစ်မတတ် အံ့အားသင့် မျက်ခုံးပင့်သွားရပါသည်။ ကားမောင်းနေလက်စဖြစ်၍ပင် ... ။ နို့မဟုတ်လျှင် ဇော်ရှင်းမျက်နှာကို ဒီဘက်ဆွဲလှည့်ကာ စေ့စေ့ပင် အကဲခတ်ကြည့်လိုက်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားမျိုး ဇော်ရှင်းထံမှ မကြားဘူး၍ရော … ပြီးတော့ ဇော်ရှင်းမျက်နှာ၌ လျို့ဝှက်မှုတစ်ခုခု ရှိသည်ဟုထင်မိတာကြောင့်ရော … မိ မျက်ခုံးလေးတွန့်နေမိပါသည်။

မိထံမှ ဘာစကားမှထွက်မလာသေး၍ ဇော်ရှင်းက ထပ်မံကာ …

"မိန်းမတွေဟာ သူတို့ကို လှတယ်ပြောရင် ကြိုက်ကြသလား မိ"

မိသည် အလွန်အံ့သြသွားပြီး …

"ဘာလဲ … မောင်က အဲဒီကောင်မလေးအသစ်ကို လှတယ်ပြောမလို့လား"

"အာ … ဘာဆိုင်သလဲ … ဘာလို့ပြောရမှာလဲ"

လမ်းကြောင်းတလွဲဖြစ်သွား၍ ဇော်ရှင်း စိတ်ညစ်သွားရသည်။

"သိဘူးလေ … မောင်ပဲ ဒီကောင်မလေးလှတယ်လို့ ပြောတာကိုး"

"ရုံးကအကြောင်း မိ,ကိုပြောပြတာလေ၊ သူ့ကိုတော့ ဘာလို့ပြောရမှာလဲ"

"အဲဒီကောင်မလေးက နာမည်ဘယ်သူတဲ့လဲ"

"လှလှရှိန်တဲ့"

"သိပ်လှတာပဲပေါ့"

"အင်း … လှတယ်၊ ဒါပေမယ့် မိလောက်တော့ မလှဘူး"

"အပိုတွေလုပ်ပြောမနေနဲ့၊ သူများလှကြောင်း ပြော



မိလို့ မိန်းမကိုပါ အားနာပါးနာ တော်ရိလျော်ရိဆွဲထည့်တာမျိုး လာမလုပ်နဲ့၊ ဘာမှမပြောတာကကောင်းသေးတယ်၊ မိလောက်တော့မလှဘူးဆိုတဲ့စကားက စိတ်ထဲကမပါဘဲ လျှာဖျားကထည့်ပြောတာ၊ လူကိုဒါမျိုးလာမလှည့်စားနဲ့"

"ဟောဗျာ … မိကလဲ"

"မောင်နော် … ရုံးကမိန်းကလေးတွေလှကြောင်း တစ်ခါမှပြောသံဆိုသံ မကြားဖူးဘူး၊ ဒီတစ်ခါမှ ကြားဖူးတာ၊ မောင် ရိုးမှရိုးသေးရဲ့လား၊ ခုတလော အလှအပအကြောင်းတွေလဲ တဖွဖွပြောရဲ့၊ မိ,ကိုလဲ အလှမပြင်လို့ ခုတလောမှ အပြစ်တွေတင်တင်လာတယ်၊ လှလှရှိန်ဆိုတာ မောင်နဲ့ ရိုးရဲ့လား"

"ဒုက္ခပါပဲ မိရယ်၊ မနေ့ကမှ အလုပ်စဝင်တာပါ"

"အလုပ်လာလျှောက်တာတော့ မနေ့ကမှဘယ်ဟုတ်မလဲ၊ လာလျှောက်တာတွေကို အင်တာဗျူးလုပ်တာခန့်တာလဲ မောင့်ပဲဟာ၊ ဟုတ်ပါတယ်၊ မောင့်မျက်နှာနဲ့ လေသံကြည့်ရတာ မရိုးဘူး၊ တစ်ခုခုရှိနေသလိုပဲ"

"မရှိပါဘူးကွာ၊ ရိုးပါတယ် မိရဲ့"

"ဟုတ်တယ် … တစ်ခုခုပဲ၊ ဒီနေ့ မိ,ကို မောင်ရုံးကစတော့ဖ်တွေ တစ်ယောက်ပြီးတစ်ယောက်လှသလေးဘာလေး ချီးမွမ်းသွားကြတယ်၊ ချီးမွမ်းရအောင်လဲ လူက တကယ်လဲမလှဘဲ ဒီလောက် ဖိုသီဖတ်

www.burmeseclassic.com



သိနိုင်နေတာ"

"ဒါနဲ့ပဲ မောင် မရိုးတော့ဘူးလား ... ခက်ပါလား မိ,ရာ"

"မောင် ရုံးမှာ လှလှရှိန်ကို တစ်မျိုးတစ်မည် မရိုးမသားပုံပေါက်နေလို့ ရုံးက မိနဲ့ခင်တဲ့လူတွေက ... မိကို တွေးပြီးသနားနေကြသလားမှ မသိတာ၊ ဒါကြောင့် သနားစိတ်နဲ့ အလကားနေရင်း ... လှတယ် လှတယ် ချီးမွမ်းသွားကြတာပဲနေမှာ၊ တကယ်မလှတဲ့နေမှာ ... တစ်ယောက်မက,က လှတယ် အသလွှတ်ပြောသွားတာ နောက်ခံဇာတ်ကြောင်းတစ်ခုခု ရှိကိုရှိလို့၊ မိ ဒီတိုင်းပဲတွေးနေတာ၊ အခု ... မောင့်ဆီကထွက်လာပြီ၊ ဝန်ထမ်းသစ်ကောင်မလေးကို မိန်းမရှေ့မှာတောင် မနေနိုင် မထိုင်နိုင် လှတယ်လို့ ပါးစပ်ကဖွင့်ပြောတာ စိတ်ထဲအတော်ကြီးကို မရိုးတော့လို့"

"ဟောဗျာ"

ဇော်ရှင်း ခေါင်းကိုသာ တွင်တွင်ကုတ်လိုက်မိပါတော့သည်။ ဒုက္ခပါပဲ ... ဘယ်လိုများကောက်ချက်ဆွဲချလိုက်တာပါလိမ့်။ အဆုံးမတော့ သူပင် မသမာသူဘဝရောက်လှတဲ့ခါ ဖြစ်နေပါပေါ့လား။ ဆရာကြီးအောင်နိုင့်နည်းစနစ်က သိပ်မမိုက်လှသေးဘူးထင်ပါရဲ့။

"ခုတလော အလုအပအကြောင်းကို မောင် စိတ်ဝင်စားစားနေတာ ဘာကြောင့်လဲမှတ်တယ်၊ ဒါကြောင့်



ပဲဖြစ်ရမယ်၊ လက်စသတ်တော့ သူများလှနေတာကို မောင် မြင်ပြီး စိတ်ဝင်စားနေလို့ မိ,မလှတာ မောင့်မျက်စေ့ထဲ အပြစ်ဖြစ်နေတာ"

"ကဲ ... ပြောတော့ ဒေါ်မိမိမြင့်ရေ ... ထင်သလိုသာ ပြောပေတော့နော်၊ အင်း ... အောင်နိုင် ... အောင်နိုင်"

"ဘာအောင်နိုင်လဲ"

"ဘာမှမဟုတ်ပါဘူးကွာ"

မိက စူပုပ်ပုပ်နှင့် ဇော်ရှင်းကို မျက်စောင်းရွယ်သည်။ ဇော်ရှင်းသည် ဂုတ်ကိုပုကာ မှုန်ကုတ်ကုတ်နေလိုက်ရပါသည်။

သားငယ်ကို တတန်းတန်း ခေါ်လာချင်သော်လည်း ချောစုပြောလွန်း၍ ထားပစ်ခဲ့ရကာ မိ,မှာ စိတ်မဖြောင့်လက်မဖြောင့်ဖြစ်တာကို မနည်းကြိတ်မှိတ်မေ့ဖျောက်ထားရသည်။ တစ်ရက်တလေပဲလေရယ်လို့ သဘောထားရပါသည်။ သားကြီးကိုတော့ ညနေသုံးနာရီမှ ပြန်ကြိုရမည်ဖြစ်ကာ ... ဆယ့်တစ်နာရီနှင့် သုံးနာရီအကြားတော့ အားလပ်ပါသည်။

www.burmeseclassic.com



ညှိုညှိုထဲသွားပြီး စိတ်လက်ကြည်လင်လန်းဆန်းပေါ့ပါးလာအောင် ဖေးမကူညီပေးဖို့တဲ့။ အတော်အလုပ်ရှုပ်ရှာတဲ့ မချောစုရယ်လို့ ထင်မိသည်။ သို့ပေမယ့် မလိုက်ချင်ဘူးငြင်းရမှာလည်း အားနာသည်။ သည်အုပ်စုထဲက အရေးကိစ္စတွေ စိတ်မဝင်စားမပါဝင်ဘဲ ဘေးထွက်နေရာကျလျှင် မိမိမြိုင်အတွက် မထောင်းတာလှဘဲ ··· ဇော်ရှင်းအမှတ်လျှော့မှာပဲ စိုးရိမ်ရသည်။ ကိုအောင်ခိုင့်ဇနီးက ကိုရဲနောင်ဇနီးရဲ့အရေးကိစ္စ စိတ်ပါဝင်စားစွာဆောင်ရွက်ပြီး ဇော်ရှင်းမိန်းမက မကူညီချင်ဘူးဆိုလျှင် မကောင်းတတ်၍သာပင်။

ချောစုက မနက်ဆယ်နာရီကတည်းက အိမ်ကိုရောက်ချလာပါသည်။ သူက ကိုယ်တိုင်ကားမမောင်းတတ်၍ အငှားကားနှင့်လာတာဖြစ်သည်။ အိမ်မှာ ဒီနေ့အံရေးပေါ်မလုပ်မဖြစ်ကိစ္စမရှိ၍ တော်ပေသေးသည်။ သားငယ်သွားကြိုရာကိုပါ ချောစုကိုတင်ခေါ်သွားရသည်။ သူ့မှာ ကလေးအကြိုအပို့ကိစ္စလည်း မရှိပါ။ အကြီးနှစ်ယောက်ကျောင်းကိစ္စကို ကိုအောင်ခိုင်က ကျောင်းကားနှင့်ကြိုပို့ ထည့်လွှတ်စီစဉ်လိုက်၍ဖြစ်သည်။

"မညိုက ဒီနေ့ရှိမှာ သေရောသေချာရဲ့လား မချောစုရယ်"

"သေချာပါတယ် မိရဲ့ ··· ချောစု မေးပြီးပြီ၊ နောက်နေ့ ကထိန်သင်္ကန်းကပ်ရှိလို့ ဒီနေ့ သူတို့ကျောင်းကပိတ်တယ်"



"သားတို့ကျောင်းတော့ မပိတ်ဘူး"

"အင် ··· အိမ်က ကလေးတွေလဲ မပိတ်ဘူး၊ သူတို့ကျောင်းလဲ ပိတ်တယ်တော့မဟုတ်ဘူး၊ မတက်လို့ရတာပါ၊ သူ ဒီနေ့အိမ်မှာပဲ"

ကားနှင့်ထွက်လာကြရင်း မိသည် မချောစုရဲ့ အလုပ်မရှိ အလုပ်ရှာပုံကို အံ့သြကာနေသည်။ မချောစုရဲ့ အသွင်သဏ္ဍာန် လှပကြော့ရှင်းနုနယ်နေတာကိုလည်း အားကျသလိုလိုဖြစ်မိပါသေးသည်။ ကျောင်းတုံးကဆိုလျှင်တော့ ချောစု ခုလိုလှပစွာပြင်ဆင်ထားသည့်လမ်းသို့ မိ့က ခုလောက်ပုံမျိုးနှင့် တွဲပြီးလိုက်မှာမဟုတ်ပေ။

အပြိုင်အဆိုင်စိတ်မျိုးဟာ ခုတော့လည်း စိတ်ထဲသိပ်မရှိလှတော့ပါ။ ချောစုလောက် ထောင့်စေ့စေ့အလှပြင်မထားသော်လည်း မိမိမြိုင်သည် ခါတိုင်းထက်တော့ လှလှပပဝတ်စားဆင်ယင်ခဲ့သားပင်။ ဆံပင်ကိုတော့ လိမ်တင်၍ ကျားပါးစပ်နှင့်ညှပ်ထားခြင်းထက် ပို၍မသ့နိုင်။

"မညိုက ဘာဖြစ်နေလို့လဲ"

"ညိုက လူ့ဘောင်ကြီးကိုတောင် ငြီးငွေ့စိတ်ကုန်သလိုလိုဖြစ်နေလို့၊ ကိုရဲနောင်က သူ့မိန်းမကိုခေါ်ပြီး အပြင်တွေဘာတွေ လည်စေချင်တယ်"

"လူ့ဘောင်ကြီးကို ဘာလို့ငြီးငွေ့နေတာလဲ"

"ညိုက အစကတည်းက ရိုးရိုးအေးအေး ထုံးတုံးမဟုတ်လား ··· အိမ်မှုကိစ္စတစ်ဖက် ကျောင်းတစ်ဖက်နဲ့ ရှုပ်ယှက်ခတ်ပြီး စိတ်ညစ်စိတ်ဓာတ်ကျနေသလား

www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူး မိရယ် ··· မပြင်မဆင် မသွားမလာနဲ့၊ တစ်နေ့တခြား ရေခဲတုံးစတိုင်လ်ဖြစ်လာတော့ ကိုရဲနောင်လဲ စိတ်ညစ်လာတာပေါ့”

မိမိမြိုင်သည် ချောစုကိုလှည့်ကြည့်မိကာ ···

“အဲဒါကို မိတို့ တတ်နိုင်မှာမို့လားဟင် ··· မချောစု”

“ချောစုတို့က သူ့ကို ပျော်လာအောင် ဖေးမဖျောင်းဖျပေးနိုင်သလောက်ပေါ့၊ တတ်နိုင်တယ်ဟော့မဟုတ်ဘူးပေါ့၊ ပြောင်းလဲသွားဖို့ကတော့ ညိုညိုအပေါ်လဲမူတည်တာပဲလေ၊ ဘာပဲဖြစ်ဖြစ် မိတ်ဆွေကောင်းပီပီ မိတ်ဆွေအိမ်ထောင်စုတစ်စုရဲ့ အိမ်ထောင်သာယာရေးကို ကူညီသင့်တာပေါ့၊ ဘယ်မှမသွားချင် မလာချင် အိမ်ထဲကုပ်ပြီး လောကကြီးကို စိတ်မဝင်စားတဲ့ သူ့မိန်းမကို အပြင်ခေါ်ထုတ်လျှောက်လည်စမ်းပါလို့ ကိုရဲနောင်ကိုယ်တိုင်က ရကွက်စ်လုပ်ထားတာ”

“အော် ··· ”

“မိကတော့ ကလေးကြိုရပို့ရ ··· ကားလဲမောင်းတတ်နေတော့ အပြင်လောကကို ရောက်နေရမှာပဲ၊ ညိုညိုက ဘုရားတရားပဲ လုပ်ချင်နေတော့သလိုလိုဖြစ်နေတာ”

“ဘုရားတရားလုပ်တာလဲ ကောင်းတဲ့အလုပ်ပဲ မချောစုရဲ့”

“ကောင်းတဲ့အလုပ်ပေါ့၊ ဒါပေမယ့် ဒီအသက်အရွယ်နဲ့ ဘာသာရေးပဲ ကျောက်ချပြီး အညိုပုံဝတ် တရားအားထုတ်နေတော့မယ်လို့ စိတ်ကူးရင် အစကတည်းက ယောကျ်ားလဲမယူခဲ့နဲ့ ··· ကလေးလဲမမွေးခဲ့နဲ့၊ ကလေးနှစ်ယောက်မွေးပြီး ကလေးငယ်ငယ်ပဲရှိသေးတုန်း ··· အိမ်ထောင်ကိုငြီးငွေ့ပါတယ်ဆိုပြီး တရားသွားအားထုတ်နေရင်တော့ ··· ရက်အကန့်အသတ်နဲ့ တစ်ပတ် ဆယ်ရက်ဆိုရင် မပြောလိုပါဘူး”

မိမိမြိုင်သည် ကားမောင်းရင်းမှ ခပ်သောသော ရယ်မောလိုက်မိပါသည်။

“အစကတည်းက အိမ်ထောင်မပြုရင်မပြုနဲ့၊ အိမ်ထောင်ပြုပြီးရင်တော့ အိမ်ထောင်အပေါ် အတိုင်းအတာတစ်ခုထိ တာဝန်ကျေရမယ်၊ ကိုယ့်ဘက်က မချို့ယွင်းမပျက်ကွက်သင့်ဘူး”

မိမိမြိုင်သည် ချောစုစကားတွေကို ထောက်ခံရကောင်းနိုး၊ ကန့်ကွက်ရကောင်းနိုး ဝေခွဲမရ။ ရှည်ရှည်ဝေးဝေးလည်း သေချာစွာ မစဉ်းစားမဆုံးဖြတ်တတ်ပါ။ ထို့နောက်တော့ သူတို့နှစ်ယောက်သား ညိုညိုအောင့်အိမ်သို့ ရောက်ခဲ့ကြပါသည်။ တိုက်လှေကားအတိုင်း တက်ခဲ့ကြပြီး ညိုတို့အခန်းတံခါးကို ခေါက်လိုက်လျှင် ညို့အမေကြီးက အကျီဖြူယောဂီထဘီဝတ်နှင့် တံခါးလာဖွင့်ရင်း ···

“ဟော ··· လာကြ ··· လာကြ ··· ညိုရေ ··· ဟောဒီမယ် သူငယ်ချင်းတွေလာကြပြီ”

ညိုညိုအောင်က မီးဖိုထက်မှ ခပ်အေးအေး



F - 7 (A)

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကာ ...

"ဘယ်မှသွားမနေဘဲ အိမ်မှာပဲ စားကြသောက်ကြပါလား၊ ညို့လက်ရာစားရတာပေါ့၊ ဟုတ်ဖူးလား"

မိ,သည် ဆက်တီဥ္စဝင်ထိုင်လိုက်ပြီး ဆရာမကြီး ဒေါ်ချောစုကိုပဲ လှည့်ကြည့်လိုက်သည်။ ချောစုကပြုံးရင်း ...

"ညို့လက်ရာ နောက်မှလာစားမယ်၊ ဒီနေ့က အပြင်အတူထွက်ချင်လို့ လာခေါ်တာ၊ ညို့လက်ရာစားဖို့လာတာမဟုတ်ဘူး"

"ဟင် ... ညိုကဖြင့် ချောစုတို့ ... မိတို့ကိုကျွေးဖို့ စီစဉ်နေတာ"

"စားသောက်နေရင် ကြာတယ်၊ ဟောဒီ မမကလဲ ညနေ ကလေးပြန်ကြိုရအုံးမှာတဲ့၊ ကဲ ... ညို ... ဘာလဲ ... မလိုက်ချင်လို့လား"

"မဟုတ်ပါဘူး ချောစုရယ်"

ညိုညိုအောင်မှာ အေးလှ၍ ချောစုလို ဆူဆူပွက်ပွက်မျိုးကို လန့်ပုံရပါသည်။ သိပ်ပြီး ယှဉ်ပြိုင်ငြင်းခုန်ဝံ့ပုံမရ။

"ကဲ ... ကဲ ... အဝတ်သွားလဲချည်၊ အလုပြင်မြန်မြန်လုပ်"

ညိုသည် ခပ်တွေတွေနှင့် စိတ်မပါလှပုံရသည်။ ညို့မေမေက ဧည့်ခန်းမှာလာထိုင်ရင်း ...

"ကောင်းတယ် ... သမီးတို့လာခေါ်တာ၊ ညိုတစ်





ယောက်က ဘယ်မှလွှတ်လို့မရဘူး၊ မောင်ရဲနောင်ခများ အတူသွားလာချင်ရှာတယ်၊ သူက မလိုက်ဘူး၊ ဘုရားသွားကျောင်းတက် ပွဲတက်မှအတူမလိုက်ရင်ကြာတော့ ယောကျ်ားက စိတ်ပျက်မှာပေါ့ကွယ်၊ ဒေါ်ဒေါ်မှာ သူ့ကိုကြိတ်ကြိတ်ပြောရတယ်"

ညို့မေမေက အပြင်မထွက် မသွားမလာစေချင်တာမဟုတ်မှန်း သေချာလေပြီ။

"မဟုတ်ပါဘူး မိရယ်၊ ကိုရဲတစ်ယောက်က အရေးမပါ ... အရေးမကြီးဘဲလဲ အပြင်ကိုထွက်ချင်တာ၊ ကိုယ့်အိမ်ကိုယ်နေရတာ အကောင်းဆုံးပေါ့၊ အပြင်ထွက်ရတော့ နေကပူ ... လူပင်ပန်း ပိုက်ဆံကုန်အကျိုးမရှိ ... ဘာများကောင်းတာရှိလဲ၊ ဒါကြောင့်ညိုက မလိုက်ချင်တာ"

ညိုက ဆင်ခြေတက်ပြီးမှ အဝတ်လဲဖို့အတွက် သူတို့ရဲ့ တိုက်ခန်းအပေါ်ထပ်ကို တက်သွားပါသည်။

"သူ မလိုက်တာက လွန်လွန်းပါတယ်၊ ဒေါ်ဒေါ်လဲ ဘာသာရေးပဲဖောက်ချလိုက်စားချင်တဲ့သူပါပဲ၊ ဒါပေမယ့် သားသမီးတွေအိမ်ထောင်ကျပြီး လက်လွှတ်ပြီးမှ ဒီဘက်ကို အချိန်ပိုပေးခဲ့တာပါ၊ ဘာပဲဖြစ်ဖြစ်ကိုယ်မွေးခဲ့မှတော့ လူလားမြောက်ပြီး တင့်တောင့်တင့်တယ်ဖြစ်ကြတဲ့အထိ ကိုယ့်တာဝန်မဟုတ်လား၊ ကောင်းသောအလုပ်ကို ကျင့်ကြံမှာပင်ဖြစ်လင့်ကစားကာလဒေသဆိုတာ ရှိသေးတယ်လို့ ညို့ကိုပြောရ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်တာပေါ့ ဒေါ်ဒေါ်ရယ်၊ ညိုက ငယ်လဲငယ်ပါသေးတယ်"

"ညိုက ငယ်ငယ်ကတည်းက ပျော့တယ်၊ ဇွဲမရှိဘူး၊ ခံနိုင်ရည်မရှိဘူးကွဲ့၊ ဒါကြောင့် ဘူအခု ... အိမ်ထောင့်ဝေယျာဝစ္စထဲက တစ်ရက်လွတ်လွတ် တစ်ပတ်လွတ်လွတ် ပြေးချင်တာကများများဆိုတာ ဒေါ်ဒေါ်က မအေမို့သိနေတယ်"

"တစ်ရက်တလေလွတ်ဖို့များ ချောစုတို့နဲ့ ဟောသလိုတစ်ရက်ထွက်လိုက်ရင်လဲ ဖြစ်တာပါပဲ ... ဟင်းဟင်း"

"ဒါပေမယ့် သမီးတို့သူငယ်ချင်းက အပြစ်ကင်းတဲ့လွတ်လမ်းပြေးလမ်းကိုပဲ ရွေးချင်တာကွဲ့၊ သူ့ကိုယ်သူလဲ အပြစ်ကင်းချင်တယ်၊ စနေ တနင်္ဂနွေလေးမိသားစု စုံစုံညီညီဆုံရတာ ... ဒေါ်ဒေါ်နဲ့ ရိပ်သာလိုက်ဖို့သင့်သလား၊ သူကပ်လိုက်မယ်ပြောလွန်းလို့ ဒေါ်ဒေါ့်မှာ ခိုးထွက်တ[illegible]ွက်ရ ... မသွားဘဲနေလိုနေရ ... သူ့ကြောင့် ကိုယ့်[illegible]ကိုယ်တောင် ဖြောင့်ဖြောင့်မသွားနိုင်ဘူးကွယ်"

"ကိုရဲနောင်က ဘာမှမပြောဘူးလား ဒေါ်ဒေါ်"

"မောင်ရဲနောင်လဲ နောက်ပိုင်း ဘာမှမပြောတော့ဘူး၊ ဒေါ်ဒေါ့်မှာ မောင်ရဲနောင်ကိုအားနာလို့ စိတ်ညစ်ပါရဲ့၊ တစ်ပတ်လုံးမှာ ငါးရက်တိတိ သူတို့မိသားစု ဝေယျာဝစ္စကလေးတွေကိုစု ကူပြီးပြီကွယ်၊ နှစ်ရက်တော့ ကိုယ်နဲ့ပါမယ့်ကုသိုလ်ရေးလေး ဆက်ချင်တယ်၊ ဒါ ဒေါ်ဒေါ့်အသက်အရွယ်နဲ့လဲ လိုက်လျောညီထွေတဲ့အလုပ်၊ သူကပ်လိုက်မှာစိုးပြီး မဖြောင့်မတန်းဖြစ်နေရတော့ ကောင်းသလား"

"မညိုက ဘာကြောင့် အဲလိုဖြစ်နေတာလဲ ဒေါ်ဒေါ်၊ ငယ်ငယ်တည်းက ဘာသာရေးဘက် ထုံတာလား"

"ငယ်ငယ်က ဘုရားမှန်မှန်ရှိခိုးရုံလောက်ပါ၊ ခုနောက်ပိုင်း နှစ်နှစ်လောက်မှ၊ ကိုယ်က အိမ်ထောင်ပြုထားမိမှပဲကွယ်၊ ကလေးတွေလဲ ဒီလောက်ငယ်သေးတာ၊ ကိုယ့်မှာတာဝန်ရှိသေးတယ်ကွဲ့"

"မေမေ ဘာတွေပြောနေတာလဲ၊ ယောက္ခမနဲ့သားမက်က တစ်ကျိတ်တည်း ချောစုရေ၊ အိမ်တွင်းအောင်းချင်တာလဲတစ်ပြစ်"

ညို့မေမေကိုယ်တိုင်က ကိုရဲနောင်ဘက်က ရပ်တည်ပြောနေတာမို့ ... ကိုရဲနောင် လုပ်ကြံအပြစ်မြင်နေတာမျိုး ဟုတ်ပုံမရတော့ပေ။ အလှပြင်ဖို့စိတ် နည်းနည်းလျော့နေသော မိ,ပင်လျှင် ညိုဆင်းလာတာကိုကြည့်ပြီး နှာခေါင်းရှုံ့ချင်သည်။ ပိတ်ဖောက်ဇာထူထူရင်စေ့ အဖြူလက်တိုနှင့်ပါတိတ်လုံချည် အညိုအဝါပွင့်ဝတ်ဆင်ကာ ဆံပင်ကိုကျစ်ဆံမြီးကျစ်ပြီး အလွယ်ပတ်ခွေ ထုံးဖွဲ့ထားပုံမှာ ရင့်ရော်နေသေပါသည်။

"ညိုကတော့လေ ... ဝတ်လာပုံကို[illegible] မပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး"

ချောစုက အပြစ်ထုတ်ဆိုသည်။

"ဘာဖြစ်လဲကွယ် ... ကျောင်းဆရာမပဲဟာ ရိုးရိုး ပုံတုံးပဲကောင်းပါတယ်"

"အခုက ကျောင်းသွားတက်မှာမဟုတ်ဘူး ညို၊ ရှေး ပင်စင်တာတွေ ... ဈေးတွေပတ်ပြီး အလည်ထွက် မှာ"

ညိုသည် မျက်နှာကိုရှုံ့ကာ ...

"ချောစုတို့ မိတို့ကို အားနာလို့သာလိုက်ရတာ၊ ညို ဒါတွေဝါသနာကိုမပါဘူး၊ တစ်ခါမှလဲ မရောက်ဘူး"

"ဝါသနာမပါလဲ မရဘူး၊ တစ်ခါတလေလေး ရ ထွက်ရတာ၊ ကိုယ်တို့ အိမ်ရှင်မတွေမှာ အောက်ထ လက်ထဆိုတာ ရှိကိုရှိရအုံးမယ်၊ မရှိလေ ... ညို ပုံစံ ဒီလိုကြီးဖြစ်နေလေနေမှာပဲ၊ လူကိုတောင် အ ညောင်းဖြေ အပန်းဖြေရသေးတာပဲ၊ စိတ်ကိုလဲ အ ညောင်းဖြေပေးရအုံးမှာပဲ ညိုရဲ့"

ညိုသည် စောဒကမတက်ဘဲ စိတ်မပါလှပုံနှင့် သာ ဖိနပ်ထုတ်စီးသည်။ ညိုကိုင်ထားသော ပိုက်ဆံအိတ် မှာ ကြီးမပါ ကိုင်းမပါ လက်ကသာကိုင်ရသော စစ်တမ်း ပိုက်ဆံအိတ် ရိုးရိုးတုံးတုံးပဲဖြစ်သည်။

"သမီးကြီး ဘွားဘွားထမင်းစားခိုင်းရင် စားနော် ပြီးရင် ကိုယ့်ပန်းကန်ကိုယ်ဆေး၊ နေ့လယ်ကျ သိ မဆော့နဲ့၊ မောင်လေးလဲထိန်းအုံး၊ မောင်လေး



ခဏနေရင် နိုးလိုက်နော်"

"ဟုတ်ကဲ့"

ညို့သမီးကြီးနှင့် မိ သားကြီးနှင့် ရွယ်တူ မတိမ်းမယိမ်းပင်။ လိမ္မာပုံကလေးရပါသည်။ မိတို့ထွက်လာ သောအခါ ညို့မေမေက ကြည့်ကြည်ဖြူဖြူ နှုတ်ဆက်တဲ့ ခါးပိုက်ကာကျန်ရစ်သည်။

"ဒီနေ့က ညနေမီးပျက်ရက်၊ ညိုတို့ ဘယ်အချိန် ပြန်ရောက်မယ်မသိလို့ ညနေစာပါ ထမင်းအိုးစော တည်ထားခဲ့ရတယ်၊ ဟင်းကတော့ ညမနက်တစ်ကြိမ် တည်းပဲချက်တယ်ကွယ်၊ သမီး ထမင်းအိုးမှားဖွင့်ပြီး ညစာအိုးထဲ ချွေးတွေစစ်ချမိရင်တော့ ညနေကျ ထ မင်းသိုးရင်အခက်ပဲ"

ကားပေါ်ရောက်မှ ညိုက စိတ်မဖြောင့်သလို ညည်းညူသည်။

"ကဲ ... ညို ... တစ်ရက်တလေ ဆန်နို့ဆီဗူး သုံးလုံးလောက်ပစ်ရရင်လဲ နှမြောမနေနဲ့တော့၊ အိမ် ကကိစ္စတွေ မေ့စမ်း၊ ဒါတွေခဏမေ့ဖို့ကို တမင်အပြင် ထွက်လာတာ၊ ဆန်သုံးလုံးလွှင့်ပစ်ရလို့လဲ ညို မွဲ မသွားဘူး"

"မမွဲတာကဟုတ်တယ်၊ ထပ်ချက်နေရမှာစိုးလို့ ချော စုရေ ... ဗာဟီရကများရတဲ့ကြားထဲ အိမ်ကကောင် မလေးကလဲ တစ်နေ့ကမှ တောပြန်သွားတာ၊ လခ တိုးပေးပါမယ်ဆိုတာတောင် မရဘူး၊ တစ်အိမ်တစ်

www.burmeseclassic.com

www.burmeseclassic.com



အိမ် ဖင်မြဲအောင်မနေကြဘူးကွယ်၊ သိပ်စိတ်ညစ်တာပဲ၊ လှည်းကူးဘက်ကို လူလှမ်းမှာထားတာကလဲ လကုန်မှရောက်မယ့်”

“အပူအပန်တွေ ခဏမေ့ထားစမ်းပါ ညီရာ”

“ဘယ်မေ့ထားလို့ရပါ့မလဲ ချောစုရယ်၊ ကိုယ်က အိမ်ရှင်မတစ်ယောက်ပဲ”

“ချောစုလဲ အိမ်ရှင်မတစ်ယောက်ပါပဲ၊ အိမ်ကိစ္စတွေ လုပ်တုံး ခေါင်းထဲထည့်ထားပေါ့၊ အပြင်ကို စိတ်ကြည်လင်အောင်ထွက်တုံး ဒါတွေခေါင်းထဲသယ်ထည့်မလာနဲ့၊ ဒီလိုဆိုရင်ဖြင့် ညီ့မှာ တစ်ချိန်လုံး ဒါတွေပဲတွေး ဒါတွေပဲစဉ်းစားနဲ့ ဘယ်လိုလုပ်စိတ်ကြည်လင်အပန်းပြေမလဲ”

“အလုပ်ကတစ်ဖက် အိမ်မှုကိစ္စကတစ်ဖက်နဲ့ အိမ်ရှင်မတစ်ယောက်ဟာ စိတ်ကြည်လင်အပန်းပြေနိုင်စရာရော ရှိသေးလို့လား ချောစု”

“ရှိကိုရှိရမယ်၊ တစ်ချိန်လုံး ဝန်ပဲပိနေရင် ကြာရင် သေမှာပေါ့၊ ဒါဖြင့် ညီ့ဘာဖြစ်လို့ ကျောင်းဆရာမ ဆက်လုပ်နေလဲ၊ ကိုရဲနောင်ဝင်ငွေက ပိုလျှံသားပဲ၊ ညီ့ အလုပ်ထွက်လဲ စားနိုင်ပါတယ်၊ ကျောင်းချိန်တွေ ပိုလာတာပေါ့၊ ဒီတော့ ညီ့ပိုပြီး အနားရမှာပေါ့”

“ကျောင်းမသွားရဘဲ ပိုလာတဲ့အချိန်တွေ အိမ်မှာ အငယ်ကောင်ကို အချိန်ပြည့် ထိုင်ထိန်းနေရမှာပေါ့၊



ကျောင်းကထွက်လိုက်လဲ ဒီကျောင်းချိန်ကြီး ပိုလာမှာမဟုတ်ဘူး ချောစု၊ သူနဲ့ အံကိုက်ညီအောင် လုပ်စရာတွေ တန်းစီထွက်လာမှာပဲ၊ ကျောင်းသွားနေရတာက လခလဲရသေးတယ်၊ စာသင်ရတာတစ်ခုပဲရှိတာ၊ အိမ်မှာက တစ်ခုမက လုပ်စရာတွေပေါ်လာမှာ”

ညီ့ ညည်းညူသံက ခြူသံကိုပါနေပါသည်။ မိသည် ကားမောင်းနေရင်းက ချောစုနှင့်ညီ့စကားကို နားစွင့်၍သာနေမိသည်။ ဝင်မဆွေးနွေးမိ။

“ကိုယ့်ကျောင်းကိုယ်တက်ရ ... သမီးရဲ့ကျောင်း ယောကျ်ားရဲ့အလုပ်သွားဖို့အတွက် စီစဉ်ပေးရ၊ အိမ်မှာ အမေနဲ့ အငယ်ကျန်ခဲ့တဲ့သူတွေအတွက် စီစဉ်ခဲ့ရ၊ အိမ်ဖော်မရှိရင် ကိုယ်တိုင်၊ အိမ်ဖော်ရှိလဲ ကိုယ်ပါ,ပါရသေးတာပဲ၊ ကိုရဲကလဲ ဟိုဟာရှာနိုင်း ဒီဟာယူခိုင်း လက်တိုလက်တောင်းသိပ်ခိုင်းတာပဲ၊ တစ်ချိန်လုံး တညီညီနဲ့ခေါ်နေတာပဲ၊ အိမ်ပြန်ရောက်ရင်လဲ မနားရဘူး၊ ညနေကိစ္စတွေပေါ်တယ်၊ ကလေးကို စာသင်ရတာ၊ စာမေးရတာ၊ အရွယ်မရောက်သေးတဲ့ အငယ်ကောင်ကို တချီချီတပိုးပိုးလုပ်ရတာ၊ အို ... ဘာတွေမှန်းကိုမသိဘူး ... အိပ်ရာဝင်ခါနီးအထိ ရှုပ်ပွေနေတာပဲ၊ အိပ်ရာထဲ ကျောခင်းတာတောင် အငယ်ကောင်ကို မိတ်ကုတ်ပေးရတယ်၊ မီးပျက်တဲ့ညဆို ... ဒင်းတို့တစ်သိုက်လုံးကို ယပ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ခတ်ပေးရသေးတယ်၊ မခတ်ပေးရင် အိုက်တယ် အော်ဟစ်နေတာ ••• ကိုယ်တိုင်တော့ ခတ်ကြတာ မဟုတ်ဘူး၊ အိမ်ရှင်မဆိုတာ ကိုယ့်ဟာကိုယ်လပ် မြင်ပြီးလုပ်ရတာကတစ်မျိုး လင်ကခိုင်းတာတစ်မျိုး၊ သားကခိုင်းတာတစ်မျိုး ••• အို ဂျင်ခြေကိုလည်နေတာ၊ အိမ်ရှင်မအဖြစ်ကတောင် နှုတ်ထွက်ပစ်ချင်တယ်"

"အမလေး မညိုရယ် ••• မညိုလုပ်ရတာတွေက မိရဲ့သုံးပုံတစ်ပုံ လေးပုံတစ်ပုံလောက်ပဲ ရှိအုံးမယ် ထင်တယ်၊ မိ,ညည်းဖို့ထားပါအုံး"

"ထားပါတယ်၊ မိ,ကညည်းပါလား၊ ဘာလို့မညည်းလဲ"

"ညည်းရင်လဲ မထူးဘူးလေ"

"ဟုတ်ပါ့တော်"

ညို့ရဲ့အားရပါးရ 'ဟုတ်ပါ့တော်' ကြောင့် ချောစုနှင့်မိတို့ ရယ်မိကြပါသည်။

"ဘုရားရှိခိုးနေတုန်း ••• စိတ်လေးအေးချမ်းရတယ်၊ ဒါကြောင့် အချိန်ပြည့် တရားအားထုတ်နိုင်ရင် အေးမှာပဲတွေးမိတယ်၊ စနေ တနင်္ဂနွေဆိုရင် အလုပ်ကရှုပ် ••• မေမေက ရိပ်သာသွားလို့မရှိ၊ အရေးထဲ အပြင်ထွက်ချင်လည်ချင်သေး"

"မိန်းမခေါ်ပြီးလည်ချင်တာ သူ တော်တာပေါ့"

"မတော်ရင်နေပစေ၊ ပင်ပန်းတဲ့ကြားထဲ မပြင်ဆင်



ချင်ပါဘူး၊ အပြင်ထွက်ရအောင် မယ်မယ်ရရကိစ္စလဲ မရှိဘဲနဲ့၊ ကလေးထားရစ်ဖို့ဆိုရင် မေမေ့ကိုရိပ်သာမသွားဖို့ ဆွဲထားရအုံးမယ်၊ ကလေးပါခေါ်သွားရင်လဲ ရှုပ်ပွေလီနေတာ၊ သူတို့ဝေယျာဝစ္စ အထုပ်အပိုးတွေနဲ့၊ ကိုယ်တိုင်လဲ စနေ တနင်္ဂနွေဆိုရင် အနားယူချင်တာ၊ အိပ်ရာထဲလှဲပြီး ဝတ္ထုလေးဘာလေး ဖတ်ချင်တာပေါ့၊ အဲဒီအခွင့်အရေးလေးတောင်မှ မရဘူး၊ ညို့ကိုဖွဲ့မရှိဘူးပြောရင်ပြော၊ ဒီလောက်ရှုပ်ယှက်ခတ်ရ စိတ်ပင်ပန်းလူပင်ပန်းရမယ်ဆိုတာ ကြိုသိရင် ယောကျ်ားမယူခဲ့ဘူး၊ ညို့က အေးအေးငြိမ်းငြိမ်းနေချင်တာ"

"ဘာလို့ ကိုရဲနောင်ကိုယူခဲ့သေးလဲ"

"ဒင်းက လက်ထပ်ခွင့်တောင်းလာတာကိုး၊ မှားပြီးယူမိတာ၊ ဒါတောင် ကလေးနှစ်ယောက်တည်း မွေးထားလို့၊ ညို့က စိတ်များလို့မရဘူး၊ စိတ်တွေများလာရင် ပျာယာခတ်လာရင် ••• မူးတတ်တယ်၊ နေမကောင်းတော့ဘူး၊ လူနေမကောင်းမှတော့ စိတ်လဲကြည်လင်အုံးမလား၊ ဒီလိုပဲ မုန့်လုံးစက္ကူကပ်ပြီး ••• "

" ••• ညို့က ဒုက္ခတွေထဲက ရုန်းဖို့ကြိုးတာသက်သက်ပဲ၊ အိမ်ထောင့်ကိစ္စကိုရှောင်ရင်လဲ အစောကြီးကတည်းကရှောင်၊ မရှောင်ဘဲတိုးဝင်လာပြီးမှတော့ ကိုယ်လွတ်ရုန်းလို့မရဘူး"

"နေပါအုံး ••• ဒါတွေဆွေးနွေးဖို့ ချောစု ကြိုတင်

www.burmeseclassic.com



ရည်ရွယ်လာတာလား”

“အစစ်ပေါ့၊ ကိုရဲနောင်ကလဲ ညို့ကိုပျော်ရွှင်တက်ကြွစေချင်တယ်”

“ဟင် ··· ဒင်းစနက်၊ နေနှင့်အုံး၊ ညနေအိမ်ပြန်တွေ့မှ သိမယ်”

မိက ညို့ကြိမ်းဝါးသံကို ရယ်မောလိုက်မိပါသည်။

“မိတို့အဖို့က ရယ်နိုင်တယ်၊ အိမ်ဖော်က နှစ်ယောက်သုံးယောက်၊ အမျိုးတွေလဲ အိမ်ပေါ်ရှိသေး၊ ချောစုဆိုလဲ အိမ်ဖော်နှစ်ယောက်သုံးယောက်နဲ့ မိဘအိမ်ကတစ်လမ်းတည်းကပ်ရက်၊ ညီမအပျိုတွေက အနည်းဆုံး ကလေးတွေအိမ်ခေါ်ကြည့်ထားနိုင်တယ်၊ ပိုက်ဆံဆိုလဲ ချောစုတို့က ညို့လောက်တိုင်းထွာမသုံးရပါဘူး၊ ချောစုနဲ့မိတို့ယောကျာ်းတွေ သိန်းဂဏန်း ငွေဝင်ကြတာပဲ၊ စရိတ်စကတွေ ဘယ်လိုရှိပြီး တစ်လ အိမ်စရိတ်ဘယ်လောက်ရှိတာ မိရော ··· ချောစုရော အသိပဲ၊ ညို့တို့လဲ သာမန်ဝန်ထမ်းတွေထက် ချောင်လည်ပေမယ့် ကိုရဲရတဲ့ လခလေးသောင်းခွဲဟာ ဦးနှောက်ခြောက်အောင် ခွဲခြမ်းစီမံပြီးသုံးရတာ၊ လကုန်ငွေကုန်အတိပဲ”

“ဝင်ငွေနဲ့ထွက်ငွေကလဲ ··· သူ့ခြေရာနဲ့သူ အထိုက်အလျောက် လိုက်တိုးပြီး ကြီးရတာပဲ ညို့ရဲ့၊ ဝင်ငွေပိုသလို ထွက်ငွေလဲပိုတာပဲ၊ အိမ်ထောင့်ဗာဟီရ



အနေနဲ့က မိ့က ညို့ထက်ပိုသေးတာအမှန်ပဲ ညို၊ ကားမောင်းတတ်နေတော့ အပြင်ကိစ္စတွေပိုလာတာပေါ့၊ ဒီလိုပဲ ကြည့်ဖြေရှင်းရပ်တည်ရတာပဲ၊ စိတ်ပျက်စိတ်ဓာတ်ကျလို့မရဘူး ညို့ရဲ့”

ချောစု ကြိုပြောထားသဖြင့် မိက ယုဇနပလာဇာဆီ ဦးတည်လာနေတာဖြစ်ပါသည်။ ကားကို ပထမထပ်ကားပါကင်နေရာရောက်အောင် မောင်းတက်လိုက်မှ ညိုသည် ဘေးဘီကြည့်ကာ အံ့သြသွားသလို ···

“ဟယ် ··· ဒါက ဘယ်မှာတုံး”

“ဒါ ··· ယုဇနပလာဇာပဲ ··· ဒေါ်ညိုညိုအောင်ရေ”

“အပေါ်ထိကားနဲ့တက်မလို့လား ··· ဖြစ်ရဲ့လားဟင်မိ”

ညိုက နောက်ခန်းမှနေပြီး ရှေ့က ကုလားထိုင်ရဲ့အမှီကို ဆုပ်ဆွဲကိုင်ကာ အလန့်တကြားမေးသည်။

“တောကတက်လာတာကျနေတာပဲ ညိုရယ်”

ချောစုက ညည်းညူသည်။

“အစစ်ပဲ ··· ကိုယ်မှ မရောက်ဖူးဘဲဟာ”

“ညို ··· ဒီလိုစတိုးတွေ၊ ပလာဇာတွေ၊ ရှုပါမားကက်တွေ တစ်ခါမှမရောက်ဘူးလား”

“ဟင့်အင်း ··· တီဗီထဲပဲ တွေ့တယ်”

“အမလေးနော် ··· အံ့ပါရဲ့ ဒေါ်ညိုညိုအောင်ရယ်”

“မိလဲ အစုံရောက်တာပဲပေါ့ ဟုတ်လား”

“မိ့က ကားတစ်စီးနဲ့ ခရီးယ်အခြမ်းထွက်နေရတော့

www.burmeseclassic.com

www.burmeseclassic.com



နေရာစုံရောက်တယ် မညို"

"ရှင်တစ်ယောက်ပဲ လူဖြစ်ကျိုးမနပ်ဖြစ်နေတာ ညိုရေ့"

"မရောက်လဲနေပါစေ ချောစုရယ်၊ ဒီရောက်အောင် ကားငှားလာရရင် သုံးရာတော့ပေးရမှာ၊ ဘာမှမဝယ်ပဲတောင် အသွားအပြန်ခြောက်ရာပဲ"

"ကိုရဲနောင်တစ်ယောက်လုံး ဘာလုပ်ဖို့ထားလဲ၊ ရုံးအားရက် သူ့ကားနဲ့လိုက်ပို့ခိုင်းပေါ့၊ သူ့ဟာသူမသွားတာများ"

"ညိုလဲ ဘာမှမလိုချင်၊ ဟိုကြည့်ဒီငေးလဲ ညိုက ဝါသနာမပါ၊ မသွားတာက အေးပါတယ် ချောစုရာ၊ ပိုက်ဆံလဲ အပိုမကုန်ဘူး၊ အခုရော ... ချောစုနဲ့မိ ... ဝယ်စရာရှိလို့လား"

"ဝယ်စရာတွေ့ရင်လဲတွေ့ ... မတွေ့လဲ ဘာတွေပေါ်နေတယ် ... ဘာတွေဈေးကွက်ထဲရောက်နေတယ် ဈေးဘယ်လောက်ရှိတယ် သိရတာပေါ့"

"မသိရလဲ ဖြစ်ပါတယ် ချောစုရယ်၊ ဟိုမှာ အက်စ်ကယ်လေတာကြီးတွေပါလား၊ ရိုးရိုးလှေကားမရှိဘူးလား၊ ညိုက အဲဒါကြီးတွေ သိပ်စီးရဲတာမဟုတ်ဘူး၊ မစီးရဲဆို တစ်ခါမှတက်မစီးဘူးသေးတာ"

ချောစုနှင့်မိမှာ ... တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မိပါတော့သည်။ ဒီလောက်တောင်ညို အိမ်တွင်းအောင်းတာ ခုမှသိရသည်။ သူ့လိုတော့လည်း



လွန်ပါတယ်လို့ မိက မှုမှုတတတွေးကြည့်ပါသည်။ အဲသလောက်ကြီး ပတ်ဝန်းကျင်လောကကို စိတ်မဝင်စားတော့ တာကျတော့လည်း ချိုယွင်းချက် ဆန်လာပေမည်။

ဆဲ ဖြ

www.burmeseclassic.com

www.burmeseclassic.com

# ၄

"မောင် ··· ထမင်းမစားသေးဘူးလား၊ မိ ဗိုက်ဆာပြီ၊ သားတို့လဲကျွေးပြီးပြီ"

သားတို့ရဲ့ တီဗီဂိမ်းစက်ကိုဖွင့်ဖြုတ်ကာကြည့်နေသော ဇော်ရှင်းက မိ့ကိုခေါင်းမော်မကြည့်အားဘဲ ···

"ဟာ ··· ခြောက်နာရီတောင် ကောင်းကောင်းမထိုးချင်သေးဘူး၊ မောင် မဆာပါဘူး မိရာ ··· မိ့က ဆာပြီလား"

"ဆာပြီ ··· မောင်က သားတို့နဲ့တစ်ချိန်လုံး ခုတင်ပေါ်အလျားမှောက်ပြီး အရုပ်ဆွဲလိုက်၊ ဂျစ်ဆောဆက်လိုက်၊ ဆေးရောင်ခြယ်လိုက်လုပ်နေတာ၊ မိ့က တစ်အိမ်လုံး ရှေ့နဲ့နောက် ပြေးလွှားနေရတာ ခြေလှမ်းတွေ



ဆွဲဆန့်လိုက်ရင် ဒီနေ့လမ်းလျှောက်ရတာ အရှည်မိုင်ပေါင်း သုံးလေးမိုင်ရှိမလားဘဲ၊ ဗိုက်ဆာတာပေါ့"

"သူ့ဟာသူထိုင်မနေဘဲ လျှောက်နေပြီးတော့"

"လျှောက်ရတယ် မောင်ရေ့ ··· မလျှောက်လို့ရရင် လှဲနေ ထိုင်နေချင်တဲ့သူချည်းပဲ၊ အဲဒီ တီဗီဂိမ်းကို ဦးနှောက်ခြောက်မနေနဲ့၊ အထဲမှာ လေးဘက်လေးတန် ကာဗွန်ဖု လေးခုပါတယ်မဟုတ်လား၊ အရုပ်မရွေ့ဘဲ ကပ်နေတဲ့ကာဗွန်ဖုကို တံတွေးနည်းနည်းဆွတ်လိုက်၊ ရသွားလိမ့်မယ်"

ဇော်ရှင်းသည် မိ့ကို အံ့အားတသင့်မော့ကြည့်နာခေါင်းရှုံ့ရင်း ···

"တံတွေးဆွတ်ရမယ်"

"ဟုတ်ကဲ့ရှင် ··· ကြားတဲ့အတိုင်းပဲ"

"ဘာဆိုင်လို့လဲ"

"ဘာဆိုင်လဲတော့ မိ့လဲမသိဘူး၊ ဟိုတစ်ခါ မိပြင်ပေးတုံးက တံတွေးဆွတ်မိတာ အရုပ်ပြန်ရွေ့သွားတယ်"

"ကံကြံဖန်ဖန် မိ့က ဘာလို့တံတွေးသွားဆွတ်ကြည့်တာလဲ"

"ဖုလေးတွေမှာ ဖုန်ကပ်သလားလို့ တံတွေးဆွတ်ပြီး အလွယ်တကူပွတ်ကြည့်လိုက်မိတာပဲ ··· ဟီးဟီး"

ဒီလိုရယ်မောလိုက်ပြန်တော့လည်း မိမိမြိုင်ချက်နှာလေးဟာ ကလေးသဖွယ်ဖြစ်သွားရလေသည်။ ဇော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသည် မိ ပြောသည့်အတိုင်း တံတွေးဆွတ်ပစ်ကာ ခ
လုတ်ကိုပြန်နှိပ်ကစားကြည့်သည်။

"ဟာ ..."

ကပ်နေသောခလုတ်ကြောင့် အရုပ်ဟာ နောက်
ဆုတ်မရခဲ့။ ခုတော့ တတီတီအသံနှင့်အတူ နောက်ဆုတ်
လို့ရသွားလေပြီ။ ဇော်ရှင်း အံ့အားသင့်သွားမိပါသည်။ အံ့
ဖွယ် မိ ...။ သူပဲ နည်းဆန်းကိုရှာဖွေတွေ့နိုင်သည်။

"ဟာ ... ရသွားပြီ၊ ဘယ်လိုဖြစ်တာလဲ၊ ဒါ ဘာ
သဘောကြောင့်လဲ"

"မပြောတတ်ဘူး"

"သိပ္ပံပညာရှင်တွေတောင် သိပါ့မလား၊ ဒီစက်
ထွင်တဲ့သူတောင် သိပါ့မလား ... ဟင် ...

"ဒါကြောင့် မောင်တို့တွေ ကိုယ့်မိန်းမကိုယ် အထ
မသေးသင့်ဘူး"

"မသေးရပါဘူး မိရယ်၊ ဖြစ်နိုင်ရင် နိဘယ်လ
ပေးချင်ပါတယ်"

လက်နှိပ်ခလုတ်ပြားကို ဝက်အူတွေပြန်တပ်

"တစ်ခုတော့ရှိတယ်"

မိကို စေ့စေ့ကြည့်ကာ ပြောလိုက်ပါသည်။

"ဘာလဲ"

"ဒေါ်မိမိမြိုင် ကိုယ့်ဗိုက်လဲ ကိုယ်ပြန်ကြည့်အုံး
နေပါလား၊ လူလဲ သိပ်ဝတာမဟုတ်ဘဲနဲ့ ဗိုက်ပူ
လား၊ အလကားနေ အပင်ပန်းခံလုပ်ပြီး စား





တစ်ဖြုန်စ်ဖြုန်စားတာကိုး၊ ပူမှာပေါ့၊ လေ့ကျင့်ခန်းလေး
ဘာလေး မလုပ်ဘူးလား"

"လေ့ကျင့်ခန်း! ... မောင့်မိန်းမ လေ့ကျင့်ခန်းလုပ်
တာ ဘယ်တုံးကတွေ့ဖူးလို့လဲ"

"အရင်မလုပ်လဲ ခုလုပ်ပေါ့၊ အရင်က ဘာမှမဖြစ်
ဘူး၊ အခုဗိုက်က ပူချင်နေပြီ"

"မလုပ်မဖြစ်တာတွေနဲ့ ပင်ပန်းရတဲ့ကြားထဲ လေ့ကျင့်
ခန်းများ အမောခံလုပ်ရဦးမယ်လို့ ... သတ်သာပစ်
လိုက်တော့၊ မောဖို့အကြောင်း လာမပြောနဲ့၊ မိ,တော့
ထမင်းစားပြီ၊ အူတွေမြည်နေပြီ"

မိမိမြိုင်က လှည့်ထွက်သွားပါသည်။ ဇော်ရှင်း
က မိမိမြိုင်နောက်မှ ကပ်လိုက်လာခဲ့သည်။ ဒီတစ်ခုဟာဖြင့်
ရေရှည်မှာ လူကိုပုံပျက်လာစေနိုင်တာမို့ ... မဖြစ်ဖြစ်သည့်
နည်းနှင့် ကာကွယ်ဖို့ တက်တက်ကြွကြွ နားပူရပေမည်။
ရိုးရိုးအလှမပြင်လို့ ကပိုကရိုနိုင်နေတာနှင့် သဘောချင်း
မတူ ...။

"ဒေါ်မိမိမြိုင် ... ထမင်းကိုကြည့်စားပါ၊ အဆီကို
လျှော့စား၊ ချိုတာတွေလျှော့စား၊ လူကို ဗိုက်ထွက်စေ
မယ့် ဝိတ်တက်စေမယ့်အစားတွေရှောင်ပါ"

ဇော်ရှင်းက တတွတ်တွတ် အော်ပြီးလိုက်လာ
သလို ... မိ,ကလည်း ...

"ရှင်ယူထားတာ ရိုးရိုးမိန်းမနော်၊ မိုဒယ်လ်ဂဲလ်
မဟုတ်ဘူး၊ မယ်ကိုယူထားတာလဲ မဟုတ်ဘူး၊ ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



တတ်ရင် စောစောတည်းက ဒါမျိုးထဲက ရှာယူခဲ့ပေါ့။ ဘာလို့ သာမန်မိန်းမကိုယူပြီး မတရားမျှော်လင့်ချက်ထားနေသလဲ"

တစ်ခွန်းမခံအော်ပက်၍ ထမင်းပွဲဆီ ရှေ့ဆက်ချီတက်သွားနေပါသည်။ အဲဒီတုံး ဧည့်ခန်းမှ ဖုန်းထ,မြည်လာသဖြင့် ဇော်ရှင်းသည် မိ,နောက် ဆက်မလိုက်ဘဲ ဖုန်းကိုကောက်ကိုင်လိုက်ရပါသည်။

"ဟယ်လို"

"ဟော့ကောင် ... ဇော်ရှင်း"

"အော် ... အေး ... အေး"

"မင်း အားလား"

"အားသားပဲ ... ဘာလုပ်မလို့လဲ ပြော"

"ဘီယာသောက်ချင်လို့ကွာ၊ အဖော်မရှိလို့ လာမှာပါလား"

"ဘီယာ ... !!"

"အေး ... ဘာလဲ ... မိ,ကိုတင်ပြရအုံးမလား မြန်မြန်တင်ပြလိုက်ကွာ ... ကြာတယ်"

ဇော်ရှင်းက ဖုန်းခွက်ကိုလက်နှင့်ပိတ်ပြီး ထမင်းစားခန်းဘက် ခေါင်းပြူလိုက်ပါသည်။

"မိ ... "

"ဘာလဲ မောင်"

"အောင်ခိုင် ... အောင်ခိုင် ... ဘီယာသွားသောက်ဖို့ အဖော်စပ်ချင်လို့တဲ့"



"အဲဒီတော့ ဘာဖြစ်တုံး"

"မောင် သွားရမှာလားလို့ပေါ့"

"အမယ်လေး ... ကိုယ့်ကိစ္စကိုယ်ဆုံးဖြတ်ပေါ့၊ သူများခေါင်းပေါ်လာချအုံးမယ်၊ သွားချင်လဲသွား ... မသွားချင်လဲနေ၊ မောင့်သဘော ... ဘာမှတရားခံမတပ်နဲ့"

"သွားမယ် ... နော်"

"သွား ... မိလဲစားမှာပဲ"

ဇော်ရှင်းက မိ,ကိုမျက်စောင်းထိုးကာ ဖုန်းကိုပါးစပ်ဆီ ပြန်ကပ်လိုက်ရင်း ...

"ဟော့ကောင် ... လာမယ်လေ၊ ဘယ်ကိုလာရမလဲ"

"ဝင္ဍလစ်က မင်းရော ငါရော ... နီးမယ်"

"ကောင်းတယ်၊ လာမယ်၊ ဒါပဲနော် ... ဟော့ကောင်"

"အေး"

ဇော်ရှင်းက ဖုန်းကိုချကာ ထမင်းစားခန်းဘက် လှမ်းကြည့်လိုက်ပြန်ပါသည်။ မိရဲ့ပန်းကန်ထဲက ထမင်းတစ်ခါပြင်ဟာ လုံးရုံမဟုတ်ဘဲ မောက်လျှံနေသည်။ တစ်နေကုန် တလှုပ်လှုပ်နှင့် လူကပင်ပန်း ... ဗိုက်က ဟာ။ ဗိုက်က ဟာတော့ သရဲမရဲစားကာ ... မကြာခင်မှာ လူကပုံပျက်လာတော့မည် သေချာနေသည်။ ပုံမပျက်လှခင်ကတည်းက လူက မပြင်ချင်မဆင်ချင် ... သူ့ကိုယ်သူ မလှတော့ပါဘူးထင်လိုထင် ... ။ အင်း ... မဖြစ်သေးဘူး။ ဘဝတစ်ခုအရေးမှာ ဒါဟာ ဘယ်လောက်များ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



နေလို့လဲရယ်လို့ ဆောဒကတက်ချင်သူတွေ ရှိကောင်းရှိပေမည်။

အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတဲ့စကားပုံကို ဒီအချိန်မှာ ဇော်ရှင်းက ကိုးကားရပေမည်။ သေးသေးလေး ထင်ရတဲ့ အရေးကိစ္စတစ်ခုဟာ အကြီးအကျယ်ကြီးဖြစ်သွားနိုင်သည်။ အတော်ပါပဲ ... ။ အောင်ခိုင်ဆီသွားမည် ... တွေ့မည် ... မေးမည်ရယ်လို့ စိတ်ထဲတေးမှတ်ထားတာ ကြာပြီဖြစ်သော်လည်း ရောက်ကိုမရောက်။

ရုံးဖွင့်ရက်ကျမအား ... ။ ရုံးပိတ်ရက်ကျတော့လည်း မိန်းမနှင့်သားတွေအနား အချိန်ပေးချင်ပါသေးသည်။ ကိုယ်တိုင်ကလည်း ကိုယ့်အိပ်ရာကြီးပေါ် ပစ်လှဲနေရခြင်းရဲ့အရသာကို ဖိမ်တွေ့တတ်သူတစ်ယောက်ဖြစ်သေးရာ တော်ရုံနှင့် အောင်ခိုင်နှင့်ချိန်းဖို့ မကြိုးစားခဲ့မိ။ ခုတော့ ... သူကစပြီး ဘီယာသောက်ဖို့အဖော်ခေါ်တာမို့ အတော်ပါပဲ။

ဒီနေ့ပဲ ... အောင်ခိုင့်ကိုမေးစရာတွေမေး ... ဆွေးနွေးစရာတွေ ဆွေးနွေးရမည်။ ဇော်ရှင်းက အဝတ်အစားလဲကာ ကားသော့ယူပြီး အိမ်ကအထွက် ... မိရဲ့ထမင်းစားခန်းဘက်ကိုလည်း ကြည့်ခဲ့ပါသေးသည်။ မိ,ဟာ ခုထိ ထမင်းစားမပြီးသေး။ ထပ်များယူသလားမသိ။ ဇော်ရှင်း လှမ်းကြည့်တာကိုမြင်လျှင် ...

“မောင် ... တော်ရုံသောက်အုံး”

“အင်းပါ ... မိ,လဲ တော်ရုံစား”

“အိ ... ကိုယ်အိမ်မှာကိုယ် ထိုင်စားတာ၊ စား



ပဲနင့်နင့် ... မောင်က ကားမောင်းပြန်ရမှာ၊ သိပ်လဲ နောက်မကျနဲ့၊ ဘယ်ဆိုင်လဲပြောအုံး။ စိတ်ပူရင်လိုက်ချလာမှာ၊ ဒါပဲ”

“ဗွတ္တလစ် ဆိုင်ပါ”

“အပြန်ကျ ဖြေးဖြေးမောင်းနော်”

ဇော်ရှင်းသည် ခြံထဲက သားနှစ်ယောက်ကို နှုတ်ဆက်မွှေးရှုံ့ကာ သူတို့ မကြာမကြာဆုံနေကျဖြစ်သော ဗွတ္တလစ်ဒေါင့်က ဘီယာဂါးဒင်းကို ထွက်ခဲ့ပါသည်။ အောင်ခိုင့်အိမ်က ရွှေဂုံတိုင်တွင်ဖြစ်ရာ ... ပိုတောင်မှနီးသလိုရှိပြီး ရောက်လည်းရောက်နှင့်နေလေပြီ။ အောင်ခိုင့်ကားတွေ့တာမို့ ... ဇော်ရှင်းက ဆိုင်ထဲတန်းဝင်လာခဲ့လျှင် အောင်ခိုင်ကို စားပွဲတစ်လုံး၌ အသင့်တွေ့လိုက်ရပါသည်။

“မင်း ချက်ချင်းရောက်သားပဲ၊ ငါ ရဲနောင်ဆီလဲ ဆက်ဆိုက်သေးတယ်ကွ”

“ဘာတဲ့လဲ”

“ညီညီအောင် သူ့အမေနဲ့ ဘုန်းကြီးကျောင်းလိုက်သွားလို့တဲ့ကွာ၊ အိမ်မှာ ကလေးတွေနဲ့သူပဲရှိလို့ မလာနိုင်တော့ဘူးတဲ့၊ ဒီကောင်လဲ ဒုက္ခပဲ”

“သူ့မလာရင်လဲအတော်ပဲ၊ ငါလဲ မင်းကိုမေးစရာရှိလို့”

“ဘာလဲ”

“မင်းပဲ ငါနဲ့နှစ်ယောက်ချင်းကျမှပြောမယ်ဆိုတဲ့ဟာလေ၊ အခု နှစ်ယောက်ပဲရှိတုန်း ပြောပြစမ်းပါအုံး”

www.burmeseclassic.com

www.burmeseclassic.com



"အော ... ဆရာတင်ချင်တယ်ပေါ့"

"လုပ်စမ်းပါကွာ ... မင်းပြောတဲ့ပတ်ဝန်းကျင်နည်းကို ငါ့ရုံးကသူနဲ့ခင်တဲ့ ရုံးသူတွေနဲ့စမ်းသပ်ကြည့်တယ်၊ မစွံလှဘူးကွာ၊ သူတကယ်မလှဘဲနဲ့ လှပါတယ်လို့ တစ်ထိုင်တည်း သုံးယောက်တိတိက ချီးကျူးသွားတာ တစ်ခုခုပဲဆိုပြီး ငါ့ဘက်ကိုတောင်မြားဦးပြန်လှည့်ချင်လာလို့ မနည်းငြင်းရတယ်ကွာ"

"မင်း ပြောခိုင်းတာ သိသွားလို့လား"

"သိတော့မသိဘူး၊ ဒါပေမယ့် ရုံးမှာ ငါက ... ဝန်ထမ်းသစ်အမျိုးသမီးအပေါ် မရိုးသားတဲ့သဘောရှိလို့ ရုံးကရိပ်မိကြပြီး သူ့ဘက်ကိုသနားပြီး မဟုတ်ဘဲ လုပ်ကြံချီးမွမ်းကြတာတဲ့ကွာ"

"ဟား ဟား ဟား ဟား"

အောင်ခိုင်က အသံပြကြီးနှင့်အော်ရယ်လိုက်ပါသည်။

"မင်းက တစ်ရက်တည်းပြုပြီး အားလုံးကိုပြောခိုင်းလိုက်တာ မှားတာပေါ့၊ ငါပြောတုံးက ဘယ်လိုပြောလဲ၊ ငါ့ခယ်မတွေကို ရက်ခြားရက်ခြား ... မသိမသာပြောခိုင်းတာကွ၊ မင်းဟာက တစ်နေ့တည်းမှာ အားလုံးပြုပြီး တစ်ယောက်ပြီးတစ်ယောက်လာပြောတော့ ... အပြောခံရတဲ့သူအဖို့ ကြောင်တက်တက်နဲ့ သံသယဝင်ချင်စရာဖြစ်တာပေါ့"

"ငါ့ရုံးကို မိ,ကလာခဲ့တယ်လေ၊ ရုံးကလူတွေနဲ့ဆုံ



ဖို့က သိပ်ရှိတာမဟုတ်ဘူး၊ ဒါကြောင့် ဆုံတုံးလေး ပြောခိုင်းရတာ"

"သွားပြီပေါ့ကွ၊ ဒီနည်းဆက်မသုံးနဲ့တော့၊ နောက်ကို ပတ်ဝန်းကျင်က အဲသလိုလာချီးမွမ်းရင်တောင် သူ့စိတ်ထဲ သို့လောသို့လော ဖြစ်တော့မယ်၊ ပထမဆုံးတစ်ခေါက်နဲ့တင် မင်းက ပိပိရိရိမှမရှိလိုက်ဘဲ၊ အချောင်သက်သက် မင်းပါ ကြာကူရီဖြစ်ရအုံးမလို့၊ ကံကောင်းလို့"

"အေး ... လုပ်စမ်းပါအုံး အောင်ခိုင်ရာ၊ ငါ ဘာဆက်လုပ်ရမလဲ"

ဇော်ရှင်းက အောင်ခိုင်မှာထားသော ဂျားထဲမှ ဘီယာကို ငှဲ့ယူမော့သောက်လိုက်ရင်း ရှုံ့ရှုံ့မဲ့မဲ့ဆိုသည်။

"တစ်နေ့တခြား စိတ်တိုအပေါက်ဆိုးလာပြီး မပြုံမပြင်မှုကလဲ တိုးတောင်တိုးလာတယ်၊ အဆင်အယင်ရှိရုံမကဘဲ ... လူပါတဖြည်းဖြည်း ဝ,စပြုဖို့အရိပ်ပျိုးနေပြီ၊ ဗိုက်က အရင်ဆုံးဇာတိစ,ပြလာပြီ"

"မိမိမြိုင်က ဒီလောက်လဲ မဝသေးပါဘူးကွာ"

"ဝတော့မယ်ကွာ၊ ငါအသိဆုံးပေါ့"

အောင်ခိုင်က စီးကရက်မီးညှိကာ အချိန်ဆွဲနေပြီးမှ ...

"ငါ့နည်းက ငါသာ သတ္တိရှိရှိလုပ်ပစ်ဝံ့တာ၊ မင်းလုပ်ဝံ့ချင်မှတောင် လုပ်ဝံ့မယ် ဇော်ရှင်းရ၊ သတ္တိရှိဖို့မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်တောင်ထိ သတ္တိရှိဖို့လိုလို့လဲကွာ၊ ငါ သတ္တိရှိပါတယ်"

"ရိုးရိုးသားသားသတ္တိ မဟုတ်ဘူးနော် ဇော်ရှင်း၊ ဒီကိစ္စဟာ နည်းနည်းနောနော မလွယ်တဲ့ကိစ္စမဟုတ်ဘူး၊ တော်တော်မလွယ်တဲ့ကိစ္စ၊ ကိုယ့်ကိုကိုယ်ရော ကိုယ့်မိန်းမအပေါ်ရော ယုံကြည်စိတ်ချမှုအပြည့်အဝရှိမှ ဖြစ်နိုင်မှာ"

"ကိုယ့်ကိုကိုယ် ဘယ်လိုယုံရမလဲ"

"သဝန်မတိုတတ်ဘူးလို့ ယုံလား"

ဇော်ရှင်းက တစ်ခဏစဉ်းစားပြီးမှ …

"မတိုလှဘူးထင်တာပဲကွ၊ မိ,အပေါ် သဝန်တိုခဲ့ရတာ ရည်းစားဘဝမှာပဲ ပြီးဆုံးကုန်ဆုံးသွားခဲ့ပြီကွ"

"သေချာလား"

"သေချာသလောက်ပါပဲ … ငါ့ … မိကို သဝန်မတိုတာကြာပါပြီ"

"သဝန်မတိုတော့တာက မိအနား မင်းကလွဲလို့ ဘယ်သူမှမကပ်တာကိုး၊ မိ,က ကလေးမအေဖြစ်နေပြီဆိုတော့ သူ့ပတ်ဝန်းကျင်မှာ သူ့ကိုချဉ်းကပ်ဖို့ကြိုးစားနေတဲ့သူမျိုးရှိတော့မှာမှ မဟုတ်တာ၊ ဒါကို ရှင်းရှင်းသိနေတော့ မင်း ဘယ်သဝန်တိုတော့မလဲ"

"အင်းလေ … ဒါမှန်တာပေါ့"

"မိအနားမှာ ရစ်ဝဲချဉ်းကပ်လာသူရှိမယ်ဆိုရင် မင်း ခံနိုင်ရည်ရှိပါ့မလား"



"ဘယ်လိုလုပ်ရှိမှာလဲကွ၊ မိမိမြှင်ဟာ ဇော်ရှင်း မိန်းမ၊ ကလေးနှစ်ယောက်ရဲ့မိခင်ဆိုတာ ဒီအသိုင်းအဝိုင်း ဒီပတ်ဝန်းကျင်တစ်ခုလုံး သိနေကြတာပဲ"

"သိတာက သိတာလေ၊ ရစ်ဝဲလာ ချဉ်းကပ်လာတဲ့သူရှိရင် မင်းဘယ်လိုနေမလဲ … ဒါကိုပြင်နိုင်သလား၊ ငါ ဒါကိုမေးတာ၊ မင်းစိတ်ကိုပဲဖြေ၊ ပတ်ဝန်းကျင်မှာ ရှိနိုင်တာ … မရှိနိုင်တာတွေ ထည့်မပြောနဲ့"

"ဟ … ငါ့မိန်းမကို တစ်စုံတစ်ယောက်က လာချဉ်းကပ်ရင် ငါဘယ်ကြိုက်မလဲကွ၊ ဒါကို မင်း မေးစရာလိုသလား"

"လာချဉ်းကပ်ရင်လဲ မိမိမြှင်ဟာ မင်းကိုသစ္စာမဲ့ပြီးပါသွားမယ့်မိန်းမစားမဟုတ်ပါဘူးလို့ မင်းမိန်းမကို မင်းမယုံကြည်ဘူးလား"

ဇော်ရှင်းက မေးစေ့ကိုပွတ်နေပြီးမှ …

"ယုံတယ်၊ မိ,ကို ငါယုံတယ်ကွာ၊ မိ,ဟာ ဖောက်ပြန်မယ့် သစ္စာမဲ့မယ့်မိန်းမစားမျိုး လုံးဝမဟုတ်ဘူးကွ၊ ဂုဏ်သိက္ခာနဲ့၊ ဣန္ဒြေနဲ့၊ အကျင့်စာရိတ္တအလွန်ဖြူစင်တဲ့ မိကောင်းဖခင် ဆွေကောင်းမျိုးသန့်မျိုးရိုးက ဆင်းသက်လာတာ၊ မိမှာ ယိမ်းယိုင်ဖောက်ပြားတတ်မယ့်စိတ် မရှိနိုင်ဘူး"

"ယုံတယ်နော်"

"ယုံတယ်ကွာ"

"ဒီလိုဖောက်ပြန်မှာ ယိမ်းယိုင်မှာမဟုတ်ဘူးလို့ လုံး

www.burmeseclassic.com

www.burmeseclassic.com



လုံးကြီး ရဲရဲကြီး ယုံကြည်စိတ်ချနိုင်ရင် ... မိမိမြိုင်အနား ဘယ်ကောင်လာချဉ်းကပ်ချဉ်းကပ် မင်းတုန်လှုပ်နေစရာ မရှိပါဘူး ဖော်ရှင်းရ၊ ကပ်ချင်သလို လာကပ် ... မိမိမြိုင်က တုံ့ပြန်မှာမှမဟုတ်ဘဲ၊ မဟုတ်ဘူးလား"

"သူ မတုံ့ပြန်တာက တစ်ကဏ္ဍ၊ ဟို ... ချဉ်းကပ်လာမယ့်ကောင်က ဒုသနသော ကလေကချေကောင်ဖြစ်မှာပဲ၊ အောက်တန်းစား ကလေကဝကောင်ပဲ၊ ဒီကောင်ကို ငါက ဘယ်လိုကြည့်လို့ရရမလဲ၊ သူများမိန်းမ လာကြာခိုမယ့်ကောင်ကို"

"ဟိုး ... ဟိုး ... ဖော်ရှင်း၊ ဖြစ်မလာသေးပါဘူး၊ ဒီလောက်တောင်ပဲ ဒေါသကြီးရသလားကွာ၊ စကားလုံးတွေကလဲ ကြောက်ဖို့တောင်ကောင်းတယ်၊ ကုန်ပြီလား၊ အဘိဓာန်လှန်ဦးမလား ဟေ့ကောင်"

"ဟုတ်တယ်လေ ... ငါပြောကာ ဘာမှားလဲ၊ ငါ့မိန်းမ ငါယုံတယ်၊ ဒါပေမယ့် သူ့နားကိုတော့ ဘယ်ကောင်မှလာကပ်ခွင့်မပြုနိုင်ဘူး"

"လာကပ်ခွင့်ပြုရမယ်ကွာ"

"ဘာကွ"

အောင်ခိုင်သည် ဖော်ရှင်းရဲ့ ပြူးပြူးပြဲပြဲအမူအရာကြောင့် ပွဲကျကာ တသောသောဖြစ်နေပါသည်။ ဖော်ရှင်းမှာတော့ ချွေးတွေပင်ပျံလာကာ ...

"ဘာလို့ခွင့်ပြုရမှာလဲကွ၊ မင်းစကားက ဘာလဲ၊ ဘာသဘောလဲ ပြောစမ်း"

"ဒီမှာ ဖော်ရှင်း"

အောင်ခိုင်က အရေးပါပါပြောတော့မလို့ စီးကရက်မီးကို ငြိမ်းသတ်လိုက်ပါသည်။

"မိန်းမတွေဟာ အပျိုဘဝက တက်ကြွမှုအပြည့်ရှိခဲ့တယ်၊ တက်ကြွမှုဟာ မိမိကိုယ်ကိုယုံကြည်မှုကလာတယ်ကွ၊ အပျိုဘဝမှာ မိန်းမတွေဟာ ပတ်လည်မှာ ချစ်သူကြိုက်သူတွေဝိုင်းလည်နေတယ်၊ မရှိဘူးဆိုတောင် တစ်ယောက်နှစ်ယောက်တော့ ရှိတယ်ကွာ၊ သူတို့ကိုလာပြီး ချစ်တာကိုခံရတာ၊ ခယဒူးထောက်မှုကိုခံရတာ၊ အနူးအညွတ်တောင်းဆိုမှုကိုခံရတာ၊ သူတို့ရဲ့အပြုအမူ အနေအထိုင် အပြောအဆိုကလေးတွေကို သဘောကျနှစ်သိမ့် သာယာကြည်နူးပြီး စွဲနေတဲ့ယောကျ်ားတွေရှိနေခြင်းဟာ သူတို့ကိုယ်သူတို့ ယုံကြည်မှုကိုဖြစ်ထွန်းစေတယ်၊ ဒီယုံကြည်မှုဟာ သူတို့ရဲ့ခွန်အား၊ သူတို့ရဲ့တက်ကြွမှု၊ သူတို့ရဲ့တောက်ပမှုပဲကွ ...၊

အိမ်ထောင်သည်ဘဝ ရောက်သွားတဲ့အခါ သမရိုးကျထုံးစံအားဖြင့် မိန်းမတွေဟာ ... ဘယ်ယောကျ်ားရဲ့စိတ်ဝင်စားမှု၊ နှစ်လိုမှု၊ ခယမှု၊ ဒူးထောက်မှု၊ တောင်းဆိုမှုကိုမှ မခံရကြတော့ဘူး၊ ဘယ်ခံရမလဲ ... ပိုင်ရှင်ရှိသွားပြီလေ၊ ပိုင်ရှင်ဆိုတဲ့သူတွေကလဲ ယေဘူယျအားဖြင့်တော့ ... ကိုယ်ပိုင်ထားတဲ့

www.burmeseclassic.com



ပစ္စည်းကို စိတ်ချလက်ချ သိမ်းထားလိုက်တာပဲကွ။ ထုတ်ကြည့်လိုက် ပိုကြိုက်လိုက် … ပိုတန်ဖိုးထားလိုက်နဲ့ ဂရုတစိုက်အရိပ်တကြည့်ကြည့်လုပ်တဲ့ပိုင်ရှင်ဆိုတာ အရူးသားကွ"

ဇော်ရှင်းသည် အောင်ခိုင့်ကို စူးစိုက်ကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေမိပါသည်။ ဒီကောင်ဒါတွေ ဘယ်လိုတွေးဆစိတ်ကူးကြည့်ထားပါလိမ့်။ သူဖြင့်တော့ ဒီလိုတွေတစ်ကြိမ်တစ်ခါမှ စဉ်းစားမကြည့်မိဘူးပေ။ မစဉ်းစားကြည့်ဘူးပေမယ့် ကြားရတဲ့အခါမှာတော့ လက်သင့်ခံနိုင်သည့်အခြေအနေမှာရှိသည်။

"ဒီထိလက်ခံလား"

"အင်း … ဆက်ပါအုံး"

"သူတို့ဟာသူတို့ ပိုင်ရှင်ထားလိုက်တဲ့နေရာမှာနေရင်း အဲဒီ သူ့နေရာကလေးမှာ သူ့တာဝန်သူကျေအောင် ကြိုးစားကြရတယ်၊ ခြွင်းချက်ရှိနိုင်တယ်နော်၊ ငါက ယေဘူယျသဘောကိုပြောတာ"

"အင်း … လက်ခံတယ်"

"မိန်းမတွေက သနားဖို့ကောင်းပါတယ်၊ သူတို့နေရာကလေးမှာ သူတို့ရဲ့ပင်ပန်းမှု၊ ငြီးငွေ့မှု ဒေါသသောကတွေအတွက် ထွက်ပေါက်နည်းတယ်၊ အဲဒီအခါ စိတ်ဓာတ်ကျလာကြတယ်၊ ခုနကပြောသလို သူ့ပိုင်ရှင်အပါအဝင် ဘယ်ယောကျ်ားတစ်ယောက်မှရဲ့ စိတ်ဝင်စားမှု၊ နှစ်လိုမှု၊ ခယမှု၊ တောင်းဆိုမှု၊ ဒူးထောက်မှုတွေကိုလဲ လက်ခံမရရှိနိုင်တော့တဲ့အတွက် သူတို့ကိုယ်သူတို့ ယုံကြည်ချက်လျော့နည်းလာတယ်၊ ကြာတော့ ယုံကြည်ချက်မဲ့သွားတယ်၊ အဲဒါဟာ မိန်းမတွေ သူ့ဘဝသူ စိတ်ကုန်ခြင်းရဲ့အစပဲ"



ဇော်ရှင်းက မျက်ခုံးကိုတွန့်ရင်း …

"ဒါဖြင့် မင်းဟာက … မိန်းမတွေအတွက် ယောကျ်ားတစ်ယောက်ယောက် သို့မဟုတ် နှစ်ယောက် သုံးယောက်ရဲ့ စိတ်ဝင်စားနှစ်လိုမှု၊ ဖွဲလမ်းမှုကို အမြဲရနေဖို့ အရေးကြီးသလိုဖြစ်နေပြီပေါ့"

"သက်ထိစ်ရိုက်ထိ၊ ဒါအမှန်ပဲ ဇော်ရှင်း"

"ဟာကွာ … မဟုတ်သေးပါဘူး"

"ပိုင်ရှင်ဆိုတဲ့ကောင်တွေကလဲ အကြောင်းကြီးငယ်မရှိဘဲ တော်ရုံအလွယ်တကူနဲ့တော့ ကိုယ့်မိန်းမကိုယ် ဆုံးရှုံးလိုက်ရစရာအကြောင်း သိပ်မရှိဘူးဆိုတော့ … တည်ငြိမ်နေတဲ့အိမ်ထောင်ရေးအခြေအနေတစ်ခုမှာ … ကိုယ့်မိန်းမကိုကိုယ် မဆုံးရှုံးရအောင် တကူးတက ဘာမှကြိုးစားနေစရာအကြောင်း မရှိတော့ဘူးပေါ့၊ ကိုယ်ပိုင်ဆိုင်ပြီးသားဖြစ်တယ်၊ ဒီထက်ပိုင်ဆိုင်စရာ ထပ်ပြီး ရှေ့ဆက်ကြိုးစားစရာလဲ ဘာမှမရှိဘူး၊ အိမ်ထောင်ကျပြီးတဲ့အခါမှာ ယောကျ်ားတွေဟာ ကိုယ့်မိန်းမကို ငွေရှာပေးတာကလွဲလို့ ဘာမှထပ်ပြီး သိတတ်စွာ မပေးဖြစ်ကြတော့ဘူး"

ဒါလည်းဟုတ်ပေလောက်သည်။ မိအပေါ် သူ

www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှိနေကာ အိမ်ထောင်အတွက်လည်း စရိတ်စကရှာဖွေပေးနိုင်နေသည်မို့ ... သူ့ကိုယ်သူ တာဝန်ကျေသည်လို့ပဲ ဖော်ရှင်းလည်း ခံယူထားပါသည်။

"ငါ့အစ်မ ... မမလှိုင်ကို မင်းသိတယ်နော်"

"အင်း ... သိတာပေါ့"

"မမလှိုင်ဟာ ဒီလိုပဲပေါ့၊ သမရိုးကျအိမ်ထောင့်တာဝန်တွေကြားထဲမှာ တက်ကြွမှုတွေ သေဆုံးပြီး တစ်နေ့တခြား စက်ရုပ်ဆန်လာတယ်၊ သူ့ကိုယ်သူ သူ့ရှိရင်းစွဲထက် အိုမင်းရင့်ရော်ပြီထင်လာတယ်၊ နေထွက်တယ် နေဝင်တယ် ... နေ့တစ်နေ့ပြောင်းသွားတယ်၊ သူ့ဘဝက ဒါကဒါပဲ ... အပန်းဖြေခရီးထွက်ရခြင်း မရှိဘူး၊ ယောက်ျားက အလုပ်သိပ်များတယ်၊ ကလေးတွေကလဲ ရှိတယ်၊ တစ်ချက်မှ မနားရဘူး၊ ပိုက်ဆံမရတဲ့တာဝန်ဝတ္တရားတွေနဲ့ ပိနေတယ်၊ အဲဒီအချိန်မှာ မေမေ ဆေးရုံတက်ရတော့ သူ ပိုတောင်ပင်ပန်းလာတယ်၊ ဒါပေမယ့် မမျှော်လင့်ဘဲ သူ့မှာ ဆန်းသစ်မှုတစ်ခု ကြုံလိုက်ရတယ်၊ ဆေးရုံကဆရာဝန်လူပျိုကြီးတစ်ယောက်က ယောက်ျားရော ကလေးတွေရော ဆေးရုံခေါ်မလာတဲ့ မမလှိုင်ကို အပျိုကြီးထင်ပြီး စိတ်ဝင်စားတယ်၊ ဘာမှမကြာပါဘူး၊ မေမေ ဆေးရုံတက်ရတဲ့ ဆယ်ရက်လောက်ပဲ၊ မမလှိုင်အဖို့တော့ အဲဒီကိစ္စဟာ ယောက်ျားကိုပြန်ပြောပြပြီး ရယ်စရာပေါ့၊ သူ့စိတ်ထဲလဲ ဘယ်လိုမှမရှိဘူး၊ ဆရာဝန်



လဲ နောက်တော့ ... သူ့ကို အိမ်ထောင်သည်ကလေး အမှန်းသိပြီး ရှက်ပြီးရှောင်တောင် ရှောင်နေတယ်၊ မေမေလဲ ဆေးရုံကပြန်ဆင်းလာတယ်၊ ဒါဟာ စကားကြုံရင် မိသားစုထဲ ရယ်စရာဟာသလုပ် ပြောစရာကိစ္စတစ်ခုမျှသာပဲ၊ ဒါ အပေါ်ယံအမြင် ... ဒါပေမယ့် ဘယ်သူမှမသိဘဲ ဒီအဖြစ်ဟာ မမလှိုင်စိတ်ကို အများကြီးပြောင်းလဲသွားစေခဲ့တယ်"

"ဘယ်လိုပြောင်းလဲတာလဲ"

ဖော်ရှင်းက အလောတကြီးဖြတ်မေးမိသည်။

"သူတောင် သူ့ကိုယ်သူမရိပ်မိပါဘူး၊ ငါသာ လူတွေကိုအကဲခတ်ရ ... ဝေဖန်ရ ... တွေးတောရတာ ဝါသနာပါတဲ့ကောင်မို့ သတိထားလိုက်မိတာ၊ မမလှိုင်ဟာ သူ မရင့်ရော်သေးဘူး၊ သူ့ဘဝနဲ့သူ့လှပမှုတွေ မခန်းခြောက်သေးဘူးဆိုတာ သူ့ဟာသူ မသိဘဲ သတိပြုမိသွားတယ်၊ ဒါကလေးပါပဲ၊ ဒါလေးတစ်ခုတည်း သက်သက်ပဲ၊ မမလှိုင်ဟာ ပြန်တက်ကြွသွက်လက်လာပြီး အမြင်တွေကအစ ပေါ့ပါးရွှင်လန်းလာတယ်၊ ဒါဟာ ဖောက်ပြန်မှုရဲ့အဆွယ်အပွားတစ်စိတ်တစ်ဒေသအဖြစ်တောင် မပတ်သက်ဘူး၊ သူ့စိတ်က သူ့ကိုယ်သူ ယုံကြည်မှုပြန်လည်ရှင်သန်လာတာတစ်ခုပဲ၊ ဒါတစ်ခုလေးဟာ သူတို့ရဲ့မိသားစုအိမ်ထောင်တစ်ခုလုံးကို နိုးကြားလန်းဆန်းမှု ပြန်လည်ဖြစ်ပေါ်လာစေတယ်၊ ဒါကို ငါသွားသတိပြုမိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ရှင်း ဘာမှမပြောနိုင်ဘဲ အောင်ခိုင့်ကိုသာ စိုက်ကြည့်နေမိသည်။

"လူ့စိတ် လူ့သဘောကို နားမလည်နိုင်တဲ့သူတွေက ဒါကို စိတ်ကစားသွားတယ်လို့ ဝေဖန်မလား ငါမသိဘူး၊ တစ်မျိုးပဲကွ … လက်သင့်ခံဖို့ ပါးပါးလေးတစ်ချပ် ခံနေနိုင်တယ်၊ ဒါပေမယ့် ဒါဟာ လူတစ်ယောက်ရဲ့မသိစိတ်ထဲက မာန်ကလေးကို လှုပ်နှိုးလိုက်တာသက်သက်ပဲ၊ ဒီမာန်ကလေးနဲ့ပဲ ဇွဲတွေ သတ္တိတွေ၊ ခွန်အားတွေပြန်ရလာပြီး အများကြီးတိုးတက် အကျိုးပြုသွားတာသေချာတယ်၊ မင်းဘယ်လိုသဘောရသလဲ"

ဇော်ရှင်းက စဉ်းစားနေပြီးမှ …

"တစ်မျိုးကြီးပဲကွာ … တစ်မျိုးပဲဆိုတာပဲသိတယ်၊ ကောက်ချက်မချတတ်ဘူး"

"အေး … ငါ အဲဒီနည်းနဲ့ ချောစုကိုစမ်းသပ်လိုက်တာ အောင်မြင်မှုရသွားတယ်"

"ဘာ … "

ဇော်ရှင်းရင်ထဲ ဒိတ်ခနဲဖြစ်ကာ မျက်ခုံးကြီးပင့်တက်သွားရပါသည်။

"ချောစုဟာ လူတစ်ယောက် သူ့ကိုစိတ်ဝင်တစားစောင့်ကြည့်လာတယ်၊ မရိုးမသားကျိတ်ပြီး ခင်တွယ်နေတယ်လို့ ထင်လာတဲ့တစ်နေ့မှာ အကြီးအကျယ်အံ့ဩစိတ်လှုပ်ရှားသွားတာပဲ၊ ဒီနေရာမှာ စိတ်လှုပ်





ရှားတယ်ဆိုတာဟာ မရိုးသားသော လှုပ်ရှားပုံလှုပ်ရှားနည်းမဟုတ်ဘူးနော်၊ နက်ဖြန်အောင်စာရင်းထွက်ခါနီး ရင်ခုန်စိတ်လှုပ်ရှားပုံမျိုးလောက်ပဲ၊ ရှင့်မိန်းမဟာ ခေတ်မကုန်သေးပါဘူးဆိုတဲ့ အပြောမျိုးနဲ့ ငါ့ကို ခပ်ဟားဟား ပြန်ပြောပြခွင့်ရတဲ့အပေါ်မှာ ချောစု ဂုဏ်တက်ကျေနပ်သွားတယ်၊ သူ့စိတ်ထဲမှာ ငါ့အပေါ် နိုင်ကွက်ပဲ တစ်ကွက်ရသွားသလိုလို၊ သူ့ကိုယ်သူ ကျေနပ်ယုံကြည်သွားတဲ့အရိပ်ဟာ … သူ့မျက်နှာကို ခေါက်ချိုးနပျိုသွားစေပြီး … တက်ကြွမှုဆိတ်သုဉ်းနေတဲ့ သူ့အနေအထားဟာ ချက်ချင်းလိုပဲ ပြန်ပြီးအသက်ဝင်လန်းဆန်းလာတယ်"

"အောင်ခိုင်"

"ပြော"

"တစ်မျိုးကြီးပဲကွာ၊ ငါ သိပ်မကြိုက်ဘူး"

"အေး … တစ်မျိုးတော့ တစ်မျိုးပဲပေါ့၊ ချောစုဟာ အလှအပကိုလဲ ပြန်ဂရုစိုက်လာတယ်၊ ငါကလဲ ဘေးကတွန်းအားပေးရတာပေါ့၊ အလှပြင်လာအောင် သူ့ရုပ်ရည်ပုံစံကို ပြန်ထိန်းသိမ်းလာအောင် မသိမသာတွန်းအားပေးနေရတာနဲ့ တစ်ပြိုင်နက်မှာပဲ … သူ့ကိုငါ စိတ်မချလက်မချ သဝန်တောင်တိုလာရသလိုမျိုးလဲ နည်းနည်းပြသနာလုပ်ပေးရတယ်၊ သူ့ကို သဝန်တိုလို့ ပြဿနာလုပ်တာကို ဘယ်မိန်းမမှစိတ်မဆိုးဘူးကွ၊ ရယ်ကြတယ် … သဘောကျကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သဝန်တိုတဲ့ယောကျ်ားတွေကို မိန်းမတွေက ချော့မော့နှစ်သိမ့်ချင်ကြတယ်၊ အဲသလို ချော့မော့နှစ်သိမ့်ပေးလိုက်ရတဲ့အခါ သူတို့ဟာ ကြီးမြတ်သောတစ်စုံတစ်ယောက်ဖြစ်သွားသလို ခံစားရပြီး အဲဒီခံစားချက်ဟာ သူတို့ကို နုပျိုအရွယ်တင်ပြီး လှပလာစေတယ်၊ ဒါကလေးတစ်ခုနဲ့တင် ချောစုဟာ သူ့ကိုယ်သူလှအောင်ပြန်နေလာပြီး … ငါ သဝန်မတိုအောင် ငါ့ကိုပါပိုချော့မော့ယုယလာတယ်၊ အဲဒီနောက်တော့ နည်းနည်းလေး ဘေးကအနားသတ်ပေး ဘောင်ခတ်ပေးတီပေးရတာလေးတွေ လုပ်ရုံပဲ၊ ငါတို့အိမ်ထောင်ရေးဟာ လန်းဆန်းတောက်ပလာတယ်၊ ကြည်နူးစရာဖြစ်လာတယ်၊ ငါခေါ်တဲ့တစ်နေရာရာကို သူ မလိုက်ချင်သလိုလိုရှိနေရင် … ချောစု ဘယ်သွားစရာရှိလဲ၊ အိမ်ကိုရော တော်ကြာဘယ်သူလာစရာရှိသေးလဲနဲ့ သွားခါနီး စိတ်မချစိတ်မဖြောင့်သလို မျက်နှာညိုညိုနဲ့ မေးလိုက်ရင် … ချောစုဟာ တခစ်ခစ်ရယ်ပြီး မငြင်းတော့ဘဲ လိုက်လာရောကွ"

ဇော်ရှင်းက အောက်နှုတ်ခမ်းကိုကိုက်ကာ မျှော်မှောင်တွန့်နေရာမှ …

"ချောစုကို မရိုးမသားလာလုပ်တဲ့သူဟာ … ဝင်ဝန်းကျင်ရဲ့အကူအညီရယူတဲ့နည်းလိုပဲ မင်းဖန်တီးလိုက်တဲ့သူပေါ့"

"ဒါပေါ့"



"ဟာ … မမိုက်ဘူးကွာ၊ ကိုယ့်မိန်းမ တကယ်ပါသွားမှာ … မင်း မစိုးဘူးလား"

"မစိုးဘူး၊ ချောစုကိုငါယုံတယ်၊ ဒီကိစ္စနဲ့ပတ်သက်ရင် ယုံတယ်"

"ဟိုကောင်ဘက်ကိုကော"

"လူရွေးရတာပေါ့ကွာ၊ စိစစ်ရွေးချယ်ရတာပေါ့"

"မင်း ဘယ်လိုရွေးလဲ"

"တစ် … ငါ့ကိုရိုသေကြောက်ရွံ့တဲ့ကောင်ဖြစ်တယ်၊ နှစ် … ပုံလာတယ်၊ ပါးနပ်တယ်၊ သုံး … လူကောင်းကွာ၊ မယုတ်မာဘူး၊ လေး … ဒီကောင်က လက်ထပ်မယ့်ချစ်သူရှိတယ် … ဒါပဲပေါ့"

"ကဲ … ချောစု ဒါကိုရိပ်မိသွားရင် ဘာဖြစ်မလဲ"

"မရိပ်မိလိုက်ပါဘူး"

"အကယ်၍ ရိပ်မိခဲ့သည်ရှိသော်ပေါ့ကွာ … ဘယ်လိုဖြစ်မလဲ"

"ဘယ်လိုမှမဖြစ်ဘူး၊ ငါ့ကိုအော်မယ် … ထုမယ်၊ ဒါပဲပေါ့"

"ဒါလောက်နဲ့ပြီးပါ့မလား … ပြဿနာ ကြီးကျယ်မလာနိုင်ဘူးလား"

"ကြီးကျယ်လာခဲ့ရင်လဲ ဒါဟာ သူ့ကိုချစ်တဲ့စိတ်နဲ့ သူ့အတွက်ရည်ရွယ်ပြီး အကောင်းနဲ့ ကလိမ်ကကျစ်လုပ်ရတာပါဆိုတာ ရှင်းပြလိုက်ရုံပဲပေါ့"

ဇော်ရှင်းသည် ခေါင်းကိုဖြည်းဖြည်းယမ်းရင်း

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ်ကွာ၊ မင်းဟာကြီးက စွန့်စားရ လွန်းတယ်၊ မိ,ကို ငါလဲယုံပါတယ်၊ ဒါပေမယ့် ကံကြမ္မာဆိုတာ မပြောနိုင်ဘူးကွာ၊ ထစ်ငေါ့နိုင်တယ်၊ လွဲချော်နိုင်တယ်၊ တစ်ခုခုလွဲချော်သွားရင် ... ရင် ကျိုးစရာဖြစ်လာမယ်ကွ၊ မလုပ်သင့်တဲ့ကိစ္စမျိုးကွ"

"မလုပ်သင့်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်၊ ငါကိုက အထူးတဆန်း တွေးခေါ်ပုံဖော်ချင်တဲ့စိတ်နဲ့မို့ ရမ်း တင်ကြည့်လိုက်တာမျိုးလဲ ဖြစ်ကောင်းဖြစ်မယ်၊ လွဲ ချော်ဖို့ဆိုတာလဲ ရှိနိုင်ပေမယ့် လမ်းနည်းပါတယ်၊ ဘာမှမဟုတ်သလို ထင်ရပေမယ့် ... ဒီအဖြစ်အပျက် ဟာ ဆိုက်ကိုလိုဂျီသဘောအရ ယုတ္တိတန်တယ်၊ မိန်း မတွေနဲ့ပတ်သက်ရင် ဆိုက်ကိုသုံးရတယ် ဇော်ရှင်း ဆိုက်ကို ... လိုတယ်"

ဇော်ရှင်းက သက်ပြင်းချကာ အတော်စိတ် အိုက်နေသည်။ ကိုယ့်မိန်းမနောက်ကို ကိုယ်တိုင်လူလွှတ်ရ မည့်အဖြစ်တဲ့။ တော်တော် အူကြောင်ကြောင် အီလည်လည် နိုင်သည့်အရေးကိစ္စပေပဲ။ မိန်းမတွေရဲ့သဘောထားတွေကို အားလုံး ကုန်စင် သူ ... မကျေညက်ပေမယ့် မိန်းမဆို တာ ကိုယ့်ကိုလူကြိုက်များခြင်းအပေါ် အနည်းနဲ့အများ သာ ယာဂုဏ်ယူထတ်ခြင်းကိုတော့ သူ သဘောပေါက်ပါသည်။

မိန်းမပျိုကလေးတွေသဘောမှာ ဤသို့ဖြစ်တင် သော်လည်း အိမ်ထောင်သည်မိန်းမတို့၏သဘောကိုတော့ သူ မတွေးတတ်ပါ။ တကယ်တော့ အိမ်ထောင်သည်မိန်း



တွေရဲ့စိတ်ဟာ မိန်းမပျိုကလေးတွေရဲ့စိတ်ထက်ပင် နားလည် အောင်အဖတ်ရခက်တာ ဖြစ်နိုင်သည်။ အင်မတန် လျှို့တီး လျှို့ဝှက် နက်ရှိုင်းလှမည့်အသွင်ကိုဆောင်နေသည်။

"မင်း ငါ့ကို ဒီကိစ္စ စိတ်ဝင်တစားမေးတယ်၊ သိ ချင်တယ်ဆိုကတည်းက မင်း ... မိမိမြိုင်ပုံစံကို ဖြေရှင်းချင်စရာဖြစ်နေလို့ပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မင်းစကားကြား မှ ပိုပြီးဝေကုန်ပြီ၊ မင်းဖြေရှင်းပုံ ဖြေရှင်းနည်းက ငါ လုံးဝမထင်မှတ်တဲ့နည်းကြီး"

"မင်း စမ်းသပ်ကြည့်ပေါ့"

"ရုံးကလူတွေနဲ့ စမ်းသပ်တာတောင် မအောင်မြင် ဘူး"

"ဒါတော့ မင်းညံ့တာပါကွာ၊ တစ်ယောက်ပြီးတစ် ယောက် လာထွက်ပြောနေမှတော့ ဘယ်သူက ယုံ ကြည်ခံစားလို့ရအုံးမှာလဲ၊ ဒီမှာဟေ့ကောင်၊ အခု နည်းကို မင်းအကောင်အထည်ဖော်ကြည့်မယ်ဆိုရင် တော့ မပိမရိမသေမသပ် ပွရောင်းရောင်းသွားမလုပ် နဲ့နော်"

ဇော်ရှင်းက မချိပြုံးပြုံးကာ ငြိမ်နေလိုက်သည်။ ဒီပုံအတိုင်းဖြင့် မိကိုဒီတိုင်းပဲ ပစ်ထားလိုက်ရတော့မည်ထင် ပါရဲ့။ ဒီကောင့်နည်းလမ်းကို အားကိုးတကြီး သိချင်ကြား ချင်ကာမှ သူ့နည်းက သဲထိတ်ရင်ဖိုနည်းလမ်းဖြစ်နေသည်။

"မင်းသတ္တိမရှိဘူးလား ဇော်ရှင်းရ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါ သတ္တိရှိတယ့်ကွ၊ ဒါပေမယ့် ငါက မိုက်ရူးတော့မရဲဘူးနော်"

"ဒါ မိုက်ရူးရဲလုပ်တာမှမဟုတ်ဘဲ၊ သေချာစဉ်းစားတွေးခေါ်ပြီးမှ စိတ်ကိုပြုပြင်ပစ်တာ ...၊ မိန်းမတစ်ယောက်ရဲ့စိတ်ကို ပြုပြင်ဖို့ကလွယ်တာမဟုတ်ဘူး ဇော်ရှင်း၊ အပေါ်စား အလွယ်စားနည်းတွေနဲ့သွားစမ်းလို့ ဟိုကတောင် ဟားလိုက်ဦးမယ်"

"ရဲနောင်ပြောသလိုပဲ ... မင်းဟာက မိန်းမကိုလှည့်စားရာလဲကျသေးတယ်ကွာ"

"လှည့်စားတော့ရော ဘာဖြစ်သလဲကွာ၊ အဓိက,ကကိုယ့်အိမ်ထောင်ရေးမှာ ကိုယ်ရောသူရော ကြည်နူးရွှင်ပျပြီး အောင်မြင်မှုရနေဖို့ပဲ"

ဇော်ရှင်းက ဘာမှမပြောတော့ဘဲ ငေးငေးကြီးသာထိုင်နေပါသည်။

ဆ၊ ဖ

# ၅

ဇော်ရှင်းက ရုံးမသွားခင် ... ဒီနေ့ညနေခင်းမှာ အန်တီသင်းတို့ဇနီးမောင်နှံကို အိမ်မှာညစာဖိတ်ကျွေးမည်ဆိုတာ ပြောခဲ့ပါသည်။ ရုံးမှာ ... နှစ်ကုန်ပိုင်း ... ဇော်ရှင်းနှင့်အန်တီသင်းတို့နှစ်ယောက် လစာတိုး၍ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကျွေးကြမည်စီစဉ်ရာ ဇော်ရှင်းက ခရစ္စမတ်မတိုင်ခင် ညနေကိုရွေးချယ်၍ ခရစ်ယာန်ဘာသာဝင်များလည်းဖြစ်သော အန်တီသင်းတို့စုံတွဲက ခရစ္စမတ်နေ့မှာ ပေါင်းကျွေးမည်ဟု စီစဉ်ခဲ့တာဖြစ်သည်။

ခရစ္စမတ်ကျောင်းပိတ်ရက်ဖြစ်၍ ကလေးနှစ်ယောက်ကို ကျောင်းမပို့ရသော်လည်း ညနေ ထမင်းပွဲအတွက် ... မိမိမြို့င် ဈေးသွားရပါသည်။ လှည်းတန်းဈေးကို

www.burmeseclassic.com

www.burmeseclassic.com



သားနှစ်ယောက်နှင့်ရွှေမိပါခေါ်၍ ထွက်လာခဲ့ပြီး အိမ်မှာ အတွက်တို့မောင်နှမနှင့် ဂျမ်းဘုံကိုထားရစ်ခဲ့ပါသည်။

အဲဒီနေ့က နံနက်ကတည်းက အချိန်အခါမ ဟုတ် မိုးအုံ့မည်းမှောင်နေကာ မိုးရွာမယောင်ဖြစ်နေပါသည်။ ဈေးထဲမှာ ဈေးဝယ်နေကြတုံး မိုးရွာလာကာ ကားဆီကို ကလေးနှစ်ယောက်တစ်ဖက်၊ ခြင်းတွေတစ်ဖက်၊ ထီးတစ် ဖက် သွားကြဖို့ခက်လှ၍ ဈေးထဲမှာပင် ရွှေရင်အေးဆိုင်ထိုင် ပြီး မိုးစောင့်နေကြရပါသည်။

ရွှေရင်အေးသည်အစ်မကြီးက မိနှင့်မျက်မှန်း တန်း ခင်မင်နေ၍ ...

"မနက်ခင်းကလဲနော် ... မည်းမှောင်နေလိုက်တာ နေဝင်ခါနီးကျနေတာပဲ"

အလာပသလာပ စကားဆိုလိုက်၍ မိ,ကအ လိုက်သင့်ပင် ...

"ဟုတ်ပါရဲ့အစ်မရယ် ... မိုးလဲကုန်နေမှနော်"

"မုန်တိုင်းရှိတယ်လေ ... သတင်းထဲကြားလိုက်တယ် မို့လား"

"ဟုတ်လား ... မိ မကြားလိုက်ဘူး အစ်မရဲ့"

"မနေ့က တီဗီကကြေညာတယ်လေ၊ ဒီနေ့ မုန်တိုင်း ရှိလို့ မိုးရွာမယ်၊ လေပြင်းတိုက်မယ်တဲ့"

"အော် ... "

ပြောနေတုန်းတန်းလန်းရှိသေးသည်။ လေက တအုန်းအုန်းစတင်တိုက်ခတ်လာပါသည်။ လေတိုက်သံက



အသံကျယ်ကျယ်ပင်ပါလာကာ ... ဈေးထဲထိပင် ပေါ့ပေါ့ ပါးပါးအရာတချို့ လွင့်ပျံကုန်အောင် အတော်ပြင်းပြင်းတိုက် ခတ်လေသည်။ ပြက္ခဒိန်ဝေါလ်ရှိတွေရောင်းသောဆိုင်မှ တစ် ခုပြီးတစ်ခု လွင့်ပျံထွက်ကုန်၍ ဆိုင်ရှင်ခမျာ လိုက်ကောက် တာကောက် ... ဖြုတ်ချတာဖြုတ်ချ အလုပ်များကာ သား တို့ကတော့ ထိုမြင်ကွင်းကိုပျော်နေကြသည်။

"တော်တော်တိုက်လာတာပဲနော်၊ ခုနေ ကားတောင် မောင်းပြန်လို့ရပါ့မလားဘဲ၊ မိုးရောလေရော၊ ငါက မိုးသိပ်သည်းရင် ဝိုက်ပါနဲ့သိပ်မောင်းနိုင်တာမဟုတ် ဘူး၊ မျက်စေ့ကမကောင်းဘူး"

ရွှေမိကိုလှည့်ပြီး တိုးတိုးပြောနေမိသည်။

လွင့်သံပြုတ်ကျသံ၊ ဈေးရုံပြင်ဘက်က ဘာတွေ မှန်းမသိ တဖိုင်းဖိုင်းလဲကျသံ၊ အပြင်ဘက် ဗျတ်ထိုးဈေး သည်များ ကိုယ့်ဗန်းတွေ တောင်းတွေမ,ကာ ဈေးထဲပြေး ဝင်လာသံတွေနှင့် ဆူညံကာ ဈေးထဲလည်း လူပြည့်ကျပ် သွားသည်။

"ဒီလောက်လေနဲ့ဆိုရင် အိမ်က ငါ့ပန်းပင်တွေအ တွက် ရင်လေးစရာပဲ ... ရွှေမိရေ"

"ဟုတ်တယ် မမမိ၊ သစ်ခွစင်က ဟိုတစ်နေ့ကတည်း က ယိုင်နဲ့နဲ့ဖြစ်နေတယ်၊ ပြိုရင်ဒုက္ခပဲနော်"

"ဖွ ... ဖွ ... မဖြစ်ပါစေနဲ့၊ အလုပ်ရှုပ်ကုန်မှာ ကြောက်လွန်းလို့ဟယ်"

"ကျွန်မ ... အမဲခြောက်တွေလှမ်းထားတာ ဂျမ်းဘုံ

www.burmeseclassic.com



ရှတ်ပါ့မလွှားမသိဘူး"

"ဘယ်ရှတ်ပါ့မလဲ၊ သတိကိုရမှာမဟုတ်ဘူး၊ နင်က လဲ ... ဒီမနက် မည်းမှောင်နေတာ နေလဲမပွင့်ဘဲနဲ့ အမဲခြောက်ထုတ်လှန်းခဲ့ရလား"

"မိုးတွင်းမဟုတ်တော့ ခဏပဲမည်းပြီး တော်ကြာ နေပွင့်လာမယ်မှတ်တာ မမမိရဲ့၊ မုန်တိုင်းရှိမှန်းလဲ သိမှမသိတာ၊ ဒါကြောင့် လှန်းခဲ့မိတာ"

"ပြန်ရိုပြီသာမှတ်ပေတော့"

စားပြီးသော်လည်း အပြင်ထွက်မရသေး၍ ... ဆက်ထိုင်နေကြသေးသည်။ ဖုန်တွေ၊ သဲတွေ၊ အမှိုက်တွေ ဈေးထဲထိ လွင့်စင်လာ၍ စားသောက်ဆိုင်တွေ ဖုံးကြဖိကြ၊ ဈေးရုံတံခါးတွေစေ့ကြနှင့် တစ်ဈေးလုံးလည်း မှောင်မိုက်နေ တော့သည်။ သစ်ပင်တွေမြည်သံ၊ သွပ်ပြားတွေမြည်သံတို့ မှာ အတော်နှင့်မစဲ။ အရှိန်တော်တော်ပြင်းပြင်းနှင့် လေက အတော်ကြာကြာမွှေနေပါသည်။

နာရီဝက်လောက်အချိန်ပုပ်ခံကာ ထိုင်နေကြ ရပြီး အတော်ကြာ လေသံငြိမ်စ,ပြုမှ ဈေးရုံတံခါးတွေပြန် ဖွင့်ကာ လူတချို့ ပြန်ထွက်ကြသည်။ အပြင်ဘက်၌ လေက အရှိန်လျော့သော်လည်း လုံးဝမပြီးဆုံးသေး။ အပြင်ထွက် ဖို့ပြင်ရင်း လေထဲ သဲတွေဖုန်တွေပါ၍ သားတွေကို မျက် စေ့မှိတ်ခိုင်းထားရသည်။

"မြန်မြန်ပြန်မှပေါ့ ... ကြာနေပြီ၊ ကျန်တဲ့အသား တွေရတယ်၊ ပုဇွန်ထုပ်တွေက ပုပ်ကုန်မှာစိုးရတယ်၊



ညှော်သည်ကျွေးဖို့တွေ မလတ်ရင် ပြောခံထိနေမယ်"

မိုးဖွဲနှင့်လေဖွဲ ကျန်နေသေးသော်လည်း သိပ် မမည်းမှောင်တော့၍ ကားကိုဖြည်းဖြည်းမောင်းကာ ပြန်ခဲ့ ကြပါသည်။ လမ်းထဲဝင်လာပြီး ခြံရှေ့ကားရပ်သည်ဆိုလျှင် ပင် ... အိမ်ရဲ့ဘယ်ဘက်ဘေးမှာရှိသော သစ်ခွစင်ကြီးက တစ်ဖက်ကိုစောင်းစောင်းကြီး ယိုင်ကျနေတာကိုမြင်လိုက်ရ ၍ မိ,မှာ အမောဆို့သွားပါသည်။

"ရွှေမိရေ ... နင် အကြားအမြင်ဟောစားပေတော့၊ ငါတော့ သေသာသေလိုက်ချင်တယ်"

လုံးလုံးလဲမကျရုံတာမယ် ... ယိုင်နဲ့ကျနေသော စင်ကိုကြည့်ကာ မိခေါင်းထဲ ညစ်ညူးတက်သွားရလေသည်။ ပန်းအိုးတွေဟာ ပြုတ်ကျတဲ့ဟာတွေပြုတ်ကျ၊ ကွဲတာကကွဲ၊ လဲတာကလဲ ...။ ကားဝင်လမ်းဘေးတစ်ဖက်က စိန်ခြယ် ပန်းခင်းတန်းလေးမှာ လေဒဏ်ကြောင့် မိုးတိုးမတ်တပ်မကျန် ဘဲ ပြားဝပ်ယိုင်လဲနေကြသည်။

"သေရောဟယ် ... မနည်းပြန်လုပ်ယူရမယ်"

ကားခြံထဲဝင်လာပြီး အိမ်ရှေ့ရပ်လိုက်လျှင် အိမ် ထဲမှ အတွတ်၊ မိယုနှင့်ဂျမ်းဘုံတို့ သုံးယောက်လုံးအပြေး ထွက်လာကြသည်။

"မမမိမိ ... မမမိမိ"

"တော် ... တော် ... မပြောနဲ့ ... ငါမြင်တယ်၊ စိတ်မောလွန်းလို့ မပြောကြပါနဲ့တော့ဟယ်"

"လေတိုက်တာလေ ... ဟိုဒင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ဆို ဂျမ်းဘုံရယ် ... ကဲ ... ကား ပေါ်က သယ်ချ၊ ချက်ရပြုတ်ရမှာနဲ့ ... အပျက်အစီးတွေလုပ်ရမှာနဲ့ အလုပ်များမှာ၊ ငါ ဦးနှောက်ခြောက်တယ်၊ ပါးစပ်ပိတ်ပြီး အလုပ်ရှိတာသာ မြန်မြန်လုပ်ကြဟယ်"

သားတို့ကို အဝတ်လဲလှယ်ကာ နွေးနွေးထွေးထွေးထားပြီးသည်ထိ ... အတွက်၊ မိယုနှင့်ဂျမ်းဘုံဟာ မိကို တကြည့်ကြည့် ...။ အလုပ်ရှုပ်တော့မည့်အရေးတွေကာ မျက်နှာရှုံ့မဲ့မောဟိုက်နေပုံရသော မိ,ကို ဘာမှလဲအဆောတလျှင်ပြောရဲကြပုံမရ။

ဒီနေ့အဖို့ လေပြင်းထပ်မတိုက်ဘူးဆိုလျှင် ဒီစင်မလဲလောက်ဘူးထင်ပါရဲ့ဟု မိ,က တွက်ချက်နေသည်။ မနက်ဖြန်အထိ ဆွဲထားလို့ရလျှင် မနက်ဖြန်မှပဲ အလုပ်သမားခေါ်ချင်သည်။ ညှိသည်ဖိတ်ကာ ထမင်းတစ်နပ်ကျွေးရတာက သိပ်လွယ်လှတာမဟုတ်။ အမယ်စုံစုံ စီစဉ်ချင်သေးရာ ... ရွှေမိနှင့်ပဲ လွှတ်ထားမရ၍ မိကိုယ်တိုင်တစ်နေ့ခင်းလုံး မီးဖိုထဲပါရမှာဖြစ်သည်။

အရေးပေါ်ပလားဆို ဦးဇော်ရှင်းတို့ကတော့ ရုံးမှာမို့ အမြဲ အေးရာအေးကြောင်း လွှတ်နေသည်။ မိ,သာပဲ အိမ်ဦးကျန်ကာ မိ,သာပဲ စီစဉ်ဖြေရှင်းပေရော့။ ဒါကြောင့် နက်ဖြန် မောင် ရုံးအားမှ မောင့်ကို ဒီပန်းစင်ကိစ္စ ကြီးကြပ်ကွပ်ကဲဖြေရှင်းပေးပါလို့ လွှဲချရကောင်းမလားရယ်လို့ ကိုယ်လွတ်ရုန်းဖို့ တွေးနေတာပင်။



ညှိသည်ညစာကျွေးဖို့ မရှိလျှင်တော့ ဒီနေ့ပဲ မိ စီစဉ်မိမှာပါ။ တစ်ခါတလေမှ ဖိတ်ကျွေးသော ညှိသည်မို့ မောင်မျက်နှာလှရလေအောင် ဟင်းကို ခုနစ်မျိုး၊ ရှစ်မျိုးလောက် စဉ်းစားစီစဉ်ထား၍ နှစ်ဖက်ခွကာ မိ အချိန်ပေးဖို့ မလွယ်ကူလှတာလည်းပါသည်။ အလုပ်သမားခေါ်ပြီးလျှင်တော့ စေ့စပ်သေချာ တိကျသပ်ရပ်မှ ကျေနပ်သော မိက ကိုယ်တိုင်ဝင်ပါရဦးမှာပင်။

"ကဲ ... ကဲ ... ဝက်လက်တွေအရင်ဆုံး အမွှေးနှုတ်၊ ဓားခြစ်ပြီး သကြားနဲ့လှော်ထားမယ်၊ ရွှေမိရေ ... အားလုံးထုတ် ... ပုဇွန်ကို ငါလာလုပ်မယ်၊ ဂျမ်းဘုံ ငါ့ကိုမျက်လုံးပြူးကြီးနဲ့ကြည့်ကြည့်မနေနဲ့၊ ကော်ဖီတစ်ခွက် ငှဲ့လိုက်စမ်း၊ မောလွန်းလို့"

ယုရော ... အတွက်ပါ မိအနား မိနောက်က တကပ်ကပ်လုပ်နေပြန်၍ ...

"ယုတို့ ဒီနေ့လယ် ကျူရှင်တွေရှိလား"

"ဒီနေ့ နက်ဖြန် သန်ဘက်ခါ ... သုံးရက် ကျူရှင်မရှိဘူး ... မမမိမိ"

"ဟယ် ... ကောင်းလိုက်တာ၊ ဒါဖြင့် ... မိယုအခန်းထဲမှာ ကလေးတွေနဲ့ ခဏနေပေးစမ်းပါကွယ်၊ မမမိ မီးဖိုထဲနေရမှာမို့"

"ဟုတ်ကဲ့ ... ဟို ... မမမိမိ လေတိုက်ဟုန်းကလေ ... "

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့် မိယုရယ် … နက်ဖြန်မှပဲကြည့်လုပ်တော့မယ်၊ ဆက်မလဲတော့ဘူးထင်ပါတယ်"

"မမမိမိ … နက်ဖြန့်ထိဆိုင်းလို့မရဘူးထင်တယ်"

"ဘာဖြစ်လို့လဲ အတွတ်"

"ထွက်ကြည့်ပါအုံး မမမိမိ"

"ခုန ကားဝင်လာကတည်းက တွေ့ခဲ့တယ်လေ အတွတ်"

"ပန်းခင်းကိုပြောတာမဟုတ်ဘူး မမမိမိ၊ ခြံနောက်ဘက်ဒန့်ဒလွန့်ပင် … ခါးလည်ပြတ်ကျိုးပြီး လဲသွားတယ်"

"ဟယ် … ဟုတ်လား"

မိ မျက်ခုံးတို့မှာ ရှုံ့တွသွားရကာ မီးဖိုပေါက်ဝါးမှ ခြံထဲသို့ဆင်းဖို့ ထွက်လိုက်ပါသည်။

"ဟဲ့ … ဘုရားရေ … ဘယ် … ဘယ်လိုဖြစ်တာလဲ အတွတ်ရယ်"

မိသည် ချက်ချင်း သွေးပဲတိုးသွားသလိုရှိ ခေါင်းတစ်ခုလုံး ထူပူသွားကာ မြင်ကွင်းကို အလန့်တကြားမျက်လုံးဝိုင်းပြီးကြည့်လိုက်မိပါသည်။

"လေတအားတိုက်ပြီး ဝုန်းဒိုင်းနဲ့ ဒန့်ဒလွန့်ပင်လဲကျသံကြီးကြားလို့ ထွက်ကြည့်တော့ ရေစင်လဲ အဲဒီဖြစ်နေတာပဲ၊ ရေစင်ဘက်ကို အရှိန်နဲ့ရိုက်ပြီးလဲကျလိုက်တာ"

"ဘုရား … ဘုရား"

ဒန့်ဒလွန့်ပင်ကြီးဟာ ထက်ပိုင်းကကျိုးပြီး အ



ပေါ်ပိုင်းတစ်ပြုတ်တစ်အုံလုံး ရေစင်ကြီးဘက် ယိုင်ပိကျ၍ ရေစင်ကြီးမှာ အိမ်ဘက်ကိုစောင်းစောင်းကြီး ဆက်တိုက်ယိုင်နေပုံမှာ အသည်းတုန်စရာကောင်းလှပါသည်။ ရေနံသုတ်ထားသော သစ်သားတိုင်လုံးများနှင့်ဆောက်ထားသည့် ရေစင်သက်တမ်းမှာ အိမ်ထောင်သက်နှင့်အမျှမို့ ရှစ်နှစ်ကျော်ပြီ။ ကိုးနှစ်ပြည့်တော့မည်။

သစ်က ဘာသစ်မှန်း မိမိမြိုင် မသိပါ။ ကိုးနှစ်လောက် နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ခံထားပြီးဖြစ်သော ရေစင်ကြီးဟာ ဆွေးနေပြီထင်ပါရဲ့။ ဒန့်ဒလွန့်ပင်ရဲ့ရိုက်အားနှင့် တစ်ဆင့်ယိုင်ကျလာသည်မှာ ပန်းစင်ယိုင်နေပုံနှင့် ဘာမှမဆိုင်ဘဲ ကြောက်ဖို့ကောင်းလှပေသည်။ ဆက်ပြိုကျလိုက်လျှင် မီးဖိုနှင့်ထမင်းစားခန်းနေရာဟာ စင်ကြီးနှင့်ရေတိုင်ကီကြီးဖိအားအောက်မှာ ပြိုကျဖို့သေချာသည်။

"ဖြစ်ဖြစ်ချင်း ယိုင်တာ ဒီလောက်မဟုတ်ဘူး မမမိမိ … ထွက်ကြည့်နေကြတုံး အိခနဲတစ်ချက် ထပ်ယိုင်ကျတာ အော်လိုက်ကြရတာ တစ်ခါတည်းလဲကျပြီမှတ်လို့၊ ဒီလောက်နဲ့ရပ်နေတာ၊ တစ်ခါ အိခနဲထပ်ယိုင်ရင်တော့ ခေါင်မိုးဆီကျလိမ့်မယ်ထင်တယ်၊ ထမင်းစားခန်းနဲ့ မီးဖိုနံရံတွေဆီ လာရိုက်ရင် ပြိုမှာပဲ မမမိမိ"

"ဟုတ်တယ် အတွတ် … ဒုက္ခပဲ၊ ငါသေလိုက်ချင်တယ်"

မိမိမြိုင်သည် ဆက်ရပ်နေရမှာပင် လန့်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ မီးဖိုထဲပြန်ဝင်သည်။ ခုနေပြီကျရင် ချက်တုန်းပြုတ်တုန်း ပိသေကြတော့မှာပင်။ အရှိန်နည်းမှာမဟုတ်။

"ဟဲ့ … မိယု … ကလေးနှစ်ကောင် ဟိုးဘက် လွတ်ရာကျွတ်ရာ ခေါ်ထားဇမ်းပါဟယ်၊ မီးဖိုဘက် မလာစေနဲ့"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ မမမိ"

"ဒါကိုတော့ ထားမဖြစ်ဘူးအတွတ်ရယ်"

"မဖြစ်ဘူး မမမိ … လေနည်းနည်းထပ်တိုက်ရင် ကို မလွယ်ဘူး၊ ကျွန်တော်ထွက်ကြည့်ပြီးပြီ၊ တိုင် ကြီးတွေက အတော်ဆွေးနေပြီ"

"ငါ့နှယ်နော်၊ အလုပ်မရှုပ်ချင်ပါဘူးဆိုမှ … ကဲ အတွတ်ရယ် … ဟိုတစ်ခါ ကားဂိုဒေါင်ခေါ်ပြင်တဲ့ လက်သမားအိမ် သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"သွားပြောပြီး မင်းပဲခေါ်ခဲ့စမ်းပါကွယ်၊ သူ့အဖွဲ့ အ လုပ်ရှိလို့မအားလဲ နေ့တွင်းချင်း အလုပ်သမားတစ် ဖွဲ့ ရှာဖွေစီစဉ်ပေးဖို့ ချက်ချင်းသာရအောင်ပြော၊ ငွေ တွေဘာတွေ ဒီကျမှ မမမိပြောမယ်၊ ပါအောင်သာ ခေါ်ခဲ့၊ မပါ,ပါအောင် ခေါ်ခဲ့နော် အတွတ်၊ သူတို့ မဟုတ်လဲ တခြား အတွတ်သူငယ်ချင်းတွေဘာတွေ သိတဲ့ လက်သမားအဖွဲ့တွေဘာတွေ ဘယ်ကဘယ်သူ ရရ၊ အနည်းဆုံး ယိုင်ကျတဲ့ဘက်က သစ်သားတိုင် တွေ တုတ်တွေနဲ့ ဒီနေ့ဆက်မလဲရုံ တစ်ရက်လောက်





ထောက်ပြီး ထိန်းထားဖို့လောက်တော့ ဒီနေ့လုပ်နိုင် မှဖြစ်မယ်၊ မြင်ရတာ အသည်းယားစရာကြီး၊ ဒီ တိုင်းကြီး ဘယ်လိုမှမနေရဲဘူး၊ ထောက်ပြီးကန်ထား နိုင်လဲ နည်းနည်းတော့တော်သေးတယ်"

"ဟုတ်ကဲ့ … ကျွန်တော် လူမရရအောင်တော့ ပတ် ရှာမယ် မမမိ"

"အေးဟယ် … ရအောင်လုပ်စမ်းပါ အတွတ်ရယ်၊ အိမ်ဘက်ပိုကျလို့ကတော့ ငွေလဲကုန် အလုပ်လဲပိုပြီ"

"ဟုတ်ကဲ့ … မရမကရှာခဲ့မယ် မမမိ"

"အေး … သွားတော့၊ ကားနဲ့သွား အတွတ်"

"ဟုတ်ကဲ့"

အတွတ်က သွက်သွက်ပင် ထွက်သွားရှာပါ သည်။ သူတို့ရှိလို့လည်း ဒီလိုအချိန်မျိုး အားကိုးရပါရဲ့။ မိုမိုလျှင် မိပဲ မထွက်မဖြစ်ထွက်ရှာရမှာပင်။ ကလေးထား ခဲ့ဖို့ စိတ်မချကာ တတန်းတန်းခေါ်ရအုံးမှာပင်။

"ရွှေမိတို့ သားငါးတွေ ဒီဘက် ထမင်းစားခန်းဘက် ရွှေလုပ်စမ်း၊ ပေကျံကုန်ရင် နောက်မှကြမ်းပြန်သန့် မယ်၊ စင်ကြီးယိုင်တာက မီးဖိုဘက်ပိုရောက်တယ်၊ ထမင်းစားခန်းဘက်က နည်းနည်းသက်သာတယ်"

"မီးဖိုတွေရော ရွှေ့ရမှာလား မမမိ"

"မီးဖိုတော့ ရွှေမရဘူးဟယ်၊ ကြမ်းတွေပျက်ကုန်မယ်၊ ဟော့ထပ်ပလိတ်တော့ တစ်ခုခုပေါ်တင်ပြီး ရွှေ့လို့ရ တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မီးမလာဘူး မမမိ၊ တစ်နာရီခွဲလောက်မှလာမှာ"
"သေသာသေလိုက်ချင်တယ် ··· ကဲ ··· ရှေ့ရှေ့၊ ရတဲ့ဟာရှေ့ ··· မီးသွေးဖို အပြင်မှာထွက်မွှေးဖို့ကျ လဲ လေကတိုက် မီးကမစဲသေး၊ တောက် ··· "

အိမ်မှာ ဂက်စ်မီးဖိုမထား။ ကြံဖန်တွေးပူတတ်၍ ပေါ့ဆသောအိမ်ဖော်တို့နှင့် ဂက်စ်ဖိုမထားရဲ၍ဖြစ်သည်။ ခုလိုကျတော့ ခက်ပြီ။ မိမိမြိုင်သည် စိတ်ပင်ပန်းစွာ သက်ပြင်းရှိုက်လိုက်မိပါသည်။

မနက်ကတည်းက ညှော်သည်ပါလာမှာမို့ ··· လှလှပပ သပ်သပ်ရပ်ရပ်ပြင်ဆင်ခြယ်သထားနော် ··· ဟု နှုတ်ကထုတ်ပြီးမှာခဲ့ခြင်းမှာ ··· ညှော်သည်ရှေ့ မိ,ကိုကြွား လုံးထုတ်ချင်လှလို့မဟုတ်ဘဲ ··· မိ အလှပြင်ဖြစ်သွားအောင် သာဖြစ်ပါသည်။ ကပိုကရိုကြီးနဲ့တော့ ညှော်မခံလိုက်ပါနဲ့ အလှဆုံးပြင်ပါလို့ ··· မမှာမိရင်လည်းထားတော့ ··· မှာ ခဲ့ပါလျက် မိ,ပုံ ဒီပုံကြီးနှင့်ကြိုဆိုညှော်ခံရက်သည်ရယ်လို့ ဇော်ရှင်းစိတ်ထဲ အောင့်သီးအောင့်သက် ခိုးလိုးခုလုဖြစ်သွားသည်။

ဒီနေ့ အန်တီသင်းက ရုံးကစောဆင်းသွားပြီး ညနေခြောက်နာရီတိတိမှာ ဇော်ရှင်းအိမ်၌ဆုံကြမည်ရယ်လို့ ချိန်းချက်ခဲ့သည်။ ဇော်ရှင်းက ငါးနာရီဝန်းကျင်လောက် ရုံးကပြန်လျှင် ငါးနာရီခွဲဆို အိမ်ကိုရောက်ပါပြီ။ တကယ် တမ်း ညနေရောက်လာသော် ကောက်ကာငင်ကာ ကိစ္စတစ် ခုပေါ်ပေါက်လာကာ ··· ခရစ္စမတ်အပြီး သူ့ဘော့စ်နှင့်လူ ကြီးတစ်ယောက် တွေ့ဆုံခွင့်အတွက် ဇော်ရှင်းကိုယ်တိုင် လိုက်ချိန်းပေးရပါသည်။



စောစောစီးစီး သွားမချိန်းခိုင်းဘဲ ရုံးဆင်းခါနီး မှကပ်၍ စိတ်ကူးပေါက်ကာ ခရစ္စမတ်ပြီးတာနှင့် တွေ့ချင် သည်ဆိုသဖြင့် ဤကိစ္စအတွက် ရုံးကထွက်ရတာပင် လေး နာရီကျော်နေခဲ့ပြီ။ သက်ဆိုင်ရာဌာနကို ဖုန်းကြိုးဆက်ထား ပြီးတာတောင် ရောက်သွားတော့ တွေ့ခွင့်မရပါ။ သူသည် လည်း အလုပ်များလှသူတစ်ယောက်ဖြစ်၍ ကိုယ့်ထက်အ ရေးကြီးသော ကိစ္စတစ်ခုကို ဦးစားပေးပြီး လက်ခံတွေ့လိုက် ရကာ ··· ဇော်ရှင်းကို ချက်ချင်းလက်ခံမတွေ့နိုင်တာပင်။

တွေ့ခွင့်ရတော့ ငါးနာရီကျော်နေပြီ။ ဘယ် နေ့တွေ့ဆုံဆွေးနွေးခွင့်ရမည်ကို ကိုယ်ရေးအရာရှိနှင့် ညှိနှိုင်း အာ ရက်ယူပြီး ဇော်ရှင်းရုံးကိုပြန်တော့ ငါးနာရီခွဲကျော်။ ရုံးကပြန်ဖို့ထွက်နိုင်တာက ခြောက်နာရီထိုးနေပြီ။ အန်တီ သင်းတို့စုံတွဲက ဇော်ရှင်းအိမ်ပြန်မရောက်ခင် ရောက်နေတော့ မှာပဲဟု စိတ်က ကြိုသိနေသော်လည်း မပူပန်ပါ။

အိမ်မှာ မိ,ရှိတာပဲ။ မိတစ်ယောက်လုံး စကား ပြောဆို ညှော်ခံထားမှာပေါ့ရယ်လို့ စိတ်က ပေါ့ပေါ့ပါးပါး

www.burmeseclassic.com

www.burmeseclassic.com



ပဲရှိနေခဲ့ပါသည်။ ဖော်ရှင်း အိမ်ပြန်ရောက်တော့ ခြောက်နာရီခွဲဖို့သုံးမိနစ်လောက်သာ လိုတော့သည်။ အန်တီသင်းတို့ကားကို အိမ်ရှေ့မှာတွေ့သည်။ အိမ်ထဲသို့ ဖော်ရှင်းဝင်လိုက်လျှင် အရင်ဆုံးလှမ်းမြင်ရသည့်နေရာမှာ အန်တီသင်းထိုင်နေသော ဆက်တီကိုဖြစ်ပါသည်။

"ဟော ... လာပြီ"

အန်တီသင်းက ပြုံးရွှင်စွာ လှမ်းနှုတ်ဆက်သည်။ အန်တီသင်းသည် ဖရဲငှ်ချိုးရိုးလ် သပ်သပ်ရပ်ရပ်ထုံးဖွဲ့ထားကာ သစ်ခွတစ်ပွင့်ပင် ပန်ဆင်ထားပါသည်။ ကလေးမရှိသောသူမို့ အန်တီသင်းက ငါးဆယ့်ငါးနှစ်လောက်ရှိနေတာတောင် ... ငါးဆယ်ပြည့်သေးသည်မထင်ရ။ နုပျိုအရွယ်တင်တာအပြင် မျက်နှာပေါ်တွင် သူ့နေရာနှင့်သူ ကျကျနနခြယ်သတတ်၍ ခြယ်သရတာလည်း ဝါသနာထုံသူပီပီ ... အလှကို အသေးစိတ်ပြင်ထားပါသည်။

မျက်ခုံးမွေးဆွဲထားပုံကအစ အချိုးကျလှပလွန်းကာ ခါးကျော်ရုံရယ်ဒီမိတ် ဘလောက်စ်ထူအိအိ ရင်ဘတ်၌ ထိုးပန်းဖောက်ပွင့် ကော်ဖီရောင်ကလေးကို ဝတ်ဆင်ထားသည်မှာလည်း လိုက်ဖက်တင့်တယ်နေတုန်းပင်။

"ဆောရီးဗျာ ... အန်တီသင်း ... အန်ကယ်ကြီး ဆောရီးဗျာ၊ ရုံးဆင်းခါနီးမှ (---)ရုံးကို တစ်ခေါက်လစ်ရသေးလို့ဗျို့"

"ရပါတယ် ဦးဖော်ရှင်းရာ ... မိန်ရဲ့စကားပြောနေကြတာ"



"စိတ်ကတော့ အန်တီသင်းတို့ ရောက်လောက်ပြီဆိုပြီး တွေးနေမိတာပဲ၊ ခြောက်နာရီဆိုတာ ကျွန်တော်ကပဲချိန်းလိုက်ပြီးတော့"

"အစ်ထ်ဒတ်ဇင့်မက်တာ ဦးဖော်ရှင်း"

ဦးအောင်မိုးမှာ သဘောကောင်းကောင်း ပျော်ပျော်နေတတ်ပြီး အန်တီသင်းနှင့်လိုက်ဖက်ညီသူဖြစ်ကာ ... ပြုံးပြုံးရယ်ရယ်ဝင်ပြောလိုက်ပါသည်။ ဖော်ရှင်းသည် တံခါးဝက ခုံပုလေးမှာထိုင်ကာ ဖိနပ်ချွတ်နေဆဲမို့ အထဲဆက်မဝင်သေးရာ မိ,ကိုမမြင်ရသေးဘဲ ကွယ်နေပါသည်။ မိယုရောက်လာ၍ လက်ထဲကဖိုင်လ်တွေ၊ အိတ်တွေပေးလိုက်ပြီး ဖိနပ်ကိုထားကာ ဧည့်ခန်းထဲလှည့်ဝင်သည်။

အဲဒီတော့ကျမှပဲ မိမိမြိုင်ကို သူ ဘွားခနဲတွေ့တာပါ။

အတော်ကို ဟောင်းနွမ်းပြီဖြစ်သော ... ချည်ဘလောက်စ်ပွပွတစ်ထည်ကို ဝတ်ဆင်ထားကာ ... ထိုအင်္ကျီလုံချည်တို့သာမက လူတစ်ကိုယ်လုံးပါ ရေမချိုးရသေးတာ သိသာစွာ ညစ်ပတ်ဖေရေနေပါသည်။ ဆံပင်တွေဟာလည်း ခေါက်တင်ထားသော်လည်း နားသယ်နှစ်ဖက်မှဖွာကျတာကပြန်ကျ ... ကပိုကရိုနှင့် အိပ်ရာထဲကပဲ လိမ့်ထကာ ခေါင်းမဖြီးလာတဲ့ဟန်။

မျက်နှာမှာ ဆီပြန်လျက် ညစ်တစ်တစ်ရှိနေသည်။ ပြင်ဆင်ခြယ်သထားဖို့နေနေသာသာ ရေတောင်မှ မချိုးရသေးတာ ဘယ်သူမြင်မြင် ရိပ်မိနိုင်စရာပင်။ မျက်

www.burmeseclassic.com



နှာမှာ စိတ်ရှုပ်နှမ်းနယ်သလို မကြည်သာလှ။ ပြုံးကာ စကားပြောဆိုနေသော်လည်း နဖူးပြင်နှင့်မျက်ခုံးတို့က မိရဲ့ စိတ်တွင်းမှ အလုပ်ရှုပ်ရှုပ် စိတ်ပျက်ပျက်အမူအရာကို ဖော်ပြနေသလိုပင်။

"အတော်ပဲ ... မောင် လာထိုင်၊ စားပွဲပြင်ဖို့ မိ စီစဉ်လိုက်ဦးမယ် အန်တီသင်း၊ ကောင်မလေးတွေက ညှော်သည်ထမင်းပွဲ မပြင်တတ်ဘူး"

"အော် ... ရပါတယ် မိရယ်၊ ညှော်သည်လို လာစားတာမဟုတ်ပါဘူး၊ အိမ်စား,စားမှာပါ၊ အပိုတွေ မလုပ်ပါနဲ့"

"ကြီးကြီးကျယ်ကျယ်ကြီး ပြင်ဆင်မှာမဟုတ်ပါဘူး အန်တီသင်းရယ်၊ ဘာဟင်း ဘာပန်းကန်မျိုးနဲ့ထည့်ဆိုတာကအစ ... မိ ပြောမသိကြတာ၊ အန်တီသင်းတို့ကိုလဲ အားနာတယ်၊ မောင်ကလဲ အရေးထဲနောက်ကျ ... ဟင်း ဟင်း ဟင်း"

"ဆာမှမဆာသေးတာ မိရယ် ... ဘာအားနာစရာရှိလဲ၊ အေးအေးနေချည်ပါ"

"ဟုတ်သားပဲ မိ၊ နောက်ဖေးဝင်စီစဉ်မယ့်အစား ရေသွားချိုးလိုက်ရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်၊ မိန်းမကတော့ဗျာ ... စောစောရေချိုးမထားဘူး၊ ညှော်သည်ရှေ့ပြောရတော့ ကောင်းရောလား"

မိမိမြိုင်သည် အန်တီသင်းတို့ကို အားနာပါးနာလှည့်ကြည့် ရယ်မောလိုက်ရင်း ...



"မိလဲ မအားလို့ တကယ်ပဲရေမချိုးရသေးတာ အန်တီသင်းရယ်၊ အားနာလိုက်တာ၊ မနက်က နည်းနည်းအလုပ်ရှုပ်သွားလို့ပါ"

"မနက်ကတည်းကကို ချက်နေတာလား မိရယ်"

"ခြံထဲမှာ အလုပ်ရှုပ်တာပါ အန်တီသင်း၊ ချက်ပြုတ်တာက ဘာမှမရှုပ်ပါဘူး၊ အန်တီသင်းတို့လာမှ အလုပ်သမားတွေပြန်တာ"

"ဟုတ်တယ် ... အန်တီတွေ့လိုက်တယ်၊ ခြံထဲက အလုပ်သမားလေးငါးယောက် ထွက်သွားတာတွေ့လိုက်ပါတယ်"

"အန်တီသင်းတို့ ဖိတ်ကျွေးပါမယ်ဆိုတဲ့နေ့မှ ခြံထဲအလုပ်ကိစ္စ ... ဆင်းလုပ်ရသေးလား မိရယ်၊ နောက်နေ့လဲ ပိတ်ရက်၊ ရွှေ့လိုက်ဆိုင်းလိုက်ရင် ဖြစ်တဲ့ဟာကို"

"ရွှေ့မဖြစ်တာလေးလောက်ပါ မောင်ရာ၊ ကဲ ... အန်တီသင်း ... မိ ရေအပြေးလေးချိုးလိုက်ပါရစေနော်၊ မချိုးရင် ... မောင်က စိတ်တိုတော့မယ်"

"ချိုးပါ ... ချိုးပါ၊ အေးအေးချိုးပါ မိရယ်၊ တကယ်ပါ ... အိမ်မှာလဲ ခုနစ်နာရီခွဲလောက်မှ ညစာစားတာကွယ့်"

"မောင်ရေ ... မောင်နဲ့အန်ကယ် ဘီယာသောက်နှင့်ဖို့အသင့်ပဲ၊ အန်တီသင်းဖို့ လိမ္မော်ရည်လေးပဲယူခဲ့မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"သင့်ခ်ယူး မိ ..."

မိသည် ခပ်သွက်သွက်ဝင်လာခဲ့ကာ ... လင်ဗန်း၌ပြင်ဆင်ထည့်သိုပေး၍ အိမ်ရှေ့သို့ တစ်ဗန်းပြီးတစ်ဗန်း ရွှေမိတို့ညီအစ်မကို ပို့စေရပါသည်။

"မေမေ ... သားသားလဲ အေးအေးသောက်မယ်"

"ယုရေ ... ဒီနှစ်ကောင် အအေးဖောက်ပေးလိုက်ပါအုံးကွယ်"

"ရတယ် မမမိမိ ... ရေသာသွားချိုး၊ လိုတာ ယုကြည့်လုပ်ပေးပါ့မယ်"

ယုယုသည် တစ်နေကုန် တဖားဖားအလုပ်ရှုပ်နေရကာ ငါးဆယ်ကျော်ညှော်သည်လုလုရှေ့ ပုံဆိုးနေသည့်သူ့အစ်မအတွက် သနားသယောင်မျက်နှာနှင့် မိကို အိပ်ခန်းဆီတွန်းပို့လိုက်ပါသည်။

မိသည် အိပ်ခန်းထဲသွက်သွက်ဝင်လာကာ အချိန်လု၍ ကမန်းကတန်း ရေချိုးဖို့ပြင်သည်။ ရေချိုးပြီးလျှင် နောက်ဖေးထဲလည်း ထပ်မဝင် ထပ်မစီစဉ်လို့မရှိပါ။ မိနှင့်ဂျမ်းဘုံသည် ဘယ်နေရာ ဘာပန်းကန် ဘာဇွန်း တာမျိုးလည်း နားမလည် ... ဟင်းချိုပန်းကန်လုံးထဲ လဖက်ရည်ဇွန်း တပ်ချင်တပ်ပေးလိုက်တတ်သူတွေတည်း။

မိရဲ့လုံချည် အကျီရော ခြေဖမိုးလက်ဖျံတွေ ချေးနှင့်ဖုန်ကပ်ကာ ညစ်နေသည်။ လက်ဖဝါးတွေသည် တစ်ဖက်က အစားအသောက်တွေ ကိုင်တွယ်ရအုံးမှာမို့ — မကြာမကြာ ဝင်ဝင်ဆေးနေလို့သာ။ နို့မို့ မည်းတူးနေ



မိသည် အန်တီသင်းတို့ကိုလည်း အားနာ၍ ရေကိုကမန်းကတန်းချိုးကာထွက်လာပြီးလျှင် သင့်တော်ရာအဝတ်တစ်စုံကို ခပ်မြန်မြန်ကောက်လဲ၍ ထွက်လာခဲ့ပါသည်။

ပြင်ဆင်ခြယ်သဖို့ဆိုတာကို စိတ်ပင်မကူးမိပေ။ ဧည့်ခန်းသို့မထွက်ခင် ထမင်းစားခန်းမှာ အားလုံးလှပကျနစွာပြင်ဆင်လိုက်သေးသည်။ ဟင်းချိုခပ်ဖို့တစ်ခုမှလွဲ၍ အားလုံးနေရာကျပြီဆိုမှ ဧည့်ခန်းသို့ မိ ပြန်ထွက်လာပါသည်။

ထမင်းဝိုင်းကိုပါ သွားပြင်လိုက်သေး၍ အတိုက်အလျောက် ကြာလင့်နေသော မိ,ကို ဇော်ရှင်းကတော့ အနည်းအကျဉ်းဖြစ်စေ ပြင်ပြင်ဆင်ဆင်လုပ်လာလိမ့်မည်ဟု ပဲ တွက်တာပင်။ တကယ်တမ်း မိ ဧည့်ခန်းပြန်ထွက်လာတော့ မိသည် မျက်နှာပြောင်နှင့် တော်ရိလျော်ရိ။ အန်တီသင်းနှင့်မိကို ယှဉ်ကြည့်ကာ ဇော်ရှင်း တနုံ့နုံ့မခံချင်ဒေါသဖြစ်လာသည်။

ငါးဆယ့်ကျော် မိန်းမတစ်ယောက်ပင် လှအောင်နေနိုင်သေးရက်သားနှင့် သုံးဆယ်ကျော်သည်ဆိုရုံ မိက ဘာကြောင့် မပြင်နိုင်မဆင်နိုင်ဖြစ်နေရသနည်း။ အဲဒီအပြင်ကို မိမျက်နှာဟာ ညိုးနေတာမဟုတ်ဘဲနှင့်ကို တစ်စုံတစ်ရာ ဝန်ပိလျက် ကြည်နူးလန်းဆန်းခြင်းကင်းမဲ့နေပုံမှာ အိမ်ထောင်ရေး၌ အောင်မြင်မှုမရသော မိန်းမတစ်ယောက်ပုံပင် ပေါက်နေပါသည်။

ဤအဖြစ်ဟာ ဇော်ရှင်းကို ခံပြင်းစေသည်။ သူ့သိက္ခာကို ကျစေသလို ခံစားရသည်။ မိန်းမကို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းမစားဘဲ အိမ်မှာ ငြိမ်းငြိမ်းထားပါလျက် မိန်းမရဲ့ရုပ်ရည် လန်းဆန်းမှုကင်းမဲ့နေသည်မှာ ဤအိမ်ထောင်၌ မငပျော်ပိုက် ငြီးငွေ့စိတ်ကုန်နေရာကို သက်ရောက်စေပါသည်။

ဇော်ရှင်းသည် ဟန်မပျက်နေနေရသော်လည်း သူ့စိတ်ထဲ ကျလိကျလိနှင့် အတော်ကို ခံစားနေရသည်။ မိ ဘာဖြစ်နေသနည်း။ ရုံးအလုပ် လုပ်နေရသေးကာ ··· အခုလည်း ရုံးတက်ပြီးမှတစ်ခေါက်ထွက်လာခဲ့သော အန်တီသင်းဟာလည်း အိမ်ရှင်မတစ်ယောက်သာပါပဲ။ ဘာတွေ ကွာခြားနေလို့ မိ,ကကျတော့ ပန်းလျှနေသနည်း။

ကလေးမရှိသူနှင့် ကလေးနှစ်ယောက်အမေမို့ လား။ ဒါလည်းမဟုတ်လောက်။ ကလေးသုံးယောက်အမေ ချောစု ··· ကြည်လင်လန်းဆန်းရွှင်ပျနေတာကို သူတွေ့ ထားရသည်။ မိကိုက ဖြစ်နေတာ။ မဖြစ်တော့ဘူး။ သူ မိ ကိုစိတ်အပြောင်းအလဲမလုပ်လို့ကို မဖြစ်တော့ပါဘူး။

"ဟယ် ··· မိ,က သိပ်တော်တာပဲကွယ်"

ထမင်းဝိုင်းရောက်လျှင် အန်တီသင်းက လိုက်လိုက်လဲလဲ စ,တင်ချီးကျူးလိုက်ပါသည်။ မိ,ကပြုံးပြုံးနှင့်

"ဟင် ··· အန်တီသင်းက ဘာတစ်ခုမှတောင်မမြည်း ရသေးဘဲနဲ့"

"မြည်းပြီးရင် နောက်ထပ်ချီးကျူးရမှာကသတ်သတ်၊ အခုက ပြင်ဆင်ထားပုံကိုပဲ ချီးကျူးရသေးတာ၊ ထမင်းပွဲက လှနေတာပဲ၊ ပန်းကန်ထဲဟင်းတွေ ဟင်းသီးဟင်းရွက်တွေ ပုံဖော်ထည့်ထားပုံကအစ အနု



ပညာနဲ့၊ ဟိုတယ်ပွဲကျနေတာပဲ၊ အန်တီမြှောက်ပြော တာမဟုတ်ဘူး၊ တကယ်အရှိပြောနေတာ၊ စားပွဲခင်း ပုံ၊ ပန်းကန်ချပုံကအစ မိ ယော်တာကိုပြနေတယ်၊ ဝန်ခံရရင် အန်တီ ဒီလိုလှအောင်ပြင်တတ်ဖို့ဝေးရော၊ ဟင်းကိုဖြစ်ဖြစ်မြောက်မြောက် အမယ်စုံအောင်တောင် မချက်တတ်ဘူးကွဲ့"

"ဟင် ··· အန်တီက လျှိုနေပြန်ပြီ"

"ဘယ်ကလျှိုရမှာလဲ၊ နက်ဖြန်ကျ မိ သိရမှာ၊ အိမ် က ကွတ်ခ်က တော်လို့တော်သေးတယ်၊ ကုန်ကုန် ပြောမယ်၊ အန်တီသင်းလေ ··· ဈေးတောင်မဝယ် တတ်ဘူး"

ဦးအောင်မိုးက တဟားဟားရယ်ကာ ···

"ပညာသားတွေ ထုတ်ကြွားလိုက်စမ်း ··· ဟား ဟား"

ဇော်ရှင်းက မျက်ခုံးပင့်ကာ ···

"ဈေးဝယ်တာ ဘာခက်လို့လဲ အန်တီသင်းရဲ့၊ လူ တိုင်းဝယ်တတ်တဲ့ကိစ္စပဲ"

"အို ··· ဈေးထဲသွားပြီး မျက်စေ့ရှေ့တွေ့ရာ သား ငါးတွေဝယ်ချပစ်တာမျိုးတော့ လူတိုင်းဝယ်တတ်တာ ပေါ့ ဦးဇော်ရှင်းရဲ့၊ ဒါပေမယ့် တကယ်ဈေးဝယ်တတ် တယ်ဆိုတာက ဘာအသားကို ဘာလေးနဲ့ရောစပ်ပြီး ဘယ်လိုချက်မယ်၊ အရည်သောက်လေးကဘာ အသီး အနှံ ဟင်းသီးဟင်းရွက်ပွဲက ဘယ်လိုဆိုတာ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲ ဟင်းစပ်စီစဉ်ပြီး စနစ်တကျဝယ်တတ်တာကို ဆိုလိုတာ၊ ပါလာတဲ့ပစ္စည်းထဲကလဲ အလေအလွင့်မရှိ ··· တစ်ရက်နဲ့တစ်ရက်နဲ့လဲ အရသာမထပ်အောင် အမျိုးမျိုးအမယ်မယ် စီစဉ်ဝယ်ခြမ်းရတာ လွယ်တယ်မှတ်သလား ဦးဇော်ရှင်း၊ အန်တီ ဒါမျိုးတကယ်မတတ်ဘူး၊ အိမ်ကကွတ်ခ်က ဈေးကိုယ်တိုင်သွားတာ၊ သူ့ဟာသူ ဟင်းစီစဉ်ပြီး ဝယ်ခြမ်းလာပြီး အိမ်ကသူ့စိတ်ကူးနဲ့သူချက်ရော ··· မီးဖိုချောင်အလုပ်တော့ အိုသေတော့မယ် ··· အန်တီ နားကိုမလည် ကျွမ်းကိုမကျွမ်းကျင်ဘူး"

မိမိမြိုင်သည် ကုသိုလ်ကောင်းလှသည့်အန်တီသင်းကို အားကျကျလေးကြည့်ပြုံးနေမိပါသည်။ တစ်နေ့တစ်နေ့ ဘာအသား၊ ဘာအရည်၊ ဘာအသုပ်၊ ဘာအရွက်ကြော်၊ ဘာတို့စရာ စသဖြင့် မစီစဉ်မစဉ်းစားရ ··· ချက်လည်းဝင်မချက်ရသော ဦးခေါင်းလောက် ရှင်းလင်းလွတ်လပ်ပေါ့ပါးမှာ ရှိအုံးမလား။

ဒါကြောင့်လည်း သောကမရှိ ··· အန်တီသင်း အရွယ်တင်တာဖြစ်ပေမည်။

"မီးဖိုအလုပ် မကျွမ်းကျင်တော့ ဒေါ်သင်းသင်း ဘာကျွမ်းကျင်သလဲပြောပြလိုက်ပါအုံးကွယ်"

ဦးအောင်မိုးက ...,သည်။

"ဟင်း ဟင်း ··· မိန်းမတွေတတ်အပ်တာ ဘာမတတ်သလောက်ဘဲ"



"ဒါဖြင့် ယောကျ်ားတွေတတ်အပ်တာရော တတ်လို့လား"

"အို ··· ကိုယ့်ကိစ္စတောင် ကိုယ်မကျွမ်းတာ သူများကိစ္စ ဝင်ကျွမ်းပါ့မလား၊ လူကို လာသိက္ခာချမနေနဲ့၊ သူနဲ့လက်ထပ်ကတည်းက ရှင်းရှင်းပြောထားခဲ့တယ်၊ ဘဝမှာ အသိပညာပိုင်း၊ အလုပ်ခွင် အရည်အချင်းပိုင်း၊ ရုံးမှာတော်အောင် တတ်အောင် မြင့်မားအောင်ကြိုးစားဖို့၊ လေ့လာလိုက်စားဖို့၊ ဆည်းပူးဖို့ ဒါတွေပဲ ဝါသနာပါတယ်၊ ဝါသနာမပါတဲ့ ဘာတာဝန်ကိုမှ မပေးရဘူးလို့၊ သူသဘောတူလို့ လက်ထပ်ခဲ့တာ မိရေ၊ အန်တီက ကိုယ့်ပညာအရည်အချင်းနဲ့ ဝင်ငွေရှာဖို့ပဲ စိတ်ဝင်စားတယ်၊ အိမ်ထောင်မှုကိစ္စတွေ ခေါင်းထဲမထည့်နိုင်ဘူး၊ ရှုးလိမ့်မယ်၊ တော်သေးတယ်၊ ကလေးကလဲမရလို့၊ ကလေးရှိလဲ အန်တီက နာနီနဲ့ပဲထားရမှာပဲ၊ ကိုယ်မှ ဘာမှမတတ်ပဲ၊ ဒါကြောင့် ··· မိကိုချီးကျူးတယ်၊ မိ,က တော်တယ်ကွဲ့"

"တော်တယ်တော့ မဟုတ်ပါဘူး အန်တီသင်းရယ်၊ လုပ်ရင်းဖြစ်သွားတာလောက်ပါ"

တကယ်တမ်း ချာလပတ်မှုးကာ ဂျင်ခြေလည်းတာတွေ အန်တီသင်း အကွက်စေ့စေ့မသိရလို့သာပင်။ ... တကယ်တမ်းပိနေသော ဝန်တို့က အန်တီသင်းမြင်သ...က် အဆမျှားစွာပိုမိုကျန်ရှိပါသေးသည်။

"မြည်းကြည့်တော့ ဟင်းတွေကလဲ ကောင်းတယ်၊

www.burmeseclassic.com



အားလုံးအံ့ရသာရှိတယ်"

ရွှေမိနှင့်ပစ်မထား လွှတ်မထားရဲ၍ တစ်နေကုန် ဈေးတစ်လုံးလုံး အပ္ပဟပ်ကာ ချက်ပြုတ်ခဲ့ရသမျှ ချီးမွမ်းစကားကြားရတော့လည်း အတန်အသင့် အမောပြေရတာပင်။ ဒါပေမယ့် မောင့်မျက်နှာက ဒီညနေ ဘာကြောင့် သိပ်မကြည်လင်ပါလိမ့်။

အန်တီသင်းတို့စုံတွဲသည် ချက်ပြုတ်ရကျိုးနပ်အောင် ချက်ရသူအမောပြေအောင် အားရပါးရစားသောက် ချီးမွမ်းကြပြီး အလာပသလာပ တဝကြီးပြောဆိုရယ်မောပြီး ညကိုးနာရီထိုးခါနီးမှပင် နက်ဖြန်အတွက် ချိန်းဆိုဖိတ်ကြားပြီး ပြန်သွားကြပါသည်။ အန်တီသင်းတို့ ပြန်လျှင်ပြန်ချင်း ဇော်ရှင်းက အိပ်ခန်းထဲ တန်းဝင်ကာ ... ရေမိုးချိုး၍ နားလိုက်နိုင်သော်လည်း မိမိမြိုင်ကား မီးဖိုထဲမှ မထွက်ရသေးပါ။

ဟင်းတွေက ရှစ်မျိုးလောက်ချက်ထား၍ ... အများကြီးဖြစ်ရာ ဟင်းချိုသာ အနည်းအကျဉ်းကျန်လျက် ကျန်ဟင်းတွေက တစ်ခုမှ လက်စမပြတ်။ တစ်ညတည်း စားပစ်ဖို့ရာ ဘုံးဘောလအောနိုင်လှကာ ... နောက်တစ် ရက်မနက်စာ ကောင်းကောင်းဖွလုံနိုင်သေးရာ ... မိမိမြိုင် မှာ နှမြောမြောနှင့် ... ဘယ်ဟာစား ဘယ်ဟာချန် စီမံ ခန့်ခွဲရပါသေးသည်။

ခရမ်းချဉ်သီးတွေဘာတွေမပါ ... စိုတိစိုစော် မဟုတ်သော ဟင်းတို့ကိုသိမ်းစေ၍ ... ထားမရမည့်ဟင်း တို့ကို စားစေရသည်။ နက်ဖြန်ကျ အဖေနှင့် သားနှစ်ယောက် အတွက်သာ ဟင်းတစ်မျိုးကို အနည်းအကျဉ်း စီမံချက် ပြုတ်ပေးရုံနှင့် ကျန်ဟင်းတွေဟာ မိ အပါအဝင် ယုတို့ ခေါင်နှမရော ... ရွှေမိ၊ ဂျမ်းဘုံပါ စားမကုန်နိုင် သေးပါ။

အိုးတွေ့လှယ်ကာ ဘယ်လိုသိမ်းဖို့ပြသခဲ့ပြီးမှ သူ့အခန်းထဲရောက်နေသော သားနှစ်ယောက်ကို သွားခေါ် လျှင် သားငယ်လေးဟာ ယု ခုတင်ပေါ်သနားစဖွယ်အိပ်မော ကျနေလေပြီ။ သားကြီးသာ ယုနှင့် မြွေကစားနေသည်။

"သားကြီး အခန်းထဲသွားတော့၊ ဖေကြီးအခန်းထဲ မှာရှိတယ်၊ အန်တီယု ထမင်းစားရအုံးမယ်၊ ပြန်တာ နောက်ကျလိုက်တာဟယ် ... ယုတို့ အတွတ်တို့ အူလိမ်နေရောပေါ့၊ ငါ စိတ်ကမဖြောင့်ဘူးရောက် နေတယ်"

"ယုတို့ ငှက်ပျောသီးစားထားတယ် မမမိမိ"

"ကဲ ... ကဲ ... သွားစားကြချည်တော့၊ ရွှေမိတို့ နောက်ဖေးဖို့ မမမိ ဟင်းတွေခွဲပေးပြီးပြီ သိလား၊ သိမ်းရမယ့်ဟာလဲ သိမ်းပြီးပြီ"

'ဟုတ်ကဲ့"

သားကြီးကို သူ့ဘာသာလွှတ်လိုက်၍ သားငယ်လေးကို မနိုးအောင်ပွေ့ချီလာရပါသည်။ သားငယ်လေး ကို အိပ်ရာပေါ်ချသိပ်ကာ ဇော်ရှင်းကိုလှည့်ကြည့်လိုက်လျှင် ဇော်ရှင်းက အခန်းထောင့် ကွန်ပျူတာစားပွဲဘေးက ခုရင်းမ် ထက်ဒ်တွင် ခပ်မှိုမှိုထိုင်ကာ စီးကရက်သောက်နေသည်။





www.burmeseclassic.com

www.burmeseclassic.com



မောင် စီးကရက်သောက်နေ၍ ပန်ကာဖွင့်ပစ်လိုက်ရင်း အခန်းတံခါးကိုပါ အငွေ့ထွက်အောင် ဖွင့်ဟထားလိုက်ပါသည်။

ပန်ကာထ,ဖွင့်ခြင်း၊ အခန်းတံခါးထ,ဖွင့်ခြင်း အလုပ်တို့မှာ ပြောတော့ဘာမှမဟုတ်ပေ။ သို့ပေမယ့် … ဤလိုအသေးကလေးတွေ ပေါက်စိပေါက်စိ ကိုယ်လုပ်နေရ၍ တစ်ချိန်မှ ခြေစုံမရပ်ရ၊ မထိုင်ရ၊ မလှဲရဘဲ မိခြေဖဝါးတွေ ညကျ ကျိန်းနေတာဖြစ်သည်။ သားတို့ခြေရင်းဘက် ကြမ်းမှာ လျှပ်စစ်ခြင်ဆေးစက်ကလေးကို ပလပ်ပေါက်တပ် မီးထွန်းညှိလိုက်ပြီးလျှင် ပန်ကာလေကြောင့် စာရွက်စတွေ တဖျပ်ဖျပ်လွင့်သော မောင့်ဖိုင်လ်ကိုသွား၍ သပ်ရပ်လိုက်ရသည်။

ဖိုင်လ်ထဲစာရွက်ညှပ်ကတည်းက တိကျသပ်ရပ်စွာ လုံလုံလဲလဲ မညှပ်ဘဲ ထွက်တစ်ဝက်ဝင်တစ်ဝက် လပေါ်သရေညှပ်၍ စာရွက်တွေက လေနှင့်တဖျပ်ဖျပ်ခတ်တာဖြစ်သည်။ မနက်ကတည်းက ဗျာများကာ အခန်းကို မရှင်းရသေး၍ ခုတင်ဆီ မောင့်ဘက်ခြမ်းကြမ်းပြင်၌ကျနေသော သတင်းစာဂျာနယ်တို့ကို ကောက်သိမ်းရသည်။

သတင်းစာဂျာနယ်တို့ဟာ အဖုံးရွက်နှင့်ကြားရွက်များ ညီညီတိတိမရှိတတ်ဘဲ တချို့အရွက်တွေက အပေါ်ဘက်လွန်ထွက်၊ တချို့အရွက်တွေက အောက်ဘက်လွန်ထွက် … တချို့က ဘေးစွန်းမှလွန်ထွက်၊ မသပ်မရပ်အောင် မိတို့များ တမင်တကာပင်လျှင် မဖတ်တတ်ပါ။ ဖတ်တတ်ခြင်းကား မောင့်ထူးခြားမှုဂုဏ်ပုဒ်ဖြစ်ပေသည်။





အခန်းထဲက ဘာမှမကျယ်လှတဲ့ စားပွဲပေါ်ကားသော့ … နေကာမျက်မှန်။ ဆေးလိပ်ခွက်။ မနက်ရုံးမသွားမီက ထမင်းစားပွဲမှာ ထိုင်မသောက်ဘဲ အိပ်ခန်းထဲကိုင်ဝင်သွားပြီးသောက်ကာ ကုန်၍ စားပွဲပေါ်တင်ထားခဲ့သော ကော်ဖီခွက်လွတ်။ စီးကရက်ဗူးထိပ်ဖောက်ထားသည့် ပလတ်စတစ်စလေးနှင့် အနီကြိုးမျှင်။ ရေချိုးခန်းထဲကယူလာ … မှန်တင်ခုံရှေ့လာရိတ်ပြီး ဒီဘက်က စားပွဲပေါ်လွှဲချော်တင်ထားခဲ့တဲ့ မုတ်ဆိတ်ရိတ်ဂျူတ်။

တစ်ခုချင်းပြောလျှင် ပြီးဆုံးမည်မဟုတ်၍ … တောက်တက်တောက်တက် ဇယ်စက်သလို သိမ်းဆည်းရှင်းလင်းလိုက်ပြီး အဝတ်တန်းမှာ မောင် ကပိုကရိုပစ်တင်ထားတာတွေဆီ လှည့်ရသည်။ လျှော်မည် မလျှော်ဘူး မောင့်၌မရှိ။ မိ,က လျှော်ပစ်လိုက်လျှင်ရသည်။ ဘာမှမပြော။ တစ်ခါတစ်ရံတော့လည်း ခဏတဖြုတ်ဝတ်သွားသော အဝတ်မျိုးမို့ လျှော်စရာမလို။ ဒါတွေကို စိစစ်ကာ ဖြန့်တန်းတာဖြန့်။ မီးပူခြင်းထဲ ပြန်ထည့်တာထည့်၊ လျှော်ခြင်းထဲ ပြန်ထည့်တာထည့်။

အခန်းကတော့ တစ်ခဏချင်း သပ်ရပ်သွားကာ ဖော်ရှင်းကတော့ အကြီးအကျယ်ဒေါပွလာပါသည်။ အရွဲ့တိုက်နေသလားမှတ်ရသည်။ တစ်ခါတည်းမှပဲ သူ့ စိတ်တိုနေတာကို ဂရုမစိုက် … သံပတ်ရပ်လို တဘောက်ဘောက် တချောက်ချောက်လှုပ်ရှားနေလိုက်တာ။

"မို"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်ခေါင်းသံကြီးနှင့် ဆောင့်အော်လိုက်၍ ခုတင်ပေါ်တွင် မအိပ်သေးဘဲ ကာတွန်းတစ်အုပ်ကြည့်နေသော သားကြီးပင် လန့်တုန်မျက်လုံးဝိုင်းသွားပါသည်။

"မောင် ဘာလဲ"

"ဒါ ... အရွဲ့တိုက်နေတာပေါ့ ... ဟုတ်လား"

"ဟင် ... ဘာကိုအရွဲ့တိုက်နေတာလဲ"

မိမိမြို့င်သည် အတော်ဦးနှောက်ခြောက်ကာ တအံ့တသြ အလုပ်ရပ်၍ လှည့်မေးလိုက်ပါသည်။

"မောင် စိတ်တိုနေမှန်းသိလို့ တမင်တကာ ရင်မဆိုင်ဘဲ အရွဲ့တိုက်ပြီး အလုပ်တွေရှာလုပ်နေတာ"

"မောင် စိတ်တိုနေမှန်းမသိရပါလား၊ မောင်က ဘာတွေစိတ်တိုနေတာလဲ"

"အပိုတွေလုပ်မနေနဲ့ ... မိ သိတယ်"

"အို ... မောင်ရာ ... အပိုတွေလုပ်စရာအချိန်ကို မရှိဘူး၊ လိုတာတွေတောင်လုပ်ဖို့ အချိန်မလောက်ရတဲ့ကြားထဲ၊ လူလဲ ခေါင်းနောက်နေပြီ"

"အခန်းထဲ ဟိုလျှောက်ဒီလျှောက် ဟိုသိမ်းဒီသိမ်း လုပ်နေတာ အပိုတွေမဟုတ်ရင် ဘာလဲ၊ ဒါတွေ မလုပ်လို့ နက်ဖြန် ကမ္ဘာပျက်သွားတော့မှာမို့လား"

မိသည် တစ်နေကုန်ပင်ပန်းလှ၍ ဒေါသထွက်လွန်းကာ မောင့်ကို စကားပြောချင်စိတ်တောင်မရှိတော့ဘဲ စိတ်နာနာနှင့် လှည့်ကြည့်လိုက်မိသည်။ ဘာတွေရန်လာစ,နေပါလိမ့်။ ကြည့်ရတာ ... ပျင်းလို့ထင်ပါရဲ့။



"ဒါတွေ ဒါတွေက အပိုတွေလား၊ မောင် ဖွမထားရင် ဘယ်သူမှမသိမ်းရဘူး၊ အပိုတွေဆိုရင် ... အဲဒီအပိုတွေ မောင်လုပ်တာပေါ့၊ အခန်းကပွနေတဲ့ဟာကို မရှင်းလို့ရမလား၊ သတင်းစာဖတ်တာတောင် ဖြန့်မဖတ်ဘဲ အရွက်စိခွဲထုတ်ဖတ်ပြီး ကြိုသလိုထိုးညှပ်ပြီး ပြန်ချထားတာမျိုး မိ,မှလိုက်မရှင်းရင် ဒီအခန်းဟာ တစ်ပတ်အတွင်း လောက်တဖွားဖွားတက်နိုင်တယ် သိလား၊ ရှင်းချင်လို့ရှင်းနေရတာ မဟုတ်ဘူး၊ မဖြစ်လို့ရှင်းနေရတာ"

မိမိမြို့င်အသံမှာ ဒေါ..ဟိုက် တိုတောင်းနေသည်။

"ဒါ ဒီလောက်အော်ပြီး ဖြေရှင်းစရာ ကြီးကျယ်တဲ့ကိစ္စလဲမဟုတ်ပါဘူး၊ မိ,ကိုလဲ ဘယ်သူမှလုပ်ပြောမနေဘူး၊ ဘာလို့အော်နေရတာလဲ"

"မောလို့ပေါ့ ... စိတ်တိုလို့ပေါ့"

"အေး ... ပြီးရော ... မင်းမောရင် နောက်ကို ဘယ်သူမှ ဖိတ်မကျွေးတော့ပါဘူးကွာ၊ ဖိတ်ကျွေးမိတာ မှားပါတယ်"

တလွဲလိုက်သွားပြန်ပြီ။

မအေမျက်နှာ မှုန်တူးနေ၍ သားကြီးက အလိုက်တသိ ကာတွန်းပိတ်ပြီး နံရံဖက်က သူ့နေရာကို ဝင်ခွေ မျက်စေ့မှိတ်လိုက်သည်။ ဘာမဟုတ်သော ဤမြင်ကွင်းကလေးကို ဂရုဏာသက်သွား၍ မိက မျက်နှာထားကိုလျှော့

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပါသည်။ ဒေါသကို မျိုချလိုက်ပါသည်။

"သားကြီး ရှူးပေါက်လိုက်ဦးလေ"

"ဟုတ်ကဲ့"

ကတတ်ဖွဲ့တိုက်တတ်သော သားကြီးဟာ အမေ စိတ်တိုမှန်းသိလျှင်ဖြင့် အပြေးပင် ရှူးပြေးပေါက်ကာ မြန် မြန်လာပြန်အိပ်လိုက်ပါသည်။

မိသည် သက်ပြင်းတစ်ချက် မှုတ်လိုက်မိ၏။ မောင် စည်းကမ်းမရှိတာကို မိ,သိပြီးသားပဲမဟုတ်လား။ ရည်းစားဘဝကတည်းက ဒါကိုင်ဒါပျောက် ... ဟိုဟာကိုင် ဟိုဟာပျောက်တာကတစ်မျိုး။ ဘယ်ပစ္စည်းကိုမဆို စည်း ကမ်းရှိရှိ မသပ်ရပ်တတ်တာကတစ်မျိုး။ အို ... တန်းစီ ပြောနေလို့ မဆုံးနိုင်ပါ။ ဒါကိုသိလျက်နှင့်ပဲ မိက စည်း ကမ်းဘယ်လောက်ပဲ မရှိချင်မရှိပါစေ ... မိ,ကိုချစ်လှသော သိက္ခာသမာဓိ သစ္စာတရားနှင့်လည်း ပြည့်စုံသည့်ယောကျ်ား တစ်ယောက်ဖြစ်သည့် မောင့်ကို ဝမ်းပန်းတသာရွေးချယ် မြတ်နိုးခဲ့တာပါ။

"မောင် ... ချက်ရပြုတ်ရတာကို မိ ပင်ပန်းနေတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာကိုပင်ပန်းနေတာလဲ"

"မိုးလင်းကတည်းက လုပ်ရတာတွေကို ဂျက်စိအောင် မပြောပြတတ်ဘူး မောင်၊ ထူးထူးခြားခြားလုပ်ရတဲ့ အလုပ်ပိုကတော့ မနက်က လေတိုက်တာ ဒန့်ဒလွန် ပင်ကျိုးပြီး ဒီဘက်ကိုရိုက်တော့ ရေစင်ယိုင်ကျသွား



တယ်၊ ဆက်ယိုင်ရင် အိမ်ပေါ်ရိုက်ကျမှာ၊ အိမ်ပါ ပြိုမှာ၊ နက်ဖြန်ထိ ရွှေ့မရလို့လုပ်ရတာပေါ့၊ ရွှေ့လို့ ရရင် ညှော်သည်ဖိတ်ကျွေးတဲ့နေ့မှာ လှည့်တောင်မ ကြည့်ဘူး၊ အလုပ်သမားတွေခေါ် ... နေ့တွင်းချင်း ပဲ ပြင်ဆင်ရတယ်၊ တချို့ တိုင်တွေတန်းတွေ ဆွေး တာလဲ ပိုးတန်တာပိုး၊ တိုင်ကီကြီးကို ချလိုက်တင် လိုက်၊ စင်ကိုပြင်လိုက် ... ရေပြန်ဖြည့်ကြည့်လိုက် နဲ့ တစ်နေကုန်ကို ဆူညံရှုပ်ယှက်နေတာပဲ၊ အခု တောင့် သွားပါပြီ။ စောင့်ကြည့်ရ ... ဟိုဟာယူပေးရ၊ ဒီ ဟာယူပေးရ ... အတွတ်နဲ့နှစ်ယောက် တစ်လှည့် စီလဲလို့တောင်မရဘူး၊ ကပစ်ကညစ်လုပ်သွားရင် ထပ် ယိုင်မှာစိုးလို့ ... အစအဆုံးအသေးစိတ်ကြည့်ရတယ်၊ ပိုက်ဆံလဲကုန်သေးတယ်၊ စိတ်ရှုပ်တာပေါ့၊ အန်တီ သင်းတို့ကား ဝင်လာမှ အလုပ်သမားတွေ အိမ်က ထွက်သွားတာ၊ တစ်ခါ အန်တီသင်းတို့ကို ဆက် ထိုင်ပြီးဧည့်ခံရတယ်၊ အန်တီသင်းတို့လာမှထိုင်ရတော့ ခြေထောက်တွေကိုညောင်းနေတာပဲ၊ မိ ဒီကိစ္စပေါ် ပေါက်လာပေမယ့် ထမင်းပွဲကို ဖွယ်ဖွယ်ရာရာဖြစ် အောင် စီစဉ်ခဲ့တာပဲ၊ မောင်က ဘာကိုစိတ်တိုတာ လဲ၊ မောင် ဘာကိုစိတ်တိုတယ်ဆိုတာ မိ လုံးဝ စဉ်းစားမရဘူး"

ဇော်ရှင်းသည် ခုမှသိရသော ရေစင်ယိုင်သည့် ကိစ္စအတွက် ခုနက မိ,ကိုဟောက်မိတာကို တစ်မျိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကာ ၊အိမ်းသွားပါသည်။

"ပြောလေ ... မိက ဘာကိုအရွဲ့တိုက်တယ်လို့ပြော တာလဲ"

"မိ,က၊ ရေမချိုးဘဲ ကပိုကရို ဖိုသီဖတ်သီကြီးလုပ် ထားလို့ မောင်ကပြောတာ"

"ဒါ ထူးပြီးအရွဲ့တိုက်တာလား၊ ဒီကိစ္စ မောင်အမြဲ ပဲ ပြောနေတာပဲဟာ၊ နေပါအုံး မောင်ရာ ... မိ အ၊လှမပြင်တာ မောင့်ကိုဘာများ ထိခိုက်နေသလဲ"

"ငါးဆယ်ကျော်အဘွားကြီးတောင် ပြင်ဆင်ခြယ်သ ထားတာ ကြော့နေတာပဲ"

"အော် ... သူက အိမ်ပြန်ပြီးပြင်ချိန်ရလာတာကိုး မောင်ရဲ၊ မောင်က မိ,ကို ငါးဆယ်ကျော်လော တောင်မလှဘူးလို့ ဆိုချင်တာလား"

"မလှတာမပြောတ်ဘူး၊ လှရက်သားနဲ့ ဗျစ်တီးဗျစ်စုတ် လုပ်ထားလို့ပြောနေတာ မိ၊ တော်ပြီကွာ၊ ဒီနေ မိ,သိပ်ပင်ပန်းထားလို့ဆိုတာ အကြောင်းပြချက်နိုင်ဘူး ပြီ၊ မိ,လဲ မနားရသေးဘူး၊ မောင် ဘာမှမပြောတော့ ဘူး"

"ပြောပါ ... ဘာဖြစ်လဲ ပြော၊ မောင် ... မိကို ဘာကြောင့်ဒီလောက် အလှပြင်စေချင်နေတာလဲ၊ အ ချို့ယောကျ်ားတွေဆို မိန်းမအလှပြင်လွန်းရင်တောင် မကြိုက်ကြဘူး၊ မောင့်ကျမှ အဆန်း"

"မကြိုက်တဲ့ကောင်တွေလဲ သူ့စိတ်နဲ့သူပဲ၊ မောင်က



မောင့်စိတ်နဲ့မောင်ပဲ၊ မိ ဒီလိုကြီး ပစ္စလက်ခွတ်နေနေ တာဟာ ဒီအိမ်ထောင်ကြောင့် စိတ်ရှုပ်စိတ်သောက ရောက်ပြီး မပျော်မရွှင် စိတ်ဓာတ်ကျနေတဲ့သဘော ကိုဆောင်နေတယ်၊ သေးလူတွေ ဒီတိုင်းပဲ မြင်ကြ မှာပဲ၊ ပြင်ချင်ဆင်ချင်စိတ်မရှိအောင်ကို ငြီးငွေ့စိတ် ကုန်နေတယ်လို့ထင်ရတယ်၊ ဒါဟာ မောင့်ရဲ့သိက္ခာ ကိုထိခိုက်တယ်"

"မောင့်သိက္ခာကိုတောင် ထိခိုက်တယ်"

"ဟုတ်တယ်"

မိမိမြိုင်သည် ဇော်ရှင်းကို မျက်မှောင်တွန့် လျက် အကဲခတ်အဖြေရှာနေမိသည်။ မိ အလှမပြင်တာကဘဲ သူ့သိက္ခာကိုထိခိုက်သတဲ့။ ဘာဆိုင်လို့လဲ။ မောင် အပြစ် ကိုမြင်နေတာပဲ။ ဒီအလှအပ အခြယ်အသကိစ္စနှင့်ပတ်သက် ပြီးတော့ပဲ မောင် ခုတလော အပြစ်မြင်နေသည်။ ခုတလော မှ ဘာတွေအလှမက်နေပါသနည်း။

"ဒီနေ့အဖို့ကတော့ မိ အရမ်းအလုပ်များသွားတယ် ဆိုတော့ မောင် ဘာမှအပြစ်မပြောတော့ဘူး၊ နောက် နေ့နောက်နေ့တွေကစ,ပြီး မိရဲ့အနေအထိုင်အပြင်အ ဆင်ကို ဂရုစိုက်စမ်းပါကွာ"

"မရပါဘူး မောင်ရာ၊ နက်ဖြန်ကျရင်လဲ သင်္ချိုင်းစင် ကို အလုပ်သမားခေါ်ပြင်ရမယ်၊ ဒန့်ဒလွန်ပင်ပြုတ် ကြီးကို ဒီနေ့ လွှတ်ရာကိုပဲ ဆွဲဖယ်ထားရတယ်၊ မပစ်ရသေးဘူး၊ နက်ဖြန်ကျမှ ညည်ပင်က အမှိုက်

www.burmeseclassic.com



ကားခေါ်ပြီးပစ်ရမယ်"

ဇော်ရှင်းက မျက်မှောင်ကိုတွန့်ရင်း ...

"ဒါဖြင့် သန်ဘက်ခါကစ,ပြီး"

"မရဘူးမောင် ... တစ်နေ့နဲ့တစ်နေ့ မမျှော်လင့်ဘဲ လုပ်စရာကပေါ်ပေါ်လာတာ၊ ဒီလောက်ခေါင်းထဲတွက် ရချက်ရ ရှုပ်ထွေးနေမှ မိ,လဲ မုန့်ရှေ့ကိုမထိုင်ချင်တာ၊ အားချိန်လေး ဘာမှမစဉ်းစားချင်ဘူး၊ ပစ်ပဲလှဲချင်တယ်"

ဇော်ရှင်းသည် မိရဲ့ မှုန်ဝေအားလျော့သော မျက်နှာကို သက်ပြင်းတစ်ရှိုက်နှင့် ငေး၍ကြည့်နေမိတော့သည်။

# ၆

ဇော်ရှင်းသည် သူ့ရုံးခန်းကလေးကို ကာရံဖွဲ့စည်းထားသော မှန်ချပ်များမှတစ်ဆင့် အပြင်ဘက်မှ ကိုကိုလတ်ကို စူးစူးစိုက်စိုက်လိုက်ကြည့်နေမိသည်။ တစ်စားပွဲမှ တစ်စားပွဲကူးကာ ဇော်ရှင်းတောင်းထားသော စာရွက်စာတမ်းတချို့ကို ကွန်ပျူတာရိုက်ရင်း၊ ပြီးတော့ မိတ္တူကူးလုပ်ရင်း ကိုင်ရင်း နောက်ကာပြောင်ကာ ပေါ့ပါးသွက်လက်တက်ကြွနေသည်။

အလုပ်ဝင်တာ မကြာသေးပေမယ့် ကိုကိုလတ်ကို ဇော်ရှင်းသဘောကျသည်။ ခင်လည်းခင်မင်သည်။ သူကလည်းဇော်ရှင်းအပေါ် လေးလေးစားစား ခင်ခင်မင်မင်ရှိလှပါသည်။ အစ်ကိုတစ်ယောက်လို ဆရာတစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြီး မျက်နှာရိပ်ကြည့်ပြီး ပြောစရာမလိုအောင် လုပ်ကိုင်တတ်သူဖြစ်သည်။

သူ့အလုပ်ဆောင်ထဲ အကျိုးမဝင်သော ဇော်ရှင်းအတွက် နေ့လယ်စာ ကော်ဖီဖျော်ယူလာပေးခြင်း၊ ဇော်ရှင်းရဲ့စားပွဲကို ရှင်းပေးခြင်းစသည့် ဝေယျာဝစ္စကလေးများကိုပါ လိုက်လုပ်ပေးတတ်ပါသည်။ ဇော်ရှင်းလက်အောက်သို့ရောက်လာသော်လည်း ဇော်ရှင်းက ဖိနှိပ်မဆက်ဆံဘဲ တန်းတူရည်တူခေါ်ပြောဆက်ဆံကာ သူ့အကျိုးရှိအောင် ညွှန်ကြားသင်ပြတတ်တာတွေကိုလည်း ကျေးဇူးတင်နေသော ကောင်ကလေးဖြစ်သည်။

အချိန်တိုကလေးအတွင်းမှာပင် ... အဘော် ရှင်းနီးကာ သူ့စကား နားထောင်ကျိုးနွံသော တပည့်ဖြစ် ယောက်ပုံစံနှင့် တလေးတစားဆက်ဆံတတ်၍ သူကလည်း ပဲ ပြန်လည်ခင်မင်ရသည်ပင်။ ဦးဘိုစိန်ကြီးနှင့်ပေါင်း၍ ညနေ ရုံးအဆင်း ... ဘီယာဆိုင်အဖော်လိုက်ချင်တာကိုလည်း ဇော်ရှင်းကပဟန့်ထား၍ ကောင်ကလေး နားထောင်ရှာ သည်။

မိဘတွေကနယ်မှာ ... ။ ဒီမှာ အဆောင်နေသော လူလွတ်ဖြစ်၍ ပြောမရလျှင် လခတွေယူပြီးစား လိုက်မည်။ ထုတ်မပေးဘူးဟု ခြိမ်းခြောက်ထား၍ သူ့အား ဇော်ရှင်းစကား နားထောင်ကာ သူ့ဟာသူ ပိုက်ဆံစုရှာ သည်။ ဤသို့ အသားတင်စုမိတာအတွက်လည်း သူ့အား နှင့်သူ ပျော်ရွှင်ကျေနပ်ကာ ဇော်ရှင်းကို ကျေးဇူးတင်နေ



သေးသည်။

ဇော်ရှင်းက ခေါင်းတစ်ချက်ကို နောက်ဆုံး ဘိတ် အဆုံးအဖြတ်အဖြစ် ညိတ်လိုက်ပြီး သူ့အခန်းထဲသို့ မှန်တံခါးတွန်းကာ ဝင်လာသော ကိုကိုလတ်ကို ...

"ကိုလတ် ... ထိုင်ဦးကွာ"

"စာရွက်တွေရပြီ အစ်ကို"

"အေး ... ချထား၊ မင်းကို ငါပြောစရာရှိတယ်၊ ထိုင်"

"ဟုတ်"

ကိုကိုလတ်က ဇော်ရှင်းရဲ့ထူးထူးခြားခြားမျက်နှာမူရာကြောင့် ဘာများပါလိမ့်ဟု တအံ့တသြလေး ဝင်ထိုင်လိုက်ပါသည်။ ဇော်ရှင်းက ကိုကိုလတ်ကို စေ့စေ့စိုက်ကြည့်လိုက်ရင်း ...

"ဟေ့ကောင် ... ကိုလတ်၊ မင်းမှာရည်းစားရှိလား"

"ဗျာ ... အစ်ကို"

"မဗျာနဲ့ ... မှန်မှန်ပြောစမ်း"

"မ ... မ ... မဟုတ်ဒင်းပါဘူး"

"ဘာမဟုတ်ဒင်းပါဘူးလဲ၊ မှန်မှန်ဖြေနော်၊ ငါ့ကိုမညာနဲ့"

"အစ်ကို အရေးကြီးလို့လား"

"အေး ... ကြီးတယ်၊ ရယ်မနေနဲ့၊ ညာလို့မရဘူး၊ အမှန်ပြောကွာ၊ ငါလုပ်စရာရှိတယ်"

"အစ်ကို ဘာလုပ်မလို့လဲ ... အဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျဲကျဲ စောဒကတက်လိုက်ပြီးမှ ဇော်ရှင်းကို ရွဲ့သလို တစ်ချက်ခေါင်းကုတ်ရင်း …

"ဟို … ရန်ကုန်မှာတော့မဟုတ်ဘူး အစ်ကို၊ ရန်ကုန်မှာ မရှိဘူး"

"နယ်မှာတော့ ရှိတယ်ပေါ့"

"ဟုတ်ကဲ့"

"အေး … ကောင်းတယ်"

"ဗျာ"

"မဗျာနဲ့ … ငါ မင်းကိုအရေးကြီးတဲ့စကားတစ်ခွန်း ပြောစရာရှိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်ရည်းစားနဲ့ ဘယ်လိုပတ်သက်နေသလဲ အစ်ကို"

"မင်း ဒီရည်းစားကိုလက်ထပ်မှာလား"

"ဟာ … လက်ထပ်မှာပေါ့အစ်ကို၊ နောက်သုံးလေးလနေရင် သူလဲရန်ကုန်လာရမယ်၊ သူ အမိမ်အကျ်စီ ဆက်တက်ဖို့ရှိတယ် အစ်ကို"

"နောက်သုံးလေးလ … အင်း … သုံးလေးလ လောက်မလိုဘူးထင်ပါရဲ့"

"ဗျာ"

"မင်းကလဲ တစ်ဗျာတည်းဗျာနေတာပဲ"

ကိုကိုလတ်သည် မျက်ခုံးကလေးကုတ်ရင်း "ဟို … အစ်ကို့စကားတွေက ထူးခြားနေလို့ပါ"

"အေး … ဒီထက်ထူးခြားအုံးမယ်၊ ဒီလိုကွ …



မင်းကိုငါ အကူအညီတစ်ခုတောင်းစရာရှိတယ် ကိုလတ်ရာ"

"ပြောပါအစ်ကို … အစ်ကိုခိုင်းရင် ဘာမဆို ကျွန်တော်လုပ်ပေးပါ့မယ်"

"ဒီလောက်ကြီးလက်ခံမစောနဲ့အုံး၊ မင်းစဉ်းစားရမယ်၊ လက်ခံချင်မှလက်ခံ၊ ဒါပေမယ့် လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ … ဒီစကားကို မင်းဝမ်းထဲပဲ မြှုပ်ထားရမယ်၊ တခြားဘယ်သူ့ကိုမှ မပြောပြရဘူး"

ကိုကိုလတ်သည် မျက်ခုံးတွန့်စပြုကာ … ဇော်ရှင်းကို စဝေစဝါကြည့်နေမိပါသည်။ ဇော်ရှင်းသည် ခိုင်းစရာရှိလျှင် အလုပ်ကိစ္စ စကားပြောစရာရှိလျှင် လိုရင်းကို တိုတိုပြတ်ပြတ် ပြောတတ်လေ့ရှိသူတစ်ယောက်ဖြစ်ပါသည်။ ဇော်ရှင်းထံမှ ဤသို့နားလည်ရခက်သော ဝေ့လည်လည်စကားမျိုးကို ကိုကိုလတ် မကြားခဲ့ရဘူးပါ။

ဇော်ရှင်း အမူအရာမှာလည်း ပြောတော့မလို မပြောတော့မလို … မတင်မကျ ရှုံ့ချည်နပ်ချည်ရှိလှ၍ ကိုကိုလတ် ပို၍အံ့ဩမိပါသည်။

"ပြောလေ အစ်ကို … ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ပြောလို့ရပါတယ်၊ အစ်ကိုက ဘယ်သူမှမသိစေချင်ရင် ကျွန်တော် နှုတ်လုံပါတယ်၊ စိတ်ချပါ၊ အလုပ်ကိစ္စပဲလား"

"မဟုတ်ဘူး၊ ငါ့ကိုယ်ရေးကိုယ်တာကိစ္စ"

စကားမဆက်ပြန်၍ ကိုကိုလတ်သည် ဇော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စဟာ ဘယ်လိုကိစ္စမျိုးဖြစ်မည်ကို လျှောက်စဉ်းစားနေမိသည်။ စဉ်းစားလို့မရ။ နှုတ်လုံရမည်ဆိုသဖြင့် စဉ်းစားမရတာဖြစ်သည်။

"ဒီမှာ ကိုလတ်၊ မင်းလဲ တစ်နေ့အိမ်ထောင်ပြုမယ့် ယောကျ်ားတစ်ယောက်ပဲ၊ ပြီးတော့ မင်းလဲ ကိုယ့်အိမ်ထောင်ကို သာယာချမ်းမြေ့စေချင်မယ့် ယောကျ်ားကောင်းတစ်ယောက်ပါပဲ၊ ပရမ်းပတာလူတစ်ယောက် မဟုတ်ပါဘူး၊ ငါလဲ ... ဒါကြောင့်ပဲ ဒီစကားကို ပြောရမှာ၊ ပြောရမှာပေမယ့် သိပ်အပြောခက်တယ်၊ မင်းကို ငါ့ရဲ့လူရင်း လူယုံအဖြစ်သဘောထားလွန်းလို့ ငါဒီလိုပြောဖြစ်မှာ၊ ဒါကို မင်း သဘောပေါက်ပါ"

"ဟုတ်ကဲ့ အစ်ကို"

"မင်းအတွက်တော့ အံ့သြစရာစကားတစ်ခွန်းဖြစ်နေလိမ့်မယ်ကွာ၊ ဒါပေမယ့် မင်း ဘယ်လိုမှမတွက်နဲ့၊ ငါ ရိုးရိုးသားသားစိတ်ကူးပေါက်သလိုသာ အကူညီတောင်းရမှာ"

"ပြောသာပြောပါ အစ်ကို"

"ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ဇနီးဟာ အိမ်မှုကိစ္စနဲ့ ဝန်ပိပြီး တဖြည်းဖြည်း ဒီပရက်ရှင်ရသလိုဖြစ်လာတယ်၊ မပြုချင်မပြင်ချင် ... စိတ်မရှည် ... ရှုပုပ်နေတာမျိုးပေါ့ကွာ၊ ဒီမှာ ငါ့သူငယ်ချင်းက ဒီနည်းကိုသုံးလိုက်တာ၊ သူ့မိန်းမဟာ အိုကောသွားတယ်၊



လန်းဆန်းတက်ကြွသွားတယ်၊ ခုဆို ... ပြင်ပြင်ဆင်ဆင် ... ကြည်ကြည်လင်လင်ပြန်ဖြစ်သွားတာပေါ့ကွာ၊ ပုံပျက်နေတဲ့သူ့ ခန္ဓာကိုယ်ဟာလဲ သူ့ကိုယ်သူ ယုံကြည်မှုနဲ့ပြန်ထိန်းသိမ်းလိုက်တာ အများကြီးတိုးတက်ပြောင်းလဲသွားတယ်၊ အခု ... ငါလဲ အဲဒီနည်းနဲ့ ငါ့မိန်းမကို နည်းနည်းပြန်ပြီး ပြုပြင်ကြည့်ဖို့ ဆုံးဖြတ်ရတာပဲ"

"အစ်ကိုဇနီးက အဲသလိုဖြစ်နေလို့လား"

"ဖြစ်နေတာပေါ့"

"ကဲပါ အစ်ကိုရာ ... သိုင်းဝိုင်းမနေပါနဲ့၊ တဲ့တိုးပြောပါ၊ အဲဒါကို ကျွန်တော်က ဘယ်လိုကူညီနိုင်သလဲ၊ ကျွန်တော် စဉ်းစားမရဘူး"

"မိန်းမတွေမှာ သူတို့ကိုယ်သူတို့ ယုံကြည်မှုလိုအပ်တယ်"

ဇော်ရှင်းက ဆရာကြီးစတိုင်လ်နှင့် အောင်နိုင့်စကားကို ခိုးချပြီး ခပ်တည်တည်မှတ်ချက်ပြုလိုက်ပါသည်။

"အဲဒီတော့ ကျွန်တော်က ... "

"မင်း ... ငါ့မိန်းမကို လိုက်ကြည့်နိုင်မလား"

"အိမ်ကိုလား"

"မင်းဘိုးအေ ... အိမ်ကိုလိုက်ကြည့်ရမလားကွ၊ နောက်ကလိုက်ကြည့်ရမှာ"

"ဗျာ"

"အေး ... မကြာမကြာ သူ့မြင်အောင်တဲ့နေရာက

www.burmeseclassic.com



သူ့ကိုလိုက်ကြည့်ခြင်း၊ စိတ်ဝင်စားပုံပြခြင်း၊ သူ့အလှကို တအံ့တသြ အပရိရှိယိတ်လုပ်တဲ့မျက်လုံးများနဲ့ သူရိပ်မိလာအောင်ပေါ့"

"ဗျာ"

ကိုကိုလတ်မှာ ကြားနေရသော စကားများကို အံ့သြကာ ဦးခေါင်းပင် ကြီးလာသလို ခံစားမိပါသည်။ လုံးဝထင်မှတ်မထား၍ အကြီးအကျယ်အံ့အားသင့်နေမိကာ စကားပင်မပြန်နိုင်ပါ။

"လူတစ်ယောက် သူ့ကို ကလေးအမေမှန်း မသိဘဲ စိတ်ဝင်စားပုံပြလာတဲ့အခါ ... အဲဒီမိန်းမရဲ့စိတ်ထဲမှာ သူဟာ လှသေးတယ်၊ အရွယ်မလွန်သေးဘူး ဆွဲဆောင်မှု အများကြီး သူ့မှာကျန်သေးတယ်ဆိုပြီး ယုံကြည်မှုနဲ့ စိတ်ဓာတ်ပြန်လည်တက်ကြွလာလိမ့်မယ်"

"ဟုတ်ပါ့မလား အစ်ကိုရာ ... သေချာရဲ့လား"

"ဘာလို့မဟုတ်ရမှာလဲကွ"

"အစ်ကို့သူငယ်ချင်းများ အစ်ကို့ကို အရှုန်နဲ့မ,လိုက်လားမသိတာ"

"ဘယ်ကလာကွ ... မင်းကလဲ၊ သူ့မိန်းမကို ဒီတကယ်ဒီလိုလုပ်ခဲ့တာ"

"ပြန်လည်တက်ကြွမလာဘဲ ကျွန်တော် ပါးကျိုး[illegible] ပါအုံးမယ်"

ကိုကိုလတ်အသံမှာ တကယ်ပင် အထိတ်[illegible]



လန့်ဖြစ်နေပါသည်။

"ပါးကျိုးရလောက်အောင် မင်းက မဟားဒယား နှောက်ယှက်နေမှာမှ မဟုတ်တာကွာ၊ မင်းကလဲ"

"ကောင်းပါ့မလား အစ်ကိုရာ"

ကိုကိုလတ်သည် ဤစကားမျိုးကို မျှော်လင့်ထားရုံသာမက တစ်ကြိမ်တစ်ခါမှပင် မကြားဘူးမကြုံဘူးသေးရာ ... အတော်ကြီး ဦးနှောက်ခြောက်၍ မတွေးတတ်ကြံတတ်အဖြေမပေးတတ်ဘဲ ဖြစ်နေလေသည်။

"ငါကိုယ်တိုင်က မင်းကို အကူအညီတောင်းတဲ့ကိစ္စပါကွာ၊ မင်းအနေနဲ့ မကောင်းတတ်စရာ မရှိပါဘူး၊ မင်း သူ့ကို အလွန်အကျွံလိုက်တဲ့သဘောမျိုးလဲ ဖြစ်ဖို့မလိုဘူး၊ သူမြင်ရတဲ့နေရာလောက်ကနေ ကြည့်ရမယ်၊ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီး သူ့အလှအပေါ် လေးစားချီးမွမ်းတဲ့အကြည့်မျိုး ... ယောကျ်ားတိုင်းကြည့်တတ်ပါတယ်ကွာ၊ အဲသလို မကြာမကြာ လိုက်ကြည့်ဖို့ပဲ ... ဒါပဲ၊ ဒီထက် ဘာမှရှေ့ဆက်မပိုဘူး"

"အစ်ကို့မိန်းမကို ကျွန်တော်ကြောက်တယ်ဗျ ... အစ်ကိုရ"

"ဟာ ... ဘာကြောက်စရာရှိလဲ ... မင်းကလဲ"

"အစ်ကို့မိန်းမကို ဟိုးတလောက အစ်ကို ကားပျက်လို့ ရုံးလိုက်ကြိုတာ တစ်ကြိမ်ပဲမြင်ဖူးတယ်၊ ဒါလဲ ရုံးထဲကနေ လှမ်းမြင်တာပါ၊ မျက်နှာ[illegible]တင်းတယ်

www.burmeseclassic.com



ဗျ၊ ကြောက်ဖို့ကောင်းတယ် အစ်ကိုရ”

“သူ့ဟာသူ တင်းတာကတင်းတာပဲ၊ ဘာမှမဟုတ်ဘူး၊ စိတ်သဘောကကောင်းပါတယ်၊ သူတစ်ပါးကိုလဲ မာရေကြောရေ တင်းတင်းထန်ထန် မဆက်ဆံတတ်ပါဘူး”

ကိုကိုလတ်သည် သူတစ်ကြိမ်သာ မြင်ဖူးသော မိမိမြိုင်ရဲ့ရုပ်သွင်ကို ပြန်လည်မြင်ယောင် စဉ်းစားကြည့်နေပါသည်။ ဘာကိုမဆို ရင်ဆိုင်ခံနိုင်ရည်ရှိဟန်နှင့် စိတ်ခွန်အားပြည့်ဝပုံရသော မိန်းမတစ်ယောက်။ ပြီးတော့ ဘဝမှာရှိသည့်အရေးပါသည့်ကိစ္စရပ် အတော်များများကို ထိုးထွင်းသိနားလည်ကျွမ်းကျင်ပြီးပုံရသည့် မိန်းမတစ်ယောက်။ အတိုင်းအတာတစ်ခုသော တာဝန်တို့ ဖိစီးလေးလံနေ၍ မျက်နှာပေါ်မှာ နွမ်းနယ်ပင်ပန်းမှုကို ရှာဖွေတွေ့ရှိနိုင်သော်လည်း မပြုမပြင်ပစ္စလက္ခတ်နေလျက်ကပင် တစ်ချိန်က အင်မတန်လှခဲ့မည်ဆိုတာ ချက်ချင်းဆုံးဖြတ်နိုင်လောက်သည့် သဘာဝကျကျ အလှအပတစ်ခုရှိနေသည့် မိန်းမတစ်ယောက်။

မိမိမြိုင်ရဲ့မျက်လုံးတို့ဟာ ... ဘယ်တစ်စုံတစ်ယောက်အပေါ်မှ ရှိုးတိုးရှန့်တန့်ဖြစ်မနေ ...။ အပြုအမူတိုင်းအတွက် သူမကိုယ်သူမ စိတ်ချနေသော ရင့်ကျက်သည့်မိန်းမတစ်ယောက်ပင်။ ဤလို ရင့်ကျက်သည့်မိန်းမတစ်ယောက်ကို လိုက်ရှိတ်ဖို့ဆိုတာက ... အင်း ... မလွယ်လှပါ။

“အစ်ကို့သူငယ်ချင်းရဲ့ နည်းဗျူဟာက မိန်းမတိုင်းအတွက် မှန်ကန်လိမ့်မယ်လို့ မထင်ဘူးဗျာ၊ တချို့အတွက်တော့ မှန်ရင်မှန်မှာပေါ့”

“ကိုလတ်ရာ ... ငါ့သူငယ်ချင်းမိန်းမ ချောစုနဲ့ ငါ့မိန်းမ မိမိမြိုင်ဟာလဲ သူငယ်ချင်းတွေပါ၊ စိတ်သဘောချင်း မခြားနားလှပါဘူး”

“သူ့နောက်ကို ယောကျ်ားတစ်ယောက်လိုက်လိုက်ကြည့်နေတာအပေါ် မိန်းမတစ်ယောက်နဲ့တစ်ယောက် ခံစားချက်သဘောထား မတူနိုင်ဘူးထင်တယ် အစ်ကို၊ တချို့က ဒါကို ကျေနပ်သာယာကောင်း သာယာမယ်၊ တချို့က ဒီအဖြစ်အပေါ် မသာယာသော်လည်း ... အော် ... ငါဟာ လူကြည့်ခံရတုံးပါလားလို့ သဘောကျစရာ ဖြစ်ကောင်းဖြစ်မယ်၊ တချို့ကျတော့လဲ ငါ့နောက်လိုက်စရာလားဆိုပြီး ဒေါသဖြစ်ရင်ဖြစ်လိမ့်မယ်”

“သူ့စိတ်ထဲ ခံစားတာ မင်းနဲ့မဆိုင်ဘူးကွာ၊ အဓိက,က သူ့ကို ယောကျ်ားတစ်ယောက် စိတ်ဝင်တစား လိုက်ကြည့်နေတယ်ဆိုတဲ့အသိပဲ သူ့မှာရစေချင်တာ”

ကိုကိုလတ်သည် ရှိုက်ထားသော သက်ပြင်းကို မှုတ်မထုတ်မိဘဲ ခပ်တွေတွေ စိုက်ငေးနေသည်။ မျက်တောင်တခုံးလေးပဲ ကြည့်မည်ဆိုလျှင် သူ့အဖို့ ဤသို့လိုက်လုပ်ဖို့အတွက် ဘာမှဝန်လေးစရာ မရှိပါ။ သူ အလွယ်တကူလုပ်နိုင်ပါသည်။ သို့သော် အရှည်ကိုမျှော်တွေးကြည့်မည်ဆိုလျှင် ဘယ်လို ဆိုးထွက်ဆိုးကျိုးတွေ ရှိနိုင်သနည်း။

www.burmeseclassic.com



သူလည်း အသေအချာ မစဉ်းစားမတွေး
တတ်ပါ။

"ဘယ့်နှယ်လဲ ကိုလတ်"

"ကျွန်တော် မပြောတတ်ဘူး အစ်ကို"

"ဘာမပြောတတ်တာလဲကွ ... မင်းကလဲ"

"ကျွန်တော့်အဖို့က ဘာမှအပန်းမကြီးလှပါဘူး အ
ကိုရာ၊ ဒါပေမယ့် ... ဒီကိစ္စက ကောင်းရဲ့ သ
ရဲ့လားဆိုတာရယ် ... အကျိုးဖြစ်ထွန်းမှာရော
ချာရဲ့လားဆိုတာရယ်သာ အစ်ကိုစဉ်းစားပါ"

"ငါစဉ်းစားပြီးလို့ မင်းကိုပြောတာပေါ့ ကိုလ
နို့မို့ရင် ဒီစကားကို စကားအဖတ်တင်ခံပြီး မင်း
ပြောပါ့မလား၊ ပြောဖို့အရေးကို အင်မတန်ချိ
တုံစဉ်းစားခဲ့တယ်၊ ဖြစ်နိုင်ရင် ဒီစိတ်ကူးမျိုး င
ဘယ်ကူးချင်ပါ့မလဲ၊ ငါ့အိမ်ထောင်ကို သာယာ
ချင်တဲ့စိတ်၊ ငါ့မိန်းမရဲ့ကျေနေတဲ့စိတ်ဓာတ်တွေကို
မြှင့်တင်ချင်တဲ့စိတ် ... ဒါတွေကြောင့် ငါပြော
တာ၊ အဓိက,က ငါ့မိန်းမအတွက်ပါ၊ အိမ်ရှင်မ
ကလေးအမေဆိုတဲ့ အသိတစ်ခုတည်းနဲ့ သူ့စိတ်
ကို အဖက်ဖက်က လျှော့ချပစ်လိုက်ပြီး ဒီအိမ်ထော
တာဝန်ကြီးထဲ စုံးစုံးမြှုပ်ပစ်လိုက်တာကို ငါလ
သင့်မခံနိုင်ဘူးကွာ၊ တော်ရုံတန်ရုံ ... တာဝန်မ
တာ ပျက်ကွက်တာမျိုးဟာ အိမ်ထောင်ရေးယန္တ
ကိုလဲ ဘာမှမထိခိုက်နိုင်သလို ... ငါလဲ လက်သ



ခံနိုင်တယ်၊ သူ့အသိ ... သူ့စိတ်၊ သူ့အတွေး၊
သူ့ခွန်အား ... အားလုံးကို ဒီအိမ်ထောင့်တာဝန်
တစ်ခုထဲမှာ နှစ်ထားဖို့မလိုဘူး၊ ဒါကို ငါကြည့်ရ
မြင်ရတာ မကြည့်ချင်မမြင်ရက်သလိုဘဲ၊ ဒါကို ငါ
မျှော်လင့်ချက်တစ်ခုအနေနဲ့ ကြိုးစားကြည့်မှာမျိုးပါ"

"အစ်ကို့ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ အစ်
ကို့မိန်းမအပေါ် အစ်ကိုချစ်လို့ စေတနာရှိလို့လုပ်မှာ
မျိုးပဲ၊ ဒါပေမယ့် မတော်တဆ သူသိသွားရင်ကော
အစ်ကို့ကို သူ ကျေနပ်ပါ့မလား"

"မသိအောင်ဖုံးဖိလျှို့ဝှက်ပြီး လုပ်ရမယ်၊ ဒီကြားထဲ
က သိသွားရင်လဲ မတတ်နိုင်ဘူးပေါ့၊ ကျေနပ်အောင်
ရှင်းပြရမှာပေါ့"

ကိုကိုလတ်သည် ဖော်ရှင်းကို တစ်ချက်စိုက်
ကြည့်အကဲခတ်လိုက်ပါသည်။ သူ့ဆရာဟာ တကယ့်ကို
မျှော်လင့်ချက်ကြီးကြီး စိတ်ပါလက်ပါနှင့် ဤအကြံအစည်
ကို အကောင်အထည်ဖော်မလို့ပင်။ သူနှင့်မဖြစ်မြောက်လျှင်
လည်း တခြားတစ်ယောက်ယောက်နှင့် ထပ်မံဆွေးနွေးနိုင်း
စေမှာဟာ သေချာသလောက်ရှိသည်။

ထိုအခါ ထိုသူမှာ စိတ်ချရပါ့မလား။ ကိုကို
လတ်သည် သူ့ကိုယ်သူတော့ စိတ်ချယုံကြည်မှုအပြည့်ရှိ
ပေသည်။ သူဟာ ဖော်ရှင်းအပေါ်လည်း ရိုးရိုးသားသားကျ
ညီလိုသော စေတနာအမှန်တကယ်ရှိသည်။ ပြီးတော့ သူ
နှုတ်လည်းလုံမည်ကို သူ့ဟာသူ ကတိပေးနိုင်သည်။ တခြား

www.burmeseclassic.com

တစ်ယောက်ဟာ သူ့လောက်အဆင်ပြေပါ့မလား။

မတော်တဆ ... မဟုတ်တမ်းတရားတွေဖြစ်လာပြီး ဒီထက်သာယာအောင် ကြိုးစားမွမ်းမံယူနေသော အိမ်ထောင်ရေး၌ အနှောက်အယှက် ... ခလုတ်ကန်သင်းဖြစ်မှာမျိုးလည်း သူက မပေါ်ပေါက်စေလိုပါ။ မိမိမြိုင်ရဲ့ ရင့်ကျက်သော ခပ်တည်တည်မျက်နှာထားကိုလည်း ကြောက်တာတော့ ကြောက်တာအမှန်ပင်။

သို့ပေမယ့် ကိုကိုလတ်က ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"အစ်ကို ... ကျွန်တော် ကူညီပါ့မယ်"

BURMESE CLASSIC .com

၁၀

ကိုကိုလတ်သည် မိမိမြိုင်ကိုလှမ်းမြင်လျှင် ကမန်းကတန်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ဘယ်ကစ၍ ဘာလုပ်ရမည်မသိအောင် ကယောင်ကတမ်းဖြစ်သွားပါသည်။ မိမိမြိုင်သည် ကားပေါ်မှဆင်းကာ လက်တစ်ဖက်က သားကြီးရဲ့ခြင်းတောင်းကိုကိုင် ... လက်တစ်ဖက်က သားကြီးရဲ့လက်ကိုဆွဲကာ ကျောင်းဝင်းရဲ့ဝင်ပေါက်နေရာဆီ လျှောက်လာသည်။

သားကြီးသည် ရှပ်လက်ရှည်ဖြူ၊ ဘောင်းဘီရှည်စိမ်းပုပ်ပုပ်ကလေးနှင့် ရှူးဖိနပ်နက်ကို ခြေအိတ်ဖြူလေးနှင့်တွဲဝတ်ကာ အနက်နှင့်အစိမ်းကြား ကျောပိုးအိတ်ကိုလွယ်ထားသည်။ သားကြီးကိုကြည့်လိုက်သည်နှင့် သန့်ပြန့်သပ်ရပ်ကာ မိဘက သို့မဟုတ် ... အိမ်ဖော်က ... အိမ်မှာရှိသူက ဂရုတစိုက် အရိပ်ကြည့်ပြင်ဆင်ပေးလိုက်ခြင်းခံရသော ကလေးဆိုတာ သိသာနေပါသည်။



မိမိမြိုင်က ခေါင်းပင်ဖြီးခဲ့ရဲ့လားမသိအောင် မသပ်ရပ်လှသောဆံပင်ကို လိမ်တင်ပြီး ကျားပါးစပ်နှင့်ညှပ်ထားရာ ... ကျားပါးစပ်မှာ သပ်သပ်ရပ်ရပ် ထောင်တန်းမနေဘဲ ရွဲ့စောင်းနေ၍ သူ့အထက်မှ လွန်ထွက်နေသော ဆံပင်စုဟာ လမ်းလျှောက်လျှင် ဘယ်ယိုင်မလို၊ ညာယိုင်မလိုနှင့် ထိုးထိုးထောင်ထောင်ရှိလှသည်။ ကပိုကယိုစတိုင်လ်ဖမ်းထားတာမဟုတ်ဘဲ တကယ့်ကို ကပိုကရိုဖြစ်နေတာ သေချာပါသည်။

အောက်မှ ကိုယ်နှင့်ကပ်သော တီရှပ်လိုလို အနက်ကလေးဝတ်ကာ အပေါ်မှ အညိုနှင့်အနက်ကွက်ထားသော ယောကျ်ားဝတ်ရှပ်အင်္ကျီမျိုးကို စွပ်ရုံစွပ်ထားကာ ... လက်ရှည်ကို တံတောင်ဆစ်ထိ လိပ်တင်ထားပါသည်။ ဒီအထိက သိပ်ကြီးမဆိုး။ လုံချည်က အပေါ်ကရှပ်အင်္ကျီနှင့် ဘာမှမအပ်စပ်သော ပြာတာတာ မားပါတိတ်လုံချည်ဖြစ်ပါသည်။

အဝတ်တစ်ထည်ချင်းဟာ စုတ်စုတ်နုပ်နုပ်ကြီးမဟုတ်ဘဲ သူ့ဟာနှင့်သူ တန်ဖိုးထိုက်သော အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



များပင်။ အဲဒါတွေကို တွဲဖက်ပုံမအပ်စပ်၍ ကပျက်ကချော်နှင့် ဘယ်လိုမှ ကြည့်မကောင်းပါ။ လမ်းလျှောက်ပုံကအစ ဘောင်းဘီကိုလည်းမကြည့် ... ဘောပတ်ဝန်းကျင်က ဘယ်သူ့ကိုမှဂရုမစိုက်။ ဂရုမစိုက်ခြင်းဟာ ထိမထင်တဲ့သဘော မဟုတ်။ ဂရုစိုက်စရာအချိန်မရှိသလို ရှေ့လုပ်စရာရှိတာမျှ ကို စိတ်စောနေတာသာဖြစ်ပါသည်။

ဘယ်သူ့ကိုမှလည်း ဖြတ်သွားဖြတ်လာ အဆေး အချာကြည့်မနေဘဲ ကျောင်းတံခါးဝမှ သားကြီးကို ကျောင်း ဝင်းတွင်း သွင်းလိုက်ဖို့ပဲ အာရုံထားဟန်တူပါသည်။ ကျောင်း တံခါးရောက်လျှင် သားကြီးလက်ထဲ ဆွဲခြင်းတောင်းကိုထည့် ကာ သားကြီးရဲ့ခေါင်းကို တစ်ချက်နှစ်ချက် ချစ်စနိုးပွတ် လိုက်ပုံမှာ ... "ကဲ ... မင်းဟာမင်းဆက်သွားပေတော့" ဟု နှုတ်မှထုတ်ပြောလိုက်ပုံနှင့် အဓိပ္ပါယ်တူတူပင်။

သားကြီးဝင်သွားတာကို တစ်ခဏလေးပဲ ရပ် မျှော်ကြည့်နေပြီးလျှင် ချာခနဲလှည့်ကာ ... ကားဆီပြန် လျှောက်လာသည်။ လမ်း၌ သူမကို လှမ်းပြုံးပြသော အ လေးအမေတစ်ယောက်ကို လွန်သွားတော့မည့်အချိန်ရောက် မှ ကမန်းကတန်းလှည့်ကာ ပြန်ပြုံးပြလိုက်ပုံကြောင့် ဘော ဘီကို မြင်မှမြင်ပါရဲ့လား ... စိတ်နှင့်လူနှင့်မှ ကပ်ပါ လား ထင်စရာပင်။

ဤပုံနှင့်တော့ ကိုကိုလတ်ကို သူမ လုံးဝ နိုင်စရာအကြောင်းမရှိပါ။ ကိုကိုလတ်အဖို့ လာသာ ကြည့်ရပြီး ဘာမှအရာမထင်ဘဲရှိရတော့မည်။ ကိုကို



သည် ရုတ်တရက် သူရပ်နေရာမှထွက်ကာ မိမိမြိုင် မြင် ကွင်းရှေ့မှဖြတ်၍ လမ်းကူးဖို့ ကြံစည်လိုက်သည်။ ကြံစည် ခြင်းနှင့်တစ်ပြိုင်နက်ပင် ကိုလတ်က မိမိမြိုင်ရှေ့မှောက်မှ ဖြတ်မိအောင် မြန်မြန်ပြေးထွက်လိုက်ပါသည်။

မိမိမြိုင်ရဲ့ လမ်းလျှောက်နှုန်းမှာလည်း ခြေလှမ်း ကျဲ၍ အရှိန်မြန်လှပေရာ ... ကိုကိုလတ်မှာ မမှီတမှီ ... မိုလုမိုခင်ကလေး၌ မဖြစ်ဖြစ်အောင် သူမရှေ့မှ ဝုန်းခနဲကပ် ဖြတ်လိုက်ရကာ ... မိမိမြိုင်ရဲ့ခြေလှမ်းမှာ ဆတ်ခနဲတုံ့ သွားရပါသည်။ သူ့ကိုရပ်ကာ ရန်ပဲတွေ့မလား၊ မျက်စောင်း ပဲရွယ်မလား ... အနည်းဆုံး ဘုကြည့်တော့လှည့်ကြည့် ပေမည်ဟု အပိုင်ရပ်စောင့်ကာ ငုံ့ကြည့်လိုက်သော ကိုလတ် ရဲ့ အထင်နှင့်အမြင်မှာ တလွဲ။

မိမိမြိုင်သည် သူမရှေ့ ခပ်ကပ်ကပ်မှာ ဝုန်း ခနဲဖြတ်ပြေးလိုက်သော လူတစ်ယောက်ကြောင့် တုံ့ခနဲဖြစ် သွားရသော်လည်း လှည့်ကြည့်စိတ်တိုဖို့လောက်အထိတော့ စိတ်မဝင်စားပါ။ ထိုသူ သူမကိုကျော်လွန်သွားလျှင် တုံ့ သွားသောခြေလှမ်းကို ပြန်စ,ကာ ... အလန့်တကြားဖြစ် လိုက်ရတာအတွက်တော့ မကျေမချမ်းနှင့် ...

"ဘာမှန်းကိုမသိဘူး ... အရမ်းပဲ"

ပွစိပွစိ ရေရွတ်သွားကာ လှည့်၍တော့ လုံးဝ ကြည့်မသွား။ သူမရဲ့ကားဆီ အမြန်ရောက်ဖို့သာ ဆက် လက်ခြေကပ်သွားသည်။ မိမိမြိုင်ခေါင်းထဲတွင် ဈေးသိပ် ကြီးမကွဲမီ ဈေးကိုမြန်မြန်ရောက်ဖို့တစ်ခုသာပင်။ လှည်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တန်းဈေးဟာ တစ်နှစ်ကုန်နီးပါး စည်သော်လည်း နေမြင့်သွားတဲ့နောက်မှာ ရသောအသားငါးတွေက ခပ်စောစောပိုင်း ရတတ်သော အသားငါးတွေလောက် ဘယ်လတ်ပါတော့မလဲ။

သူများရွေးပြီး ကျန်တာတွေ သူများပယ်ခဲ့တာတွေ ဖြစ်သည့်ပြင် ... အချိန်ကြာလေ နံဖို့ပုပ်ဖို့ နီးလေ။ အသားကောင်းငါးကောင်းရမှ အိမ်မှာ မောင်နှင့်သားတို့ အသားကောင်းငါးကောင်း စားရမှာပေါ့။ ဤအတွက် ဦးတည်ကာ ထွက်မပြေးသောဈေးကို ကျားကုတ်ကျားခဲ အသော့နှင်ချင်တာဖြစ်သည်။

ကိုလတ် ခေါင်းကုတ်ကာ ကျန်ရစ်ဆဲ ... မိမိမြိုင်က ကားပေါ်တက် စက်နှိုးထွက်နေပြီမို့ ကိုလတ်လည်း သူ့ဆိုင်ကယ်ဆီ ပြေးရပါသည်။ ဒီကပြီးလျှင် ... မိမိမြိုင် လှည်းတန်းဈေးကိုသွားမည်ဆိုတာ ကိုလတ် ကြို သိထားပါသည်။ ဒီပုံနှင့်ဆို ဈေးကိုလည်း ပြေးဟယ်လွှားဟယ်ဝယ်မှာ သေချာနေတာမို့ ဈေးထဲ မဆုံလိုက်မှာ ... ပတ်လွဲနေမှာစိုးရသည်။ ဒီတော့ ကားနောက်က ကပ်လိုက်မှ ... ။

မိမိမြိုင်ကားက ရှေ့က ... အရင်ထွက်သွားနှင့်သော်လည်း ကျောင်းတက်ခါနီးအချိန် ကားကျပ်သော ဤလမ်းကျဉ်းလေးမှာ ရှေ့ကို အများကြီးလွန်ပြီး မျက်ခြည်မပြတ်သွား။ ကိုလတ်ရဲ့ဆိုင်ကယ်ကတော့ ကွေ့ချည်ကောက်ချည်နှင့် မကြာခင်ပင် မိမိမြိုင်ရဲ့ကားနံဘေးကိုရောက်လာ



ပါသည်။ ကိုလတ်သည် ကားကျပ်တာကို အခွင့်အရေးယူကာ မိမိမြိုင် ကားနံဘေးမှ ကျော်တက်မသွားဘဲ ... ယှဉ်ရပ်စောနေသည်။

ကိုယ့်ကားနံဘေး ... ဆိုင်ကယ်စက်သံတဖုံးဖုံးကြားနေရသော်လည်း မိမိမြိုင်က မကြားသည့်အလားပင်။ စတီယာရင်အပေါ်ဘက်ကို လက်ဆန့်တင်ကိုင်ကာ ... ဘာတွေစဉ်းစားနေသလဲမသိ။ ခဏအကြာတွင် ဘေးခုံပေါ်မှ ပိုက်ဆံအိတ်ကို လှမ်းဖွင့်ကာ ဘာကိုကြည့်မှန်းမသိကြည့်လိုက်ပြန်သည်။ ကားကို နည်းနည်းရွှေ့လိုက် ရပ်လိုက်၊ သူ့အာရုံနှင့်သူဖြစ်နေလိုက်သည်မှာ ဘေးကဆိုင်ကယ်သမားကို တကယ့်ကိုပဲ လှည့်ကိုမကြည့် ... စိတ်ကို မရောက်တာ။

သထုံလမ်းထိပ်ရောက်တော့လည်း ကားတွေက တက္ကသိုလ်ရိပ်သာလမ်းပေါ် ကျပ်နေသေးသည်ပင်။ ကျောင်းချိန်နှင့် လှည်းတန်းမီးပွိုင့် မိတ်ဖွဲ့မိပြီဆိုလျှင် စိတ်ကိုရှည်ရှည်သာထားပေရော့။ သို့သော် ကိုလတ်မှာ ဘေးကကပ်လိုက်နေဖို့ ခွင့်မသာတော့။ ကားတွေ စီတန်းနေရသော်လည်း ဆိုင်ကယ်သွားသာအောင် လမ်းကြောချောင်နေ၍ သူ ရှေ့မတိုးဘဲနေသောအခါ နောက်က ဟွန်းသံထွက်လာပါသည်။

ဒါကြောင့်ပဲ ကိုလတ်မှာ ကြိုကြားလာ ကွေ့ကောက်ကာ ရှေ့တိုးသွားရပါသည်။ အဆုံးမှာတော့ သူက လှည်းတန်းဈေးကို ကြိုရောက်နေသည်။ ဈေးနောက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကားပါကင်မှာ ဆိုင်ကယ်ဝင်ထိုးကာ မိမိမြိုင် ကားဝင်အလာကို စောင့်နေရပါသည်။ ရန်ကုန်ရောက်ပြီးတဲ့နောက် ဒီလှည်းတန်းဈေးကို သုံးလေးခေါက်ရောက်ဖူးပါသည်။ ဖိနပ်ဝယ်တာတစ်ခါ၊ အအေးဗူးလာဝယ်တာတစ်ခါ၊ သူ့တစ်ကိုယ်သုံး ကော်ဖီခွက်ကလေး ဇွန်းကလေး လက်သုတ်ပဝါကလေး စသဖြင့် ဒါတွေလာဝယ်ဖူးတာ တစ်ခါနှစ်ခါ။

ဒီနောက်ဖက် သားငါးတန်းကိုတော့ သူ လုံးလုံးမရောက်ဘူးခဲ့ပါ။ ခုတော့ ဦးဇော်ရှင်းကောင်းမှုကြောင့် သားတန်းငါးတန်း သူလျှောက်ရပေတော့မည်။ ကိုလတ်စိတ်ရှုပ်ရှုပ်နှင့် ခါးထောက်ရပ်နေဆဲ ... မိမိမြိုင်ရဲ့ကားနောက်ဖက် ပါကင်နေရာကို ဝင်လာပါတော့သည်။ ကားရပ်ဖို့ အတော်ခက်ခက်ခဲခဲ ရှာဖွေနေဆဲ ... ကိုလတ်ခမျာ သူ့ကိုမြင်အောင် လှုလုံးပြရှာပါသည်။

လိမ္မော်၊ အဖြူနှင့်အနက် ... ကန့်လန့်စင်းကြား ဝတ်ဆင်ထားသော ကိုလတ်ရဲ့ ထင်ထင်ပေါ်ပေါ်ဝတ်စုံကိုပင် မိမိမြိုင် မျက်စေ့ထဲ မြင်ပုံမရပါ။ တကယ်ဆို အရောင်တောက်တောက်ပပ ... ဝတ်စားထားသူတစ်ယောက်ယောက်နှင့် ရင်ဆိုင်ရလျှင် မျှော်လင့်ဘဲ အကျီအဝတ်အစားရဲ့ ကြောင်ကြားတောက်ပသော ဆွဲဆောင်မှုကြောင့် အမှတ်မထင် မျက်လုံးရောက်မိနိုင်ကြတာပင်။

မိမိမြိုင်ကတော့ ကားနေရာယူလို့ရသွားလျှင် နောက်ခန်းမှ ဈေးခြင်းတောင်းကိုဆွဲကာ ဈေးထဲသို့ ခပ်သုတ်သုတ်ပဲ ဝင်သွားပြန်သဖြင့် ကိုလတ်မှာ မိမိမြိုင်နောက်



မှ လိုက်ရပါသည်။ ဒုက္ခပါပဲ။ တော်တော်ကို မျက်လုံးသေတဲ့မိန်းမ။ သူ ရည်ရွယ်ရာ ဦးတည်ရာကလွဲပြီးလျှင် ဘာကိုမှမကြည့်။ ဘယ်လောက်ထိအောင် လှုလုံးလိုက်ပြနေရမည်မသိတော့။

မကျွမ်းကျင်လှသည့် ဈေးတန်းထဲ တစ်ဖက်ကပတ်ကာ မိမိမြိုင်နှင့် မျက်နှာချင်းဆိုင်ဆုံတွေ့ဖို့ ... နှစ်ကြိမ်သုံးကြိမ် ကြိုးစားပြီးသည့်တိုင် မိမိမြိုင်ကား မျက်စိရှမ်းဆဲပင်။ လုံးလုံးကို အာရုံမစိုက်မိသေး။ သူမ ဝယ်ယူမည့်ဆိုင်မှ ဝယ်ယူမည့်အသားငါးကိုသာ မျက်လုံးကစိတ်ဝင်တစား စိစိစစ်စစ်ကြည့်သည်။

မိမိမြိုင်က မျက်လုံးရှမ်းနေဆဲဖြစ်သော်လည်း ဈေးတန်းထဲကလူတွေ မျက်လုံးမရှမ်းကြတော့ပါ။ ဒီသားငါးတန်းကို နှစ်ကြိမ်သုံးကြိမ် ပြန်ကျော့ကာ ပတ်ဝင်ဝင်လာသည့် ကိုလတ်ကို သတိပြုမိနေကြပြီဖြစ်ကာ ...

“မောင်လေးရေ ... ဘာယူမလဲ ... ပုဇွန်တွေလတ်တယ်ဟေ့”

“အစ်ကို ဆိတ်သားကောင်းတယ်”

“ဘာရှာလဲ အစ်ကို၊ ဘာဝယ်ရမလဲ ဆုံးဖြတ်ချက်မကျသေးဘူးလား”

တစ်ယောက်တစ်ပေါက် ဈေးခေါ်ကြကာ ... တစ်ယောက်ကဖြင့် အကြိမ်ကြိမ်လည်နေသော သူ့ကို ဝယ်တတ်သေးဘဲ ဘာဝယ်ရမည် မဆုံးဖြတ်နိုင်ဟု ထင်နေပြန်ပါသည်။ ကိုလတ်သည် သူ့အဖြစ်သူ တော်တော်စိတ်ရှုပ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မိမိမြိုင်ကိုပါ စိတ်တိုချင်လာပါသည်။ ကိုဇော်ရှင်းပြောလည်း ပြောစရာ ... ။ မျက်လုံးတွေကိုက ငါးလတ်သလား၊ ပုဇွန်လတ်သလားကလွဲလျှင် ဘာကိုမှ စိတ်မဝင်စားတဲ့မျက်လုံး။ သူ့သားငါးတွေကလွဲလျှင် တလောကလုံးပဲ မလတ်ဘဲပုပ်ပုပ်။ ဂရုစိုက်လိမ့်မည်မဟုတ်။

နောက်ဆုံးတော့ ... ကိုလတ်သည် ဇွတ်တရွတ်ဝင်၍ မမြင်မြင်အောင် အကြည့်ခံရတော့မည်ကို သဘောပိုက်ကာ ... မိမိမြိုင်ရပ်နေသော ငါးပုဇွန်ဆိုင်မှာ မယောင်မလည်ရပ်လိုက်ရပါသည်။ ကိုးနာရီဝန်းကျင်မို့ ဈေးထဲမှာ လူကျပ်လည်းမကျပ်၊ နည်းလည်းမနည်း။ ဤငါးပုဇွန်ဆိုင်မှာ လောလောဆယ် မိန်းမနှစ်ယောက်ဝယ်နေ ရွေးနေသည်။ တစ်ယောက် မိမိမြိုင်ဖြစ်သည်။

ကိုလတ်သည် မိမိမြိုင်ရဲ့နောက် ခပ်စောင်းစောင်းမှာရပ်ပြီး အကြံထုတ်သည်။ အမှန်က ဤသို့အပြုအမူမျိုးတွေအတွက် ညွှန်ကြားချက်မပါ။ သူ လိုက်ကြည့်နေတာကို မိမိမြိုင်မြင်အောင် သိသိသာသာကြည့်ပြဖို့တစ်ခုသာပင်။ သို့ပေမယ့် ... သူလိုက်ကြည့်နေတာကို မိမိမြိုင်က ဘယ်နည်းနှင့်မှ သိတော့မှာမှမဟုတ်တာ။

"အစ်ကို ... ဘာယူမလဲ၊ ပုဇွန်တွေကောင်းတယ်၊ လတ်တယ်၊ ငါးရံ့ကြီးတွေ လတ်တယ် ... ရဲနေတာပဲအစ်ကို"

မိမိမြိုင်က ခေါင်းမပါသော ငါးရံ့ကြီးကြီးတွေကို လက်နှင့်ကိုင်ကာ မ,ကာ ရွေးချယ်နေသည်။ ကိုလတ်



သည် ရုတ်တရက် သူ့လက်ကို တိုးဝင်လိုက်ပြီး မိမိမြိုင်မွှနေသော ငါးရံ့ပုံ ဆယ်ကောင်လောက်ကို သူပါလှန်လှော မွှေနှောက်၍ ဖွပစ်လိုက်လေသည်။ သူမရွေးနေတာတွေ အစီအစဉ်ပျက်သွား၍ မိမိမြိုင် တစ်ခဏ လက်တုံ့သွားသော်လည်း ငဲ့၍တော့ဖြင့်မကြည့်ပါ။

"ဘယ်လိုရောင်းလဲ"

ကိုလတ်က လှည့်ကြည့်လိုကြည့်ငြား အသံပြုလိုက်သည်။

"ခြောက်ဆယ့်ငါးကျပ် အစ်ကိုရေ"

ဤအခိုက် ... မိမိမြိုင်က ကြီးကြီးတစ်ကောင် ခပ်ရွယ်ရွယ်တစ်ကောင် ရွေးလို့ပြီးသွားပါသည်။ သူမ ရွေးလိုက်သောနှစ်ကောင်ကို ဈေးသည်ဘက်ခပ်တွန်းတွန်းပို့ကာ ချိန်စေဖို့ အမူအရာနှင့်ပြုခိုက် ... ကိုလတ်က နားမလည်သယောင် အတီးအတာအမူရာနှင့် ငါးအကြီးကောင်ကိုလှမ်းဆွဲလိုက်၏။

မိမိမြိုင်မျက်လုံးက ခွေခနဲ ဒီဘက်ဝဲလာသည်။ သူ့ငါးပါသွားမှာကိုဖြင့် စိတ်ဝင်စားသား။ သို့သော် မျက်နှာဆိုင်မကြည့်ဘဲ ကိုယ်တစ်ဝက်၌တင် စပို့ရှပ်နှင့်ပုဆိုးကိုတွေ့၍ ဆက်မော့မကြည့်တော့ပါ။

"ယူထားတယ်"

လေသံက ပျော့ပေမယ့် ပြတ်သည်။

"ဒါ ဒီအစ်မယူထားတာ အစ်ကို၊ အစ်ကိုထပ်ရွေးလိုက်ပါ၊ ဒါကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည့်က မိမိမြိုင်ရဲ့ငါးနှစ်ကောင်ကို ချိန် ခွင်ပေါ်တင်ရင်း ကိုလတ်ဘက် တစ်ကောင်တွန်းပြလိုက် သည်။ ကိုလတ်သည် နောက်တစ်ကြိမ်လှည့်ကြည့်အောင် ဘာလုပ် ရမည်မသိဘဲ စိတ်ကျဉ်းကျပ်နေသည်။

"အစ်မ ... ခုနစ်ဆယ့်ငါးကျပ်သားရှိတယ်"

"ဟင် ... ပြည့်ရဲ့လား၊ ဝယ်နေကျလေ ... ပိုပိုသာ သာချိန်ပေးပေါ့"

"ပြည့်ပါတယ်အစ်မရယ် ... ချိန်ကြည့်ပါ"

"ငါးကျပ်သားလေး လျှော့လိုက်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒီမှာ ဇောက်ထိုးကြီး၊ ခုနစ်ဆယ်သား၊ ရော့ ... ဘာလုပ်ပေးရမလဲအစ်မ၊ အကြေးထိုးပေးရမလား ... ဘာချက်မလဲ ခုတ်ပေး လိုက်မယ်"

"ရတယ် ... အိမ်ကျမှခုတ်မယ်"

ဒီမှာ အကြေးထိုးလျှင် စင်တာလည်းမဟုတ်။ ခုတ်တုံးလိုက်၍ အိမ်ကျပြန်ပြီး အကြေးထိုးဖို့လည်းမလွယ်။ ဈေးသည်က ငါးနှစ်ကောင်ကို ဒီအတိုင်းကောက်ကာ မိမိ မြိုင်ခြင်းတောင်းထဲ ဘတ်ခနဲပစ်ထည့်လိုက်သည်။ မိမိမြိုင် က ပိုက်ဆံအိတ်ပြားပြားကိုဖွင့်ကာ ပိုက်ဆံအထုတ် နှစ် ဆယ်တန်တစ်ရွက်ကပ်ပါကာ လွင့်ကျသည်။

ကိုလတ်သည် အပိုင်ပဲဟု အတင်း ... ဈေး မကလုကောက်ကာ ရအောင်ယူလိုက်သည်။ လက်ထဲရောက် ... မိမိမြိုင်ဘက်သို့ ဟန်ပါပါနှင့်ကမ်းပေးလိုက်၏။ လှည့်



ကြည့်ပြီး ကျေးဇူးတင်ပေတော့။ သို့သော် မိမိမြိုင်က လူ ကိုမကြည့်ပါ။ ပိုက်ဆံကိုသာကြည့်ကာ ... ဖျတ်ခနဲဆွဲယူ ပြီး ...

"ကျေးဇူးပဲ"

ဈေးသည်ဆီပေးထားသော ငွေကိုသာ ရှင်းဖို့ အမ်းဖို့ စောင့်ကြည့်နေသည်။

"အစ်ကို ဒီအကောင်ချိန်ရမှာလား"

ဈေးသည်က မိမိမြိုင်ကို ပိုက်ဆံအမ်းပြီးတာ နှင့် ကိုလတ်ကိုလှမ်းမေးသည်။ ဟိုဘက်က ပုဇွန်ရွှေသော မိန်းမကြီးကတော့ ရွှေကောင်းတုံးပင်။

"ဟင့်အင်း ... မချိန်ပါဘူး"

ကိုလတ်က ဈေးသည်ကိုဖြေကာ အူကြောင် ကြောင်ရုပ်နှင့် ငါးကြည့်သလို ... ပုဇွန်ကြည့်သလိုလုပ် ရင်း စောင်းငန်းငန်းလစ်ထွက်ရန်ပြင်သည်။ မိမိမြိုင်ကဖြင့် ထွက်သွားပြီ။

"ယူလေ ... ဘယ်လောက်သားလဲ"

"မယူတော့ဘူး ရတယ်"

ကိုလတ်လှည့်ထွက်လိုက်လျှင် ဈေးသည်က ဓိတ်တိုသလို ရှူ့မဲ့ရွဲ့လိုက်ကာ ...

"မသိရင်ခက်မယ် ... ဟွန်း"

ကိုလတ်မှာ ခေါင်းကြီးသွားကာ ခပ်သုတ်သုတ် ပြေးမတတ် ထွက်ရပါသည်။

"ကြိမ်မနေနဲ့ ... ကြိမ်မနေနဲ့ ... တီတီကီမှာ နှစ်တန်း

www.burmeseclassic.com

www.burmeseclassic.com



သားရှိထယ်၊ ကျွန်မသားနဲ့သူ့သား တစ်တန်းတည်း ဟား ဟား ဟား"

ကိုလတ်မျက်နှာ ရဲစွေးကာ ... ချေးတန်းမှ သုတ်သုတ်ထွက်သည်။ ချေးသည်ပင် ရိပ်မိပြီ။ သူမက ရိပ်မိမသွား။ တော်တော်မလွယ်သည့် ဆရာကတော်ပါလား။

ဆ၀ဖ

# ၇

"အစ်ကိုကြီးဖုန်း ... ကိုအောင်နိုင်တဲ့"

"ဟာ ... ဟုတ်ပြီ ... လာပြီ ... လာပြီ ... လာပြီ"

အတွက်ရဲ့သတင်းပေးသံကြားကြားချင်း အားရဝမ်းသာ ရွှင်လက်သွားသော မျက်နှာပေးနှင့် ကမန်းကတန်းထ,လိုက်သော ဖော်ရှင်းကိုမော်ကြည့်ကာ မိမိမြိုင်က ထမင်းစားရင်း မျက်မှောင်ကုတ်လိုက်မိပါသည်။ ခါတိုင်း ထမင်းစားရင်း ဖုန်းလာလျှင် အရေးသိပ်မကြီးသော ဖုန်း၊ ဒါမှမဟုတ် လူရင်းတို့ရဲ့ဖုန်းဖြစ်ပါက ပြီးမှပြန်ဆက်ဖို့မေးအားလိုက်ပြီး ဖော်ရှင်းက ထမင်းစားဖျက်၍ ဖုန်းထ,မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ··· အားပါးတရ ထမင်းစားလို့အရှိန်ရတုန်း တစ်ဝက်ကျိုးလောက်မှာလာသော ကိုအောင်နိုင့်ဖုန်းကို အရေးတကြီးနှင့် ဝမ်းသာအားရထ,ထွက်သွားတာကြောင်း အံ့အားသင့်စရာပင်။ ဒီသူငယ်ချင်းအုပ်စုထဲက ဖုန်းတွေပြောများသောအားဖြင့် ဆုံဖို့ ··· ဘီယာသောက်ဖို့ချိန်းချက်တာကြတာမျိုးတွေသာ။

သိပ်ကြီး အရေးမကြီးတတ်ပါ။ ,

မိမိမြိုင်က အံ့အားသင့် ကျန်ရစ်သော်လည်း ဇော်ရှင်းကတော့ သူ့ ဖုန်းဆက်မည်ကြံစည်နေဆဲ ··· အောင်နိုင့်ထံမှ အဆင်ပြေပြေ စ,ဆက်လိုက်၍ အခန့်သင့်တာ တကယ်ပင် ဝမ်းပန်းတသာဖြစ်သွားရပါသည်။ အစကတည်းက အောင်နိုင်နှင့်ဖုန်းပြောလျှင် မိ အနားမှာမရှိမိုက် မကြားအောင် ဖန်တီးပြောရမည်ဖြစ်ရာ ··· ခုလို မိလည်းထမင်းစားတုံးမှာ အောင်နိုင်ထံမှ ဖုန်းဝင်လာတော့ အတော်ပဲပေါ့။

ဇော်ရှင်းက ဖုန်းကိုကောက်ကိုင်ပြီးမှ အမ်းဆုံးဆိုဖာပေါ်ထိုင်ချလိုက်ရင်း ···

"ဟေ့ကောင် ··· အောင်နိုင် ··· အတော်ပဲ မင်းဆက်တာ၊ ငါလဲ မင်းဆီဆက်ဖို့ချောင်းနေတာ"

"ငါ့ဆီဖုန်းဆက်ဖို့အရေး ချောင်းနေစရာလားကွ"

"မိ မကြားအောင်လေကွာ"

"ဒါဖြင့်လဲ ရုံးကဆက်လဲရတာပဲ"

"ခုမှပဲ မင်းဆီဆက်ဖို့အကြံပေါ်တာ"

"မင်းလှုပ်ရှားလုံးပန်းနေပြီဆိုတဲ့ကိစ္စလား"



"အေး"

"ထူးခြားမှုရှိလို့လား"

"မရှိလို့ ··· မင်းပြောမှာ အရေးကြီးလား၊ မကြီးရင် ငါပြောမယ်"

"အေးပါ ··· ပြောပါ၊ ငါပြောမယ့်ကိစ္စက ကြီးတယ်လဲမဟုတ် မကြီးဘူးလဲမဟုတ်တာပါကွာ၊ မင်းပြီးမှပြောလဲ ရပါတယ်၊ ကဲပါ ··· မင်းပြောချင်တာ အရင်ပြော"

ဇော်ရှင်းသည် ဝါးလက်စထမင်းတွေ မျိုချကာ ပါးစပ်ရှင်းလိုက်ရင်း ···

"ငါ့ကောင်လေးကို ငါ ··· မိ,နောက်ကိုလွှတ်တာသုံးရက်တောင်ရှိပြီကွာ၊ ခုထိ မယ်မင်းကြီးမဲ့ေ တစ်ရက်မှတောင်မမြင်ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ရိပ်မိဖို့ဝေးလို့ တစ်ကြိမ်မှတောင် မမြင်သေးဘူးလား"

"အေး"

"မင်း လူရွေးမှားပြီထင်တယ်၊ မင်းကောင်လေးက တယ်ညံ့တယ်ထင်ပါရဲ့"

"ဟာ ··· ဟေ့ကောင် ··· မညံ့ဘူးကွ၊ ချက်ချက်ချာချာ သွက်သွက်လက်လက်ပါ ··· သူပြန်ပြောပြီ သလောက် ··· သူတော်တော်ကြိုးစားပြီး အယောင်ပြပါတယ်၊ ဒါကို သံသယဖြစ်စရာမရှိဘူး၊ မိ,ကကို လုံးဝဂရုမစိုက်မိတာ ··· လုံးဝမကြည့်တာ"

www.burmeseclassic.com



"ကျွတ်"

အောင်ခိုင်က စိတ်မရှည်သလို 'ကျွတ်'လုပ်ပြီးမှ ...

"မင်းကောင်လေးလိုတာတွေရှိပါလိမ့်မယ်၊ ဥပမာကွာ၊ ကိုယ့်ကိုသတိထားမိအောင် လူထဲသူထဲ ထင်ပေါ်တဲ့ အရောင်အသွေး အဝတ်အစားမျိုး ရွေးချယ်ဝတ်တတ်ရမယ်"

"အမလေး ... ဝတ်ပါပြီလား၊ ဒီကောင်က အစကတည်းက တောက်တောက်ပြောင်ပြောင်ဝတ်ဆင်တတ်တဲ့ကောင်ပါ၊ များသောအားဖြင့် သူဝတ်တတ်တာက အရောင်ရင့် ကန့်လန့်စင်းစပို့ရှပ်မျိုးတွေကွ၊ ဒါမျိုးတွေက မျက်စေ့ထဲရောက်လွယ်ပါတယ်"

"နေ့တိုင်းပဲ အဲဒီကန့်လန့်စင်းတွေဝတ်သလား"

"နေ့တိုင်းပဲ ... ဒီကောင်က ပြောင်မဝတ်ဘူး၊ အစင်းသိပ်ဝတ်တာ၊ အစင်းမဟုတ်ရင်လဲ အကွက်တုံး၊ သူ့အဝတ်အစား မထင်ပေါ်မှာကို ထည့်မတွက်နဲ့ကွာ၊ ထင်ပေါ်တာသေချာတယ်၊ ဒီသုံးရက်လုံးတော့ ကန့်လန့်စင်းစပို့ရှပ် ရဲရဲတောက်တောက်တွေနဲ့ ပုဆိုးခပ်မှိုင်းမှိုင်းတွေဝတ်တာပဲ၊ ဒီကောင်က အသားကလဲဖြူဝင်းနေတာ၊ မျက်ခုံးမျက်လုံးမည်းမည်းနဲ့ ... လူတိုင်းမျက်စေ့ထဲ ထင်းခနဲဖြစ်တဲ့ကောင်ကွ၊ မိန်းကလေးနဲ့ကျမှ ငကြောင်တာပဲ"

"နေ့တိုင်း ကန့်လန့်စင်းတွေဝတ်တာတော့ ကောင်း



တယ်ကွ၊ ထရိုက်မာ့ခ်တစ်ခုခုဖြစ်တာပေါ့ကွာ၊ မိမိမြိုင် မမြင်တာကော သေချာရဲ့လား"

"လုံးဝသေချာတယ်တဲ့၊ တစ်ချက်မှကို မကြည့်တာတဲ့ကွ၊ သူက တောက်လျှောက်ကြည့်နေတဲ့သူဆိုတော့ သူသိတယ်တဲ့၊ ဒီနေ့ထိကို သူ့ကို လုံးလုံးသတိမပြုမိ မမြင်မိသေးဘူး သေချာတယ်တဲ့"

"မင်းမိန်းမကလဲ လွန်ပါတယ်၊ မျက်ကြောသေလုချည်လား၊ မျက်စေ့စစ်ဆေးဖို့များ လိုနေအုံးမလား"

"အဲဒါ ... သူရိပ်မိလာအောင် စကားလေးဘာလေး လိုက်ပြောရင်ကောင်းမယ်ထင်တယ်၊ မင်းဘယ်လို အကြံပေးမလဲ"

"စကားလိုက်ပြောဖို့က စောပါသေးတယ်ကွာ၊ ဒီတိုင်းဆို မိမိမြိုင်ပုံစံကြည့်ရတာ လုံးဝ စိတ်ပေါ့ပါးမှုမရှိတာဆိုတော့ စကားလိုက်ပြောရင် အော်ကြီးဟစ်ကျယ်ရန်တောင်တွေ့လွှတ်ရင်လွှတ်မှာ၊ တစ်ချီတည်းနဲ့ လက်စသတ်သွားလိမ့်မယ်"

"ချောစုတုံးက ဘယ်လိုနေလဲ"

"ချောစုက နှစ်ကြိမ်လောက်အရှိမှာ ရိပ်မိနေပြီကွ၊ ငါ့ကိုတောင် ပြန်ပြောပြသေးတယ်၊ ရယ်ကာမောကာနဲ့၊ သူ့ကို လူတစ်ယောက်လိုက်ရိုက်တဲ့အကြောင်း"

"ဒါဆို ဘာဆက်လုပ်မလဲ"

အောင်ခိုင်က ခဏတိတ်ကာ စဉ်းစားနေသည်။ အတန်ကြာမှ ...

www.burmeseclassic.com

www.burmeseclassic.com



"သူ သတိမပြုမိဘူးဆိုတော့ သတိပြုမိအောင် ကိုယ်ကပဲ အစဖော်ပေးရတော့မှာပေါ့ကွ၊ ဥပမာ အကျီအစင်းကြားနဲ့ကောင်တစ်ကောင် မိနောက်ကိုလိုက်နေတယ်ဆို ... ဆိုပြီး တခြားက ပြန်ကြားရတဲ့လေသံနဲ့ပေါ့"

"ဘယ်ကပြန်ကြားရတာမျိုးလဲ"

"အော် ... မင်းကလဲ မဒူနဲ့ကွာ၊ ဘယ်ကဖြစ်ဖြစ်တစ်နေရာရာကပေါ့၊ ဒီလိုဆိုရင် မိမိမြိုင်ဟာ အံ့ဩပြီး နောက်ရက်တွေမှာ သူ့ပတ်ဝန်းကျင်မှာ အကျီအစင်းကြားကောင်တစ်ကောင်ကို ရှာကြည့်မိလိမ့်မယ်၊ တွေ့သွားဖို့သေချာပြီပေါ့ကွ"

"အေး ... ဟုတ်တယ်၊ ငါ အဲသလိုပြောလိုက်ရင် သူ သတိထားကြည့်မိလာလိမ့်မယ်၊ မှန်တယ်ကွ မင်းတော်တယ်၊ မဆိုးဘူး၊ ငါ အဲသလိုပြောလိုက်ကြည့်မယ်၊ ကဲ ... မင်းကိစ္စပြောပါအုံး ... ဘာလဲ"

"ငါမဟုတ်ပါဘူးကွာ၊ ရဲနောင်ပါ၊ ရဲနောင် ကိစ္စ"

"ရဲနောင်ဘာဖြစ်လို့လဲ"

"ညီညီအောင်နဲ့ နောင်ချိန်နောင်ချိန်ဖြစ်နေကြတယ်ကွ၊ အခြေအနေသိပ်မကောင်းဘူး၊ တင်းမာနေကြတယ်၊ ဒီကောင်ကြီးလဲ စိတ်ဓာတ်ကျနေတယ်"

"ညီညီအောင်အတွက်ရော မင်းမှာ နည်းလမ်းမရှိဘူးလား"

"မတူဘူးကွ၊ သူကတစ်မျိုး၊ ငါတို့နည်းလမ်းတွေနဲ့မပတ်သက်ဘူး၊ ငါတို့မိန်းမတွေက အိမ်ထောင်ပြုကိစ္စတွေထဲ စိတ်အပါလွန်အနစ်မြုပ်လွန်ပြီး တစ်မျိုးဖြစ်တာ၊ ညီညီအောင်က ဒီအိမ်ထောင်မှုကိစ္စတွေကို ခံနိုင်ရည်မရှိတာ ... စိတ်မပါတာ ... ကိုယ်လွတ်ရုန်းချင်တာ၊ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်ကွ"

"အေးကွာ ... ရဲနောင်အတွက်လဲ နည်းလမ်းရှာကြပါအုံးစို့၊ ငါကလဲ ဒါမျိုးတွေ ဘာမှအိုင်ဒီယာရှိတာမဟုတ်ဘူး၊ မင်းအကြံ မထွက်တော့ဘူးလား"

"စဉ်းစားသေးတာပေါ့ကွာ၊ လောလောဆယ်တော့ ငါတို့ကောင်ကြီးကို ဖေဖေးမမအားပေးအုံးမှ၊ ဆုံကြအုံးမှကွ"

"ဖေယျနဲ့ရော တွေ့သေးလား"

"မတွေ့ပါဘူး၊ ဒီကောင်တော့ သူ့မိန်းကလေးနောက်တကောက်ကောက်လိုက်နေရတာနဲ့ မအားပါဘူးကွာ"

"ရဲနောင်နဲ့တွေ့ကြမယ်ဆိုရင် မင်းပဲ ကမကထလုပ်ချိန်းလိုက်လေ၊ ငါကတော့ အားပါတယ်၊ ရုံးချိန်ပြင်ပနဲ့ ... ရုံးပိတ်ရက်ပေါ့၊ ကြိုက်တဲ့ရက်လုပ်လိုက်"

"အေး ... ဒါဖြင့်ဒါပဲလေ ... ဇော်ရှင်း၊ မင်းအရေးတော်ပုံလဲ အောင်မြင်ပါစေ"

"အေး ... အေး ... ဒါပဲ"

ဇော်ရှင်းက ဖုန်းချကာ ထမင်းစားခန်းသို့ပြန်ဝင်လာလျှင် မိမိမြိုင်က လက်ဆေးပါးဆေးလုပ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရှင်းကို အကဲခတ်ရင်း …

"ကိုအောင်ခိုင်က ဘာတဲ့လဲ မောင်"

"ဘာမှမဟုတ်ပါဘူး"

"ဆုံကြဖို့လား"

"အင်း … ရဲနောင်နဲ့ညိုညိုအောင် အခြေအနေမကောင်းလို့ ရဲနောင်စိတ်ဓာတ်ကျနေလို့ ဆုံပေးကြဖို့ပါ၊ ခုတလော ဆက်တိုက် နောင်ချိန်နေကြတယ်တဲ့"

"ဟင် … နောင်ချိန်နေကြတော့ စိတ်ညစ်စရာကြီး၊ မညိုလဲ စိတ်ညစ်နေမှာပဲ"

"ညိုညိုအောင်ကို မိတို့ ကြည့်စီမံကြည့်ပေါ့၊ သူက အိမ်ထောင်မှုကို စိတ်ကုန်သလိုဖြစ်နေတာတဲ့၊ ဒေါ်မိမိမြိုင်တစ်ယောက်ဖြင့် အိမ်ထောင်မှုကိစ္စတာဝန်တွေထဲပဲ စိတ်ပါလွန်းလို့ … နည်းနည်းလျှော့ဖို့ တိုက်တွန်းနေရတယ်"

မိက ပြုံးစေ့စေ့လုပ်နေပါသည်။ ထမင်းစားအပြီး ရေခဲသေတ္တာအပေါ်ထပ်မှ အသားငါးဗူးတွေထုတ်ကြည့်ကာ နောက်နေ့ချက်ဖို့ ဘာတွေဘာတွေဟု တွဲဖက်စီစဉ်ပေးနေကာ … ချက်ပြုတ်နည်းကိုပါ တစ်ဆင့်ချင်းအသေးစိတ်လက်ချာရိုက်နေသေးတာကိုကြည့်ပြီး မိ,အစား မောရပါသည်။

သူဟာလည်း ဟင်းကျိုးများသူမဟုတ်ပါ။ ကလေးနှစ်ယောက်ကလည်း ကျွေးတာစားသူတွေပင်။ ဟင်းစပ်စပ်ချက်ဖြစ်သည့်နေ့ဆို ကြက်ဥကြော်နှင့်စားရတာကိုပင်



သူတို့က ကြိုက်ပုံရသေးသည်။ ဘာမှထွေထွေထူးထူး စီမံနေဖို့မလိုပါ။ ဟင်းရယ်လို့ အဆင်သင့်ရှိနေတာဟာပဲ တာဝန်ကျေလှပါပြီ။

သို့ပေမယ့် … မိကတော့ ဘယ်လိုဆိုဘယ်လို အသေးစိတ်စီမံလိုက်ရမှပင်။

"ရွှေမိနဲ့ဂျမ်းဘုံနော် … ဒီရေခဲသေတ္တာထဲလဲ နင်တို့ မသန့်ရှင်းတာ ဘယ်လောက်ကြာနေပြီလဲဟင်၊ သုံးလေးရက်တစ်ကြိမ်တော့ ရှင်းမှပေါ့၊ အောက်ထပ်ဆိုရင် နောက်ဖက်နံရံမှာ ဟင်းရွက်တွေကပ်လို့၊ အပေါ်ထပ်မှာလဲ … အသားဗူးတွေထည့်ကတည်းက ရေစင်စင်နဲ့မထည့်ဘဲ ရေရွှတ်ပက်နဲ့ ထည့်ပစ်တော့ ဗူးဖင်တွေက အောက်ခံမှာကပ်ပြီး ခဲနေရော၊ ခွာလို့ အလွယ်တကူမရ၊ ချက်ခါနီးကျမှကပ်ပြီး ဇွန်းနဲ့ထိုးဓားနဲ့ထိုးလုပ်ကြပြီ၊ ဗူးကို ဓားနဲ့ကလော်ထုတ်တာ ရေခဲသေတ္တာကိုခြစ်မိတယ်ဟဲ့၊ သူ့အံတွေက ဒါးနဲ့ထိရင်ကွဲမှာ၊ ဂျမ်းဘုံလာစမ်း၊ ရေတ်သီးစိမ်းထည့်တဲ့စကာသေးသေးလေးက အညှာနဲ့ရွက်ခြောက်ပဲရှိတာ၊ ဘာနေ့မြောပြီး ဆက်သိမ်းထားတာတုံး၊ ဒီအညှာခြောက်မည်းမည်းတွေ နင်တို့ ဘယ်ထဲထည့်ချက်မှာမို့လဲ၊ ချောကလက် စားလက်စတွေကလဲ … ကလေးတွေက ဒီတိုင်းလာပြန်ထည့်ရင် နင်တို့က ကြည့်ပြီး သင့်ရာကိုရွှေ့သိမ်းမှပေါ့၊ အပြင်ထုတ်စားတုံးက အရည်ပျော်ထားပြီး အထဲလာထည့်လိုက်တော့

www.burmeseclassic.com



ချောကလက်နှစ်တွေ ဟိုပေဒီပေလဲ ကြည့်ပြီးမြင်ရင် သုတ်ကြပါဟယ်၊ တစ်ခုချင်းပြောရတာ မောလွန်းလို့ပါ"

အင်း ...

ဇော်ရှင်းမတော့ စကားတစ်ဝက်မကျိုးခင်ကတည်းက မောနေပြီ။ မိမိမြိုင်ကတော့ ခုမှပဲ မောတော့သည်။ မိ,မြင်ကာ ပွစိပွစိပြောတာတွေကို သူ့အဖို့တော့ ဂရုတစိုက်မမြင်မိ မကြည့်မိတာ အမှန်။ ပြောရကောင်းမှန်းလည်း မသိပေ။ မိပြောတော့လည်း အားလုံးကအမှန်တွေချည်းပင်။ ရေခဲသေတ္တာထဲ ဟိုနားအမှိုက်ကပ်၊ ဒီနားရှုပ်ပွဖြစ်နေတာကို မိပြောမှ သတိပြုကြည့်တော့ 'တကယ်ပဲ ညစ်ပတ်နေပေသည်။

"မမောဘူးလား ... မိရယ်"

"မောတာပေါ့၊ မောလို့ မိ,မပြောရင် ဘယ်သူပြောမလဲ၊ ဒီမှာကြည့်၊ သားတို့ စနိုးဂျူးစ်ဘားတွေဝယ်ပြီး အပေါ်ဘက်ထည့်ထားတာ တစ်ခုပြီးတစ်ခုယူစားလို့ စနိုးဂျူးစ်ဘားတွေကဖြင့် ကုန်ပြီ၊ ထည့်တဲ့းက ကြွပ်ကြွပ်အိတ်ကဖယ်ပြီး လွှင့်ပစ်မယ့်သူမရှိလို့ ခုထိအလွတ်ကြီးနဲ့ ရေခဲသေတ္တာထဲကမထွက်ရဘူး၊ သုံးလေးရက်ရှိပြီ၊ မပြောမိတော့ မထုတ်ကြဘူး၊ စိတ်တိုတယ်၊ ငါမပြောဘဲများ ကိုယ့်စိတ်ကူးနဲ့ကိုယ် သိကြစမ်းပါဟယ်၊ ကြွပ်ကြွပ်အိတ်လွတ်ကြီး ဒီထဲရှိနေတာ ငါမပြောလဲ နင်တို့ အသားထုတ်ရင်း မြင်နေ



သားပဲ"

ဂျမ်းဘုံက ကြွပ်ကြွပ်အိတ်လာထုတ်ယူသည်။

"ဟိုမှာ ... ဦးဦးထမင်းပြီးနေပြီ၊ ရေပုလင်းတစ်ခါတည်းထုတ်ပေးခဲ့အုံး"

"ဟို ... အသားဗူးနဲ့ထိလို့ လက်ညှိုသွားလို့ ... ခဏလေးအန်တီ"

"တော်တော့ ... ငါပဲထုတ်လိုက်ပြီ"

ဖျတ်ခနဲ ရေပုလင်းထ,ထုတ်လိုက်ပြန်သည်။ လုပ်စရာ ပြောစရာ အသေးအကျွေးကလေးတွေကို ပွစိတက်နေအောင် သူ့ပဲမြင် သူ့ပဲပြောနိုင်လှတာကို ဇော်ရှင်းအံ့ဩမိပါသည်။

"မောင့်သားကြီး ကျောင်းမှာ သချ်ာတွေရှုံးလွန်းလို့တဲ့၊ ဒီနေ့ သူ့ဆရာမကပြောလိုက်သေးတယ်"

ဟော ... တော့ပစ်က် ပြောင်းသွားပြန်ပြီ။

"အဲဒါ ... မိဘာသာ အိမ်စာပေးပြီး လေ့ကျင့်တွက်ခိုင်းထားတာ တစ်ချက်လောက် မောင် အကဲခတ်လိုက်ပါအုံး၊ မိ ဒီမှာ သားတို့ဖို့နွားနို့ သကြားလုပ်လိုက်အုံးမယ်"

သားနှစ်ယောက်အတွက် နွားနို့နှစ်ဖန်ခွက်ပြင်ထည့်ကာ သကြားဗူးယူ၍ မွှေခေါက်နေသော မိကိုကြည့်ကာ သောက်ရေကိုမော့ချလိုက်ရင်း ...

"လာပါ မိရာ ... နားပါတော့၊ အခန်းယံလိုက်ခဲ့တော့"

www.burmeseclassic.com



"နွားနို့ယူပြီးလိုက်ခဲ့မယ်၊ မောင့်ဖို့ပါ တစ်ခါတည်း လုပ်ခဲ့မယ်"

"အို … ညတိုင်းလုပ်နေတာ၊ ဒီလောက်ရှိ ဂျမ်းဘုံ တောင် လုပ်တတ်နေပါပြီ၊ ပစ်ထားခဲ့စမ်းပါ၊ ပြော ခဲ့ပါ၊ သူတို့လုပ်ပြီး ယူလာပစေ"

"အချိုးမကျမှာစိုးလို့"

"နှစ်ကြိမ်သုံးကြိမ်ပြီးရင် အချိုးကျသွားမှာပေါ့၊ တ ချို့ဟာတွေကို ခေါင်းထဲမထည့်ဘဲ ပစ်ထားစမ်းပါ မိရာ၊ လာ … လာ … မိ,ကိုပြောစရာရှိသေးတယ်"

"ဘာပြောမှာလဲ"

"အခန်းထဲကျမှ ပြောမယ်"

"အမလေး … လျှို့ဝှက်သဲဖိုလုပ်နေပြန်ပြီ၊ ပြော မယ့်အရေးကို"

မိတစ်ယောက် နွားနို့နှစ်ဖန်ခွက်ကို ဗန်းထဲ ထည့် သယ်လာပါသည်။ အခန်းထဲရောက်လျှင် ဗန်းကိုချ ပြီး …

"ကဲ … ပြော … ဘာလဲ"

"ဟာ … အသံကြီးကလဲ စိတ်မရှည်လက်မရှည်ကြီး၊ စိတ်ကို ခပ်ရှည်ရှည်များ ဆွဲဆန့်ထားစမ်းပါ မိရာ"

"ကဲပါ … ပြောမှာကိုပြောပါ၊ မိ လုပ်စရာရှိသေး တယ်"

"ဟာ … ဘာလုပ်စရာရှိနေသေးတာလဲ၊ ဒီအချိန်ထိ"

"သားကြီးကို လွယ်အိတ်စစ်ပေးဖို့ … ခဲတံချွန်ပေး



ဖို့ … စာအုပ်ကုန်နေတာ အသစ်ထုတ်ပြီး အဖုံး ဖုံးပေးဖို့ လိုတယ်"

"ဟင်း … "

ဇော်ရှင်းက သက်ပြင်းတစ်ချက်ချကာ … မိကို သူ့အနားလက်ဆွဲ၍ ခုတင်စွန်းပေါ်ထိုင်ခိုင်းလိုက်ပါ သည်။ ပြောစရာရှိတာ မြန်မြန်ပြောမှ … ။ နို့မို့ ဒီည ပြောလိုက်ဖို့အကြောင်းမမြင်ပေ။

"ဒီမှာမိ … မိကို မေးစရာတစ်ခုရှိတယ်"

"မေးလေ မောင်"

"မိ,နောက်ကို … လူတစ်ယောက် လိုက်ကြည့်နေ တယ်ဆို"

မိ မျက်ခုံးကလေးက တွန့်ရှုံ့သွားကာ …

"ဟင် … ဘယ်သူလဲ … ဘာလုပ်ဖို့လဲ"

"မောင်မေးတာဖြေပါ … မိ မသိဘူးလား၊ မိ,နောက် ကို ယောကျ်ားတစ်ယောက် ခုရက်ပိုင်းမှာ နောက် က တကောက်ကောက်လိုက်နေတာ"

"မလိုက်ပါဘူး၊ မိက ကျောင်းပို့ကျောင်းကြိုနဲ့ ဈေး ပဲသွားနေတာပဲ"

"အဲဒီတွေကိုပဲ လိုက်နေတယ်"

"ဟင် … မောင်က ဘယ်လိုသိလဲ"

"သူများပြောတာ၊ ယောကျ်ားတစ်ယောက်ဟာ မိ နောက်ကို ရစ်သီရစ်သီလိုက်ကြည့်နေတယ်၊ မိကို သဘောကျလို့ လိုက်ကြည့်နေလားမှမသိတာ၊ ဒီ

www.burmeseclassic.com



ကောင်က အမြဲတမ်း စပို့ရှပ်ကန့်လန့်စင်းကြားကြား တွေ ဝတ်တတ်တယ်၊ စပို့ရှပ်ကန့်လန့်စင်းနဲ့ကောင် တစ်ကောင် မိ,နောက်က ပါနေတာ သတိမထားမိ ဘူးလား"

"မထားမိပါဘူး၊ လိုက်ကောလိုက်လို့လား၊ သူက ကော သဘောကျစရာလား၊ မိက ကလေးအမေပဲ"

"ဒါကို သူ သိချင်မှသိမှာပေါ့"

"အို ... မိ,နောက်လိုက်နေရင် သားတွေကို ကျောင်း ကြိုကျောင်းပို့တာ တွေ့ရမှာပေါ့၊ ဒါဆိုရင် ကလေး အမေမှန်း သိရမှာပေါ့၊ မဟုတ်နိုင်တာ၊ မောင် ဘာ တွေလျှောက်ပြောနေတာလဲ"

"အော် ... ဟုတ်လို့ပြောနေတာပေါ့၊ ကလေးကျောင်း ပို့တာတွေ့ပေမယ့် ကလေးအမေမထင်ဘဲ အဒေါ်တို့ အစ်မတို့ထင်လို့ ဖြစ်ချင်ဖြစ်မှာပေါ့"

"အို ... အမေဆိုတာ ဒီလောက်သိသာတာ၊ နေပါ အုံး ... မောင်က စပို့ရှပ်ကန့်လန့်စင်းပါ အတိအ ကျသိနေရအောင် ဘယ်သူကစောင့်ကြည့်ပြီး ပြော နေတာလဲ၊ ကိုအောင်ခိုင်လား"

"ဟာ ... အောင်ခိုင်နဲ့ ဘာဆိုင်လို့လဲ"

"ခုန သူဖုန်းဆက်ပြီးတော့ ... မောင် ဒီစကားမေး တာပဲ၊ ခါတိုင်းဆိုရင် မောင်က ထမင်းစားရင်း ဖုန်းထပြောလေ့မရှိပါဘူး၊ မောင့်ဆော့စ်ဆက်တာက လွဲရင် ပြန်ဆက်နိုင်းတာချည်းပဲ၊ ဒီနေ့ မောင်လဲ





ထူးခြားနေတယ်၊ ကိုအောင်ခိုင် ဆက်တယ်ဆိုတာနဲ့ တက်ကြွသွားပြီး ထ,ပြေးစကားပြောတော့တာပဲ၊ သူ ပြောတာပဲဖြစ်ရမယ်"

"အောင်ခိုင်ပြောတာ မဟုတ်ပါဘူး"

မိမိမြင့်သည် ဇော်ရှင်းကိုအကဲခတ်ကာ ... မျက်မှောင်လေးကုတ်၍ စဉ်းစားခန်းဝင်နေပါသည်။ မထင် မှတ်တာ အမေးခံရ၍ စိတ်ထဲသဘောမကျဖြစ်ကာ ဇော်ရှင်း ရဲ့အမေးစကားတွေကို သေချာပြန်စဉ်းစားကြည့်သည်။ စပို့ ရှပ်အစင်းကြား ဝတ်ဆင်သည်ရယ်လို့ ... 'အလေ့' ကို ထည့်ပြောတဲ့အတွက် တစ်ကြိမ်တစ်ခါ မြင်ရုံမကနိုင်။

အနည်းဆုံး တစ်ကြိမ်အထက် နှစ်ကြိမ်တော့ မြင်ဖူးလို့သာ ဝတ်တတ်သည်ရယ်လို့ ပြောနိုင်ချေရှိတာ။ မောင့်အသိမိတ်ဆွေတစ်ယောက်ယောက်ဟာ မိအနားကို ခု ရက်ပိုင်းအတွင်း တစ်ကြိမ်မကရောက်ကာ မိနောက်က လူ တစ်ယောက်လိုက်နေကြောင်း ပြောနိုင်ဖို့ဟာ တိုက်ဆိုင်မှု သက်သက်ဖြစ်နိုင်ပါ့မလား။

တမင်တကာ မိ,ကိုပဲလိုက်စောင့်ကြည့်နေတာ မျိုးလား၊ ဒါမှမဟုတ် ဒီသတင်းဟာ လုံးဝအမှားကြီးလား။ ဒီနှစ်ခု တစ်ခုခုပင် ...။ တမင်လိုက်ကြည့်နေရအောင်က လည်း အကြောင်းမရှိပါ။ ဘာအတွက် လိုက်ကြည့်စရာလို့ သလဲ။ အင်မတန်မှ သမားရိုးကျလှုပ်ရှားသွားလာနေသော မိန်းမတစ်ယောက်၌ စောင့်ကြည့်စရာ အပြုအမူလည်း ရှိနေတာမဟုတ်။

www.burmeseclassic.com



"မောင့်ကို ဘယ်သူပြောတာလဲ ... မိ သိချင်တယ်"

မိမိမြိုင်က စိတ်ရှုပ်ရှုပ်နှင့်မေးလိုက်သည်။

"မောင့်မိတ်ဆွေတစ်ယောက်ပဲ ... သူ့ကို မိ မသိပါဘူး၊ အလုပ်ကိစ္စပတ်သက်ရတဲ့ မိတ်ဆွေထဲကပဲ အောင်ခိုင်တို့အုပ်စုထဲက လုံးဝမဟုတ်ဘူး"

"သူက မိ့ကိုသိလို့လား"

"သိတယ်"

"သူက မိ့ကိုဘာဖြစ်လို့ တစ်ကြိမ်မက တွေ့နေတာလဲ"

"သူက ... ကမာရွတ်ထဲမှာပဲနေတာ၊ ဒါကြောင့် မိ့ကို မကြာမကြာတွေ့တာ၊ ကျောင်းနဲ့ ဈေးတစ်ဝိုက်ဟာ ကမာရွတ်မြို့နယ်ထဲပဲမဟုတ်လား"

"သူက ... မိနားမှာ အကျီကန့်လန့်စင်းနဲ့ကောင်တစ်ကောင် တွေ့တွေ့နေတယ်လို့ မောင့်ကိုပြောတယ်ပေါ့"

"ဟုတ်တယ်"

"ဘာလို့လာပြောတာလဲ၊ ဥပမာ ... မိက ကန့်လန့်စင်းနဲ့ တွဲတွဲနေလို့ပြောတာဆိုရင်လဲတစ်မျိုးပေါ့၊ မိနားမှာ အကျီကန့်လန့်စင်းတွေ့တာနဲ့ပဲ ... မောင့်ကိုပြောစရာလား၊ မိအနားမှာ မိ့နောက်မှာ ကန့်လန့်စင်းတွေ့တွေ့ ... အကွက်ကျားတွေ့တွေ့ ... အားလုံးပြောက်တွေ့တွေ့ သူ့အပူလား၊ သူ့ဟာနဲ့သူရှိချင်တဲ့သူတွေ ရှိနေမှာပဲပေါ့"



ဇော်ရှင်းမှာ အကျပ်ရိုက်ကာ ကမန်းကတန်း စဉ်းစားလိုက်ရပါသည်။

"သူက မိကို ဈေးမှာခဏခဏတွေ့တယ်ကွာ၊ မိ့က သာ မသိတာ၊ သူ မိကိုတွေ့တိုင်း အဲဒီကန့်လန့်စင်း ဝတ်တဲ့ကောင်တစ်ကောင်က မိ့နောက်က တကောက်ကောက်လိုက်ကြည့်နေတာကို သူမြင်တယ်"

"တကောက်ကောက်လိုက်နေတာကို မြင်ဖို့ရာက သူပါ တကောက်ကောက်လိုက်နေမှဖြစ်မှာပေါ့၊ သူက ဖျတ်ခနဲလှမ်းတွေ့ရုံနဲ့ဆိုရင် ... ကန့်လန့်စင်းကို ဖျတ်ခနဲပဲတွေ့မှာပဲ၊ တကောက်ကောက်လိုက်နေတယ်လို့ သူ သိစရာအကြောင်း မရှိဘူး"

"ဟာ ... မိ့ကလဲကွာ ... စကားတွေက ရှုပ်ကုန်ပြီ"

"မိပြောတာ ရှင်းရှင်းလေးလေး၊ ကန့်လန့်စင်းတစ်ယောက် မိ့နောက်က တကောက်ကောက်လိုက်ကြည့်နေတာကို သူလဲ တကောက်ကောက်လိုက်မှ ဒီလူမြင်မယ်၊ သူကကော ဘာကြောင့် တကောက်ကောက်လိုက်ပြီး မိနား ဘယ်သူရှိလဲ ကြည့်နေရတာလဲ"

မိမိမြိုင်သည် ဇော်ရှင်းဖက် ဆတ်ခနဲလှည့်လိုက်ရင်း ...

"မောင် ... မိ့နောက်ကို လိုက်ကြည့်ဖို့ ဒီလူကို ရှဲဒိုးထည့်ထားတာလား"

"ဟာ ... မိကလဲ ... စွပ်စွပ်စွဲစွဲကွာ၊ မောင်က

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ဒီလိုလုပ်ရမှာလဲ”

“မိမှာ ဘာအမှားအယွင်းအပြစ် တစ်ခုခုရှိမလဲလို့ မောင် အပြစ်ရှာချင်လို့များလား”

“ဟာ … အပြစ်တွေကြီးကုန်ပြန်ပြီ၊ ပေါက်ပေါက်ရှာရှာ … ဒုက္ခပဲ”

“ဖြစ်ချင်ဖြစ်မှာပေါ့၊ ခုတလော မောင် မိ,ကိုအပြစ်မြင်မြင်နေတာပဲ၊ ဒီထက်ပိုအပြစ်တွေ့အုံးမလားလို့ မောင် လှူလှွတ်စုံစမ်းနေလားမှ မသိတာ၊ ဒါ သိပ်ဖြစ်နိုင်ချေရှိတယ်၊ မောင့်ကို မိ သိပ်မသက်ာဘူး၊ မောင် ခုတလော အလှအပစကားတွေ သိပ်ပြောတယ်၊ မိ,ကို အလှမပြင်တာလေးတစ်ခုနဲ့ အပြစ်ရှာပြောတယ်၊ မောင့်ရုံးမှာလဲ စာရေးမအသစ်လှလှ ခန့်တယ်ကြားထားတယ်၊ မိ,ကိုအပြစ်ရှာဖို့ ရှဲဒိုးလွှတ်ထားသေးမယ်ဆိုရင် ဒါတွေအားလုံးကို ကောက်ချက်ချလိုက်ရင် … ”

ဇော်ရှင်းမှာ ခေါင်းကိုကုတ်ပစ်ရင်း …

“ဟာ … မောင်မှ ရှဲဒိုးမလွှတ်ဘဲနဲ့”

“နေပါအုံး … ဟုတ်ခဲ့ရင် ကောက်ချက်ဆွဲကြည့်လိုက်တဲ့အခါ … မောင် နည်းနည်းသစ္စာမဲ့ချင်သလိုလို ဖောက်ပြန်ချင်သလိုလိုဖြစ်နေလို့ မိ,ကိုအပြစ်ရှာနေတာ၊ မိမှာ ကြီးမားတဲ့အပြစ်တစ်ခုတွေ့လာရင် ဒါကိုထောက်ပြပြီး မောင့်အပြစ်နဲ့ သင်ပုန်းချေမယ် ဒီလိုလား”



“ဟာ … လွဲပြီကွာ၊ သိပ်လွဲတာပဲ၊ တလွဲကြီး၊ လုံးဝပဲ”

မိမိမြိုင်သည် မျက်မှောင်ကိုကုတ်ရင်း ဇော်ရှင်းကို သံသယအထွေးသားနှင့် စိုက်ကြည့်နေလေသည်။ ဇော်ရှင်းမှာ သူ့ဟာနှင့်သူ ချောင်ပိတ်မိသလိုဖြစ်နေကာ ဘာဆက်ပြောရမည်ပင် မသိတော့။ အတော်ကို အပြစ်ကြီးလေးယုတ်မာသွားပြီမို့ … အင်မတန်စိတ်ရှုပ်စိတ်ပျက်သွားရပါသည်။

“အသစ်ခန့်တယ်ဆိုတာလေ … ဘာရယ် … ပါးစပ်ဖျားတင် နာမည်က … ‘လှ’ ပါတယ်လေ၊ သိပြီသိပြီ … လှလှရှိန်မဟုတ်လား”

ဘုရားရေ … ။ ဒီနာမည် တစ်ကြိမ်ပဲပြောမိဖူးရုံနဲ့ သူတို့မိန်းမတွေက မှတ်ဉာဏ်ကောင်းနေပြန်ပါပြီ။ တကယ့်ကို အကြီးအကျယ်သံသယတွေဝင်ပြီး ဟိုမေးဒီမေး စုံစမ်းကုန်လျှင်တော့ ဘာမှလဲမဟုတ်ပါဘဲ ဇယားတွေရှုပ်ပွတက်ကုန်တော့မှာပဲ။ မိသာလိုက်စုံစမ်းလျှင် လှလှရှိန်ကိုလည်း အားနာဖို့ကောင်းသေးရဲ့။ ဒုက္ခ … ဒါမှ မဟာ့မဟာဒုက္ခပဲ။ မိမျက်လုံးများမှာ အကြီးအကျယ် သံသယတွေကျယ်ပြန့်နေပြီ။

“မိ … လှလှရှိန်နဲ့ ဘာမှမဆိုင်ဘူး၊ ဖို … ဒီနာမည်ကိုတောင် ခေါင်းထဲကဖျောက်ပစ်စမ်းပါ၊ သူ့ဟာသူနေနေတာ၊ နည်းနည်းကလေးမှ ဘာမှမဆိုင်တာ၊ မိ ဟိုစုံစမ်းဒီမေးမြန်းတော့ လုံးလုံးမလုပ်မိပါစေနဲ့”

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ မိကို တင်းတင်းမာမာပိတ်ပင်နေလိုက်တာ၊ ဒါမျိုးများ မစုံစမ်းပါဘူး၊ စုံစမ်းလဲ ကိုယ့်ပဲ အောက်မှာ၊ သေချာရင် … ရှင့်ကိုသာ တိခနဲဖြတ်ပစ်လိုက်မယ်၊ လိုက်တော့မစုံစမ်းသေးဘူး၊ မှတ်ထားပါ"

တော်ပါသေးရဲ့။

ဇော်ရှင်းက သက်ပြင်းတစ်ချက်ကို အင်းခနဲ ကြီးချလိုက်မိပါသည်။ မစုံစမ်းဘူးဆိုမှ အလုံးကြီးကျသွားပုံရသော ဇော်ရှင်းကို မိမိမြင်ကဖြင့် အောင့်သက်သက်ကြီး အကဲခတ်နေဆဲပင်။ တစ်ခုခုတော့ တစ်ခုခုပဲ။ မောင် တစ်ခုခုလုပ်နေသည်ဟုပဲ မိ,ကထင်နေမိတော့တာပင်။ ဘာမှ သက်သေသက္ကာယမရှိဘဲ မောင် … မိ,မသိအောင် ဘာစ်ခုခု ကြိတ်လုပ်နေသလိုကို ထင်သည်။

ဇော်ရှင်းမျက်လုံးတို့မှာ ဖုံးကွယ်ရိပ်တစ်စွန်းတစ်စရှိနေတာပဲ။ အိမ်ထောင်သက်လည်း မနည်း။ ရည်းစားသက်လည်းမနည်း။ နှစ်ခုပေါင်း ဆယ့်တစ်နှစ်ဆယ့်နှစ်နှစ် ကာလရှည်ကြီးအတွင်းမှာ မောင် မလုံမလဲဖြစ်တာဆိုလျှင် မိ ဒက်ခနဲရိပ်မိမြဲချည်းပင်။ ခုလည်း တစ်ခုခုပဲဆိုတာကိုသာ ရိပ်မိနေပြီး ဘာတစ်ခုခုလဲဆိုတာတော့ မိ မသိနိုင်သေးပါ။

"အလကား … စကားတွေက ကွေ့ကောက်ကုန်တယ်၊ မောင့်ဘက် မြားဦးကလှည့်လာလိုက်သေးတယ်၊ မိ နောက်မှာ ကောင်တစ်ကောင်ပါနေတဲ့ကိစ္စ ပြောနေကာမှ ကိုယ်ပဲချောက်ကျမလိုဖြစ်နေသေးတယ်"



"ဘာလဲ … မောင်က မိ,နောက်မှာ ကောင်တစ်ကောင်တကယ်ပါနေတယ်ဆိုရင် မိ,မှာ အပြစ်ရှိတယ်ဆိုပြီး စွပ်စွဲမလို့ပေါ့"

"မစွပ်စွဲပါဘူး၊ အပြစ်ရှိတယ်လဲမပြောပါဘူး၊ မိ, နောက်မှာ တကောင်မကလို့ ဆယ်ကောင်ပါပါ … မောင်ဘာမှမပြောဘူး"

"အော … မောင်က မိကို လုံးလုံးသဝန်မတိုဘူး ဆိုပါတော့ … အစိပ္ပါယ်က"

"ဟာ … မှားပြန်ပြီ … မှားပြန်ပြီ"

ဇော်ရှင်းက နှုတ်ခမ်းနီကြော်ငြာထဲက သီချင်း အလိုက်နှင့်ဆိုလိုက်ရင်း … စိတ်ရှုပ်လွန်းအားကြီးရာက ကိုယ်ပဲချည်ခင်ထွေးထဲ တစ်ပတ်ပြီးတစ်ပတ် ပတ်မိနေတာကို ရယ်ချင်လာကာ ရယ်ချလိုက်မိပါသည်။

"ပြောင်ချော်ချော်လုပ်မနေနဲ့ မောင်နော်၊ မောင် တစ်ခုခုပဲ … အေးပါ … မိ ခွင့်မလွှတ်နိုင်တာသာဖြစ်မလာစေနဲ့၊ မိန်းမတွေရဲ့သည်းညည်းခံခွင့်လွှတ်နိုင်စွမ်းမှာ အတိုင်းအတာဘောင်တစ်ခုရှိတယ်၊ ဘောင်ကျော်သွားရင်တော့ မိတို့က … ဟင်ခနဲဆိုလှည့်ကိုမကြည့်ဘူးမှတ်"

"ကြောက်ပါ့ဗျာ"

ဇော်ရှင်းက ရွှတ်တွတ်တွတ် ရေရွတ်လိုက်ရပါသည်။

"ဘယ်ကမှန်းမသိတဲ့လူကပြောတဲ့ ကိုယ်တောင်မသိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိုယ့်အကြောင်းကိုကြားရတာ စိတ်ပဲတိုရမလား ဘာဖြစ်လို့ဖြစ်ရမှန်းတောင်မသိဘူး၊ အခြေအမြစ်လဲ မရှိဘူး၊ အလကားဟာတွေ ... လူတွေကိုလဲ အံ့ ပါရဲ့၊ ကိုယ့်လမ်းကိုယ်မသွားဘဲ သူများနောက်က ဘယ်သူလိုက်နေသလဲ လိုက်ကြည့်ထားဖို့ အချိန်ပို သေးသတဲ့"

ဗျစ်တောက်တောက် ပွစိစိလုပ်နေသော မိ.ကို ဇော်ရှင်းက ပြုံးစေ့စေ့ကြည့်ရင်း ...

"ဘောဘီပတ်ဝန်းကျင်လဲ ဂရုလေးဘာလေးစိုက်အုံးပေါ့ မိရယ် ... ခြေထောက်နစ်ဖက်ကြား မြွေခွေရင်တောင် မိ,ကတော့ သိဘောင်မသိဘဲ တက်နင်းမိအုံးမှာထင်တယ်"

"အို ... မောင်ရာ၊ မြွေနင်းမိလို့ အပေါက်ခံထိကာမှထိရော ... တကယ်ပဲ ... ဘေးဘီကိုလှည့်ပတ်ကြည့်ရှု ဂရုစိုက်မနေအားပါဘူး၊ ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်နေတာ"

"အဲသလောက်လဲ အလုပ်တွေကြဲဖန်ရှာကြံ ရှုပ်မနေပါနဲ့ မိ,ရာ"

"မိရှုပ်နေသမျှဟာ မောင်နဲ့သားတွေဖို့၊ ပြီးတော့ ကိုယ့်အိမ်ထောင်ရေးကိစ္စဝိစ္စတွေပဲ"

"မိကိုယ်တိုင်နဲ့ ... မိရဲ့ဘေးဘီပတ်ဝန်းကျင်ကလေးကိုလဲ စိတ်ဝင်စားပါအုံး၊ မိ,ဟာက လိုတာထက်ပိုပြီး တာဝန်တွေကို ထမ်းရွက်နေသလိုဖြစ်နေတာ"



"မိ အဲသလိုထမ်းရွက်နေလို့ မောင် ရုံးကိစ္စမှာ ခေါင်းအေးစိတ်အေးနဲ့ အချိန်ပြည့်အလုပ်ကို နောက်ဆံမတင်းဘဲ လုပ်နိုင်နေတာပေါ့၊ မောင့်အလုပ်ကိစ္စကလွဲပြီး မောင့်ကို ဘာမှအပူထပ်မပေးတဲ့မိန်းမကို မောင်ကျေးဇူးတောင်တင်နေရမှာ"

မိရဲ့မျက်ခုံးတွန့်လာတာကြောင့် ဇော်ရှင်းမှာ စကားနည်းရန်စဲ သက်ပြင်းရှိုက်ကာ နှုတ်ဆိတ်လိုက်ရပါတော့သည်။

—

ဆ၀ဿ

www.burmeseclassic.com

www.burmeseclassic.com

# ၈

မိမိမြိုင်သည် သားကြီးကို ကျောင်းတံခါးဝ ပို့ပြီး လက်ထဲခြင်းတောင်းလွဲအပ်လိုက်ပြီး နောက်ဖက်ကို ချာခနဲပြန်အလှည့် ... အမျိုးသမီးတစ်ယောက်နှင့် ဝင်တိုးမိမလိုဖြစ်သွားရသဖြင့် မနည်းအရှိန်သတ်ကာ ...

"ဆောရီး"

ကျောင်းသားမိဘဖြစ်ပုံရသော အမျိုးသမီးက ရပါတယ်ဆိုသည့်ပုံနှင့်သာ ပြန်ပြီးပြုံးပြလိုက်ပါသည်။ ဒီတော့မှ မိ,သည် ထိုအမျိုးသမီးဝတ်ထားသော အဖြူနှင့် အဝါကန့်လန့်စင်း တီရှပ်အဆင်ကို သတိပြုမိကာ ရင်ထဲ ဒိတ်ခနဲဖြစ်အောင် တစ်စုံတစ်ရာကို သတိရသွားပါသည်။

ကန့်လန့်စင်း ... ။



အမှတ်မထင် ကန့်လန့်စင်းအဆင်ကိုတွေ့လိုက်ရမှ ... မနေ့က မောင်နှင့်အခြေအတင်ပြောခဲ့ရသောစကားတွေထဲက ကန့်လန့်စင်းဝတ်လေ့ရှိသည်ဆိုသော အမျိုးသားကို သတိသွားရမိလေသည်။ ခါတိုင်း ကားဆီသို့ဦးတည်ကာ ဘေးဘီဝဲယာမကြည့် ခပ်သုတ်သုတ် ခပ်ငုံ့ငုံ့လျှောက်သွားတတ်မြဲ ... မိမိမြိုင်ရဲ့ခြေလှမ်းတွေဟာ နှေးသွားကာ အမှတ်မထင် ဘေးပတ်ဝန်းကျင်ကို မျက်စေ့ကစားလိုက်မိပါသည်။

တွေ့သမျှ ယောက်ျားမိန်းမအားလုံးကို အကျီတွေဂရုစိုက်ပြီး စေ့စေ့ကြည့်လျက် ဖြည်းဖြည်းလျှောက်လာသော မိ,သည် ကားပေါ်ရောက်တဲ့ထိ ဘာအစင်းကျားမှ ထပ်မတွေ့တော့။ သက်ပြင်းတစ်ချက်ကိုချကာ ကားကိုစက်နှိုးပြီး ထုံးစံအတိုင်း ကားအရှင်းကို ခဏစောင့်ကြည့်နေရပါသည်။

"ဟင်"

ရုတ်တရက် မိ,သည် ... သူမ ကားနှင့်ရှေ့တည့်တည့်တစ်ဖက်ခြမ်းမှာရပ်ထားသည့် ဆိုင်ကယ်တစ်စီး၌ ခွထိုင်ကာ ... ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းနေသည့် လူတစ်ယောက်ထံ ဒိုင်းခနဲ မျက်လုံးအကြည့်ဆိုက်ရောက်ရပ်တန့်သွားမိပါသည်။ တွေ့ပြီ ... နောက်ထပ်ကန့်လန့်စင်း ... ။

ဆိုင်ကယ်ပေါ်မှ လူသည် အနက်နှင့်အစိမ်းရောင် ကန့်လန့်စင်းစပို့ရှပ်တစ်ထည်ကို ဝတ်ဆင်ထားပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကော်လာ၏အနက် ... လက်နှစ်ဖက်ရဲ့ထိပ်ဝ လက်စည်းနေရာက အနက်။ အသားဖြူဖြူ ... ဂျင်းဘောင်းဘီနက်မှောင်မှောင်နှင့်မို့ ထိုသူ့သဏ္ဌာန်ဟာ ထင်းထင်းလင်းလင်းဖြစ်နေပါသည်။ သူ့အသားဖြူဖြူတွင် အနက်ရောင်နှင့်အစိမ်းရောင်တို့က ပို၍ပေါ်လွင်ထင်ရှားနေကြသည်။

ထိုသူ့မျက်နှာကို ဦးထုပ်တစ်ဝက်တပျက် ကွယ်နေပြီမို့ မိ သေချာမမြင်ရပါ။ မြင်ရသလောက်မှာတော့ ထိုလူဟာ မိ မမြင်မတွေ့ဘူးသော လူစိမ်းတစ်ယောက်ဖြစ်တာ သေချာနေသည်။ သူက ဆိုင်ကယ်လက်ကိုင်ပေါ် လက်ဆန့်တင်ကာ ... မိလိုပဲ လမ်းပေါ်တက်ဖို့ ကားတန်းအရှင်းစောင့်ကြည့်နေပုံပင်။

အို ... ကလေးကျောင်းလာပို့တဲ့ ကလေးအဖေလားမှ မသိတာ။ ဒီနားမှာ ဆိုင်ကယ်ကို ခဏရပ်တန့်ထားကတည်းက ကလေးကျောင်းပို့လာတာမို့သာပေါ့။ မောင်နှင့်သာမနေ့က စကားပြောဖြစ်မထားလျှင် ဒီလူကို မိ အမှတ်တမဲ့ မျက်စေ့ရှမ်းကျော်ဖြစ်သွားမှာ သေချာသည်။ ခုတော့ ... မောင်ပြောထားတာနှင့်ပဲ ကန့်လန့်စင်းအဆင်မြင်တာနှင့် စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်ရပြီ။

မိ,သည် ကားတန်းထဲကိုဖြတ်ဝင်ဖို့ ကြိုးစားနေရင်း ဆိုင်ကယ်နှင့်လူကိုသာပဲ ကွက်ကြည့်ကွက်ကြည့်လုပ်နေမိသည်။ မိ,ကပဲ စိတ်ထင်လို့လားမသိ။ သူကလည်းပဲ မိ,ကိုကြည့်ကြည့်နေသလိုပင်။ မိ,ကကြည့်နေလို့လဲ ဧဝေဝါနှင့် အသိမိတ်ဆွေထင်ပြီး ပြန်အကဲခတ်နေသလား



မသိ။

မိ,သည် ဆိုင်ကယ်ဆီ ဆက်မကြည့်တော့ဘဲ အနည်းငယ်လေး ကားအကြားမှာ ပွတ်ကာသီကာ လက်ပြကာ ကြားဖြတ်၍ လမ်းပေါ်တက်လိုက်ပါသည်။ အဲဒီနောက်တော့ တရွေ့ရွေ့နှင့် ဂရုစိုက်မောင်းနေရပြန်၍ ဆိုင်ကယ်ကို ဂရုမထားမိပြန်တော့။ တက္ကသိုလ်ရိပ်သာလမ်းမပေါ်အရောက် ... မီးပွိုင့်လွှတ်ချိန်နှင့်တိုက်၍ ကားတွေကပိတ်မနေဘဲ တရွေ့ရွေ့သွားနေကြရာ မိလည်းပဲ လမ်းမပေါ်ဖြတ်တက်လိုက်နိုင်ပါသည်။

မီးပွိုင့်ဘက် ဦးတည်သွားနေရင်းကျမှ ဆိုင်ကယ်ကို ဖျတ်ခနဲသတိရလိုက်ကာ ... နောက်ကြည့်မှန်မှ တစ်ချက်ရှာဖွေလိုက်သည်။

"ဟော ... "

နောက်ကကားရဲ့ ဘေးမကျနောက်မကျလောက်မှာ ခုနဆိုင်ကယ်က မှန်မှန်ကလေးကပ်ကာပါလာသည်။ သူလည်း လိုင်းယူထားပုံအရ ... လှည်းတန်းဈေးဘက် တည့်တည့်သွားမလို့ပင်။ ကွေ့မည့်ပုံမရ။ မိသည် မျက်မှောင်ကုတ်ကာ အတော်စဉ်းစားရကြပ်နေပါသည်။ မိ,နောက်ကများ ပါလာတာလား။

မနေ့ကညာ အိပ်တဲ့အထိ မောင့်စကားကိုနည်းနည်းမှ မယုံကြည်ခဲ့ပါ။ မယုံကြည်ဘူးဆိုတာ မောင့်ကိုသာမဟုတ်။ မောင့်ကိုလာပြောသည်ဆိုတဲ့လူကိုလည်း ပါသည်။ မောင်ပဲ အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ကြံပြောသ

www.burmeseclassic.com

www.burmeseclassic.com



လား၊ မောင့်ကိုလာပြောသည်ဆိုတဲ့လူပဲ မမှန်မကန်သတင်း ပို့သလား ...။ ရေရေရာရာ သံသယမဝင်စားတတ်ပေမယ့် မိ,နောက်မှာ လူတစ်ယောက်ရှိနေတတ်သည်ဆိုတာဟာတော့ သတင်းမှားပဲရယ်လို့ ယူဆခဲ့မိပါသည်။

ဟုတ်သည်လေ ... မိ,နောက်ကို လူတစ် ယောက်က ဘာကြောင့်လိုက်နေစရာအကြောင်းရှိသလဲ။ အဓိပ္ပါယ်မှ မရှိဘဲ။ အကြောင်းပြချက်လည်း ရှာဖွေလို့ မရဘဲ။ ခုတော့ တကယ်ပဲ ဒီလူဟာ မိ,နောက်မှ ပါပါနေ သည်ဆိုတဲ့ လူပဲလားရယ်လို့ စိတ်ထဲစနိုးစနောင့် ကသိက အောက်နှင့် အတွေးကို မခံချိမခံသာဖြစ်လာပါသည်။

သားတစ်ယောက်လက်ဆွဲကာ ကျောင်းဝရုံး တာကို ဒီလူလည်းပဲ မြင်မှာပင်။ ဒါနှင့်များ မိ,နောက် ဘာကြောင့်လိုက်ပါသလဲ။ မိ,ကိုစိတ်ဝင်စားလို့ ထင်ဖို့ရာ ကလည်း ရှက်စရာပင်။ တခြားလိုက်စရာအကြောင်းလည်း မိမှာမရှိ။ မိတ်ဟောင်းဆွေဟောင်းထဲက ... စသည်ဖြင့် တွက်ရအောင်ကလည်း တက္ကသိုလ်မှာတုံးကပင် မိက ... ယောကျ်ားလေးမိတ်ဆွေ ရှားပါးခဲ့ပါသည်။ မိ,ဟာ ယောကျ်ား လေးတို့နှင့် ရောနှောခင်မင်တတ်သူမဟုတ်။ မောင့်သူငယ် ချင်းတို့နဲ့တောင် သူတို့ဘက်က ဖော်ရွေရင်းနှီးတတ်ကြလွန်း၍ အထိုက်အလျောက် ခင်မင်ရတာဖြစ်သည်။

မိ,သည် စနိုးစနောင့်နှင့်ပင် လှည်းတန်းဈေး အထိ ရောက်ခဲ့ကာ ဝင်ပေါက်ဝ၌ ကားဝင်ခပေးပြီး ကား ကို ဈေးဝင်းတွင်းဝင်လာခဲ့ပါသည်။ ဈေးထဲမှာလည်း လား



ကျပ်နေသဖြင့် မိကားကို ဖြည်းဖြည်းချင်းပဲ ရွှေ့နိုင်ဆဲ .. နောက်ကြည့်မှန်မြင်ကွင်းထဲ ခုနကဆိုင်ကယ်က ဝင်လာခဲ့ ပါသည်။ ဆိုင်ကယ်ပေါ်မှ အနက်အစိမ်းကန့်လန့်စင်းက လည်း မိ အမြင်အာရုံကို အနှောက်အယှက်ပေးလှသည်။

ဈေးထဲထိ ပါလာတာဟာတော့ တိုက်ဆိုင်လွန်း တာက,မည်မဟုတ်။ အခြေအမြစ်မရှိသော သတင်းဟာမှန် ကန်နေခဲ့ပြီကော။ မိ,နောက်မှ ကန့်လန့်စင်းစပို့ရှပ်ဝတ်လေ့ ရှိသော လူတစ်ယောက် တကယ်လိုက်နေပြီ။ မိ ရင်ထဲတွင် အနည်းငယ် လန့်ထိတ်ခြင်းနှင့်တစ်ပြိုင်နက် ဒေါသပါ တစ် ဆက်တည်းထွက်လာသည်။

ခါတိုင်းလို ဈေးထဲ ကားရပ် ... ခြင်းဆွဲကာ ဈေးရုံထဲဝင်လာသော မိ,သည် နောက်ကျောမလုံသော က သိကအောက်ခံစားချက်ကို ခံစားနေရကာ ... မျက်မှောင် လေးတွန့်နေပါသည်။ လိုအပ်တာတွေ လှည့်ပတ်ဝယ်ခြမ်း လိုက်၊ နောက်ကျောဘက်ကို မသိမသာစွေစောင်းရှာဖွေ အ ကဲခတ်လိုက်နှင့် ဝယ်ရခြမ်းရတာပင် မဖြောင့်။

အဲဒီလူကလည်းပဲ တကယ်ပဲ မိ,နောက်က လိုက်ပါနေတာဟာဖြင့် သေချာသွားပါပြီ။ သူ့လက်ထဲ ဘာ မှလည်း မယ်မယ်ရရမဝယ်ခြမ်း။ သို့ပေမယ့် ... မိ ဝင် သမျှဆိုင်တိုင်းရဲ့ မလှမ်းမကမ်းကို သူပါသည်။ သူ့ခေါင်း ပေါ်မှာလည်း ဆိုင်ကယ်စီးဦးထုပ်မပါတော့၍ သူ့မျက်နှာနှင့် ရုပ်ရည်ကို မိ သဲသဲကွဲကွဲ မြင်တွေ့နိုင်ပါသည်။

တစ်ခါတစ်ရုံမှ သိကျွမ်းဖူးခြင်းမရှိတာ အမှန်

www.burmeseclassic.com

www.burmeseclassic.com



ပင်။ ထိုသူဟာ အသားဖြူဝင်းဝင်း ... မျက်ခုံးမျက်လုံး မည်းမည်းနှင့် ရုပ်ရည်သန့်သန့်ပြန့်ပြန့် ကြည့်ကောင်းကာ လူပုံကြည့်လိုက်တာနှင့် ပညာတတ် ... အဆင့်အတန်းရှိ ရှိထဲကဖြစ်တာကို အကဲခတ်နိုင်စေသည်။ ဒါ့အပြင် မိ,ထက် အသက်အရွယ်ငယ်သေးဦးမှာကိုလည်း ကြည့်ရုံနှင့်ပင် သိ သာပါသည်။

ငယ်ငယ်သန့်သန့်၊ သူ့ရုပ်ရည် သူ့အခြေအနေ နှင့် သူ့မှာ စိတ်ဝင်စားစရာမိန်းမလည်း ရှားပါးလိမ့်မည် မဟုတ်ပါ။ ချောမောလှပသော ပညာတတ်မိန်းမတစ်ယောက် ကို အချိန်မရွေးရယူနိုင်သော အနေအထား သူ့မှာရှိပါသည်။ ဒါနှင့်များ မိ,နောက်က ဘာကြောင့်လိုက်နေရတာလဲ။

မိ,မှာ ... သူ့ကို စမ်းသပ်ဖို့အတွက် အမျိုး စုံလမ်းကြောင်းကွေ့ကောက်၍ ခြေရာဖျောက်သည်။ သူက လည်း မိရဲ့ဦးတည်ချက်မရှိ ချိုးကွေ့ရာတိုင်းကို တကောက် ကောက်နှင့် မလှမ်းမကမ်းကပါလာတော့သည်သာတည်း။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူဟာ မိ,နောက်က တကောက်ကောက် လိုက်နေတာဟာဖြင့် သေချာသွားခဲ့လေပြီ။

မိ,သည် အတော်ဒေါပွမိသော်လည်း ရုပ်ဖျက် ဆင်းပျက်တော့ဖြင့် အဖြစ်မခံရဲပါ။ ဘယ်လောက်ရှက်စရာ ကောင်းထားလိမ့်မလဲ။ လူတွေက ဟိုဟိုဒီဒီ တစ်မျိုးတစ် မည့်ထင်ကုန်လျှင် အခက်ပေါ့။ သူလိုက်နေတာကို မိ,ဖြင့် ပြီဖြစ်ကြောင်းကိုလည်း သူသိလောက်တာမို့ ဒီတိုင်းငြိမ်၍ လည်း မနေချင် ... ။



မိ,သည် အားလုံးဝယ်လို့ပြီးစီးသွားချိန်မှာတော့ ခြင်းကိုဆွဲကာ ကားဆီပြန်ထွက်လာရင်း ကားနားအရောက် ၌ ခြင်းချမတတ်တတ်ရပ်ကာ နောက်ဖက်ကို ချာခနဲလှည့် ကြည့်လိုက်ပါသည်။ မိရဲ့မျက်နှာဟာ မှုန်ကုတ်ကုတ်နှင့် တင်းမာပုပ်သိုးနေကာ မိရဲ့မျက်လုံးတို့ကလည်း သူ့ထံ ရူး ရူးရဲရဲ မီးဝင်းဝင်းတောက်ကာ ကျရောက်သွားပါသည်။

နောက်ကပါလာနေသော ထိုလူဟာ တွန့်ခနဲ နေအောင်ပင် ခြေလှမ်းမှားသွားပြီးမှ မျက်နှာက အို့တို့အမ်း တမ်း မရဲတရဲနှင့် မိ,ကိုမကြည့်သလိုကြည့်သလိုလုပ်ပြီးမှ ငုံ့ကာ ... သူ့ဆိုင်ကယ်ဆီ လျှောက်သွားပါသည်။ ရုပ်က အပြစ်ရှိတဲ့ရုပ် ... ။ မိအဖို့ရာလည်း ... ဒီအခြေအနေ မှာ ထိုလူ့ကို ... 'ဟဲ့ ... ငါ ကလေးနှစ်ယောက်အမေ ဟဲ့' ရယ်လို့ ရန်တွေ့ဖို့ရာက အင်မတန်ဝွကျခက်ခဲနေပါ သည်။ မရိုးမသားနောက်ကလိုက်နေတာ သိသိကြီးဖြစ်သော် လည်း သူက ဘာမှမပြောဘဲ ကိုယ်ကစတင်ဖြေရှင်းဖို့ရာ မိတို့မိန်းမသားတွေအတွက် မလွယ်ကူလှပြန်ပါ။

ထိုလူ ဆိုင်ကယ်ပေါ်တက်ထိုင်သည့်တိုင် မိ က ကားထဲမဝင်သေးဘဲ ဆိုင်ကယ်ဘက်ကိုသာ ခပ်တင်းတင်း ဆက်ကြည့်နေဆဲပင်။ ထိုလူက မရဲတရဲတစ်ချက် ခိုးကြည့် ပါသေးသည်။ ကြည့်လိုက်သော သူ့မျက်ဝန်းထဲမှာ အထိတ် ထိတ်အလန့်လန့် အရိပ်အယောင်တွေရှိနေသည်။ လိုက် မယ့်သာလိုက်နေသော်လည်း ဒီလူဟာ ခပ်ကဲကဲ လက်ရဲ ဇက်ရဲထဲကဖြင့် ဟုတ်ဟန်မတူပါ။

www.burmeseclassic.com

www.burmeseclassic.com



မိ့ကိုကြည့်တဲ့အကြည့်ဟာ ခပ်ရှိန်ရှိန် … ခပ်ကြောက်ကြောက် … ။ ဒါပေမယ့် သူ့အကြည့်ကပင် သူ … မိ့ကို တမင်တကာကို နောက်ကတကောက်ကောက် လိုက်နေတာဖြစ်ကြောင်း ဝန်ခံနေပြန်ရာ … မိသည် ထို လူရွယ်လေးကို အတော်အသည်းတယားယားနှင့် ဒေါပွလှ သည်။ လိုက်စရာ ရှားလို့လား … ။

မိ့က ကားပေါ်မတက်ဘဲ ဘုကြည့်ရပ်ကြည့် နေ၍ ထိုလူမှာ ဟိုလိုလို ဒီလိုလိုအချိန်ဆွဲနေလို့ မရတော့ ပဲ သူ့ဆိုင်ကယ်ကစ့တင်၍ ရပ်နေရာမှထွက်ရပါတော့သည်။ မိရဲ့ကားအရှေ့က သူ့ဆိုင်ကယ်ကို ဖြည်းဖြည်းအဖြတ် … မိ့ကလည်း ရှုတင်းတင်း ဘုကြည့်ကြည့်နေရာ … မရဲ တရဲငဲ့ကြည့်ရင်း ပြုံးစေ့စေ့လိုလို ဘာလိုလို လှစ်ခနဲလေး လုပ်သွားသေးရာ မိ့မှာပို၍ ဒေါသူပုန်ထ့ကာ ကျန်ရစ်ရ ပါသည်။

ကလေးအမေမှန်းမသိ … ဘာမှန်းမသိ မျက် နှာရှုး … ။ မောင့်ကို နောက်ကလူတစ်ယောက်လိုက်တဲ့ သတင်းမှန်ကြောင်း ပြန်ပြောရလျှင် မောင်ကရော မိ့ကို ဘယ်လိုသဘောထားမလဲ။ လူတစ်ကိုယ်လုံး တစ်ချက်မှ အလှအပမဆင်သထားပါဘဲလျက် ဒီလို ကြုံကြိုက်ရတာ ရှက်ဖို့တောင်ကောင်းသည်။

မောင့်ကများ မိ့ကို ရှူးပေးအိုက်တင်ပေးသည် ထင်လျှင် ပိုတောင်သိက္ခာကျစရာကောင်းသေး။ သို့ပေမယ့် တော်သေးတာက မောင်က မိ အလှမပြင်လွန်းလို့တောင်မှ



မကျေမနပ်ဖြစ်နေသေးတာမို့ မိအပေါ် အမြင်မကြည်စရာ မရှိ။ သို့ပေမယ့် … ‘မောင်ပြောတာ ဟုတ်တယ်’ ရယ် လို့ မောင့်ထံ ပြန်အသိပေးရမှာကိုပင် မိ ရှက်ရှက်နှင့်ဒေါ သဖြစ်လှသည်။

## ၁၆

ဇော်ရှင်းသည် သူ့ရှေ့ ခေါင်းငိုက်စိုက်ကြီးနှင့် ထိုင်နေသော ကိုကိုလတ်မျက်နှာ အီလည်လည်ကြီးကိုကြည့် ကာ သဘောတကျ ရယ်မောနေမိလေသည်။ စားပွဲပေါ်တင် ထားသော ဆေးဘဲဥသုံးလုံးပါသည့် ကြွပ်ကြွပ်အိတ်ထုပ် လေးနှင့် ဝက်အူချောင်းတစ်ဆယ်သားပါသည့် ကြွပ်ကြွပ် အိတ်ထုပ်လေးနှစ်ထုပ်တို့က ရယ်ချင်စိတ်ကို ပိုပြီးတိုက် တွန်းလှုံ့ဆော်နေကြပါသေးသည်။

“ရယ်ပါ … အစ်ကိုကတော့ ရယ်နိုင်တာပေါ့ဗျာ၊ ကျွန်တော့်မတော့ ကြောက်လိုက်တာ ထိတ်နေတာပဲ ဗျာ၊ အစ်ကို့မိန်းမက ဘုကြည့်ကြီးနဲ့ ကြည့်နေတာ၊ လန့်စရာကြီးဗျာ၊ ဒီတိုင်းလိုက်နေရတာ စိတ်မလုံ လွန်းတာနဲ့ ဒါတွေက ဝယ်လိုက်ရသေးတယ်”

ကိုကိုလတ်သည် ခေါင်းကိုဖွကာ အတော် စိတ်ပျက်လက်ပျက်ဖြစ်နေပါသည်။

www.burmeseclassic.com



"ငါ ပိုက်ဆံပြန်ပေးပါ့မယ်ကွာ၊ ဘယ်လောက်ဖိုးလဲ"

"နှစ်ရာကျော်လေးပါ ··· မများပါဘူး၊ ပြန်တောင်းတာလဲမဟုတ်ပါဘူး၊ ဒေါ်မိမိမြိုင်ကို ကြောက်တာကိုပြောပြတာပါဗျာ၊ ကျွန်တော့်ကို တစ်ခုခုပြောလိုက်မလား အော်လိုက်ဟစ်လိုက်မလား ··· ရန်တွေ့လိုက်မလား တထိတ်ထိတ်နဲ့ဖြစ်နေရတယ်၊ သူ့ပုံက တစ်ခုခုလုပ်ပစ်ချင်တဲ့ပုံပဲဗျာ"

"ဘာပဲဖြစ်ဖြစ် ··· ဒီနေ့ သူ ··· မင်းကိုသတိပြုမိပြီဆိုတာကတော့ တိုးတက်မှုအခြေအနေတစ်ခုပဲကွ"

"ဟာ ··· တိုးတက်ပါ့မလား အစ်ကိုရာ၊ အစ်ကိုရည်ရွယ်သလိုဖြစ်လာနိုင်ခြေရှိမှ ဒီကိစ္စကြီးကို တိုးတက်အောင်မြင်မယ်ပြောလို့ရမှာပေါ့၊ ခုဟာက အစ်ကိုရည်ရွယ်သလိုဖြစ်လာဖို့ သိပ်မလွယ်ဘူးနော်၊ သူ့နောက် လူတစ်ယောက်ပါ ပါလာတတ်ပြီး သူ့ကိုစိတ်ဝင်တစားစောင့်ကြည့်တဲ့အတွက် သူ့ကိုယ်သူယုံကြည်မှုပြည့်ဝတက်ကြွလာပြီး အကောင်းဘက်ဦးတည်လာဖို့ထက် ··· သူ့ပုံက ဒီလိုအလိုက်ခံရတာကို ဒေါသထွက်နေတဲ့ပုံဗျ"

"အံ့အားသင့်နေတာဖြစ်မှာပါကွာ"

"ဟာ ··· မဟုတ်ဘူး၊ အံ့အားသင့်နေတာမဟုတ်ဘူး၊ ဒေါကန်နေတာ သေချာပါတယ် အစ်ကိုရာ၊ ရှေ့ဆက်လို့ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ မင်းကလဲ၊ ခုမှ မင်းကို သူ စ,ပြီးသတိပြုမိတယ်၊ ရှေ့မဆက်တော့ပဲ ရပ်ပစ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ကိုလတ်ရာ၊ ငါ့အတွက် နည်းနည်းသည်းညည်းခံပြီး စိတ်ရှည်ပေးစမ်းပါကွာ"

"ကျွန်တော် စိတ်မရှည်နေတာမဟုတ်ဘူး အစ်ကို၊ ကြောက်နေ လန့်နေတာ"

"ဘာလန့်စရာရှိလဲကွာ၊ လန့်ချင်းလန့် သူကလန့်ရမှာဥစ္စာ၊ မင်းကယောကျ်ား သူကမိန်းမသားပဲကွ"

"အစ်ကိုမိန်းမက ယောကျ်ားတစ်ယောက် သူ့နောက်လိုက်နေတယ်ဆိုတဲ့အတွက် ကြောက်လန့်မယ့်ပုံ တစ်စက်မှမရပါဘူးဗျာ၊ သူကသာ တကယ်လန့်ဖို့ကောင်းတာ၊ ကားနားရပ်ပြီး ကားပေါ် လုံးလုံးမတက်ဘဲ ကျွန်တော့်ဆီ ဘုကြည့်လှမ်းကြည့်နေတာဗျ၊ မျက်လုံးတွေက ဝင်းတောက်စူးလက်နေတာပဲ"

ဇော်ရှင်းသည် မိ သတင်းကို ဤသို့ပြန်ကြားရသည့်အတွက် စိတ်ထဲကျေနပ်သလိုလို ဖြစ်နေပါသည်။ သူ့ဇနီးဟာ ယောကျ်ားတစ်ယောက် သူ့နောက်လိုက်နေခြင်းအတွက် ဒေါသတကြီး မခံနိုင်မရပ်နိုင်ဖြစ်သည်ဆိုတာကို သူ သဘောကျ ကျေနပ်သော်လည်း တကယ်တမ်း သူရည်ရွယ်ကြိုးစားနေတာက ဒီလိုဖြစ်ဖို့မဟုတ်။

"မိဟာ ခပ်ရမ်းရမ်းမိန်းမတစ်ယောက်မဟုတ်ပါဘူးကွာ၊ ဣန္ဒြေကြီးတဲ့ အရှက်ကြီးတဲ့ မိန်းမတစ်ယောက်ပါ၊ မင်းကို သူ ··· ရပ်ပျက်ဆင်းပျက် အော်ကြီးဟစ်ကျယ် ဘယ်တော့မှမလုပ်ဘူးဆိုတာ ငါ အာမခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတယ် ကိုလတ်ရာ"

"အာမခံတာကတော့ ဒီတိုင်းပြောရုံလေးဟာ လွယ်တာပေါ့ အစ်ကိုရ၊ တကယ်ဖြစ်မလာမှသာ လွဲသွားတယ်ကွာလို့ အစ်ကိုပြောရုံရှိတာပဲ"

"မင်း ခုလိုကူညီနေတာကို ငါ သိတ်ကျေးဇူးတင်နေတာပါ ကိုလတ်ရာ ··· ငါ့ကိုဆက်ကူညီပါ"

ကိုကိုလတ်က သက်ပြင်းတစ်ချက်ကိုသာ စိတ်ရှုပ်ရှုပ်နှင့်ချသည်။ တကယ်တော့ စိတ်ညစ်နေတာနှင့်တစ်ပြိုင်နက်ပင် သူ ··· ရယ်လည်းရယ်ချင်နေပါသည်။ လန့်တာအမှန်ဖြစ်သော်လည်း ဆက်မလုပ်နိုင်လောက်အောင်လည်း မဟုတ်ပါ။

ထိုအခိုက်တွင် ဇော်ရှင်းစားပွဲပေါ်မှ ဖုန်းလာခေါ်သံမြည်လာရာ ဇော်ရှင်းက ဖုန်းကိုကောက်ကိုင်လိုက်ပြီး ···

"ဟဲလို"

"မောင်လား"

ဇော်ရှင်းပါးစပ်မှာ အဟောင်းသားဟ,သွားရကာ ကိုလတ်ကို မျက်ခုံးကြီးပင့် မျက်လုံးကြီးပြူးကာ မဲ့ရွဲ့ပြလိုက်ပြီးမှ ···

"မိ ··· မောင်ပါ"

"မောင် အလုပ်ရှုပ်နေလား"

"ပုံမှန်ပါပဲ၊ ဘာဖြစ်လို့လဲ မိ ··· သိပ်ပြီးတော့ ရှုပ်ပွေမနေပါဘူး"



"မိနဲ့ စကားပြောအားလားလို့ပါ"

"ပြော အားပါတယ်၊ ပြောလေ ··· မိ ဘာအရေးကြီးလို့လဲ"

"မောင့်ကိုပြောစရာရှိလို့ ··· မိ ခုနပဲ သားတို့ကျောင်းပို့ ··· ဈေးဝယ်ရာက ပြန်ရောက်တယ်၊ ပထမ မောင့်ကို ညနေပြန်လာမှပဲ ပြောမလို့ပါ၊ ဒါပေမယ့် နေရင်းနေရင်း လူကနေမရအောင် ထူပူလာလို့ ခုပဲ စကားပြောချင်တာနဲ့ ဆက်လိုက်တာ"

ဇော်ရှင်းသည် မျက်ခုံးပင့် အကဲခတ်နေသော ကိုလတ်ကို ပြုံးပြရင်း ···

"ပြောလေ မိ ··· ဘာဖြစ်လို့လဲ"

"ဒီလိုမောင်ရဲ့ ··· ဘယ်ကစ,ပြောရမလဲတောင် မသိတော့ပါဘူး၊ အံ့သြပြီး စိတ်တိုလိုက်တာဆိုတာလဲ လူတောင်တုန်တယ်"

"ဘာတွေလဲ မိရဲ့ ··· မိ ဘာဖြစ်လို့လဲ"

တစ်ဖက်မှ မိမိမြိုင်သည် အသက်ရှူသံပြင်းပြင်းနှင့် တစ်ခဏတိတ်နေပြီးမှ ···

"မောင် မနေ့ကပြောတဲ့ကိစ္စလေ"

"ဘာကိစ္စလဲ ··· သားတွေကျောင်းပိတ်ရင် မောင်ပါ ခွင့်ယူပြီး ခရီးတစ်ခုခုထွက်ကြဖို့ကိစ္စလား"

"ဟာ ··· မောင်ကလဲ အရေးထဲ ဘာတွေမှားပြောနေပြန်လဲမသိဘူး၊ မောင် မနေ့ညနေကပဲ ပြောတာလေ၊ မိ,နောက်ကို လူတစ်ယောက်လိုက်တယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ...”

“အင်းလေ ... အဲဒါဘာဖြစ်လို့လဲ”

“အဲဒါ ... အဲဒါ ... ဟုတ်နေတယ်”

“ဘာ ... ဘာဟုတ်နေတာလဲ”

ဇော်ရှင်းက ခပ်ဆောင့်ဆောင့် ဟစ်အော်လိုက်၍ ကိုလတ်က ... ဂုတ်ပုပြုံးကာ တစ်ဖက်လှည့်၍ လုပ်စရာရှိတာ ရှာဖွေလှန်လှောလုပ်နေလိုက်ပါသည်။ အောင်မြင်သွားရင်တော့ ဒီနည်းလမ်းကို ကိုလတ်လည်းပဲ မမေ့အောင် မှတ်သိမ်းထားမှ ...။

ဇော်ရှင်းက ခပ်ဆတ်ဆတ်အော်ဟစ်လိုက်တာမို့ မိမိမြိုင်မှာ ရုတ်တရက် အသံတိတ်ကာ ဆက်မပြောဝံ့သယောင်ယောင်ဖြစ်သွားရပါသည်။ ကိုယ့်မှာလည်း အပြစ်ရှိတာမဟုတ်ဘဲနှင့် ကသိကအောက် အခံရခက်လိုက်တာ။ ပြောရတာကိုလည်း ရှက် ...။ စိတ်တွေသာ အတော်တိုကာ လူက ထူပူလာရင်း ...

“အဲဒါဟုတ်တယ်လို့ ... ဒီနေ့ မိ,နောက်ကို စပို့ရှပ်ကန့်လန့်စင်းနဲ့ကောင်တစ်ကောင် ဆိုင်ကယ်နဲ့လိုက်လာတယ်”

“ဘယ်ထိလိုက်လာတာလဲ”

“ဘယ်ကစ,လိုက်လဲတော့ မိ,လဲမသိဘူး၊ မိ,စတွေ့တော့ သားကြီးကျောင်းမှာ ... အဲဒီကနေ မိ ကားနောက်ပါလာတာ ဈေးအထိ၊ ဈေးထဲလဲ နောက်က တကောက်ကောက်လိုက်နေတယ်၊ လိုက်တာတော့



သေချာတယ်၊ ဘာကြောင့်လိုက်မှန်းတော့မသိဘူး”

“ဟ ... ဘာကြောင့်လိုက်ရမှာလဲ၊ မိ,မှာ တခြားစီးပွားရေး၊ လူမှုရေးကိစ္စဝိစ္စပြဿနာ ဘာမှရှိတာမှ မဟုတ်ဘဲ၊ မိန်းမတစ်ယောက်နောက် ယောကျ်ားတစ်ယောက်လိုက်တာဟာ စိတ်ဝင်စားလို့ပေါ့”

“သူ လာစိတ်ဝင်စားရအောင် မိ,က ကလေးအမေပဲ၊ သူ့မျက်စေ့ရှေ့တင် သားကို လက်ဆွဲပြီးကျောင်းပို့နေတာ”

“ဒါပေမယ့် ... စိတ်ဝင်စားတဲ့သူက ဝင်စားရင်ဝင်စားမှာပဲပေါ့”

“သူစိတ်ဝင်စားစရာလား ... မိဖြင့် သိပ်ဒေါသထွက်တာပဲ၊ ဆွဲဆက်လုပ်ပစ်လိုက်ချင်တယ်၊ လူစောသူတော ရန်းရင်းဆန်ခတ်ဖြစ်မှာစိုးရိမ်လို့သာ၊ တအားဒေါသဖြစ်တာပဲ၊ နောက်က တကောက်ကောက်နဲ့ လူကို ဘာအစားမှတ်နေတယ်မသိဘူး၊ သွားရလာရတာ စိတ်မဖြောင့် ကျောမလုံတော့ဘူးဆိုတော့ ဘယ်သွားကောင်းတော့မှာလဲ”

“အဲ ... အဲဒါ မိ,ကဘာလုပ်ချင်လို့လဲ”

“ဘာလုပ်ချင်လို့ရမှာလဲ မောင်ရဲ့၊ မောင့်ကိုပြောပြတာပေါ့၊ အိမ်ကျမှပြောမလို့ဘဲ၊ မအောင့်နိုင်ဘဲ စိတ်ထဲ အသည်းယားလာတာနဲ့ ရုံးကိုဖုန်းဆက်လိုက်ရတာ၊ မိ သိပ်စိတ်တိုတယ်၊ မောင့်မိတ်ဆွေဆိုတဲ့လူလဲ မြင်သွားပြီးပြီနော်၊ နောက်ထပ် မိ,ကိုသိတဲ့လူ

www.burmeseclassic.com

www.burmeseclassic.com



ထဲက ဘယ်ည့်တွေမြင်ပြီး ဘယ်လိုတွေထင်မယ်မသိဘူး၊ တလွဲတွေဝေဖန်ခံရရင် ဒုက္ခပဲ၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းပစ်ရမလဲ"

"ဖြေရှင်းရလောက်အောင်တော့ ပြဿနာကကြီးမလာနိုင်ဘူးထင်ပါရဲ့"

"သူ တကောက်ကောက်ထပ်လိုက်နေရင်ကော"

"မိကို စိတ်ဝင်စားလို့ … မိ့လှလို့ လိုက်ကြည့်ကြည့်နေတာမျိုး ဖြစ်ရင်ဖြစ်မှာပေါ့၊ မိ,သွားဖြေရှင်းစရာမလိုပါဘူး၊ သူက ကိုယ့်ကို ကာယကံ ဝစီကံဘာမှလာကျူးလွန်သေးတာမှမဟုတ်တာ၊ တစ်နေ့နေ့ကျ မိ,ဟာ ဇော်ရှင်းမိန်းမ … သားနှစ်ယောက်မေမေဆိုတာ ဒီကောင် တစ်နည်းနည်းနဲ့သိသွားမှာပဲ၊ အဲဒီကျ သူ့အလိုလို ရပ်သွားမှာပါပဲ"

"မရပ်ခင် ဒီကြားထဲ မိ,ကျ သွားရလာရတာ မဖြောင့်တော့ဘူး၊ သူ မယောင်မလည်ပါပါနေမှာကို ဒီတိုင်းသည်းညည်းခံနေရမှာလား"

"သည်းခံရတော့မှာပဲ မိရာ … ပြဿနာသွားလုပ်လို့မှမဖြစ်တာ"

"အင်းနော် … ပြဿနာသွားလုပ်ဖို့ ခက်နေတယ်၊ ဒီလူလဲ ဦးနှောက်မှကောင်းရဲ့လားမသိဘူး၊ မိန်းမမြင်လို့မှ အပျိုလားမသိ အအိုလားမသိ"

"မိ,က လှတာကိုး"

"ဘာရယ် … မောင်က မိ,ကိုရိတာလား၊ မိ ဘယ်



မှာလှလို့လဲ၊ အလှမပြင်လို့ မောင်တောင် ခုတလော ပြောပြောနေရတာမဟုတ်လား၊ ကပိုကရိုအရှိအတိုင်းပဲ နေနေတာပဲဟာ"

"အရှိအတိုင်းကိုက နဂိုလှနေတာ"

"မဖြစ်နိုင်တာတွေ လာပြောမနေနဲ့၊ မိ … မောင့်ရှေ့မှာ အိမ်မှာတင်မကဘူး … ဘယ်ကိုသွားသွား ဂရုတစိုက်ပြင်ဆင်ခြယ်သမနေဘူး၊ ဒီနေ့လဲ မိများ အလှပြင်ထားမယ် မောင်ထင်လို့လား၊ မိမျက်နှာ သနပ်ခါးလဲ တစ်စက်မှမပါဘူး၊ အကျီကလဲ မောင်မုန်းတဲ့ တိုပွစိစိ ခရမ်းရောင်အပွင့်ကို ဝတ်ထားတာ၊ ပါတိတ်လုံချည်ကလည်း မည်းမည်းမှောင်မှောင်နဲ့၊ ဆံပင်ဆိုလဲ မောင်မုန်းတဲ့ပုံစံ လိမ်တင်ထားတာပဲ၊ ဒါလား လှနေမှာ"

"မိက နဂိုကတည်းက လှပြီးသားမိန်းမတစ်ယောက်ကိုး၊ ဒီကောင့်မျက်စေ့ထဲ လှချင်လဲ လှနေမှာပေါ့"

"ဒီလောက်ပစ္စလက္ခတ်နေတာတောင် သူ့မျက်စေ့ထဲ လှစရာလား၊ နောက်ဆို ရင်ဖုံးအကျီဝတ်ပြီး ဘီးဆံပတ်နဲ့ သွားလာရမလိုဖြစ်နေပြီ"

"အမလေး … မလုပ်ပါနဲ့ မိရာ … ဒီကောင်က တစ်နေ့နေ့တစ်ချိန်ချိန် သူ့ပြဿနာ သူသိမ်းပြီး ရှင်းသွားမှာပါ"

"မောင်က ဘယ်လိုပြောနိုင်လဲ"

"ပြောနိုင်တာပေါ့ မိရယ်၊ တစ်နေ့မဟုတ်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



မိ,ကို အိမ်ထောင်ရှင်မဆိုတာ သူ သိကိုသိသွားရမှာပေါ့"

"ခုလဲ မိပုံစံက သိလောက်တဲ့ပုံစံပါ၊ မျက်စေ့ပဲမွဲနေလား … ဦးနှောက်ပဲပျက်နေလားမသိဘူး၊ မိလိုမိန်းမနောက်များ လိုက်ကြည့်စရာတဲ့ … ဟင်း၊ ကိုယ့်ဟာနဲ့ကိုယ် ဒီနေ့နောက်နေ့ ဟင်းမထပ်ရအောင် ဘာချက်ရမလဲ စဉ်းစားမရရတဲ့ကြားထဲ ရှိတ်မယ်ကြံလဲ ဒါမျိုးနှစ်သက်စိတ်ဝင်စားလောက်တဲ့ မိန်းမစားလားဆိုတာ အကဲခတ်တာမဟုတ်ဘူး၊ ရှုပ်ကိုရှုပ်တယ်၊ တော်ပြီ … နောက်နေ့တွေ ဈေးပြောင်းပြီးဝယ်ရမယ်၊ လှည်းတန်းဈေးထဲ မဝယ်ဘူး၊ သားကြီးကျောင်းပို့ပြီးရင်လဲ တခြားတစ်လမ်းက ပြန်မယ်၊ ဒါမှ မျက်စေ့လည်ပြီး ပါမလာအောင်"

"ပါလာလဲ အရေးမကြီးပါဘူး မိရာ … ကိုယ့်ဟာကိုယ် နေရုံပဲဟာ"

"အို … မိ မကြိုက်ပါဘူး၊ ရှက်လို့သာပေါ့၊ မရှက်သာ မရှက်ရင် ရန်တွေ့ပစ်တယ်၊ လူက ငယ်ငယ်ရှိသေးတယ်၊ ကိုယ့်အစ်မအရွယ် … အဒေါ်အရွယ်မျိုး လိုက်စရာလား"

ဇော်ရှင်းသည် ကြိတ်၍ ရယ်ချင်မိကာ …

"အဒေါ်အရွယ်တော့လဲ မဟုတ်နိုင်ပါဘူးကွာ"

"မောင်ဖြင့် မမြင်ဘဲနဲ့ … လူငယ်ပဲရှိသေးတာ"

"ဘယ်လောက်ငယ်ငယ်ကွာ၊ ကိုယ့်အဒေါ်အရွယ်တော့



ဘယ်သူမှ စိတ်ကူးလာမယဉ်ပါဘူး၊ မိကိုက ပိုလွန်းပါတယ်၊ သူ့ကိုယ်သူ လေးဆယ်ကျော်ကြီးကျနေတာပဲ လေသံက"

"ကဲပါလေ … မောင် ပြောအုံးလေ၊ မိကိုအလှပြင်ဖို့ … "

"ပြင်ရမှာပေါ့ … ဘာဖြစ်လဲ"

"ပြင်ရင် … ခုထက်ပိုလိုက်မှာပေါ့၊ မောင်က မိကိုဘယ်သူလိုက်လိုက် ဘယ်သူလာစိတ်ဝင်စားစား၊ ဘယ်လိုမှမနေဘူး … သဝန်မတိုဘူး … ဒီသဘောလား"

"ကဲ … မမ … ယောကျ်ားဘက် မြားဦးလာမလှည့်နဲ့၊ ဘယ့်နှယ်ဗျာ … သူ့နောက် လူလိုက်တာပဲကျုပ်အပြစ်လား၊ မိ ငယ်သေးလို့ လှသေးလို့ … ခွံနေသေးတာပေါ့"

"မောင်နော်"

"ဟောဗျာ … ဟုတ်တာလဲ ပြောရသေးတယ်"

"မပြောနဲ့၊ မောင်ရွဲ့ပြောတာ၊ မသိရင်ခက်မယ်"

"ခက်ရချည်ရဲ့ဗျာ … အတည်ပြောတာပါ၊ မိ ငယ်သေးတယ်၊ လှသေးတယ်၊ စိတ်ဝင်စားစရာကောင်းနေသေးတယ်"

"လုပ်မနေနဲ့၊ မောင် မကောင်းတတ်လို့ အောင့်သက်သက်နဲ့ပြောနေတာ၊ တကယ်က မောင့်စိတ်ထဲမှာ ဒီမိန်းမ ဒီနေ့အလှများပြင်သွားသလားလို့ မသင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင်ဖြစ်နေမှာ၊ မောင်က အခြေအနေပြေလည် အောင် ဘာမှမဖြစ်ဟန်ဆောင်ပြီး ပြောနေပေမယ့် ဒီကိစ္စကို မောင်လဲ သဘောမကျနိုင်ဘူးဆိုတာ မိ သိပါတယ်”

ဇော်ရှင်းက သက်ပြင်းတစ်ချက်ချလိုက်ရပါ သည်။

“မိ,နောက် ဒီလူမလိုက်အောင် ဈေးပြောင်းဝယ်မယ်၊ လမ်းလွှဲမယ်၊ ဘီးဆံပတ်ထုံးမယ်၊ ဒီထက်ဒီ ရုပ် ဆိုးအောင်နေမှဖြစ်မယ်”

ဇော်ရှင်းသည် ခေါင်းကိုဖြည်းဖြည်းယမ်းကာ မျက်ဆံဒေါင့်ကပ်လျက် ကမ္ဘာလောကကြီးကို စိတ်များပင် ပျက်မိသည်။

ဆာဖေ

၉

မိမိမြိုင်သည် လှိုင်မြို့နယ်ထဲက ဘာတာဈေး ဆိုသည့်ဈေးသို့ မျက်ခြည်ဖြတ်ကာ ပြောင်းဝယ်ကြည့်သည်။ တစ်ကြိမ်ပဲ မျက်ခြည်ပြတ်ပြီး နောက်တစ်ကြိမ် ဈေးသွား သည့်ရက်၌ ဘာတာဈေးတွင် ကန့်လန့်စင်းကိုတွေ့ရရာ ... အံ့သြထိတ်လန့်သွားပါသည်။ မြင်ပုံတွေ့ပုံအရ မသေချာ သော်လည်း ထိုသူကပင် ဈေးကိုကြိုရောက်စောင့်နှင့်နေသ လိုပင် ... မိမိစိတ်ထဲ ထင်မိသေးသည်။

ဈေးရဲ့ ရွှံ့ဗွက်စပ်စပ် ... ရေစပ်စပ် ... ပေ ပေရေရေ ညစ်ညစ်ပတ်ပတ် ... ပတ်ဝန်းကျင်တောထဲ တကောက်ကောက်ဒုက္ခခံပြီး ဒင်းက ပါနေပြန်သည်။ နောက် နေ့တွေ၌ မိ ... ရန်ကင်းဈေးကို ပြောင်းပြန်သည်။ သား



www.burmeseclassic.com

www.burmeseclassic.com

ကြီးကျောင်းကအထွက် ဆိုင်ကယ်ပါလာသော်လည်း ••• မိ မျက်ခြည်ပြတ်၍ တမင်တကာ လမ်းလွှဲလိမ်ကောက်ကာ သွားသဖြင့် ရန်ကင်းဈေးအထိ ဆိုင်ကယ်ပါမလာပါ။

သို့သော် ••• နောက်တစ်ရက်တွင် ရန်ကင်းဈေး၌ ထိုလူကြိုရောက်နေပြန်သည်။ မိမှာ မတွေးတတ်အောင်ပင်။ ဘယ်တုံးကပါလာလိုက်သည်မတွေ့ရမှဲ့ ဈေးကျမှ သူ့ကိုတွေ့ရ၍ ကြိုရောက်နေနှင့်သည်ဟု တစ်ထစ်ချ ယူဆချင်သည်။ ကြိုတင်၍ စောင့်နှင့်နိုင်ရအောင်ကလည်း မိ ဘယ်ဈေးကို သွားမည်ဆိုတာကို သူ ဘယ်လိုလုပ်ပြီး ကြိုသိနိုင်မှာတည်း။

တွေ့လိုက်တိုင်း မိကိုတောင်းပန်ချင်သလိုလို အသနားခံချင်သလိုလို မရဲမဝံ့မျက်လုံးများနှင့်ကြည့်တတ်သော ထိုလူရွယ်လေးကို အတော်စိတ်ပျက်အမြင်ကတ်မိပါသည်။ သားကြီးကို ကျောင်းလာပို့တာလည်း သူမြင်၍ သူမြင်ကြောင်းကို မိလည်းအသိ။ ဒီလောက် ကလေးအမေမှန်းသိသာနေပါလျက် ဘာကြောင့်များ တကောက်ကောက် လျှောက်လိုက်နေရသနည်း။

"မောင် ••• ဟိုကောင်လေးဟာ မိ,နောက် လိုက် လိုက်နေတာပဲ ••• လုံးဝ စိတ်အနှောက်အယှက်ဖြစ်တယ်၊ အဲဒါ ••• မောင် မဖြေရှင်းပေးနိုင်တော့ဘူးလား"

ဖော်ရှင်းကိုပဲ ညနေတွေကျ တဗျစ်တောက်တောက်ပြန်ပြောမိသည်။ ဖော်ရှင်းက ပြုံးချင်သယောင်ဖြစ်





သွားတတ်ကာ •••

"မောင်က ဘယ်လိုဖြေရှင်းလို့ရမှာလဲ မိရယ်"

ပထမတော့ မိသည် မောင်ဟာသဝန်တိုပါလျက် ••• မတိုသလိုနေကာ ဒီအဖြစ်ကြီးကို မကြိုက်လှသော်လည်း မိ,ကိုအပြစ်ပြောရခက်၍သာ အောင့်သက်သက်ငြိမ်နေရသည်ပဲ ထင်မိပါသည်။ တဖြည်းဖြည်း ••• တရွေ့ရွေ့နှင့်မှ မိသည် ဖော်ရှင်းကို မသင်္ကာ •••။ သူ့စိတ်ထဲမကြိုက်တာ ••• မကျေနပ်တာ လုံးဝမရှိတာ သိသာလာသည်။

ဘာမှဖြစ်လောက်သော ကိစ္စမဟုတ်ပါဘူးဟု ကိုယ့်မိန်းမကိုလည်း ယုံကြည်မှုနှင့်အတူ စိတ်အေးလက်ချရှိနေတာလည်း ဖြစ်နိုင်သည်။ ခေါင်းထဲထည့်၍ အရေးတယူစဉ်းစားပုံလည်းမရ။ ဖြေရှင်းရကောင်းသည့်ကိစ္စလို့ကို ယူဆပုံမရှိ။ တစ်ခါတစ်ရံကိစ္စမို့ ဟိုလူကမေ့လောက်မှ တစ်ကြိမ်လောက်ပေါ်လာတတ်လို့ဆိုလည်း ထားတော့။ ဒီလောက်နေ့စဉ်ရက်ဆက်လိုက်နေတာမို့ မိမှာဖြင့် စိတ်အနှောက်အယှက်ဖြစ်လှပြီ။

သူကတော့ လုံးလုံးစိတ်အနှောက်အယှက်မရှိ။ ဖြစ်ရိုးဖြစ်စဉ် သာမန်အခြေအနေတစ်ခုလိုပင်။ စိတ်ဝင်တစားခေါင်းထဲမထည့်။

"မိ စဉ်းစားမိတယ်၊ မောင် သားကြီးကျောင်းပို့ တစ်ရက်နှစ်ရက်လောက် လိုက်ခဲ့ပါလား၊ မိတို့အတွဲလိုက် ကျောင်းလိုက်ပို့တော့ ပိုပြီး အိမ်ထောင်သည်

www.burmeseclassic.com

www.burmeseclassic.com



မှန်းသိသာအောင်လေ"

"အာ ... အဲလိုကြီးလုပ်ပြရတာက အောက်ပါတယ် မိရာ ... မကောင်းပါဘူး"

မိမိမြိုင်က တွေဝေသွားပြီး ...

"အင်းလေ ... ဟုတ်တော့ဟုတ်ပါတယ်၊ သူမြင်အောင် ပြတာမှန်း သူရိပ်မိရင် သူ့ကိုဂရုစိုက်ရာကျတယ်၊ သူ့ကိုပဲ ကိုယ့်မှာအလုပ်ပျက်ခံပြီး တမင်တွဲပြရသလိုဖြစ်ရင် ပိုဆိုးတယ်၊ တကယ်တော့ မောင်မပါလဲဘဲ မိ,ကို ကလေးအမေမှန်း သူ သိကိုသိပါတယ်၊ ဒါနဲ့ကို ဘာလို့ဆက်ပြီးလိုက်ကြည့်နေလဲ စဉ်းစားလို့ကိုမရဘူး"

ဇော်ရှင်းသည် မိမိမြိုင်ကို မသိမသာ လှည့်ကြည့်ရင်း သက်ပြင်းရှိုက်ရသည်။ ဤနည်းဗျူဟာကလည်း အောင်မြင်မည့်ပုံတစ်စက်မှမရပါလား။ မိမိမြိုင်နောက်ကိုကိုလတ် လိုက်လိုက်ကြည့်ပေးနေတာ ဆယ့်ငါးရက်၊ ရက်နှစ်ဆယ်ရှိနေပါပြီ။ ယောကျ်ားတစ်ယောက် ကိုယ့်ကိုလိုက်ကြည့်နေပါလားဟု ရှိုးတိုးရှန့်တန့်လည်းမဖြစ်။ ငါဟာ လူတစ်ယောက် လိုက်ကြည့်ခံရဆဲအရွယ်ပါလားရယ်လို့ အမြင်မှန်ရပြီးတော့လည်း ပြုံးပြုံးပြင်ပြင်လုပ်မလာ။ တာဝန်တွေလေးပိနေပြီး ကျဆင်းခြောက်သွေ့နေသော စိတ်တွေလည်းပဲပြန်လည်တက်ကြွ ရှင်သန်မလာ။

အကောင်းဘက်က ဘာမှတိုးတက်မလာဘဲ .. ဤကိစ္စအတွက် စိတ်တိုစူပုပ် ဒေါသကြီးနေတာပဲ ပိုလာ



သည်။ ခက်ပဲခက်ရချည်တော့။

မိမိမြိုင်ကား ... သူမ,နောက်မှ လိုက်နေသော ဤလူရွယ်ကို ဘယ်လိုများအပြတ်ရှင်းမရလဲဆိုတာကို တန့်နဲ့တွေးမရခြင်းကြောင့်ပင် အရင်ကထက်ကို စိတ်တွေမရှည်ခက်ထန်လာသေးသည်မှာ အမှန်ပင်ဖြစ်သည်။ တွေ့တိုင်းမှာလည်း တစ်ခုခုပြောပစ်လိုက်ဖို့ကို ထာဝစဉ် ... ချိတုံချတုံ ရည်ရွယ်မြဲပင်။ ရည်ရွယ်ပြီးမှသာ ဖျက်လိုက်ရသည်ချည်း။

ဘယ်သူ့ကို တိုင်ပင် ဖွင့်ပြောကြည့်ရမလဲဆိုတာလည်း အကြံမရ။ ကျောင်းတုန်းက မိရဲ့သူငယ်ချင်းတို့နှင့် အားလုံးပင် အဆက်ပြတ်ကာ အိမ်ထောင်ကျပြီးမှတွေ့ပဲမတွေ့ဖြစ်ကြတော့ပါ။ နောက်ပိုင်း ... ဆက်လက်ခင်မင်နေသည်မှာ မချောစုတို့ မညိုတို့သာ ကျန်သည်။ ဒါတွေဟာလည်း မောင်နှင့်ပတ်သက်၍ တစ်ဆင့်ခြားကာ မောင့်သူငယ်ချင်းရင်းတို့ရဲ့ ဇနီးတွေအဖြစ် ခင်မင်နေရတာပင်။

မညိုကိုတော့ မိ,က ဖွင့်မတိုင်ပင်ချင်ပါ။ သူတို့ဟာနှင့်သူတို့မှ အိမ်ထောင်ရေးက ခပ်လှုပ်လှုပ်ရယ်ဟု သတင်းကြားထားသည်။ ပြီးတော့ ... အိမ်ထောင့်တာဝန်ဒုက္ခတို့ကို ငြီးငွေ့စိတ်ပျက်နေသော မညိုကို စိတ်ရှုပ်စရာအရေးအခင်းတစ်ခုလည်း မပေးချင်သလို ... ပြောပြလို့လည်း ... မညိုက စိတ်ဝင်တစား ကြံဟပ်ပေးမယ် ကူညီမည့်သူ မဟုတ်တာသေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာနှင့်သူမှ ငြိမ်းငြိမ်းကလေးနေချင်ကာ ဘုရားတရားအားထုတ်ချင်နေတဲ့သူ ...။ အိမ်ထောင်သည် ကိုယ့်နောက် ယောကျာ်းတစ်ယောက်လိုက်လို့ဆိုတာကို သူ့ ကိုသွားပြောလျှင် ... ဤအဖြစ်ကို ရွံရှာစက်ဆုပ်ကာ ကိုယ့် ပါ အပြစ်မကင်းသလို ထင်မြင်ခံရမှာကိုလည်း မိ,က စိုး ရိမ်ပါသေးသည်။

မချောစုကျတော့ရော ...။ မချောစုကို သွား ပြောလျှင် မချောစုက တစ်နည်းနည်းစိတ်ပါဝင်စားကူညီ လိမ့်မည်ဟု မိ ထင်မိသည်။ ဒါပေမယ့် မချောစုက သွက် လွန်းသည်ဟု မိ,ထင်သည်။ မိ,ထက်စာလျှင် မချောစုဟာ သွက်လက်စိတ်မြန်တာအမှန်ပင်။ အဲဒီအပြင် မချောစုမှာ ခပ်ဟားဟား၊ ခပ်သောသော၊ ခပ်ပျော်ပျော် အကျင့်ရှိသည်။ အတူလမ်းထွက်ဖူးသော အကြိမ်အရေအတွက် မများလှပေ မယ့် မိ အကဲခတ်နိုင်ပါသည်။

ဥပမာ ... ဆိုင်တစ်ဆိုင်မှာ ဈေးဝယ်တုန်း ဆိုင်ကယောကျာ်းသားတစ်ယောက်က ကိုယ့်အပေါ် ချက် ချင်းလက်ငင်းကြီး အဖွဲ့ကျကာ ခပ်ရောရောလုပ်လိုလျှင် သူက ခပ်သောသောပြန်လုပ်တတ်သည်။ တည်တည်နေလိုက် ဖို့ထက် ... အညံ့မခံ ပြန်ရိုပြန်ဟားတတ်သောစရိုက် မ ချောစုမှာ ရှိပေသည်။ တစ်ထိုင်တည်း အဖွဲ့တွေကျ ... သူတစ်ပြန်ပြော ကိုယ်တစ်ပြန်ပြောနှင့် ဗွာရစ်ရှည်သွားတတ် သည်။

သို့ပေမယ့် ... ဒါတွေဟာ ဤတစ်ထိုင်တည်း



အတွက်ပင်။ နောက်ထပ်တွေ့လျှင်တော့ သူက မှတ်ပင်မမှတ် မိတော့ပါ။ အင်း ... ဘယ်လိုမှတ်ချက်ချရမည်ကို မသိ တော့။ မချောစုဟာ ယောကျာ်းသားတို့နှင့် တစ်ထိုင်တည်း စကားလက်ဆုံကျဖို့ ... သူတစ်ပြန်ကိုယ်တစ်ပြန် နောက် ပြောင်ပြောဆိုဖို့ ... သောလှောင်ဟားတိုက်ဖို့ ဝန်မလေးသ လို ... သူဟာ ကလေးအမေ အိမ်ထောင်သည်ဖြစ်ကြောင်း ကိုလည်း တစ်ဖက်ကသိစေဖို့ ဝန်မလေးပါ။

ဓာတ်လမ်းရှုပ်ချင်တာ လုံးလုံးမဟုတ်တာကို မိ,ကတော့ နားလည်သော်လည်း သူ့ပုံကိုကြည့်လျှင် ... တစ်ဖက်ယောကျာ်းတို့က စကားပြောဆိုရဲ၊ မိတ်ဖွဲ့ရဲ ... ရှိစေသည့်ပုံစံဖြစ်သည်။ သွားရင်းလာရင်း ... ယောကျာ်း တစ်ယောက်ယောက်ရဲ့အကြည့်ကို ခံရလျှင်လည်း သူပဲ ဖျတ် ခနဲသတိပြုမိနိုင်လွန်းသည်။

"ဟော့ ... မိ ... ဟိုထောင့်ကလူတစ်ယောက်ဟာ ကိုယ်တို့ကိုကြည့်နေလိုက်တာ ကြည့်အုံး၊ အသက်က ဖြင့်ထောက်နေပြီ၊ သူ့အိမ်ကမိန်းမကို မြင်စေ့ချင် တယ်၊ အငမ်းကလဲထူပါ့ကွာ"

မိ,မှာဖြင့် မချောစု ဤသို့ပြောလိုက်တာကို ကြားလျှင် မချောစုအတွက်ပဲ မျက်နှာပူသလို ရှက်သလိုဖြစ် မိသည်။ မိ စိတ်ထဲတွင် မိ,ကိုကြည့်သောလူတစ်ယောက် ယောက်ကို မချောစုပြောသလိုအတိုင်း အတွေးပေါက်ချင် ပေါက်မိမည်ဖြစ်ပေမယ့် ... နှုတ်ကတော့ ဖွင့်ထုတ်မပြော ရဲပေ။ ပြောရမှာဟာလည်း ရှက်စရာတစ်မျိုးဟုထင်သည်။

www.burmeseclassic.com



ပြောစရာလည်း မလိုဘူးဟု ထင်သည်။ ကိုယ့်ဟာကိုယ် မသိချင်ယောင်ဆောင်နေမိမှာသာဖြစ်သည်။

မချောစု၌ ဤသို့သော ဖိုးဖိုးဖျတ်ဖျတ်ပြုမူလှုပ်ရှားပြောဆိုတတ်မှုများရှိပေမယ့် မချောစုဟာ ယောကျ်ားတွေနှင့် ရောချင်သူတစ်ယောက်လို့တော့ မိ,က တကယ်ကို မသတ်မှတ်ပါ။ သူမရဲ့ဗီဇလေးသာဖြစ်သည်ဆိုတာ မိ,သိသည်။ မချောစုဟာ သူ့ယောကျ်ား သူ့သားသမီးတို့ကို မိ,လိုပဲ အင်မတန်ချစ်တတ်ကာ လိုလေသေးမရှိ လုပ်ကိုင်ဖြည့်ဆည်းပေးတတ်သူပင်။

မျက်စေ့က ဟိုမြင်ဒီမြင် ... မြင်လွန်းကာပါးစပ်က ဟေးခနဲဝါးခနဲ ပြောဆိုပြောင်လှောင်နောက်ရွတ်ဖို့ လွယ်ကူပေမယ့် ဒါဟာ ... စာရိတ္တပိုင်းနှင့်ပတ်သက်မည်းကွက်လာတဲ့အထိတော့လည်း မဟုတ်ပြန်ပေ။ ဒီမှာပြော ဒီမှာမေ့ကာ ခေါင်းထဲတော့ လင်နှင့်သားသမီးကိစ္စသာမပြတ်အပြည့်ရှိတာပင်။

ဒါတွေကြောင့် မချောစုကိုလည်း သိပ်ပြောမပြရဲ၊ မတိုင်ပင်ရဲဘဲ ရှိလှသည်။ မချောစုကို တိုင်ပင်မိလျှင်၊ ပြသမိလျှင် မချောစုဟာ ... တစ်စုံတစ်ခုကို ပြုမူမှာသေချာသည်။ ထိုလူကို လှမ်းအော်လှောင်ပြောင်လိုက်မလား၊ အနားသွားကာ တစ်ခုခုထိပါးတိုက်ခတ် ပြောပစ်လိုက်မလားဆိုတာတော့ ကြိုမပြောနိုင်ပါ။

သူ့ကိုပြောမှ ပိုပြီးအနေအထိုင်ခက်စရာ၊ ရှက်စရာအခြေအနေမျိုးတွေ ဖြစ်ပွားလာမှာ ကြောက်သည်နှင့်



မချောစုကိုပြောဖို့ရာလည်း မိ,မှာ ဆုံးဖြတ်မရပါ။ ဒါနှင့်ပဲ နောက်က တစ်လိုက်တည်းလိုက်နေသော ထိုလူကို မိမှာ ဘယ်လိုမှ မစီမံတတ်ဘဲ အောင့်သက်သက် ဒေါသထွက်ထွက်နှင့် ဒီအတိုင်းပစ်ထားရတော့တာပင်။

၁၈

"မောင့် မုတ်ဆိတ်ရိတ်ဓားကုန်နေပြီ မိ၊ ဂျစ်လက်ဓားအသစ်ဝယ်ပေးပါအုံး"

နံနက်ခင်း ရုံးသွားခါနီး ရေချိုးခန်းကထွက်လာရင်းပြောသော ဇော်ရှင်းစကားကြောင့် မိ,က သားငယ်ကို အင်္ကျီလဲလှယ်ပေးနေရင်းက ...

"အတော်ပဲ မောင်၊ မိ ဒီနေ့ စကော့ဈေးသွားမလို့၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တွေ အသစ်တစ်စုံနှစ်စုံလောက် ချုပ်ချင်တာ၊ စကော့ဈေးထဲမှာ အိပ်ရာခင်းစ ရှာဝယ်ဖို့သွားမလို့ ... မောင် တခြားရော ဘာမှာအုံးမလဲ"

"မိ ဒီနေ့ စကော့ဈေးသွားမယ်ဟုတ်လား"

"ဟုတ်တယ်မောင်"

www.burmeseclassic.com



ဇော်ရှင်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း …

"မောင့် ဆီတဇင်နာရီ ဓာတ်ခဲကုန်တာလဲ မြို့ထဲ ရောက်တုံးထည့်ပေးခဲ့ပါအုံး မိ၊ ဆူးလေနားက မောင့် အသိဆိုင် သိတယ်မဟုတ်လား"

"အင်း … မိ သိပါတယ်"

သားနှစ်ကောင်ကို အကျီလဲလှယ်ပေး … လွယ်အိတ်တွေ အသင့်ယူ၊ ထမင်းချိုင့်ခြင်း ပြည့်စုံမစုံစစ်၊ ဖိနပ်ဝတ်ပေးဖို့ကအစ … မိမှ ခြေအိတ်လာမစွပ်လျှင် ခြေအိတ်စွပ်ပေးနေသော ကလေးမလေးတွေဆံပင်ကို ဆွဲကာ ဂျီတိုက်တတ်သော သားတို့ကြောင့် မိ,မှာ ဟိုပြေးလိုက်၊ ဒီပြေးလိုက် … ရှုပ်နေသလောက် ဇော်ရှင်းက မှန်ရှေ့၌ ဘော်ဒီစပရေးနှိပ်ဖျန်းနေရင်း …

"ဟာ … ဘော်ဒီစပရေး ဝယ်ခဲ့ပါအုံး မိရာ"

ထိုအခါ မိ,သည် တအံ့တသြ မောင့်ကိုငဲ့ကြည့်မိရင်း …

"ဟင် … မိ ဝယ်လာခဲ့တာ တစ်လတောင်မပြည့် သေးဘူး … ကုန်ပြီလား"

"ကုန်ပြီ"

မိသည် မောင့်ကို အမှတ်မထင် ငေးစိုက်ကြည့် နေမိလျက် …

"မောင် ခုတလော အမွှေးအကြိုင် ပိုသုံးလာတာပဲ ဖြစ်ရမယ်၊ ခါတိုင်း ကြာကြာခံပါတယ်၊ ဒီတစ်ခေါက် သိပ်ကုန်တာ မြန်ပါလား"



"မိ,သားတွေ လျှောက်ဖျန်းပြီး ဆော့ပစ်လားမှမသိ တာ"

ဒါလည်း ဖြစ်တော့ဖြစ်နိုင်တာပင်။ သားနှစ်ကောင်ဟာ စပရေးဘူးမြင်လျှင် နှိပ်ချင်လှသည်မှာ … ဘော်ဒီစပရေးသာမက … ခြင်ဆေးရော … သံချေးချွတ်ဆေးမကျန် တရှူးရှူး လိုက်နှိပ်တတ်ကျင့်ရှိသည်။ မိ,ကတော့ လက်ဆစ်ခေါက်ကာ အကျင့်ဖျောက်ပါရဲ့။ မိ အလစ်မှာလုပ်ရင်တော့လည်း လုပ်အုံးမှာပင်။ သို့ပေမယ့် မောင်သူ့ဟာသူ မတရားသုံးပြီး သားတွေလွှဲချတာလည်းပဲ ဖြစ်နိုင်သည်ပင်။

မိ,သည် သူမန့်ဘေားမှဖြတ်လျှောက်ကာ သူ့ရဲ့ ထမင်းချိုင့်ခြင်းတောင်းသွားယူသော မောင့်ထံမှ မွှေးအီလတ်ဆတ်သော ရနံ့ပြင်းပြင်းကို ရှိုက်ရှူလိုက်ရရင်း … ခေါင်းကိုယမ်း၍ စိတ်ထင့်မှုကို ဖြေဖျောက်ပစ်ရပါသည်။ မောင် ခုတလော မျက်နှာပြည့်လာပြီး ကြည့်ကောင်းလာတာပဲလား … ဒါမှမဟုတ် ကြည့်ကောင်းအောင်ကြိုးစားပမ်းစား လုပ်နေသလားပဲမသိ။ မိ မျက်စေ့ထဲ ပိုကြည့်ကောင်းလာသလိုပင်။

"ဟဲ့ … ဂျမ်းဘုံ … ဦးဦးခြင်းကို ကားပေါ်တင်ပေးလေ … ဘယ်ရောက်နေလဲ"

မနေတတ်သော ပါးစပ်မှ ပြောစရာမြင်ကာ ပြောလိုက်ရသေးသည်။

"ဒီမှာ သားငယ် သူ့ဖားရပ်ရှာနိုင်းသားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မရှာနဲ့တော့၊ သားတွေခြင်းလဲငါကားပေါ်တင်တော့ ထွက်တော့မှာ"

"ဟုတ်"

"မိ ... စကော့ဈေး ဘယ်အချိန်လောက်သွားမှာလဲ"

"မောင် ဘာလုပ်ဖို့လဲ"

"အော် ... စိတ်ကိုမရှည်ဘူး၊ ဘာရယ်မဟုတ်မေး မိတာပါကွာ၊ မကြိုက်ရင် မမေးတော့ပါဘူး"

"ကျောင်းပို့ပြီး အိမ်ပြန်ဝင်အုံးမှာ၊ နေ့လယ်မှပြန် ထွက်မှာ၊ အိမ်မှာ ရေပြန်တင်ရအုံးမယ်"

"ရေက ... ကောင်မလေးတွေမတင်တတ်တာကျနေ တာပဲ"

"ခုတလော ... ဒီနားက ဘယ်ခြံမီးဆွဲနေတယ်မသိ ဘူး၊ မီးအားသိပ်ကျတာပဲ၊ မီးအားထိုးကျသွားရင် မော်တာက အသံကြီးကြောင်ပြီး ချက်ချင်းပြေးပိတ် ရတာ၊ အသံပြောင်းတာဘာညာ သူတို့ နားလဲမ ထောင်တတ်၊ အသံကိုစောင့်နားထောင်ပြီး ဂရုတ စိုက်ပြေးပိတ်ဖို့လဲ စိတ်မချရ၊ ရေကို မိ စောင့်စောင့် ကြည့်ရတာ ကြာပြီ"

"အော် ... မသိလို့ပါဗျာ၊ စကော့ဈေးမှာ သဘော် သီးသုပ်တွေ နင်းကန်စားမလာနဲ့နော်၊ စကော့ဈေး သွားပြီး နောက်တစ်ရက်ဆို ဗိုက်နာပြီ"

သတိတရပြောသော ဇော်ရှင်းကို ပြုံးမယောင် နှင့် မျက်စောင်းလှည့်ရှယ်ရင်း ကားပေါ်တက် လက်ပြထွက်



ခွာနှင့်တာကို ပြန်လည်လက်ပြလိုက်ရသည်။ အဲဒီနောက် သားတွေကို ကားပေါ်တင်ပြီး မိရဲ့ နေ့တဒူဝ ထုံးစံအတိုင်း ထွက်ခဲ့ရတော့ပြီ။ သားနှစ်ကောင်ပို့ပြီးလျှင် ... ဒီနေ့အဖို့ ဈေးကိုမသွားတော့။

အိမ်ပြန် ရေလေးဘာလေးတင်ဖြည့် ... ရေ မိုးချိုးပြီးမှပဲ စကော့ဈေးကိုသွားတော့မည်။ သားကြီးကျောင်း ရှေ့ဆိုင်ကယ်နှင့် ကန့်လန့်စင်းကို တွေ့ရပြန်သည်။ ဒီ နေ့အဖို့ သူက အပြာနှင့်အနက်စင်းကို ဝတ်ဆင်ထားပါ သည်။ ကျောင်းကအပြန် ဟိုဒီကွေ့ကောက် ပတ်မောင်းပြီး မှ အိမ်ကိုပြန်လာသည်။ အိမ်သိသွားမှာကို ကြောက်ရပေ သေးသည်။

လမ်းထဲ ရပ်ကွက်ထဲ ... လူရိပ်မိအကဲခတ် ချင်စရာဖြစ်မှာကို အကြောက်ဆုံးပင်။ မျက်ခြည်ပြတ်သွား လျှင် ထိုလူတော့ သူထင်သည့်ဈေးတစ်ဈေးဈေး၌ သွား ကြိုစောင့်နေလိမ့်မည်ထင်ပါရဲ့။ မိ အိမ်ပြန်ရောက်လျှင် မှာ ထားသော မြက်ရိတ်သမားလေးက ရောက်နေပြီ။

"အစ်မ ... ဒီနေ့မအားလို့ နက်ဖြန်မှ လာရိတ်နိုင် မှာ လာပြောတာပါ၊ အစ်မစောင့်နေမှာစိုးလို့ အကျိုး အကြောင်း လာပြောလိုက်တာ"

ခေါ်ရိတ်နေကျဖြစ်၍ ခင်မင်နေသော မြက် ရိတ်သမားကလေးကို နက်ဖြန် ဆက်ဆက်လာဖို့မှာရသည်။ ဒီနေ့ ... မိ စကော့ဈေးသွားမှာဖြစ်သော်လည်း အတွက် အိမ်မှာရှိ၍ ခေါ်ထားတာပင်။ နက်ဖြန်ကျ အတွက်ကမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အတွက်တို့ စာမေးပွဲနီးနေပြီမို့ အနီးကပ်တွေနှင့် ကျူရှင်ချိန်တွေ ကျပ်နေပြီ။

ဒါပေမယ့် ... နက်ဖြန် မိ ရှိတာပဲ။ သန်ဘက်ခါ ... ဖိန့်ခါတို့အတွက် ဘာကိုမှ ကြိုပြောမရ။ ဒါကြောင့် နက်ဖြန်လာဖို့ ဆက်ဆက်မှာရသည်။ နက်ဖြန်ဟာ ဘုန်းကြီးကျောင်းအတွက် ဆွမ်းချိုင့်တာဝန်ကျသည့်နေ့ ဖြစ်တာကိုလည်း မမေ့မှ။ တစ်လတစ်ကြိမ်လောက်သာ မိတို့အိမ် အလှည့်ပြန်ကျတတ်ပါသည်။ ကိုယ့်အလှည့်ကျမည့်ရက်ကို မှတ်ထားကာ နံနက်ခုနစ်နာရီခွဲလောက် ရောက်လာတတ်သော ကျောင်းက သူငယ်လေးကို ချိုင့်ထည့်ပေးလိုက်ရုံပင်။ ဟင်းမည် ပိုမိုစီမံရတာကလွဲလျှင် ကရိကထမများလှပါ။

ထို့နောက် မိသည် ရေတင်ဖို့လုံးပန်းရသည်။ အနီးတဝိုက်က ခြံတစ်ခြံခြံတော့ တစ်ခုခုလုပ်ကာ မီးအားကြိတ်၍ ဆွဲနေပြီပင်။ ဝီခနဲ အသံဝင်ကြီးနှင့် အော်မြည်လာတတ်သော မော်တာကို ပိတ်ပိတ်ပစ်နေရတာနှင့် ရေတင်ရတာ ခရီးမတွင် ...။ စောင့်ပြီး စိတ်ရှည်လက်ရှည် တင်နေရပါသည်။ ရေတင်ပြီးချိန်၌ မိ ရေချိုးသည်။ မိ ရေချိုးတာကတော့ မကြာပါ။

မိ ရေချိုးပြီးစအချိန်လောက်မှပင် ဖုန်းမြည်လာပါသည်။

"မမမိမိ ... အစ်ကိုကြီးဆက်တယ်"

အတွတ် လှမ်းပြောတာကြောင့် မိ ဖုန်းလာ



ကိုင်ရသည်။

"မောင်လား ... မိပါ"

"မိ စကော့ဈေးထွက်မသွားသေးလို့ တော်သေးတယ်၊ မိ အိမ်ကအထွက်မှာ မောင့်ရုံးကို တစ်ချက်ဝင်ပေးစမ်းပါ မိ၊ မောင် အိမ်မှာ ဖိုင်လ်တစ်အုပ်ကျန်ရစ်ခဲ့တယ်၊ စားပွဲပေါ်မှာ မိ တွေ့လိမ့်မယ် ... အဖုံးညိုနဲ့"

"အော် ... မိတွေ့သားပဲ၊ မောင် မလိုလို့ထားရစ်ခဲ့တာမှတ်လို့၊ မောင်ကတော့ လယ်ထွန်သွား နွားမေ့ပဲ"

"ဟာ ... ကြုံတုန်းကြိုက်တုန်း အရေးထဲ ဆုံးမသွန်သင်နေပြန်ပြီကွာ၊ ကဲပါ ... မိ အိမ်ကထွက်ရင်ယူခဲ့၊ ရုံးရောက်ရင် တွေ့တဲ့တစ်ယောက်ယောက်ကိုသာပြောလိုက်၊ ဦးဇော်ရှင်းကိုပေးပေးဖို့ ... နော်၊ အပေါက်ဝမှာ တစ်ယောက်လွှတ်ထားမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မိ,က ဖုန်းကိုချကာ အဝတ်အစား ကမန်းကတန်း လာလဲလိုက်ပါသည်။ တော်ကြာ ... ဖိုင်လ်ကို မောင် အကြာကြီးစောင့်နေရအုံးမည်။ မောင်တစ်ယောက်ဟာ တစ်ခါမှ ခုလိုမေ့မကျန်တတ်ဘဲ ဒီနေ့မှ ဘာတွေလောပြီး မေ့ပါလိမ့်။ မနက်ကသွားခါနီး မွှေးကြိုင်နေတာကိုပဲ ပြန်သတိရမိကာ ... မိမိမြိုင်က ဖိုင်လ်ကို ဆွဲယူလိုက်ပါသည်။ ဖိုင်လ်ထဲမှာ သေသေချာချာ ကလစ်မိအောင်ဖိညှပ်

www.burmeseclassic.com

www.burmeseclassic.com



မထားသည့် စာရွက်နှစ်ရွက်သုံးရွက်က မိ ဖျတ်ခနဲဆွဲအယူမှာ ဖိုင်လ်ကြားထဲကလွင့်ကျပြီး ကြမ်းပေါ်ကြဲပုံ့သွားပါသည်။

ထိုစာရွက်တို့ကို ကုန်းကောက်လိုက်သော မိသည် တစ်ခုသောစာရွက်ကို ကောက်အယူတွင် မျက်မှောင်ကလေးတွန့်သွားရပါသည်။ ထိုစာရွက်မှာ မျက်နှာပြင်တစ်ခုလုံး ပြည့်မတတ် ... လှလှရှိန်ဆိုသည့်အမည်တွေ တွေ့လိုက်ရ၍တည်း။ ခပ်သော့သော့လက်ရေးစောင်းနှင့် ကြီးတာတစ်မျိုး သေးတာတစ်မျိုး ... လက်မှတ်ထိုးသလိုလည်း ရှုပ်ယှက်မခတ်။ အမည်အလုံးအရေအတွက်ပေါင်း မြောက်မြားစွာရေးထားသည်မှာ မောင့်မှင်ရောင် မောင့်လက်ရာဆိုတာ မြင်ရုံနှင့်ပင် မိ ရိပ်မိပါသည်။

မိသည် ရင်တလှပ်လှပ်ခုန်လာကာ စာရွက်ကို ကြက်သေသေကာ ကြည့်နေမိပါသည်။ ဒီနာမည်ကို ဒီလောက်ထိ အထပ်ထပ်ရေးခြစ်စရာ မောင့်မှာ ဘယ်လိုအတွေး ... ဘယ်လိုခံစားချက်များ ရှိနေလို့ပါလဲ။ မိအမည်ကိုပင် မောင်အခုလို အရေအတွက်များစွာ ရေးခြစ်ထားတာ မိတစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့ပါ။

လှလှရှိန်အမည်ကို မောင် ဘာကြောင့် ဤမျှစိတ်လွှတ်လက်လွှတ် ရေးခြစ်ထားသနည်း။ မိ့သည် ဒေါသဖြစ်သလိုလို ဝမ်းနည်းသလိုလို ရင်ထဲပြည့်နင့်ကာ မောကျပ်လာသည်။ မောင် ရိုးရဲ့လား ...။ မောင် ရိုးမှရိုးပါရဲ့လား။ တစ်စုံတစ်ရာကို ပေးဆပ်လက်လွှတ်လိုက်ရသလို မိ့ရင်ထဲ လစ်ဟာကာ ... တစ်ခုခုဖြစ်တော့မလို စိတ်တွေ



ထင့်၍လေးလံလာသည်။

ပထမဆုံး မောင်ဟာ အလှအပကို စိတ်ဝင်စားလာသည်။ မိ အလှမပြင်တာ ... တစ်နည်းအားဖြင့် လှမနေတာကို ဂရုပြုမိလာသည်။ ဒီအတွက် မိ့ကို အပြစ်တင်လာသည်။ ပြီးတော့ ဒီနေ့မနက်မှာ စ,သတိထားမိတာဖြစ်သော်လည်း မောင်ဟာ သူ့ကိုယ်သူ ကြည့်ကောင်းမွေးကြိုင်နေအောင် သ,လာပုံရသည်။ ပြီးတော့ ဒီစာရွက်ကို မိ လက်ဆုပ်လက်ကိုင်မြင်ရသည်။

တစ်စတစ်စ ဖြစ်ပျက်လာသမျှ အချက်အလက်တို့က ဘာကိုရည်ညွှန်းနေလေသနည်း။ မိ့သည် အတော်စိတ်ထိခိုက်ကာ စာရွက်ကို ဖိုင်လ်အကြားထဲ နေရာတကျ ဖြည်းညင်းစွာ ပြန်လည်ညှပ်ထည့်လိုက်ပါသည်။ မောင် ... မောင် ဖောက်ပြားနေလေပလား။ ဖိုင်လ်ကိုကိုင်ကာ မိသည် အိမ်ထဲမှ ဖြည်းညင်းစွာ ထွက်လာပါသည်။

"တံခါးလာပိတ်ကြယော့ ... ငါအပြင်သွားလိုက်အုံးမယ်"

အိမ်ထဲ လှည့်ပြောပြီး ကားပေါ်တက်ကာ ... မောင့်ရုံးဆီ ဦးတည်မောင်းထွက်လာခဲ့သော မိ့သည် လမ်းတွင် အကြိမ်ပေါင်းများစွာ သတိလွှတ်လွှတ်သွား၍ ကိုယ့်စိတ်ကိုယ် ကားမောင်းသည့်အထဲ မနည်းပြန်လည်ဆွဲနှစ်ထားရပါသည်။ မောင်တို့ရုံးတည်ရှိရာ ခြံဝင်းတံခါးပေါက်သို့ ရောက်သည်ဆိုလျှင်ပင် ... ဝင်းတံခါးဝ၌ မိန်းကလေး ငယ်နှစ်ယောက်ကို တွေ့လိုက်ရ၍ မိ့က ကားကို ၂၁

www.burmeseclassic.com



ထိမဝင်တော့ဘဲ ခြံဝ၌ အရှိန်သတ်ကာ …

"ဦးဇော်ရှင်းကို ဒီဖိုင်လ်လေး တစ်ဆိတ်လောက်ပေးပေးနိုင်မလားကွယ်"

"အော် … ဟုတ်ကဲ့မမ၊ ဆရာမှာထားပါတယ်"

"ဒါဖြင့် … မဝင်တော့ဘူးနော် … ရော့ … ရော့"

မိက ဖိုင်လ်ကို ကားပြတင်းမှ လက်ထုတ်ကာပေးလိုက်လျှင် ကောင်မလေးနှစ်ယောက်က တရိုတသေယူကာ ခြံဝင်းထဲ ပြန်လျှောက်ဝင်သွားကြပါသည်။ မိ,သည် ကားကိုမထွက်မိသေးဘဲ … သုံးထပ်တိုက်ကြီးဆီ အဓိပ္ပါယ်မဲ့မဲ့ ငေးစိုက်၍ တစ်ခဏကြည့်နေမိသည်။ အဲဒီတုံး သုံးထပ်တိုက်ရဲ့နံဘေး ကားဂိုဒေါင်ဆီမှ ထွက်လာကာ … သုံးထပ်တိုက်ရှိရာ သွက်သွက်လျှောက်ဝင်သွားသည့် လူတစ်ယောက်ကို ဖျတ်ခနဲ တစ်ခဏလေးတွေ့လိုက်ရပါသည်။

"ဟင် … "

မိသည် မျက်မှောင်ကုတ်ကာ တွေတွေကလေးကျန်ရစ်သည်။ အပြာနှင့်အနက် ကန့်လန့်စင်း စပို့ရှပ်ကြောင့် စိတ်ထင့်သွားရတာပင်။ အံ့သြစရာတော့ကောင်းသား။ မျက်နှာကို သဲသဲကွဲကွဲမမြင်လိုက်ရဘဲ ဘေးတိုက်လောက်သာ ဖျတ်ခနဲမြင်လိုက်ရသည့်တိုင် … ထိုသူဟာ မိ,နောက်ပါနေတတ်သည့် မစ္စတာ ကန့်လန့်စင်းနှင့် အတော်တူသား။ မိ,ရ ဟုတ်များနေရော့လား။

မနက်က သူ့ကိုတွေ့လိုက်ရတုံးက အပြာနှင့်



အနက်ကန့်လန့်စင်း ဝတ်ထားသည်မှာ ခုမြင်ရပုံအတိုင်း တစ်ထပ်တည်းပဲ။ တစ်ယောက်တည်းလိုပဲ။ မိ,သည် စိတ်ထဲ ကလိကလိ ယားကျိကျိနှင့် အတော်ကိုခံရခက်လာကာ ဘာမှမထူးတဲ့အဆုံး ကားကိုသာ ရုံးခြံဝင်းရှေ့မှ ဆောင့်ခနဲ မောင်းထွက်လာခဲ့မိပါတော့သည်။

တစ်လမ်းလုံး မိ စိတ်တို့ … မနားမနေအလုပ်များနေသည်။ တိုက်ဆိုင်မှုသက်သက်လား။ အပြာနှင့်အနက်ဆိုသော်လည်း နက်ပုံပြာပုံ အမျိုးမျိုးရှိနိုင်ပါလျက် ခုဟာက … တူကိုတူနိုင်လွန်းလှသည်။ ဆံပင်ပုံလည်း ရိုးတိုးရိတ်တိတ်အမြင်၌ပင် အတော်ဆင်သည်။ ထိုသူဟာ မောင့်ရုံးကို အဝင်အထွက်ရှိနေတာလား။ ဒါမှမဟုတ် … ဘယ်လိုလဲ … ။ ဒီရုံးကလား။

မိမိမြိုင်သည် အော်ဟစ်ပစ်လိုက်ချင်လောက်အောင် ရင်ထဲ မခံချိမခံသာဖြစ်လာလေသည်။ ဒေါသထွက်ထွက်နှင့် စကော့ဈေးကို ဘယ်လိုကဘယ်ပုံ ရောက်လာလိုက်သည်ပင်မသိတော့ပါ။ ဈေးရောက်လျှင် ကားရပ် … ကားပေါ်ကဆင်းလာပြီးကတည်းက ဒိုက်စိုက်စိုက်နှင့် မိ ဈေးရုံထဲ ဝင်လာခဲ့ပါသည်။

နောက်ဖက်ကို ခါတိုင်းလို နောက်ကြောင်းခလုံ့စွာ လှည့်လှည့်ကြည့်မနေမိဘဲ … စိတ်ချလက်ချရှိခဲ့၍ နောက်ပါးမှာ ဘယ်တုံးကတည်းက ကန့်လန့်စင်းပါနေသည်ကိုမသိတော့ပြီ။ အိပ်ရာခင်းစ,တွေရောင်းသော ချည်ထည်တန်းမှာ လိုချင်သည့်အဆင်အသွေး ရွေးချယ်ဝယ်ယူပြီးသော

www.burmeseclassic.com

www.burmeseclassic.com



အခါ အထုပ်ကြီးက ကြီးကြီးမားမား လေးလေးလံလံဖြစ်နေပြီ။

မိ,သည် ပခုံးတစ်ဖက်စောင်းအောင် တနင့်ကြီးဆွဲကာ ပြန်ထွက်လာသည်။ ကြွပ်ကြွပ်အိတ်ကိုင်းက လက်ဖဝါးမှာ နာကျင်လာလိုက်၊ အထုပ်ကိုအောက်ခဏချလိုက်၊ ပြန်ဆွဲလျှောက်လိုက် ... လေးလာလိုက် ခဏချလိုက်။ ဤသို့နှင့် ဈေးရုံကြီးထဲမှထွက်ကာ ကားရှိရာ ဦးတည်လာနေစဉ်တွင် တစ်နေရာ၌ အထုပ်ချကာ ခဏအရပ်ဘေးတစ်ဖက်က အကျီဆိုင်မှာ ချိတ်ထားသော မှန်ချပ်ထဲ မိကိုယ်မိ ထင်းခနဲလှမ်းမြင်လိုက်ရကာ ဘာရယ်မဟုတ် အကြည့်စိုက်သွားမိစဉ် ...

"ဟင် ... "

မိသည် မှန်ထဲ ရဲရဲစူးစူးကြည့်ပြီး တအံ့တသြ ဒေါကန်သွားပါသည်။ ကိုယ့်ပုံရိပ်ရဲ့နောက်မှာ အနက်နှင့် အပြာ ကန့်လန့်စင်း။ ထိုကန့်လန့်စင်းကိုတွေ့လိုက်ရသည်မှာ ဒီတစ်ကြိမ် ဘယ်လိုဒေါပွကာ စိတ်တိုမှန်းမသိ။ ကြိုဖူးသမျှ၌ ဒေါသအဖြစ်ဆုံးတစ်ခါပင်။ မောင့်ဖိုင်လ်ထဲက စာရွက်ထဲ လုလုရှိန်နာမည်တွေ တစ်ပြုံကြီးမြင်ပြီးကတည်းက ဒိန်းခနဲထွက်သွားသော ဒေါသအစိုင်အခဲကြီးကို ကိုယ့်ဟာကို မလုံမလဲ ခပ်ရှက်ရှက်နှင့် မသိကျိုးကျင်ပြုသလို ထားမိသမျှ ... ခုမှ အကြောင်းရှာပေါက်ကွဲပြီထင်သည်။

ဝယ်ရင်းခြမ်းရင်း စိတ်ကိုဘာမှမဖြစ်သလို ... နည်းဖြေသိမ့်ထားသမျှ ဤတစ်ချက်၌ ... တရားခံတပ်



ရာ ရသွားသလို ထွက်ပေါက်လွတ်လွတ်ကြီးတစ်ခုတွေ့ကာ ရုတ်တရက် ဝုန်းခနဲသွေးဆူသွားလေသည်။ ချာခနဲ အနောက်ဖက်လှည့်ကြည့်လိုက်ပုံမှာ မမျှော်လင့်ဘဲ မြန်ဆန်နိုးကပ်လှသဖြင့် နောက်ကလိုက်နေသော ကိုလတ်သည် တုံ့ခနဲရပ်ရာမှ ခြေထောက်ချင်းပင် ခလုတ်တိုက်မိမတတ်ဖြစ်သွားရလေသည်။

မိသည် ကိုလဝ်မျက်နှာကို စူးရဲစွာစိုက်ကြည့်လိုက်ရင်း ခက်ထန်မာကြောသော လေသံနှင့် စကားစ,လိုက်ပါသည်။

"ဒီမှာ ... မင်း ငါ့နောက်ကိုဘာကိစ္စ လိုက်နေတာလဲ"

"ဗျာ ... "

"မဗျာနဲ့၊ အမှန်ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ မင်း ဒီလိုလိုက်နေတာ ကြာနေပြီ၊ ငါဘယ်လောက်အနောက်အယှက်ဖြစ်ရတယ် မှတ်သလဲ၊ ပြော ... ပြောစမ်းပါ၊ ဘာကြောင့် မင်းလိုက်နေတာလဲ"

"ဟို ... ဟို ... ကျွန်တော် ... အ ... အစ်မကို လိုက်ကြည့် ... မိ ... "

"ဘာလိုက်ကြည့်တာလဲ၊ ဘာအတွက်လိုက်ကြည့်တာလဲ"

"ဟို ... ဟို ... "

"ငါ ကလေးအမေဆိုတာကို မင်း သိတိုသိတယ်၊ ငါ့ကလေးကို ငါကျောင်းပို့နေတာ မင်းမမြဲတွေ့တယ်၊

www.burmeseclassic.com



ဒါနဲ့တောင် ဆက်လိုက်လိုက်နေတယ်၊ ဘာသဘောလဲ၊ မင်းဘာဖြစ်လို့ ဒီလိုလိုက်ရတာလဲ"

မိအသံမှာ ကျယ်လောင်နေ၍ ကိုလတ်သည် သောဘီကို ခပ်ရှက်ရှက်နှင့် တစ်ချက်နှစ်ချက် မျက်လုံး ကစားလိုက်ပါသည်။ အနီးတဝိုက်ဆိုင်တွေမှာ အတော်ကို နီးကပ်လှ၍ လုံးစေ့ပတ်စေ့ကြားကို ကြားကြမှာပင်။ ဖြတ်သွားဖြတ်လာသူတချို့ဟာလည်း ငဲ့စောင်း၍ ကြည့်သွားကြပါသည်။

မိမိမြိုင်က ဗိုးပတ်ဝန်းကျင်ဆီ တစ်ချက်က လေးမှပင် ဂရုမစိုက်သော်လည်း ကိုကိုလတ်ကား လူပျိုလူရွယ်ကလေးပီပီ အတော်ကို မွန်ထူကာ မျက်နှာနီမြန်းလာရလေသည်။ အတော်ကို ဖြောင်ကျသည့်မိန်းမပေပဲ။ ကလေးအမေဖြစ်တာရော ဘာရောတော့ တစ်ရှိန်ထိုးကြီး ပြောချမပစ်သင့်ပါဘူး။

ကိုလတ်သည် ခေါင်းကိုကုတ်မိကာ ချာခနဲထွက်ပြေးဖို့အထိပင် စဉ်းစားကြည့်မိပါသည်။ သို့ပေမယ့် သူ့ခြေအစုံမှာ မိမိမြိုင်ရှေ့မှောက်၌ တောင့်တောင့်ကြီးရပ်နေမိရာမှ ဘယ်လိုမှလှုပ်ရှားရွေ့လျားမရ။ မိမိမြိုင်ကိုလန့်ကာ စိုက်စိုက်ကြီးသာ ကြည့်နေမိသည်။

"ပြောလေ ... ဘာမျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတာလဲ"

"ဟို ... ဟို ... ကျွန်တော် ဘာပြောရမှာလဲ"

"မင်း ... ငါ့နောက်ကို ဘာကြောင့်လိုက်နေသလဲ"



"ဟို ... ကျွန်တော်ပြောပြီးပြီပဲ ... အစ်မကို ... ကြည့် ... ကြည့် ... "

"တော် ... မဖြစ်နိုင်ဘူး၊ မင်းအပြုအမူတွေက ထူးခြားနေတယ်၊ ငါကလေးအမေဆိုတာ မင်းမသိဘဲ မနေဘူး၊ သိကိုသိတယ်၊ ဟုတ်တယ်မှလား"

"ဟို ... ကျွန်တော် ... "

"သိရင်သိတယ်ဖြေ ... ဝေ့လည်ကြောင်ပတ်မလုပ်နဲ့"

ကိုလတ်သည် ဘာဖြေရမည်မသိဘဲ ချွေးပြန်လာသည်။ မိမိမြိုင်က မျက်နှာကိုပို၍ ခက်ထန်ပစ်လိုက်ရင်း ...

"သိတယ် ... မဟုတ်လား"

"ဟုတ်"

"ဘာဟုတ်လဲ၊ သိရင်ဘာကြောင့်လိုက်နေလဲ၊ အမှန်အတိုင်းဖြေ"

"ကျွန်တော် ... မဖြေတတ်တော့ဘူးဗျာ"

"ကဲ ... ဒါဖြင့် ... မင်း အခု စကော့ဈေးကို ဘာဖြစ်လို့လာသလဲ"

"ဟို ... အစ်မနောက် လိုက်လာတာ"

"ဘာငါ့နောက်လိုက်လာတာလဲ၊ လမ်းမှာ မင်းပါမလာပါဘူး၊ စကော့ဈေးကို မင်းဟာမင်း သက်သက်မဲ့လာတာ"

ကိုလတ်သည် ခေါင်းကုတ်လိုက်၊ ပါးကုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြစ်နေသည်။ ရုတ်တရက် မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရ၍ ဘာဖြေလျှင် အဆင်ပြေမည်ဆိုတာကိုလည်း သူ/မစဉ်းစားနိုင်တော့ပါ။

"ငါ ဘာတာဈေးပြောင်းဝယ်တယ်၊ နောက်နေ့ကျ မင်းသိပြီး လိုက်လာနိုင်တယ်၊ ရန်ကင်းဈေးပြောင်းဝယ်တယ်၊ မင်းလိုက်လာနိုင်ပြန်တယ်၊ ကဲ ... အခု စကော့ဈေးကိုလဲ ပါလာပြန်ပြီ၊ ငါဘယ်သွားမှာကို မင်း သိကိုသိနေတယ်"

"ဗျာ ..."

ဒီတော့မှာ ကိုလတ်ဲ လန့်သွားကာ ...

"မသိပါဘူး အစ်မ"

"ဘာမသိပါဘူးလဲ၊ ဒါဖြင့် ငါ့နောက် မင်းဘာကြောင့်လိုက်ရတယ်ဆိုတာ မင်းပြောနိုင်လို့လား၊ ငါ့ကိုလိုက်ကြည့်တယ်ဘာညာ လာမရှုံးနဲ့၊ ငါ့ကို စိတ်ဝင်စားရအောင် ငါက မင်းရဲ့အစ်မအရွယ်မကဘူး၊ ငါကမွေးရင် ငါ့သားလောက်ရှိတယ်"

ကိုကိုလတ်သည် ပြုံးစေ့စေ့ဖြစ်သွားရင်း ...

"အစ်မကလဲ ... အစ်မသားလောက်တော့ မရှိပါဘူး"

"ဘာလို့မရှိရမှာလဲ၊ မင်း ချာတိတ်ပဲရှိသေးတာ"

"ဘယ်လောက် ချာတိတ်တိတ် ... ကျွန်တော့်အသက်နှစ်ဆယ့်ခြောက်ရှိနေပြီ၊ အစ်မက သုံးဆယ့်နှစ်ပဲရှိပါသေးတယ်၊ အစ်မ ခြောက်နှစ်နဲ့ ကျွန်တော့်ကိုမွေးမှ ... သားအရွယ်ရှိတော့မှာပေါ့"

"တော်စမ်း"

မိ,သည် ဒေါသနှင့်ဟစ်အော်လိုက်ပြီးမှ ...

"ငါ သုံးဆယ့်နှစ်နှစ်လို့ မင်းကိုဘယ်သူပြောလဲ"

"ဟို ... ဟိုဒင်း ... ကျွန်တော် စုံစမ်းကြည့်တော့"

"တိတ် ... အပိုတွေ ငါ့ကိုလာမညာနဲ့၊ မိမိမြိုင်ကိုနင်တို့လှည့်စားလို့ရမယ်မှတ်နေသလား ... ဟင်ပြောစမ်း၊ ငါ့ကို အနုံအ,အ မှတ်နေသလား"

"နင်တို့လို့ ပြောရအောင် ကျွန်တော်တို့က အဖွဲ့အစည်းနဲ့ အစ်မနောက်လိုက်နေတာလဲမဟုတ်ရပါဘူးဗျာ၊ ကျွန်တော်တစ်ယောက်တည်းပါ"

မိမိမြိုင်သည် ဒေါသထွက်ထွက်နှင့် အသားတွေပင် အေးစက်တုန်ရီလာကာ ...

"အပိုတွေမပြောနဲ့၊ ငါသိတယ်၊ ငါအားလုံးရိပ်မိနေတယ် ... ဒီမှာ ... "

မိမိမြိုင်က အထုပ်ကြီးကို ပြန်ကောက်ဆွဲကာ ကိုလတ်နှင့် ပိုမိုနီးကပ်အောင် တိုးရွှေ့ရပ်လိုက်သဖြင့် ... ကိုလတ်က ယောင်ယမ်းထိတ်လန့်ကာ နောက်ဆုတ်လိုက်မိသည်။

"မပြေးနဲ့နော်၊ ငါအော်လိုက်မှာ ... ဘာမှတ်လဲ"

"မပြေးပါဘူးဗျာ"

"ရှေ့တိုး"

"ဟုတ်ကဲ့"

www.burmeseclassic.com



"မင်းနာမည်ဘယ်သူလဲ"

"ဟို … ကိုလတ်ပါ"

"ကိုလတ် … ဟုတ်လား"

"ဟုတ်ပါတယ်"

ကိုကိုလတ်အမည်ကို အိမ်မှာလုံးဝမသိဘူးဟု ဇော်ရှင်းက အပိုင်ပြောထားဖူး၍ ကိုလတ်ကလည်း ရဲရဲဝံ့ဝံ့ပင် အမှန်အတိုင်းပြောလိုက်ပါသည်။

"ဒီမှာ … မင်း (----)ကုမ္ပဏီရုံးကမဟုတ်လား"

"ဗျာ"

ကိုလတ်သည် ဤတစ်ကြိမ်တော့ ခေါင်းနပန်းအကြီးဆုံးပင်။ မျက်လုံးတွေပင် ပြာမိုက်ကာ ခေါင်းတစ်ခုလုံး ချာချာလည်သွားပြီး …

"မဟုတ်ပါဘူးဗျ၊ မဟုတ်ပါဘူး"

"ဘာသွေးရူးသွေးတန်း အော်ဟစ်ငြင်းနေတာလဲ၊ ငါ့ကိုမှန်မှန်ဖြေနော်၊ ငါ့ကိုညာရင် … ငါ ရဲတိုင်ပစ်မယ်"

"ဗျာ"

"ဒီနေ့မနက် မင်းကိုငါ အဲဒီရုံးမှာ တွေ့လိုက်တယ်"

"ဗျာ"

ကိုလတ်သည် မိမိမြိုင်ကို တကယ်ပဲပြောနေတာလား … အစ်အောက်နေသလား အသေအချာအကဲခတ်စိုက်ကြည့်လိုက်ပါသည်။ ဤသို့ အနီးကပ် စူးစိုက်ကြည့်တဲ့အခါမှ ဦးဇော်ရှင်းဇနီးဟာ အတော့်ကိုအကြည့်ခံသောအလှမျိုးပိုင်ဆိုင်သည့် မိန်းမလှတစ်ယောက်ဖြစ်တာ မိုသတိပြုမိလာပါသည်။



မျက်လုံးများက စူးတောက်ရှန်းလက်နေကာ နှာခေါင်းကလေး၊ နှုတ်ခမ်းကလေးတွေကလည်း တစ်ခုချင်းအတော်လှနိုင်အားပါသည်။ နဂိုနေလှပါလျက် … ဒါလေးကို မွမ်းမံရုံကလေး သေသေသပ်သပ် မဖြီးလိမ်းဘဲ ကပိုကရိုဖိုသီဖတ်သီနှင့် ငါးဆယ်နီးမိန်းမကြီးတစ်ယောက်နှယ် ပစ္စလက္ခတ် နေပစ်နေတာကတော့ ဦးဇော်ရှင်းစိတ်ပျက်မည်ဆိုလည်း ပျက်လောက်သော အပြုအမူပင်။

ဦးဇော်ရှင်းကိုယ်တိုင် ငယ်နုချောသန့်နေသေးတာ။ နဂိုလှသော သူ့ဇနီးကလေးကို ကြော့ရှင်းစေချင်မှာပဲပေါ့။ ခုတော့ မိမိမြိုင်ပုံစံက လောကကြီးကို အရှုံးတိုက်ထားသလားပင် ထင်ရသည်။ တကယ်ကိုပဲ အဆင်မပြေလှတဲ့ အိမ်ထောင်ထဲ ရုန်းကန်ဆုတ်နစ် အားပြတ်နေရသည့် မိန်းမကြီးပုံပေါက်နေတော့တာပင်။

"ပြောလေ … ဘာကြည့်နေတာလဲ"

"ဟို … အစ်မက နဂိုလှတဲ့မိန်းမတစ်ယောက်ဖြစ်တာ … တွေးနေ … "

"ဘာ"

ဖြတ်အော်လိုက်၍ ကိုလတ်စကားက တိခနဲရပ်သွားရပါသည်။

"မင်းကများ ငါ့ကိုရိသဲ့သဲ့လုပ်တယ်ပေါ့၊ နင့်ကို ငါ ရဲတိုင်ပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မလုပ်ပါနဲ့အစ်မ … မလုပ်ပါနဲ့ အစ်မ ရယ်"

အတော်ဒေါပွသွားသော မိမိမြိုင်သည် ကိုလတ်ရဲ့ စပို့ရှပ်အကျီလက်မောင်းစကို ဆွဲဆုပ်ကာ ဇွတ်ဆွဲခေါ်၍ ကိုလတ်မှာ ရုန်းပြေးလျှင်လွတ်သော်လည်း စိတ်လက်ညစ်ညူးစွာ တတွတ်တွတ် တောင်းပန်ပါလာရပါသည်။ ဒီအမျိုးသမီးက ယုံရတာမဟုတ်။ တကယ်များ သွားတိုင်နေမှ အရှက်တကွဲ အုတ်အော်သောင်းနင်းတွေ ဖြစ်ကုန်ပါအုံးမည်။

"မလုပ်နဲ့ဆိုရင် မေးတာဖြေ"

မိမိမြိုင်က ခြေလှမ်းရပ်လိုက်သည်။ ဘေးပတ်ဝန်းကျင်သည် အတော်ကို အကဲခတ် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြပေပြီ။

"ဖြေမယ်ဗျာ … ကဲ … ဘာမေးမှာလဲ၊ လက်ကိုလွှတ်အုံး"

"မလွှတ်နိုင်ဘူး၊ မင်း ဦးဇော်ရှင်းရုံးက ဟုတ်တယ် မဟုတ်လား"

ကိုလတ်သည် ညာဏ်နီညာဏ်နက် ညစ်ထုတ်သည်။ ဘာမှထွက်မလာ။

"ဖြီးဖို့စဉ်းစားမနေနဲ့ … ပြော၊ ဟုတ်ကိုဟုတ်တယ်၊ မင်းကိုငါ ရုံးဝင်းထဲတွေ့တယ်၊ ဂိုဒေါင်ကနေ ရုံးဘက်ကူးသွားတာ သေချာမြင်တယ်၊ မင်းဝန်မခံရင် ငါခုချက်ချင်း ရုံးကိုလိုက်သွားပြီး ချပစ်မယ်၊ တစ်ရုံးလုံးသိသိ … မင်း ငါ့နောက်လျှောက်လိုက်နေတာတွေ တစ်ရုံးလုံးသိအောင် ဖော်ပစ်မယ်"



"ဟာ … မလုပ်ပါနဲ့ အစ်မရယ်"

"ဒါဖြင့်ပြော"

"ဟုတ်ပါတယ် … ကျွန်တော် ဦးဇော်ရှင်းလက်အောက်ကပါ"

ဝန်ခံစကား ကြားလိုက်ရလျှင် … မိမိမြိုင်သည် ကိုကိုလတ်ရဲ့ အကျီလက်မောင်းစကို ဖျတ်ခနဲ ဖြေလွှတ်လိုက်ပါသည်။ ရင်ထဲ ဒိတ်ခနဲ ချောက်ချားသွားပြီး မျက်လုံးများမှာ ကိုလတ်ကို စူးစိုက်တိတ်ဆိတ် အကဲခတ်နေလေသည်။ ကြိုထင်မိပြီးသော်လည်း … သေချာနိုင်လုံစွာ ကြားလိုက်၍ … မိ,ရင်ထဲ တစိမ့်စိမ့် ဆွေးပူနာကျင်လာသည်။

"မင်း ဘာကြောင့်ငါ့နောက်လိုက်လိုက်နေသလဲ"

"ဟို … ဒါ … ဒါက … "

"ခုမှတော့ အားလုံးဝန်ခံလိုက်တော့၊ မင်းကို ဦးဇော်ရှင်းခိုင်းတာလား"

ကိုလတ်က ခေါင်းငုံ့ချလိုက်သည်။

"ငါ … ဒီနေ့ ဘယ်ဈေးသွားမယ်ဆိုတာ ကြိုသိနေတယ်၊ ဒီနေ့ ဘယ်ကိုရောက်မယ်ဆိုတာ ကြိုသိနေတယ်၊ နေ့တိုင်းလိုလို ကြိုစောင့်နေနိုင်တယ်၊ သိဘာ တောက်ကာငင်ကာ မနေ့ညနေကမှ စကော့ဈေးသွားဖို့စိတ်ကူးတာယ်၊ ဒီမနက်ပဲ ဦးဇော်ရှင်းကိုပြောပြတယ်၊

www.burmeseclassic.com



မင်း တန်းတန်းမတ်မတ်ပါလာတယ်၊ ငါ့ကိုမညာနဲ့တော့နော်၊ ငါ သိပ်နာကြည်းသွားလိမ့်မယ်၊ လိမ်တာညာတာတွေနဲ့ဆိုရင် ဖြေရှင်းလို့မရဘဲ ဖြစ်သွားလိမ့်မယ်၊ အမှန်ကိုဝန်ခံစမ်းပါ"

"ဟုတ်ကဲ့ပါ၊ အစ်ကို အကူအညီတောင်းလို့ပါ"

"ငါ့ကို ဘယ်အထိလုပ်ဖို့ အကူအညီတောင်းလဲ"

"ဘယ်အထိမှမဟုတ်ပါဘူး၊ အစ်မနောက်က တကောက်ကောက်လိုက်ကြည့်ရုံပါပဲ၊ တခြားဘာမှလုပ်ရမယ် မပါပါဘူး၊ ဒါဟာလဲ အစ်ကိုက ကောင်းတဲ့ရည်ရွယ်ချက်နဲ့သာ ဒီလိုခိုင်းတာပါ၊ မကောင်းတဲ့ရည်ရွယ်ချက်တစ်ခုခုနဲ့ ကြံစည်ကြိုးစားတာ မဟုတ်ရပါဘူး အစ်မရယ်"

"မင်းဆရာရည်ရွယ်ချက် ကောင်းသလား မကောင်းသလား ငါသိတယ်၊ မင်း ဘာမှရှေ့နေမလိုက်နဲ့"

"ဟုတ်ကဲ့"

"နောက် ... တခြားဘယ်သူတွေကိုရော ဘာတွေခိုင်းသေးလဲ၊ ငါနဲ့ပတ်သက်ပြီး"

"ဘယ်သူ့ကိုမှ ဘာမှမခိုင်းပါဘူး အစ်မ၊ ကျွန်တော်တစ်ယောက်ကိုပဲ အစ်ကိုခိုင်းတာပါ"

မိမိမြှိုင်သည် သက်ပြင်းကြီးတကာရှိုက်၍ ဝမ်းနည်းတုန်ခတ်လာသော နှုတ်ခမ်းသားကလေးများကို ဖိပွတ်ချေရင်း ... မေးစေ့ကို ဆတ်ခနဲဆတ်၍ ...

"ကဲ ... ဒါပဲ ... မင်းသွားတော့"



"ဟုတ်ကဲ့"

"နောက်နေ့တွေလဲ မင်းလိုက်နေစရာ မလိုတော့ဘူး"

"အစ်မ သိသွားပြီးမှတော့ ကျွန်တော်ကလဲ မလိုက်တော့ပါဘူး အစ်မရာ"

"အေး ... ကောင်းတယ် ... သွားတော့"

ကိုကိုလတ် စိုက်စိုက်စိုက်စိုက်နှင့် လှည့်ထွက်သွားတာကို တစ်ခဏစိုက်ကြည့်နေပြီးမှ ... မိ,သည် အထုပ်ကြီး ခပ်လေးလေးဆွဲ၍ ကားရှိရာ ဆက်လျှောက်လာပါသည်။ ကိုလတ် မျက်စေ့ရှေ့မှာမရှိတော့မှဘဲ ဟန်ဆောင်စရာမလိုတော့ကာ ဝမ်းနည်းမှုတွေ၊ မခံချင်မှုတွေ ရင်ထဲတလိပ်လိပ် လျှံတက်လာကာ ကားဆီမရောက်ခင်ကတည်းက နှာသီးဖျားတွေ မျက်ဝန်းတွေ ရဲနေပြီ။

ကိုယ့်မိန်းမတစ်ယောက်လုံးရဲ့နောက်ကို ကောင်ချောချောတစ်ကောင်ကို တမင်တကာ လိုက်စေသည်ဆိုတဲ့ယောကျာ်းတစ်ယောက်ရဲ့အပြုအမူမှာ ဘာသဘောကိုဆောင်သနည်း။ စဉ်းစားရခက်လှစရာဖြစ်ပေမယ့် အသေးလေးတွေအားလုံး ဆက်စပ်လိုက်တော့ အဖြေက လယ်ပြင်ဆင်သွားအထင်းသားပေါ့။

သူ ဖောက်ပြန်နေမိလို့ ... သူ့အပြစ်ကိုဖုံးကွယ်ဖို့ မိထံမှာအလားတူ အပြစ်ရှိလာအောင် ဖန်တီးတာ။ မိ,က ဘာမှမဟုတ်တာ မလုပ်တာတောင် လူတွေရိပ်မိပြောဆိုကုန်ကြပြီရယ်လို့ သူ နှုတ်ကိုစုပ်စွဲမှာ။ သူ့မိတ်ဆွေတစ်ယောက် မြင်တယ်ဆိုပြီး သူတစ်ခွန်းထည့်ပြီပြီလေ။ သူ

www.burmeseclassic.com

ဖောက်ပြန်နေသူကမှကော သူ့ရှုံးက လုလှရှိန်ကလွဲပြီး ဘယ်သူဖြစ်အုံးမှာတဲ့လဲ။ လူကို အနံ့အ,အ ... သူလှည့်စားလို့ရမည့်သူများ မောင်က ထင်နေရော့သလား။

ဆဲဖြူ

# ၁၀

သားနှစ်ယောက်ကိုကျောင်းကြို့ အိမ်ပြန်ပို့ ... တစ်ခုခုကျွေးမွေးပြီးမှ မိသည် အထပ်ထပ်နမ်းရှုပ်ကာ အိမ်မှ ဟန်မပျက်ထွက်လာသည်။ အဝတ်အစားသယ်ဖို့ဝေးလို့ အိမ်ပေါ်ကဆင်းတာကိုပင် အတွက်တို့၊ မိယုတို့ကအစ ... အိမ်ကကောင်မလေးတွေ သိမှာရှက်လှပါသည်။ စိတ်နာလွန်းသွားလို့သာ ဖွတ်ဆုံးဖြတ်ရတာ။ မိ,သည် ကိုယ်ပြုထားသော အိမ်ထောင်တစ်ခု တကယ်ပဲ ပြိုပျက်ရတော့မည်ကို ချောက်ချားမောဟိုက်ဆို့နင့်လှသည်တည်း။

တစ်ကြိမ်မှမထားရစ်ဘူးသော သားနှစ်ယောက်ကို ဖွတ်ထားရစ်ခဲ့ရသည်မှာ မိ အသည်းတွေပင်ကြေတော့တတ်ပင်။ သားတွေခေါ်သွားလို့ ဘယ်ဖြစ်ပါ့မလဲ။ ဖောက်ပြန်ချင်

www.burmeseclassic.com



သောယောကျာ်းက ပို၍အကြိုက်ကျကာ မိန်းမကို ခေါ်တင်လိုက်ရုံပေါ့။ သူ ရုံးကပြန်ရောက်လို့ ဒီကိစ္စအားလုံး သိကြလျှင် အတွတ်တို့မောင်နှမလည်း ··· အစ်မ,မရှိဘဲ အိမ်ပေါ်ယောင်ဝေါင်ဝေါင်နှင့် ယောက်ဖမျက်နှာကြည့်ကာ နေရထိုင်ရ ခက်ကြပေမည်။

သို့ပေမယ့် ဒါတွေကို အသေးစိတ်လိုက်ငဲ့နေလို့ မဖြစ်ပေဘူး။ နှစ်ဦးသား ချစ်ကြိုက်လို့ယူထားပြီးကာမှ ကိုယ့်ကိုပစ်ကာ အသစ်ရှာ ဖောက်ပြန်တာကိုတော့ ··· မိ လုံးလုံးသည်းညည်းခံခွင့်ပြုမထားနိုင်ပေ။ တခြားချို့ယွင်းချက်မျိုးကို အတတ်နိုင်ဆုံး ··· သည်းခံလိုက်လျှော့ဦးမည်။ သစ္စာမဲ့တာကိုတော့ အရွံဆုံးအမုန်းဆုံး အရှက်ဆုံးပါပဲ။

ခုက ပိုတောင်ရှက်ဖို့ကောင်းသည်။ သူဖောက်ပြန်ရုံတင်မဟုတ်။ ကိုယ့်မိန်းမနောက်ကိုပါ တစိမ်းယောကျာ်းကို တကောက်ကောက်လိုက်စေပြီး လိုက်လံပိုးပန်းခိုင်းသေးတာ။ တော်တော်ယုတ်မာသည်။ ဇော်ရှင်းကို ဘယ်တုံးကမှ ဤမျှအကျင့်တန်မည် မထင်ခဲ့မိ။ စိတ်ထားဖြောင့်မတ်သူ ရယ်လို့ပင် ယုံကြည်လေးစားမိခဲ့သေးတာ။

အခု ··· ဒင်းလုပ်ပုံက မိမိမြိုင်အဖို့ ကိုယ့်မျက်နှာကိုယ် စားနှင့်လို့ပစ်ဖို့ပဲ ကောင်းပါတော့သည်။ ပစ္စလက္ခတ် ··· ။ ကိုယ့်မိန်းမကို နည်းနည်းကလေးမှ တန်ဖိုးမထားဘဲ ကလေကချေပြုမူလိုက်တာ၊ ရက်ရက်စက်စက်အကျင့်ယုတ်တာ ··· ။ မိတစ်ကိုယ်လုံး ဒေါသတွေနှင့်ဆတ်





ဆတ်ခါနေသည်။

"မမမိမိ ဘယ်အချိန်ပြန်ရောက်မှာလဲ"

တစ်ခါမှ ဒီအချိန်အပြင်ထွက်လေ့မရှိ၍ မိယုက မေးသည်။

"မသိဘူး၊ မိယုတို့ စားချိန်တန်စား၊ လုပ်ချိန်တန်လုပ်၊ မမမိကို မစောင့်ကြနဲ့၊ ကလေးနှစ်ယောက် ဂရုစိုက်၊ ကြားလား"

"ဟုတ်ကဲ့"

မိမျက်နှာကို သူတို့အကဲခတ်မိနိုင်သလား၊ မခတ်နိုင်သလား မိ,မသိ။ ဘာမှမပါဘဲ ပိုက်ဆံအိတ်တစ်လုံးနှင့် ကားပေါ် ပေါ့ပေါ့ပါးပါးတက်သွားတဲ့ မိမိမြိုင်ဟာ စိတ်အခန့်မသင့်လျှင် ဒီလိုပဲ မှုန်ကုပ်ကုပ်မို့ ဒီထက်ကျော်၍လည်း မေးဝံ့ပုံမရ။ မိ,သည် ကားပေါ်ရောက်သည်နှင့် တာ့တာထွက်လုပ်နေသော သားငယ်လေးကိုငဲ့မကြည့်မိအောင် ကားကို ဝူးခနဲမောင်းထွက်ပြီး ခြံပြင်ထိ ကားဘီးမရောက်ခင်ပင် ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

အိမ်က ကိုယ့်ထက်အငယ်တွေ၊ ကလေးတွေ၊ ကိုယ့်ကိုအားကိုးသူတွေရှေ့ ဟန်အဆောင်ကြီးဆောင်ကာ ··· လူမြှေဂုဏ်သိက္ခာမပျက်အောင် အောင့်အည်းခဲ့ရပေမယ့် ··· သူတို့ရှေ့က ကွယ်တာနှင့် မိ,ခံစားချက်ကို ထိန်းမရတော့။ မိ,ဟာ အိုကြီးအိုစာနှင့် လူမှုရေး၊ အိမ်ထောင်ရေးကိုအပေါ် စိတ်ကုန်ခန်းပြီဖြစ်သော မိန်းမတစ်ယောက်လည်းမဟုတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



မိ စိတ်ထဲတော့ … သားကြီး နှစ်တန်းရောက်လာပေမယ့် … မောင်နှင့်ပေါင်းရတာ ခဏပဲရှိသေးသည်လို့ ထင်ခဲ့တာပဲ။ အဘူနေလို့ ချစ်လို့ဝလောက်ပြီလည်း မအောက်မေ့။ တစ်နေ့တစ်နေ့ ဒီအဖေ ဒီသားတွေပါသော ဒီမိသားစုကလေးကိုစွပဲ ခေါင်းထဲ ဒါပြီးဒါ။ သူတို့ကို ဘာချက်ကျွေးရာလဲ။ သူဝို့ကို ဘာဝယ်ပေးရမလဲ။ သူတို့မှာ ဘာလိုအပ်သလဲ။ သူတို့ကို ဘာလုပ်ပေးရင် အဆင်ပြေမလဲ။ သူတို့နေကောင်းရဲ့လား။ သူတို့ကိစ္စထဲသာ စုံးစုံးနစ်ကာ ဒါကိုပဲ ဘဝဆိုပြီးပျော်ပိုက်ကောင်းတုန်း … ။

ရင်ထဲ နှစ်သိမ့်ကြည်နူးပျော်ပိုက်ရပေမယ့် … အပင်ပန်း အနွံတာခံလိုက်ရတာဆိုတာကတော့ ခြေကုန်လက်ပန်းတောင် ကျနေပါပြီ။ ကိုယ့်ဖို့ ကိုယ့်ကိစ္စဆိုတဲ့ ကိုယ်ရေးအတွက်ကိစ္စတို့ကို အားလုံးပစ်ပယ်ပစ်လိုက်ပြီး … မောင့်ဖို့ … သားကြီးဖို့ … သားငယ်ဖို့ … ဒါကိုသာပဲ ရှေ့ရှုစဉ်းစားဦးတည်ရာထားနေတဲ့ မိန်းမတစ်ယောက်ကို ဒင်းက စိတ်ကုန်သစ္စာမဲ့ချင်ပြီပေါ့။

အေး … ရှင်သိစေရမယ် ဦးဇော်ရှင်း။

ရှင့်မိန်းမဟာ လှကြောင်း၊ ကောင်းကြောင်း၊ တော်ကြောင်း … ရှင်လက်လွှတ်ရမှာ နှမြောတသ နောင်တရစေရမယ်။ ဒီနေ့ ရှင့်အိမ်ပေါ်ကဆင်းသွားပြီး နောက်နေ့မှာ ရှင်မျက်စေ့ပွတ်ကြည့်ရမယ့် မိန်းမတစ်ယောက်ဖြစ်နေစေရမယ်။ မိမိမြိုင်သည် မျက်ရည်လည်ရွဲနှင့် အရူးတစ်



ယောက်လို စိတ်ကူးချင်သလို စိတ်ကူးပြီးနောက် တကယ်ပဲ … အင်းလျားလမ်းက The Look ကို ကားအရင်ဆုံး ဦးတည်လိုက်ပါသည်။

ဒီညအဖို့ ဘယ်မှာအိပ်ဖို့၊ ဘယ်သူ့အိမ်တက်ဖို့၊ ဘာဆက်လုပ်ဖို့ နောက်မှစဉ်းစားမယ်။ ပထမဦးဆုံး မိမိမြိုင်ဟာ အင်မတန် လှပနုရွ စမတ်ကျသော ကြော့ရှင်းသပ်ရပ်သည့်မိန်းမတစ်ယောက်အဖြစ် ဟုတ်ခနဲပြောင်းလဲသွားရမယ်လေ။

မိသည် အလှပြင်ဆိုင်ထဲ တံခါးတွန်းဖွင့်ဝင်သွားလိုက်သည်။

"ညီမ … မလာတာကြာလှပြီ၊ ဘာလုပ်မလဲ ညီမ၊ ထိုင်"

မိသည် တစ်ခဏစဉ်းစားလိုက်ပြီး …

"ဆံပင်ကို စတက်ပ်လုပ်ပြီး ဝေ့ဗ်ထည့်ချင်တယ်၊ တအား ကောက်ဖွားဖွားမဟုတ်ဘူးပေါ့၊ မိအရွယ်နဲ့ လိုက်အောင်လေ၊ ပြီးတော့ မျက်နှာပေါင်းမယ်၊ အော် မဟုတ်ဘူး၊ တစ်ကိုယ်လုံးပေါင်းမယ်၊ ဆံပင်လဲပေါင်းမယ်၊ ခြေသည်းလက်သည်းတွေ အလှပြင်မယ်၊ မမ ရယ် … ငယ်ထိပ်ကနေ ခြေဖျားထိပေါ့၊ ပြင်လို့ရတာ အားလုံးပြင်မယ်"

www.burmeseclassic.com



တံခါးပွင့်သွားသည်ဆိုလျှင် တံခါးဝ၌ မညို မေမေရဲ့ အဆောတလျင် စူးစမ်းသောမျက်နှာရိပ်က ဦးစွာ ပေါ်လာကာ … မိမိမြင့်ကိုမြင်လျှင် အားလျော့သက်ပြင်း ရှိုက်လိုက်ပုံနှင့် …

"အော် … သမီးကိုး … လာ … ဝင် … မိမိ"

မိသည် အဘွားကြီးရဲ့အမူအရာကြောင့် စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်ကာ …

"အန်တီ နေကောင်းလား"

"နေတော့ကောင်းပါတယ်ကွယ်၊ စိတ်တော့ ဘယ်ကောင်းနိုင်ပါ့မလဲ၊ မိမိတို့လဲ သတင်းကြားရောပေါ့"

မိသည် ဇဝေဇဝါနှင့် အိမ်ထဲလှမ်းဝင်လိုက်ရကာ …

"မညိုရော … အန်တီ"

"ရှိပါတယ်၊ သူလဲ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေတာပဲ၊ အိမ်ထောင်ရေးဆိုတာ တစ်ယောက်နဲ့တစ်ယောက် လိုတာပိုတာ ညှိပြီး နားလည်မှုရှိမှလေ၊ အန်တီက ညိုညိုအောင့်အမေဆိုပေမယ့် တစ်ဖက်သတ် မမြင်ဘူးကွဲ့၊ ညိုညို့မလဲ အပြစ်တွေရှိတာပဲ"

"ရှင် … "

မိသည် ဆက်တီတစ်ခုတွင် ခပ်ဖြည်းဖြည်းဝင်ထိုင်လိုက်ကာ … မညိုအမေမျက်နှာကို အကဲခတ်၍ ကြည့်နေမိလေသည်။



"ဟဲ့ … အကြီးမ … သွား … နင့်အမေသွားခေါ်ချည်၊ ဒီမှာ အန်တီမိရောက်နေတယ်ပြော"

ညှော်ခန်းမှာ အရုပ်တစ်ရုပ်နှင့်ငြိမ်နေသော မညိုသမီးအကြီးမလေးသည် နေရာမှ ငိုင်ငိုင်ကလေးထ,ကာ အတွင်းဘက်သို့ ဝင်သွားလေသည်။

"မိ ဘယ်ကကြားလဲ"

"ဟို … မိ … "

"အင်းလေ … မောင်ရဲနောင်ဘက်ကစကားတွေ … မောင်ဖော်ရှင်းကတစ်ဆင့် ကြားမှာပေါ့လေ၊ သူ ဘယ်ရောက်နေသတဲ့လဲ"

"မိ … မသိဘူး အန်တီ"

"အေးလေ … မောင်ဖော်ရှင်းတို့တော့ သိချင်သိမှာပေါ့၊ မိသူငယ်ချင်းကို တရားလေးဘာလေး ချစမ်းပါအုံးကွယ်"

မိ,သည် အခြေအနေကို အပေါ်ယံဖြင့် ခြုံငုံရိပ်မိနိုင်လေပြီ။ ကိုရဲနောင် အိမ်မှာမရှိ။ တစ်နေရာရာကို ရောက်နေသည်။ အိမ်ပေါ်ကဆင်းသွားသလား၊ လင်မယားကွဲကွာကြသလား … တစ်ခုခုပင်ဖြစ်လိမ့်မည်။ ကိုယ့်အိမ်၌ အဆင်မပြေဖြစ်ကာ ဆင်းလာပြီး တစ်ညတလေ ခိုနားမလားကြံရွယ်မိပါသည်။ ခုလိုဖြင့်ခက်နေပြီ။

မိမိမြင့်ရဲ့မိဘတို့က တောင်ကြီးမှာ။ ညတွင်းချင်း ဆင်းသွားကာ အရောက်သွားဖို့ဆိုတာ ဖြစ်နိုင်လှ၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတလေကတော့ဖြင့် တစ်အိမ်အိမ်၌ စတည်းချကွန်း ခိုရတော့မည်ဖြစ်ရာ … မိက … မညိုအိမ်ကို ရွေးချယ်ခဲ့မိပါသည်။ မညိုက အေးဆေး၍ သိပ်လည်းမစပ်စု …။ သူများအရေးလည်း စွက်စွက်ဖက်ဖက် … ဝင်ပါဝေဖန်မှာ မဟုတ်။

မချောစုအိမ်ထက်စာလျှင် မိအဖို့ နားအေးစိတ်အေး လူအေးစွာ သက်တောင့်သက်သာ ပိုရှိနိုင်လိမ့်မည် ထင်ခဲ့တာ။ ခုတော့ သူတို့အိမ်ထောင်စုထဲမှာပင် ပြဿနာကြီးနှင့်။ မိ ဘယ်လိုလုပ်ပြီး ဒီမှာကွန်းခိုရမည်နည်း။ ကိုယ့်အခက်အခဲပြဿနာကို ဘယ်လိုဘယ်နည်းဖြင့် ပြောရမည်နည်း။ ယောက်ျားဆင်းသွားလို့ အိမ်တွင်းရေးပူလောင်နေခိုက် … အိမ်ပေါ်ကဆင်းလာသော မိန်းမတစ်ယောက်အဖြစ်ဖွင့်ပြောဖို့တောင် သင့်ပါရဲ့လား။

မိ,သည် သက်ပြင်းအခါခါချမိဆဲ … မညို အတွင်းခန်းမှ ထွက်လာပါသည်။ အစကတည်းက အပြင်အဆင်လုံးလုံးမရှိဘဲ ဖြစ်သလိုပုံစံပေါက်နေသော မညိုမှာ အိပ်ရာထဲ ဘယ်နှစ်ရက်လူးလိမ့်ငိုထားသည်မသိ။ မျက်နှာမှာ နွမ်းနယ်စုတ်ပြတ်ကာ … အကြည့်ရဆိုးနေပါသည်။ နွမ်းကြေလှသည့် အဖြူရောင်ဘလောက်စ်လက်ပြတ်တစ်ထည်နှင့် ပါတိတ်တစ်ပတ်နွမ်း ညိုတိုတိုကို ဝတ်ဆင်ထားသည်မှာ တော်ရိလျော်ရိ ဆန်လှပါသည်။

မိ,လို မပြင်မဆင်မှုနှင့် မောင်ဝေဖန်တာခံနေ



ရသော မိန်းမသည်ပင် မညိုထက်တော့ ဆယ်ဆသာပါသည်။ ညိုညိုအောင်သည် မိ နံဘေး ဝင်ထိုင်လိုက်ကာ …

"အမလေး မိ,ရယ် … မိ,မှာတော့ လှနိုင်ပနိုင် စိတ်ချမ်းသာနိုင်လိုက်တာ … ညိုတော့ဖြင့် သေတောင် သေလိုက်ချင်တယ်၊ ညို ဘာဆက်လုပ်ရမလဲ မိ,ရယ်၊ ပြောပါအုံး … ညို့ဘက်က ဘာတွေမှားလို့လဲ"

ပြောရင်းဆိုရင်း ညိုညိုအောင်က မိ ပခုံးတစ်ဖက်ပေါ် မျက်နှာမှောက်ပြီး ငိုချလိုက်ပါသည်။ မိသည် အလွန်စိတ်ကျဉ်းကျပ်သွားကာ ပခုံးကြီးကို တောင့်ခံထားပေးရင်း …

"ကိုရဲနောင်က ဟို … ဟို … အိမ်ပေါ်ကဆင်းသွားတာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ဒီနေ့ပါဆို လေးရက်ရှိပြီလေ မိရဲ့၊ မိနဲ့တွေ့သေးလား"

"ဟင့်အင်း … မတွေ့ပါဘူး"

"ကိုဇော်ရှင်းနဲ့တော့ တွေ့မှာပေါ့ … သူ ဘာပြောလဲ"

"ဟို … မောင် … မောင်နဲ့လဲ တွေ့ပုံမရဘူး၊ မောင် ဘာမှမပြောဘူး၊ သူနဲ့တွေ့ရင် သူပြန်ပြောပြမှာ သေချာပါတယ်"

"ဟယ် … ဒါဖြင့် မိ ဘယ်လိုသိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မိ မသိပါဘူး၊ မိ ဒီလိုပဲ လာလည်လိုက်တာ"

"အို ... မိရယ်၊ ကြည့်စမ်း ... လာလည်တဲ့သူ စိတ်ညစ်ရအောင် ကိုယ်တို့အိမ်မှာ ပြဿနာကဖြစ်နေတာ၊ သူကတော့ စိမ်းစိမ်းကားကားပြတ်သွားလိုက်တာလေ၊ လေးရက်တိတိပြန်ပေါ်မလာဘူး၊ ကိုယ်သာ တကယ်တမ်းကျ မပြတ်နိုင်လို့ သူ့ဆီကသတင်းစကားပဲ မျှော်နေရတာ"

မညိုအမေက မညိုကို မျက်စောင်းရွယ်ကာ

"မပြတ်နိုင်ဘဲနဲ့များ သံယောဇဉ်ပြတ်သလိုလို ... သံယောဇဉ်ဖြတ်မလိုလို ညည်းပဲ တတွတ်တွတ်ပြောနေတာပဲ ညိုညိုအောင်ရဲ့"

"အို ... ညို ရိပ်သာဝင်ချင်လို့ ဝင်ချင်တယ်ပြောတာ၊ တရားအားထုတ်ချင်လို့ ထုတ်ချင်တယ်ပြောတာပဲ မေမေကလဲ"

"ညည်းက တကယ် တရားရိပ်ခိုချင်တာမှမဟုတ်ဘဲ၊ ကိုယ်လွတ်ရုန်းပြေးချင်တာပဲ၊ ဖွဲ့မရှိတာ ... ညည်းလိုဟာမျိုး တရားသွားအားထုတ်တော့ရော တရားစစ် တရားမှန် ပေါက်မှာတဲ့လား၊ အိမ်ထောင်ရယ်လို့ပြုမိမှ လင်လဲ လင့်တာဝန်ကျေရတာပဲ ... မယားလဲ မယားတာဝန်ကျေရတာပဲ၊ ညည်းကိုအလုပ်ထွက်ရင်ထွက်ပါလို့ ... မောင်ရဲနောင်ရော ငါရော ပြောသားပဲ၊ နှစ်မျိုးမနိုင်ရင် ... မလုပ်မဖြစ်တာကို ရွေး



ရတော့မှာပေါ့၊ အိမ်မှုကိစ္စ ဗာဟီရ ... လင့်တာဝန်၊ သားတာဝန်ဆိုတာတွေဟာ မိန်းမတိုင်းမှာရှိတာ၊ ငါလဲ ဒီတာဝန်တွေ ပိခဲ့တာပဲ၊ ညည်းတစ်ယောက်မှ မနိုင်ရင်ကာ ... ထမ်းရွက်နေရတာမဟုတ်ဘူး၊ အိမ်ထောင်ရယ်လို့ပြုခဲ့ပြီးမှ ဒါတွေမလုပ်ချင်ဘဲ တရားကျောင်းကို လက်လွတ်ထွက်ပြေးလို့ မရဘူး ... ညိုညိုအောင်"

"လူမှာ ကိုယ့်ဟာနဲ့ကိုယ် ပင်ပန်းရတဲ့ကြားထဲ ... သူ ဟင်းမကြိုက်လို့ တစ်မျိုးစီမံပေးရသေးတယ်၊ အပြင်မှာ အလုပ်လုပ်တာချင်းတူတူ သူက ကိုယ့်ကိုတစ်ဆင့် ထပ်ခိုင်းချင်တာ၊ ဒါကိုသိလို့ကို အလုပ်ကမထွက်တာပေါ့၊ ထွက်မိရင် ... ဒီထက်အခိုင်းခံရမှာ"

"သူ မှန်လွန်းလို့မဟုတ်ဘူး၊ သူလဲ မှားတာတွေ လွန်တာတွေရှိမယ်၊ ဒါပေမယ့် ညည်းကကို သူ့ကိုတွက်ကပ်နေတာ၊ ပေတောပြီး ထိုးအိပ်ပစ်တာ ...၊ ကလေးနေမကောင်းတာကြီးကို သူ့လက်ထဲ ထိုးအပ်ပြီး ဓမ္မာရုံဇွတ်ထွက်သွား တရားနာနေတာ၊ မိန်းမတွေလောက် ကိုယ်ကျိုးမစွန့်နိုင်လို့ ယောကျ်ားဖြစ်နေတဲ့ဟာတွေကို သွားစမ်းတာကိုးအေ့၊ လင်ရောသားရောပစ်ခဲ့ပြီး ကတုံးရိတ်မယ်၊ တောထွက်မယ်နဲ့ ... သကြိန်အမြောက်လို အခေါက်တစ်ရာလောက် ခြိမ်း

www.burmeseclassic.com

www.burmeseclassic.com



လားခြောက်လား လုပ်ခဲ့တာကိုး ... တကယ် သံယောဇဉ်ပြတ်သလေး ဖြတ်နိုင်သလေးနဲ့ အဆံမပါဘဲ အသံချည့်ကြိမ်းဝါးနေတာကြာတော့ သူတင်မကဘူး၊ မအေတောင် နားကြားပြင်းကတ်တယ်အေ့၊ ညည်းလား တောထွက်နိုင်တာ၊ တောထဲမှာ ငိုနေမှာ၊ ငယ်ကတည်းက အပျင်းကထူ ... ခွဲကမရှိ၊ လုပ်ဖို့တောင်ပျင်းလို့ မလုပ်တလုပ်ဖြစ်နေတာသာကြည့်၊ ကျောခင်းချင်တယ်၊ လက်ဖက်လေးစား ဝတ္ထုပဲဖတ်နေချင်တယ်၊ ကလေးဖျားတာတောင် ငါနဲ့ဖအေလုပ်သူအရင်သိတယ်၊ ညည်းက ညည်းအေးရင် ပြီးရော၊ ယောကျ်ားတွေဟာ ယေဘူယျအားဖြင့် မိန်းမတွေထက် တစ်ကိုယ်ကောင်းဆန်တာ ညည်းမှတ်ထား၊ ဟော ... ခုတော့ နင်ပြတ်သလို ငါလဲပြတ်တယ်၊ လုပ်သွားတော့ ငိုနေရတာ ဘယ်သူလဲ၊ ပြတ်တယ်ဆိုရင် ငိုမနေနဲ့၊ အဲပြီးဖြတ်ပစ်လိုက်၊ ရဲနောင် ... မကောင်းဘူးဆိုတာတွေဟာ သူမှထူးပြီးမကောင်းဘဲဆိုးနေတာမဟုတ်ဘူး၊ ယောကျ်ားတစ်ရာမှ တစ်ရာလုံး ဒီမကောင်းတာမျိုးတော့ ရှိကြတာချည်းပဲ၊ အသစ်ရှာဖောက်ပြန်မသွားဘဲ ဆင်းရဲဆင်းသွားတာကိုပဲ ကျေးဇူးတင်လိုက် ...၊ ညည်းပြတ်နိုင်ရင် ဘာလို့တစ်နေကုန်ငိုနေလဲ၊ မိရေ လေးရက်ရှိပြီ၊ အန်တီပဲ ထမင်းချက်၊ အန်တီပဲ အဝတ်လျှော်၊ အန်တီပဲသိမ်းကြုံးလုပ်၊



သူက ငိုကောင်းတုန်း၊ အိပ်ရာထဲ မှောက်ငိုရတာပဲဖိမ့်ကျနေပုံပဲ"

"အမေက ပြောလိုက်ရင် ကိုယ့်သမီးကိုယ် ... ရစရာတောင် မရှိဘူး၊ ဒီအိမ်ထောင်ကိစ္စ ဗာဟီရဆိုတာ ဘယ်လောက်ပင်ပန်းတယ်မှတ်ထားသလဲ၊ အမေလဲ ကြုံဖူးသားနဲ့"

"ကြုံဖူးတယ်၊ ဒါကြောင့် ညည်းတို့ အပျိုလူပျိုပေါက်တွေရောက်လာကတည်းက ဒီလိုရှိတယ် ... ဒီလိုရှိတယ်ဆိုတာတွေ ဗဟုသုတရှိအောင် အမြဲပြောနေခဲ့တာပဲ၊ မီးဆိုတာ ပူတယ် ... ပူတယ် တတွတ်တွတ်နဲ့ ဘယ်လောက်ပြောပြော ... အပူဟပ်မခံရမချင်းလူဆိုတာ ယုံခဲသေးတာ၊ ညည်း ဒီလောက်အေးအေးသက်သာနေချင်ရင် အစကတည်းက အပျိုကြီးလုပ်ပါလား၊ ယောကျ်ားယူခဲ့တယ်၊ ကလေးမွေးခဲ့တယ်၊ အထိုက်အလျောက်တော့ ဒုက္ခဆင်းရဲ ခံရမှာပဲအေ့၊ ဒီအတွက် ညည်းကျမှ ထူးညည်းမနေနဲ့၊ မိတို့၊ ချောစုတို့ဆီက ညည်းစကား တစ်ခါမှမကြားဖူးရဘူး၊ ခွဲရှိမှပေါ့ ညီညီအောင်ရယ်၊ ကိုယ်တစ်ယောက်တည်းကွက်ကြုံရတဲ့ ဒုက္ခဆင်းရဲလဲမဟုတ်ဘဲ ညည်းကျမှဘာဖြစ်လို့ ထူးပြီး မခံနိုင်ဖြစ်နေသလဲ"

မိ,သည် ဘာမှဝင်မပြောနိုင်ဘဲ စကားဝါသာ အခြေအတင်အပြန်အလှန် ကိုင်နှားထောင်နေမိပါသား

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲ တိတ်ဆိတ်စွာ လာရောက်စုဝေးနေသော မညို ကလေးတွေကိုကြည့်ကာ ရင်ထဲ တလှပ်လှပ်ဆို့နင့်ခံစားလာ ရသည်။ ဒီအခြေအနေမှာ မိ,အဖြစ်ကိုမိ ဘယ်လိုလုပ် အန် ထုတ်ပြရမှာပါလိမ့်။

မဖောက်မပြန်ဘဲ သစ္စာရှိသေးတာက တော်လှ ပါပြီ မညိုရယ်လို့တော့ စိတ်ထဲမှ ခပ်တိုးတိုးနှစ်သိမ့်နေမိ သည်။

နေ့လယ်ကတည်းကတော့ အိမ်ပြန်ရောက်လျှင် ပြဿနာပဲဆိုတာ ကြိုသိနှင့်ပြီးသားပါ။ ကိုလတ် ရုံးပြန် လာပြီးပြောပြသောအခါ ... သူသည် အကျဉ်းအကျပ်ကျ ကာ စိတ်တိုလျက် ...

"မင်းကလဲကွာ ... ဖွတ်ငြင်းပြီး လစ်လာခဲ့တာ မဟုတ်ဘူး၊ ဘာဖြစ်လို့ သွားဝန်ခံလိုက်ရတာလဲ ... ညံ့ပါ့ကွာ"

ဟောက်ပစ်လိုက်လေသည်။

"သူက ကျွန်တော့်ကို မနက်ကရုံးမှာမြင်ပြီးနေပြီဥစ္စာ ချစ်ကိုရာ၊ ငြင်းမရပါဘူး၊ သူက ရုံးအထိ ကျွန်



တော့်ကိုခေါ်လာပြီး ဒီရုံးက ဟုတ်မဟုတ် ဂုတ်ဆွဲ မေးတော့မလိုဘဲ၊ ရုံးမှာလာချဲမယ် တကဲကဲလုပ်နေ တာ၊ ညာလို့လဲ မရနိုင်တော့ပါဘူး၊ အနေအမြန် ပေါ်လာတော့မှာမို့ ကျွန်တော် ဝန်ခံလိုက်ရတာ"

ဇော်ရှင်းသည် စိတ်ရှုပ်သွားသော်လည်း ဒီထဲ ကပင် ခပ်ညည်းညည်းရယ်မောနိုင်ပါသေးသည်။ ဒီလောက် ထိ ပြဿနာကြီးမားလိမ့်မည်လို့တော့ ထင်ကိုမထင်ခဲ့။ အိမ် ပြန်ရောက်တဲ့အခါ မိအပြင်သွားသည်ဟု မိယုတို့ ဆီးပြော တော့လည်း ဒီလိုရယ်လို့မထင်သေးပါ။ အခန်းထဲရောက်ကာ မှန်တင်ခုံမှာကပ်ထားသည့်စာမြင်မှပင် ... ဒိန်းခနဲ သွေး ပျက်သွားရပါသည်။

ဦးဇော်ရှင်း ...

ရှင်ဖောက်ပြန်နေတိုင်း ကျွန်မကိုပါ ဖောက် ပြန်ရေးမဖြစ်ဖြစ်အောင် ရက်ရက်စက်စက် ယုတ်ယုတ် မာမာ ထောင်ချောက်ဆင်တာကတော့ ယောကျ်ား မပီသလွန်းရာကျပါတယ်၊ ရှင့်ဖောက်ပြန်မှုကို ဝန်ခံ မယ်ဆိုရင် တစ်ရက် ရင်ဆိုင်ဖြေရှင်း စာရင်းရှင်းမယ်၊ ဒီကြားထဲ ရှင်နဲ့အတူ မနေနိုင်ဘူး။

မိမိမြိုင် ...။

ဇော်ရှင်းသည် စာရွက်ကိုပစ်ချကာ ... ဟား

www.burmeseclassic.com



ခနဲ့ အမောဆို့ ဟစ်အော်လိုက်မိသည်။ နှစ်တန်းသားကြီးက ဖော်ရှင်းပစ်ချသော စာရွက်ကိုကောက်ကာ တစ်လုံးချင်း စာလုံးပေါင်းဖတ်နေလေသည်။ ဖော်ရှင်းကား ဘာလုပ်ရမည်ကို မသိတော့။ တစ်ခါမှ ဤလိုကိစ္စ မကြုံကြိုက် မတွေးဆဘူး၍ အကြံအိုက်ကာ မူးမိုက်၍ပင်သွားသလိုပင်။ အခန်းပြင်ပြေးထွက်ကာ အိမ်ရှိသမျှလူ ဟစ်အော်ခေါ်၍ မီ ဘယ်အချိန်ကထွက်သွားလဲ ဘယ်သွားမယ်ပြောသလဲ ... ဘာတွေယူသွားသလဲ မေးရသည်။

"ဘာမှမပြောသွားဘူး အစ်ကိုကြီး၊ ဘာမှလဲ မပါပါဘူး၊ ခါတိုင်း အပြင်သွားသလိုပဲ အိတ်လွယ်ပြီး ထွက်သွားတာပဲ၊ ဘာဖြစ်လို့လဲဟင်"

"နင်တို့အစ်မက အိမ်ကဆင်းသွားတာဟေ့၊ ငါ့ကို မဟုတ်တရုတ်စွပ်စွဲပြီးတော့ ထွက်သွားတာ၊ ငါဘာမှမလုပ်ရပါဘူးဟာ၊ သူစွပ်စွဲတာကလဲ လုံးလုံးလျားလျားမဟုတ်ဘူး၊ တောက် ... ဒုက္ခပဲ၊ ဘာလုပ်ရမှန်းမသိတော့ပါဘူးကွာ"

"မမကြီး ဒီနေ့ညပြန်မလာဘူးပေါ့၊ နက်ဖြန် သားကျောင်းမှာ သင်္ချာစာမေးပွဲဖြေရမှာ၊ မမကြီးမရှိရင် သားကို သင်္ချာတွေ ဖေဖေကြီးပဲ သင်ပေးစစ်ပေးတော့"

"အေးပါကွာ၊ မင်းစာမေးပွဲက ဘာစာမေးပွဲလဲ"

"သုံးရက်ဖြေပြီးရင် နွေရာသီကျောင်းပိတ်ပြီ၊ နောက်



ဆုံးစာမေးပွဲဖြေရမှာ"

"ဟေ ... ဟုတ်လား ... မြန်မာစာက စ,မစစ်ဘူးလား"

"ဒီနေ့ မြန်မာစာဖြေလာတာလေ"

ဖော်ရှင်းကား သားစာမေးပွဲလည်း မသိခဲ့ရ၊ နွေကျောင်းပိတ်တော့မှာကိုပင် အမှုမဲ့အမှတ်မဲ့ သတိမပြုမိပါ။ ထိုညအဖို့ ဖော်ရှင်းမှာ ထမင်းတောင်မစားနိုင်ပါ။ လက်ပေါက်ကပ်၍ ရှမ်းတတ်လှသော သားကြီးကို ညလုံးပေါက် သင်္ချာကျက်ပေးရသည်မှာ ခေါင်းတွေခြောက် စိတ်တွေတိုလာသည်။ ကျောင်းကသင်နည်းကို သားကြီးက လက်ကိုင်ပြုထား၍ ကိုယ်လွယ်သလို သင်ပြသော ဖော်ရှင်းနှင့် ငြင်းကာခုန်ကာ သားကြီးလည်းငို ... သူလည်းဒေါပွ။

ရဲနောင်အိမ်က ဆင်းသွားတာ ဒီညနေမှသိရ၍ ... ရဲနောင်အိမ်ကိုတော့ ဖုန်းဆက်ဖို့ ဝန်လေးနေမိသည်။ ညီညီအောင်ကို ဖြေသိမ့်စကား သူ မပြောတတ်ပါ။ ဒါကြောင့် အောင်ခိုင့်အိမ်ကိုသာ ဖုန်းခေါ်သည်။ အကြိမ်ကြိမ်ကိုင်မည့်သူမရှိတော့မှ ဖုန်းပျက်နေသည်ယူဆရကာ နောက်တစ်ရက်မှပဲ မီ ရှာပုံတော်ထွက်ဖို့ စိတ်ခုံးခုံးချရပါတော့သည်။

နောက်တစ်နေ့နံနက်၌ အန်တီသင်းက ဖုန်းဆက်ကာ ဒီနေ့ ရုံးကိုလာအားလျှင်လာမည်၊ မလာအားလျှင် မလာတော့ဘူးဆိုတာ အကြောင်းကြားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးမှာ နိုင်ငံခြားသားဘော့စ်မရှိခိုက် ဇော်ရှင်းသာ လူကြီးပဲမို့ ... ရုံးမတက်နိုင်တာအတွက် ပြဿနာလုပ်မည့်သူမရှိပါ။ လိုအပ်လျှင် အိမ်ကိုဖုန်းဆက်ဖို့ ကိုလတ်ကို ရုံးရောက်လျှင် ဖုန်းဆက်ခိုင်းဖို့တွေသာ မှာလိုက်ရသည်။

"ဦး ... ကလေးတွေ ခုထိမထ,သေးဘူး၊ ကျောင်းရှိတာ အချိန်တောင်ကပ်နေပြီ"

"အော် ... အေး ... ငါနှိုးလိုက်မယ်"

ဂျမ်းဘုံလာပြောမှပဲ မနက်မနက် သူနိုးခါနီးတွေမှာ ... သားနှစ်ယောက်ကို တဖွဖွခေါ်နှိုးနေတတ်သော မိအသံကြားရတတ်တာ သတိရသည်။ အမေ မနှိုးတော့ ဘသားချောတို့ကလည်း ကန်အိပ်နေသည်။ နာရီကိုကြည့်ကာ သူ့သားတွေကို အပြေးနှိုးရလေသည်။ လူးလိမ့်တွန့်လိမ်နေကြ၍ တင်ပါးတွေကို ခပ်ဆတ်ဆတ် တဖြန်းဖြန်း ရိုက်ပစ်ရသည်။

"ဟော့ ... အငယ်ကောင် ကျောင်းတက်တာ ရှစ်နာရီလား၊ ရှစ်နာရီခွဲလား"

"မသိဘူး ဖေဖေကြီး"

"မသိဘူး ... ဦး"

"မိယု မေးကြည့်စမ်း၊ ဟော့ကောင်တွေ ဘာငိုင်နေတာလဲ၊ မျက်နှာသွားသစ်ကြ"

"မမယုတို့ စာမေးပွဲအနီးကပ်တွေစ,နေလို့ မမယုကော ကိုတွတ်တော ဒီမနက် ခုနစ်နာရီကတည်းက





ထွက်သွားကြပြီ ဦး"

"ကောင်းကွာ၊ အားကိုးစရာကို မကျန်ဘူး"

ဇော်ရှင်းက တိုးတိုးတောက်ခေါက်ကာ ...

"ကဲ ... ထမင်းဗူးတွေဘာတွေ ပြင်ထား"

"ဟို ... ဟို ... ဘာချက်မလဲ ဦး မပြောလို့ ဘာမှချက်မထားဘူး၊ ခု ... ခုမှ ... ဦးပြောမှ ရွှေမိကချက်ရမှာ"

"ဘာ ... "

ဇော်ရှင်းမှာ ဒေါပွသွားကာ ... ရေခဲသေတ္တာဆီ တဝုန်းဝုန်းလျှောက်သွားပြီး အပေါ်ဘက် အသားငါးထည့်သည့်အံကို ဖွင့်လိုက်လျှင် သားငါးတွေက အပြည့်အစုံအလျှံပယ်နေသည်။

"ဒါတွေ ဒီလောက်ရှိရက်သားနဲ့ နင်တို့ ကြံဖန်ချက်ထားပါလား၊ ဘာပဲချက်ချက် ကြက်ဥဘဲဥကြော်ကြော်ပေါ့၊ တစ်ခုခုဖြစ်အောင် ကြံစည်ပြီးချက်ရင်ရတာပဲ၊ မိုးလင်းကတည်းက ဘာထိုင်လုပ်နေကြလဲ"

"ထမင်းအိုးတည်ပြီး ဘာချက်ရမှန်းမသိတာနဲ့ အဝတ်တွေလျှော် ... လျှော် ... "

"ကျောင်းထမင်းဗူးထည့်ဖို့ ဘာမှမချက်ဘဲ နင့်ကြီးဒေါ်အဝတ်တွေ လျှော်စရာလား၊ ခု အိမ်က စားသွားဖို့ရော"

"ကော်ဖီပဲရှိတယ် အစ်ကိုကြီး၊ ပေါင်မုန့်ကကုန်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ မနေ့ညက လမ်းထိပ်ထွက်ဝယ်ရမှာ၊ အစ်ကို ကြီးကလဲမပြောတော့ မဝယ်ရဘူးလားလို့၊ ကျွန်မ လဲ မပြောရဲတာနဲ့"

"တောက် ... ဘာမှအသုံးမကျတဲ့ဟာတွေ၊ ကိုယ့် အကြံဉာဏ်နဲ့ကိုယ်ကိုမရှိဘူး၊ ဒါဖြင့် ကလေးတွေ ကျောင်းကို အခု ဘာထည့်မှာလဲ ဟင်၊ အိမ်ကနေ လဲ ဗိုက်ဟောင်းလောင်းနဲ့ထွက်ရအုံးမယ်"

အဲဒီတုန်း အိမ်ရှေ့တံခါးဝမှ ဘဲလ်သံ ဒီခနဲ မြည်လာပါသည်။

"ကျွတ် ... အရေးထဲ စောစောစီးစီး ဘယ်ကသြ္ဘ သည်လဲမသိဘူး"

ဇော်ရှင်းသည် စိတ်မရှည်တော့ကာ ခြေကို ဆောင့်နင်း၍ အိမ်ရှေ့ထွက်သွားသည်။ တံခါးဝတွင် လူရွယ် လေးတစ်ယောက်က ငါးဆင့်ချိုင့်တစ်လုံးကိုင်၍ ရပ်နေရာ ခပ်မှုန်မှုန်ကြည့်ရင်း ...

"ဘာကိစ္စလဲ"

"ကျောင်းက ... ဆွမ်းဟင်းချိုင့်"

"ဘာ ... ဘာကျောင်းကလဲ"

"ဦး ... ဒါဘုန်းကြီးကျောင်းက ဆွမ်းချိုင့်၊ တစ် လတစ်ခါ ကျွန်မတို့အလှည့် ရောက်တာ"

"တစ်လတစ်ခါ ... ဒါဖြင့် ဒီနေ့ ဒီချိုင့်ထဲ ဟင်း ထည့်ပေးရမှာပေါ့"



"ဟုတ်ကဲ့"

"ဘယ်မလဲ နင်တို့ဆွမ်းဟင်း၊ ဟင် ...၊ ဆွမ်းချိုင့် ရှိတဲ့ရက်ဆိုရင်လဲ ပိုပြီးတော့တောင် ဝီရိယပိုပိုနဲ့ ချက်ပြုတ်ထားရအုံးမယ်၊ ခုဘယ်လိုလုပ်မှာလဲ ဟင်"

စွတ်ဟောက်နေသော ဇော်ရှင်းကြောင့် ရွှေမိ မျက်စောင်းရှယ်ကာ ...

"ကျွန်မတို့ ပြက္ခဒိန်မှ သေချာမကြည့်တတ် မမှတ် တတ်တာ အစ်ကိုကြီးရဲ့၊ တစ်အိမ်လုံး ဘယ်သူမှ အတိအကျမသိဘူး၊ မမမိပဲ မှတ်ထားတာ၊ မမမိပဲ သိတာ၊ မမမိက နက်ဖြန် ဆွမ်းချိုင့်နေ့ ... ဘာ ချက်ဘာချက်ဆိုရင်ကျမှ ကျွန်မက ချက်ပေးရတာ"

သူ့မသိတာကိုပါ ရစ်ကာသီကာ သွယ်ဝိုက် ထောက်ပြလိုက်သေး၍ ဇော်ရှင်းမှာ ရွှေမိကို နားရင်းပင် အုပ်ပစ်လိုက်ချင်သော်လည်း ဒေါသကို မျိုချလိုက်ရပါသည်။

"ဒီ ... ဒီလိုလုပ်ပါ ညီလေး၊ ချိုင့်ထားခဲ့လိုက်၊ ကိုယ် ကလေးကျောင်းပို့ရင်းနဲ့ အပြင်ကဝယ်ပြီး ... ကျောင်းကိုလာပို့ပါ့မယ်၊ ဒီနေ့က အိမ်မှာမေ့ပြီး မ ချက်ထားမိလို့ပါ၊ ကိုးနာရီလောက်အမီ လာပို့ပါ့မယ် နော်"

ကောင်ကလေးက ခေါင်းကုတ်ရင်း မဆုံးဖြတ် တတ်သလိုဖြစ်နေပြီးမှ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟု သိပ်မကျေ လည်သလို ပြောရင်း ... ချိုင့်ကိုထားရစ်ကာ ပြန်သွားပါ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"တစ်လတစ်ခါလေး အလှည့်ကျတာ ကိုယ့်အလှည့်ကျတဲ့နေ့ ထည့်မပေးနိုင်ဘူး၊ ရှက်စရာကောင်းလိုက်တာကွာ ... တောက်၊ နင်တို့တွေ အသုံးကိုမကျဘူး၊ ဆွမ်းချိုင့်မပြောနဲ့ အိမ်စားဖို့တောင် ချက်မထားဘူး၊ ကဲ ... အခု ... သူတို့ကျောင်းထည့်ဖို့ ... ကြက်ဥဖြစ်ဖြစ် ဝက်အူချောင်းဖြစ်ဖြစ်ကြော်လေ ... ဘာငိုင်နေတာလဲ"

"ဟုတ်ကဲ့"

ခိုင်းလိုက်မှပဲ ... နာခံစွာ မီးဖိုထဲဝင်ပြေးတော့သည်။ မခိုင်းသေးသရွေ့ ဘာမှမလုပ်သေးဟု မိန့်ခွန်းထားသလားပင်။ ဇော်ရှင်းသည် စိတ်ရှုပ်ရှုပ်နှင့် အိပ်ခန်းထဲ ခြေသံပြင်းပြင်းနှင့် ပြန်ဝင်လာခဲ့ပြန်သည်။

"ဟာ ... မင်းတို့နှစ်ကောင် ခုထိဘာဖြစ်လို့ ဘာမှမလုပ်တာလဲ၊ တောက် ... ငါချတော့မယ်"

"သွားတိုက်ဖို့ ရေဖွင့်တာ ရေမလာဘူး ဖေကြီး"

"ဘာ ... ရေမလာဘူး၊ ရွှေမိ ... ဂျမ်းဘုံ"

"ရှင်"

"ရေဘာလို့မလာလဲ"

"တိုင်ကီမှာမရှိတော့လို့ပါ"

"မရှိရင် ဘာလို့ရေမတင်လဲ"

"ဟို ... ဟို ... "



နှစ်ယောက်သား အခန်းဝလာရပ်ကာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး သူပြောငါပြော လွှဲချနေကြလေသည်။ ဇော်ရှင်းကား အတော့်ကိုဒေါပွနေပြီ။ သူတို့အိမ်မှာ ဘာအုတ်ကန် ဘာတိုင်ကီမှ ရေဖြည့်ထည့်ထားစရာမရှိဘဲ ... ဘုံပိုင်ဖွင့်၍သာ ရေသုံးရတာပင်။ ရေချိုးကန်၊ ရေချိုးလက်ကိုင်ရေပန်း၊ ဇေစင် အားလုံးကို အသင့်ရေဖွင့်၍ သုံးရသည်ချည်းပင်။ အဝတ်လျှော်လျှင်ပင် ပလတ်စတစ်ဇလုံထဲ ဘုံပိုင်ဖွင့်ချကာ လျှော်တာပင်။

"ဘာလဲ ... ပြော ... ငါ နှစ်ယောက်လုံး နားရင်းအုပ်တော့မယ်"

"မ ... မနေ့ညနေက ရေကုန်လို့ ရေတင်ထားတာ၊ တင်ရင်းက မော်တာအသံဝင်ပြီး သူ့ဟာသူရပ်သွားတာပဲ အစ်ကိုကြီး၊ မမမိလဲမရှိလို့ ကျွန်မတို့ဘာသာတင်တာ၊ မရပ်ခင် ရေတက်သလောက်ပဲ အပေါ်တိုင်ကီမှာကျန်မှာ၊ မော်တာနားသွားတော့ နည်းနည်းညှော်တယ်၊ မော်တာနည်းနည်းလေး လောင်လားမသိဘူး"

"ဘာနည်းနည်းလောင်တာလဲ၊ မော်တာလောင်တာပဲ နည်းနည်းများများ ခန့်မှန်းတတ်လို့လား၊ ရေတင်ပြီး ဆေးကစောင့်လို့ မိ အမြဲမှာနေတာ ငါကြောင်ကြားတယ်၊ နင်တို့ဘာလို့ ဆေးကစောင့်မကြည့်လဲ၊ ရေကိုတင်ထားခဲ့ပြီး သက်သာသလို သွားနေနေကြ

www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ မော့်တာပျက်ပြီပေါ့၊ မပျက်ခင်တင်ထားသလောက်ရေက ခုဘာဖြစ်လို့ တစ်စက်မှမရှိတော့လဲ"

"မနက်က ထမင်းဟင်းချက်တာရယ်၊ အဝတ်လျှော်တာရယ် ... ဖွင့်ချ ... "

"မော်တာပျက်သွားပြီဆိုတာ သိရဲ့သားနဲ့ ရေကိုဘာလို့ မဆင်မခြင်နဲ့ အရေးမကြီးတဲ့နေရာမှာ ကုန်အောင်သုံးပစ်ရသလဲ၊ ဒီအဝတ်တွေက နောက်နေ့မှ လျှော်ရင်ရတယ်၊ အခု မျက်နှာသစ်ဖို့ အိမ်သာတက်ဖို့တောင် ရေမကျန်တာ ဘယ်လိုလုပ်မှာလဲ၊ မော်တာလောင်တာလဲ မနေ့ညက ချက်ချင်းမပြောဘူး၊ တောက် ... "

"အစ်ကိုကြီးမျက်နှာက ပုပ်နေလို့ ... မမမိထွက်သွားတယ်ဆိုလို့ ကျွန်မတို့လဲ မပြောရဲလို့ မပြောမိတာပါ"

"သွားကြ ... သွား၊ ရေခဲသေတ္တာထဲက ရေပုလင်းတွေယူခဲ့ ... ကလေးတွေမျက်နှာသစ်ဖို့"

"ဟုတ်"

ဖော်ရှင်းသည် နားအုံနားရင်းတွေ ကိုက်တက်လာကာ အကြီးအကျယ် ခေါင်းနောက်လျက် မျက်နှာကြီးမည်းမှောင်ရှုံ့တွနေတော့ပြီ။ ကလေးနှစ်ယောက် မျက်နှာသစ်ပေး၊ အကျႌလဲလှယ်ခေါင်းဖြီးပေး၊ သားကြီးလွယ်အိတ်စစ်ပေး၊ ခြေအိတ်စွပ်၊ ဖိနပ်စီး ... စသဖြင့် ဂျမ်းဘုံလုပ်ပေး



တာ လက်မခံကြ၍ ကိုယ်တိုင်ကြဲရသည်မှာ ခရီးမတွင်။ မိ ငါးမိနစ်လုပ်သွားသော အလုပ်ကို သူ့မှာ မိနစ်နှစ်ဆယ်လောက်လုပ်ရပါသည်။

အခန်းတစ်ခန်းလုံးဟာလည်း ညကတည်းက သားငယ်ဆော့သော အရုပ်ဆက်အတုံးတွေ၊ ပုံဆွဲခဲတံ၊ ရောင်စုံခဲ့တံတွေ၊ ခဲတံချွန်ထားသော အမှုန်စ,တွေ ဒီမနက်ချွတ်သော အကျႌဘောင်းဘီဟောင်းတွေ ပွကျဲပြန့်ကာ မိ ... ကျောင်းသွားပို့ခါနီး ကျုန်ရစ်သည့်အခန်းလို သန့်ရှင်းပြီးမကျန်။ ခုတင်ပေါ်က ခေါင်းအုံးတွေ အိပ်ရာခင်းတွေဟာလည်း တွန့်ကြေပြန့်ကျဲနေသည်။ သားတွေပုံစံဟာလည်း မိ ပြင်ဆင်တုန်းကလို မသပ်ရပ်မကြော့မော့နိုင်။ ကပိုကရိုတွေ။ သားကြီး ထမင်းဗူးကို ကြက်ဥကြော်နှင့် ထည့်ပေးလိုက်ရကာ ... ထည့်ပေးစရာ မုန့်တော့ကုန်နေ၍ မပါသွားတော့ပါ။ သားကြီးက စူပုပ်နေသည်။ သားငယ်ကိုလည်း မုန့်ခြင်းတောင်းထဲ ကော်ဖီဗူးသာ ထည့်ပေးလိုက်ရသည်။ ဘာမုန့်မှ မပါ။

သွားခါနီး ကော်ဖီတစ်ခွက် ဖောက်မော့လိုက်သောအခါ ... ကော်ဖီအရသာမှာ အန်ပျို့၍ပင်သွားသည်။

"ကော်ဖီက ဘယ်လိုဖြစ်နေတာလဲ၊ ခါတိုင်းဘယ်သူဖျော်တာလဲ ... မိလား"

"မနက်ကျ မမမိက လာသောက်ကြည့်ပြီး ဖိုတာပြင်ဆင်လိုက်တာ၊ တစ်ခါတလေလဲ အဆင်ပြေရင်

www.burmeseclassic.com

www.burmeseclassic.com



မပြင်တော့ဘူးလား"

"နင့်ကော်ဖီကို လက်ဆေးဇလုံထဲ ပြောင်းထည့်ပြီး လက်နှိုက်ဆေးလိုက်"

အိမ်ကထွက် ကားပေါ်တက်မည်အပြု အကောင်တစ်ကောင် ယိုင်တိုင်တိုင်နှင့် ကွမ်းဝါးကာ ဝင်လာသည်။ စောစောစီးစီး ရေချိန်ကိုက်လာပုံပင်။

"ဒါဘယ်သူလဲ ဂျမ်းဘို"

"မြက်ရိတ်ဖို့ ... ဦး"

"ဟော့ကောင် ... ပြန်ကွာ ဒီနေ့ မင်းဒီပုံနဲ့ ရိတ်နိုင်မှာလဲ မဟုတ်ဘူး"

"ရတယ်အစ်ကို ... ရိတ်နိုင်ပါတယ်၊ ဒီလိုမှရိတ်နိုင်တာ အစ်ကိုရ ... စိတ်ချပါ"

"မင်းကြည့်ရတာ သေချာလုပ်မယ့်ပုံလဲ မရပါဘူး၊ လပေါ်သရေလုပ်သွားမယ့်ပုံပဲ"

"အစ်ကိုထိုင်ကြည့်ပြီး လိုတာပြောပါ၊ စိတ်တိုင်းကျဖြစ်စေရမယ် ... အစ်မရော"

"အစ်မ မရှိဘူး၊ ငါလဲ ထိုင်မကြည့်နိုင်ဘူးကွာ၊ ကျောင်းပို့ရအုံးမယ်၊ မအားလို့ မင်းတို့ကိုခေါ်ရိတ်ခိုင်းတာပေါ့ကွ၊ ထိုင်ကြည့်မယ့်အစားတော့ ငါပဲရိတ်လိုက်တော့မယ်၊ ကဲ ... ကဲ ... ပြန်ကွာ၊ နက်ဖြန်မှလာခဲ့ကွာ၊ ဒါမှမဟုတ်လဲ နောက်နှစ်နာရီလောက်နေမှလာကွာ၊ အခု ... ငါမအားဘူး၊ သွား



စရာတွေရှိသေးတယ်၊ ကျောင်းပို့ရမယ် ... ဟင်းဝယ်ရမယ်"

"ဦး ... မော်တာပြင်သမားပါ ခေါ်ခဲ့ပါ၊ ပန်းကန်ဆေးစရာတွေ ပုံနေပြီ၊ လက်တောင်ဆေးလို့မရတော့ဘူး ဦးရဲ့"

ဇော်ရှင်း သက်ပြင်းတစ်ချက် တမောကြီးမှုတ်ထုတ်လိုက်မိသည်။ မော်တာပြင်သမား သူ ဘယ်မှာသွားရှာခေါ်ရပါမလဲ။ တစ်မနက်ခင်းလေးအတွင်း သူ့ရုပ်သည် စုတ်ပြတ်စိတ်ဓာတ်ကျသွားကာ ခေါင်းတောင်မဖြီးလိုက်မိပါ။

၁၁၉

ညကတည်းက မချောစုတို့အိမ်မှာ မီး‚လာအိပ်သည်။ ကံကောင်းတာက ... မချောစုတို့အိမ်က ဖုန်းပျက်နေ၍ ဇော်ရှင်းထံသို့ ကိုအောင်ခိုင် ... အကြောင်းမကြားနိုင်ပါ။ မီကလည်းပဲ အကြောင်းမကြားဖို့ ဇွတ်ပိတ်ပင်ပါသေးသည်။ မချောစုတို့အိမ်နားမှာ ဂျန်ရှင်အိတ်ရှိ၍ မချောစုတို့အိမ်ကို မသွားခင်ပင် ... အဝတ်သစ်နှစ်စုံ ဝင်ဝယ်လိုက်

www.burmeseclassic.com



ပါသည်။

သိတဲ့အတိုင်း ... ထိုကုန်တိုက်မျိုးမှာရသည့် အဝတ်အထည်မျိုးက ပုံတုံးပုံဆွေးမရှိ ... ။ နောက်ဆုံးပေါ်သော ခေတ်မီအဝတ်အထည်တွေပင်။ မိ,သည် ကိုယ်အတိ အဖြူအနက်စင်း လက်ရှည်အင်္ကျီတိုကျပ်ကလေးနှင့် စကပ်ရှည် အနက်ကျပ်ကလေးကို ... မချောစုအိမ်မှာ လဲလှယ်လိုက်တဲ့အခါ မချောစုပင် မျက်လုံးဝိုင်းစိုက်သွားရပါသည်။

"ဟယ် ... မိရယ် သိပ်လိုက်တာပဲ၊ လှလိုက်တာ၊ ကိုဇော်ရှင်းမြင်ရင်တော့ ငိုတော့မှာပဲ"

"ငို ... ငို ... ငိုပလေ့စေ"

"ဘယ်လိုဖြစ်တာလဲများ ပြောစမ်းပါအုံး မိရာ"

"မပြောချင်ဘူး ... ကိုအောင်ခိုင့်သူငယ်ချင်းက သိပ်ရက်စက်ယုတ်မာတာ"

"ဒီလောက်ပြောစရာဖြစ်အောင် ဇော်ရှင်းက ဘာများလုပ်လို့လဲ မိရယ်"

မိသည် ပထမတော့ ဘာမှမပြော ... ။ အိမ်ရောက်နေကြောင်းသွားပြောမည်စိုး၍ အောင်ခိုင့်ကိုလည်း အပြင်မထွက်အောင် တားထားပါသည်။ ညနက်လာတော့ မေးလွန်းမက မေးကြသော ဇနီးမောင်နှံကို မျက်ရည်ကလေးလည်ကာ ဒေါကလေးပွပွနှင့် ဓာတ်စုံခင်းပြလိုက်ရပါသည်။



"ကဲပါ ... သူ့ဟာသူ သူ့ရုံးကစာရေးမနဲ့ ဖောက်ပြန်ချင်တာထား၊ မိ,နောက်ကို လူတစ်ယောက်လိုက်ကြည့်ခိုင်းစရာလား၊ မိ,ကို ဇနီးတစ်ယောက်အဖြစ် အနမြောအစုံမက်မရှိ တန်ဖိုးမထားလုပ်ရက်လိုက်တာ၊ ဒါ ... ယုတ်မာတာပေါ့"

အောင်ခိုင်သည် ခေါင်းတွေ ပူထူကျပ်ခဲကာ ငိုင်ငိုင်ကြီး ဇက်လိမ်နေပါတော့သည်။ ဒုက္ခပဲ။ သူ ဆရာကြီးလုပ်ကာ စီစဉ်ခင်းကျင်းသည့်ဓာတ်က ရှုပ်ပြီ။ ထိုအရှုပ်ကို ဖြေဖို့ သူ့၌တာဝန်ရှိသည်ပင်။ သူအကြံပေးမိသည့်ကိစ္စအတွက် အပျက်အပျက်နှင့် သူငယ်ချင်းစုံတွဲ အကွဲမခံနိုင်ပါ။ သူသည် တစ်ဖက်မှာ ရဲနောင်ကိုလည်း အခါပေးထားသည်ပင်။ တစ်ပတ်လောက် အိမ်ပေါ်ကဆင်းချသွားဖို့ သူပဲ စီစဉ်ပေးလိုက်တာ။ တစ်ပတ်ဆယ်ရက်နေမှ ... သူတို့သူငယ်ချင်းတစ်စုက အတင်းရှာဖွေပြီး အိမ်ပေါ်ပြန်တင်ပေးသယောင် ဖွတ်ပြန်ပို့မည်ဟု သူက အစီအစဉ်ရေးဆွဲခဲ့သည်။ ဒါကို ဇော်ရှင်းပင်မသိပါ။

အခု ... ဒီဘက်မှာ ဇော်ရှင်းအတွက် သူ စီစဉ်ညွှန်ကြားခဲ့သော ဓာတ်လမ်းက လမ်းလွဲကြီးလိုက်ကာ ကွဲကြတော့မလိုဖြစ်ပြီ။ မိ,က တောင်ကြီးပြန်မည်အထိ ဖြစ်နေပြီ။ ဇော်ရှင်းတစ်ယောက် ဟိုတစ်ဖက်မှာ လူပုံရှိန်ဆိုသူနှင့် ဓာတ်ရှုပ်ဆိုတာကိုတော့ သူ မသိမကြားရိုး အမှန်ပင်။ သို့ပေမယ့် ဇော်ရှင်းဟာ ဒီလိုလူစားမဟုတ်တာ အောင်

www.burmeseclassic.com



နိုင် အသိဆုံးပါ။

တစ်ဖက်မှ မိ စွပ်စွဲသော ဖောက်ပြန်ရေးဇာတ်မှာ လုံးလုံးမဖြစ်နိုင်။ ဒီဘက်က မိနာကြည်းသော ဇာတ်လမ်းတစ်ခြမ်းကတော့ သူ့လက်ချက်။ သူရှင်းပြဖို့တာဝန်ရှိသည်။ ဒါပေမယ့် သူဝန်ခံလိုက်လျှင် တစ်ချိန်က လူတစ်ယောက် အလိုက်ခံခဲ့ရဘူးသော ချောစုနှင့် တစ်ပြဿနာ။ ဒါပေမယ့် ဒါကိုငဲ့နေဖို့ မဖြစ်သင့်ပါ။ ချောစုနှင့်သူက လောလောဆယ်ကြေလည်အေးချမ်းနေတာပဲ။

"ဒီမှာ မိ … မိကို ကျွန်တော် တစ်ခုပြောရလိမ့်မယ်"

"ပြောပါ … ရပါတယ်"

"ဒါဟာ မိတို့ချင်းမဖြစ်သင့်တဲ့ပြဿနာ မဖြစ်အောင် စေတနာနဲ့ ဝန်ခံရမှာ၊ ဝန်ခံတဲ့အတွက် ကျွန်တော်နဲ့ချောစုတောင် ပြဿနာထ,တက်နိုင်တယ်၊ ဒါကြောင့် မိ ဒီစကားကို အလေးအနက်ထားပါ"

"ဘာရယ် … ကိုအောင်၊ ဝန်ခံမယ်၊ ဝန်ခံမယ်ဆိုတာက ဘာလဲ၊ လှလှရှိန်က ကိုဇော်ရှင်းနဲ့မဟုတ်ဘဲ ကိုအောင်နဲ့လား"

"ဟာ … ဘာဆိုင်လို့လဲ တလွဲကြီး၊ ချောစုကလဲ"

"ဒါဖြင့်ဘာလဲ"

ချောစုက မျက်မှောင်လေးကုတ်လာသည်။

"ဇော်ရှင်းနဲ့လှလှရှိန် ဘာလိုလိုဆိုပြီး မိ စွပ်စွဲတဲ့အ



ပိုင်း … ကျွန်တော်မသိဘူး၊ ကျွန်တော်နဲ့လဲမဆိုင်ဘူး၊ ဒါပေမယ့် … ဒါဟာ လုံးဝ မဖြစ်နိုင်တာတော့ သေချာတယ်၊ ဇော်ရှင်း … ဒီလိုကောင်စားမဟုတ်ဘူး"

မိသည် ယုံချင်သွားပင်။ မိလည်း မောင်ဟာဒီလိုဖောက်ပြန်သည့်သူလို့တော့ မထင်ဘူးပင်။ ဒါပေမယ့် ကွင်းဆက်တွေက ဆက်စပ်လာပြီဥစ္စာ … ။

"ဒီဘက်ခြမ်း … မိနောက်လူတစ်ယောက်လိုက်တဲ့ကိစ္စကတော့ ကျွန်တော်နဲ့ဆိုင်နေတယ်၊ ကျွန်တော်တရားခံဖြစ်နေတယ်"

"ရှင်"

အောင်နိုင်သည် သွယ်ကာဝိုက်ကာ သိုင်းကာဝိုင်းကာ … ဖွဲ့ကာနွဲ့ကာနှင့်ပင် သူ့အယူအဆ သူ့အမြင်နှင့် သူ့အကြံအစည်တို့ကို ရေရေလည်လည်ရှိအောင် ရှင်းလင်းပြောပြရပါတော့သည်။ အိမ်ထောင်ရှင်ဇနီးတွေအပေါ် သူရော ဇော်ရှင်းပါထားတဲ့ စေတနာမေတ္တာကိုမြင်သာထင်သာရှိအောင် မနည်းသသောပေါက်အောင် ရှင်းပြရပြီးမှ …

"ဒါနဲ့ … မိနောက်ကို လူတစ်ယောက်လိုက်ကြည့်နိုင်းဖို့ ကျွန်တော် … ဇော်ရှင်းကို အကြံပြုရတာပါ၊ ဒီနည်းဟာ တကယ်ပဲ ထိရောက်ခဲ့တယ်ဆိုတာလဲ ကျွန် … ကျွန်တော့်ကိုယ်တွေ့"

"အင် … အင် … "

www.burmeseclassic.com

www.burmeseclassic.com



ချောစုရဲ့လက်သီးဆုပ်ကြီးများက အောင်ခိုင့်လက်မောင်းပေါ် ပခုံးပေါ် ကျောပြင်ပေါ် အကြီးအကျယ် အငြိုးပြင်းပြင်း ကျရောက်လာပါတော့သည်။

"ကြည့်စမ်း ... ကဲ ... ကဲ ... ရှေ့ဉာဏ်ရှင်ကြီး၊ ဟိုးတလောက ချောစုနောက်ကို လူတစ်ယောက်လိုက်ရိုက်နေတာ လက်စသတ်တော့ ... အင် ... အင်၊ ကဲ ... ရှင်ကိုး၊ ရှင့်လက်ချက်ကိုး၊ ကဲ ... အကြံကြီးအုံး၊ ကဲ ... လူကိုအရူးလုပ်အုံး၊ ကဲ ... မကြံကောင်းမစည်ရာ အတတ်ကျူးအုံး"

"အား ... အား ... နာလိုက်တာ ချောစုရာ၊ လက်သံက ပြင်းလိုက်တာကွာ ... မင်းကွာ"

"လည်ပင်းတောင်ညှစ်ပစ်ချင်တယ်၊ လက်စသတ်တော့ ဒင်းလက်ချက်၊ လူမှာတော့ အရူးကျနေတာပဲ၊ သူ့ကိုပြန်ပြန်ပြောပြရတာ၊ တကယ်က သူဒါရိုက်တာ"

"တော်ပါတော့ကွာ၊ ချောစုတကယ်ပဲ ပြုပြင်ပြောင်းလဲလာခဲ့တာပဲ၊ ချောစုစိတ်ထဲ ကိုယ့်ကိုကိုယ် အရှယ်ရှိသေးလှသေးမှန်း အမြင်မှန်ရ တက်ကြွပြီး လှလှပပပြန်လုပ်လာခဲ့တာပဲ"

မိ,သည် အံ့ဩတကြီး သက်ပြင်းချလိုက်မိပါသည်။ အော် ... မောင် ... မောင် ... ။ ကိုအောင်ခိုင်ပေးတဲ့အကြံကို တကယ်ကိုယုံစား အကောင်အထည်ဖော်



တော့တာ။ ကိုအောင်ခိုင်လည်း သူတကယ်ကျင့်သုံးအောင်မြင်ခဲ့သောနည်းမို့ စေတနာနှင့် ပြောတာဟုတ်ပေမယ့် ... မိန်းမတိုင်းဟာ တစ်စိတ်တည်း တစ်သဘောတည်း တဲ့ပြန်မှုတစ်ထပ်တည်းဖြစ်မည်လို့ မောင်က ထင်ရသလား။ ကိုယ့်မိန်းမအကြောင်း ကိုယ်မသိဘူးလား။ တစ်ဖက်က စိတ်နာစရာကြီးအတွက် ... တစ်ထိုင်တည်း ရင်အေးသွားရသလိုရှိသော်လည်း နောက်တစ်ကိစ္စအတွက်မှု ... ရင်ပူရတုန်းတည်း။

"နေပါအုံး မိ,ရယ် ... လှလှရှိန်ကိစ္စကကော မိ,က ဘာကြောင့်စွပ်စွဲနိုင်ရတာလဲ"

"မောင်က ဒီမိန်းမနာမည်တွေကို တရွက်နဲ့အပြည့်ချရေးထားတာ၊ စိတ်လွတ်လက်လွတ်ကို ရေးခြစ်ထားတာ၊ မိကိုယ်တိုင်မြင်တာ"

"တစ်ခုခု ရှိပါလိမ့်မယ်ဗျာ၊ မေးမြန်းကြည့်ပါအုံးတော့လား၊ စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ဗျာ၊ တောင်ကြီးလဲ ပြန်မသွားပါနဲ့အုံး၊ တကယ်ဟုတ်ရင် ကျွန်တော်ကူမဖုံးပါဘူး၊ ဝိုင်းစုံစမ်းပေးပါ့မယ်၊ ကျွန်တော်တို့တတွေဟာ ကိုယ့်မိန်းမကိုကိုယ် သစ္စာရှိရှိချစ်နေကြတဲ့ကောင်တွေပါဗျာ၊ ကိုယ့်မိန်းမကိုယ် အရိပ်ကြည့်ပြီး အိမ်ထောင်ရေးကို ဒီထက်ဒီ သာယာစိုပြည်စေချင်ကြတဲ့ကောင်တွေပါ၊ ခင်ဗျားတို့ယောကျ်ားတွေဟာ ... ခင်ဗျားတို့ကို သိပ်ချစ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ယုံထားစမ်းပါ”

ဤစကားကြောင့် ချောစုလည်း အထုရပ်ကာ မိမှာလည်း မျက်ရည်ပင်လည်လာပါသည်။

၃၁၉

သားငယ်ကျောင်းပို့၊ သားကြီးကျောင်းပို့ ဟင်းဝယ်၊ ဘုန်းကြီးကျောင်းပို့၊ မော်တာပြင်ဖို့၊ လူခေါ်ရန်လိုက်စုံစမ်း၊ စုံစမ်းမရခင် ... သားငယ်ကျောင်းဆင်းချိန် ဆယ့်တစ်နာရီရောက်သွား၍ သွားကြိုကာ အိမ်ပြန်ပို့။ ဖွတ်မြက်ခုတ်နေသော မြက်သမားနှင့် အခြေအတင်ပြောဆိုကြီးကြပ်ရင်း ထမင်းစား။ အောင်ခိုင့်ရုံးကိုဖုန်းခေါ်တော့ အစည်းအဝေးအရေးကြီး၍ ထရိတ်ဒါးစ်ဟိုတယ်သွားနေရသည်ဆို၍ အဆက်အသွယ်ကမရ။ အိမ်ကထွက်ကာ ... မော်တာပြင်သမားရှာ။ အိမ်မှာ ထမင်းစားအပြီး၌ပင် ရေသန့်ဗူးထဲကရေနှင့် လက်ဆေးနေရသည့်ဘဝ ဖြစ်နေပြီ။

မော်တာသမားရကာ ပြန်အလာ ... လမ်းထဲကလူကြီးတစ်ယောက်က လမ်းအစည်းအဝေးဖိတ်ပြန်သည်။ သူတို့လမ်းကို ကတ္တရာလမ်းခင်းမှာမို့တဲ့ ... ။ ဇော်ရှင်း



မအားတာသိပြီးဖြစ်၍ မိ,ကိုသာ လာဖိတ်တာပင်။ အစည်းအဝေးတက်ဖို့ ငြင်းကာ ... အများ ဆုံးဖြတ်ရာ နာခံပါမည်ဟု လက်မှတ်သွားထိုးပေးရပါသည်။

အိမ်မှာ မော်တာကပြင်မရဘဲ ကွိုင်လောင်တာတွေပြင်ပတ်ရမည်ဆို၍ ဖြုတ်ပြီး ဆိုင်ယူသွားဖို့ ပြန်ပို့ပေးရသည်။ အဲဒီကအပြန် သားကြီးကိုကြို။ ရေလုံးလုံးမရှိလို့မဖြစ်၍ ရေကားတစ်စီး ဖုန်းဆက်မှာရသည်။ အိမ်မှာရှိသမျှ အိုးခွက်ပလုံးတွေ ... ပလတ်စတစ်တိုင်ကီပြွတ်တွေ၊ ရေသန့်ဗူးလွတ်[illegible]နှင့် ရေကိုခံယူကာ သယ်ရပို့ရ။ ရှုပ်ယှက်ခတ်နေသည်မှာ လူပင်ရှူးချင်စိတ်ပေါက်နေသည်။ မိကိုရှာဖို့ဖွေဖို့ဆိုတာ အချိန်ကိုမရတော့ပါ။

သားနှစ်ကောင်က အမေတ,ငိုနေ၍ ချော့မော့နေတုံး ဖုန်းမြည်လာပါသည်။

“ဟယ်လို”

ကောက်ထူးသော ဇော်ရှင်းအသံမှာ ဒေါသသံပေါက်နေသည်။

“ဇော်ရှင်း ... ငါပါ၊ အောင်ခိုင်ပါ”

“ဟာ ... ဟေ့ကောင် ... မင်းရုံးငါဆက်တာ နှစ်ခါရှိပြီ”

“ဆောရီးကွာ၊ အစည်းအဝေးကြာသွားလို့ကွ၊ မနက်ရုံးရောက်ရောက်ချင်း ငါဆက်တော့ မင်းမရှိဘူး”

“မင်းဆက်မှန်းလဲ ကောင်မလေးတွေ မပြောကြပါဘူး

www.burmeseclassic.com



ကွာ"

"ဟော့ကောင် ... မိ ငါ့အိမ်မှာ"

"ဟာ ... မိ ... မိ ... မင်းတို့အိမ်မှာ"

"အေး ... ဆောရီးကွာ၊ ငါ ဒါရိုက်တာလုပ်တဲ့ကိစ္စကြောင့် ဒီလိုဖြစ်သွားရတာ ငါရှင်းပြပြီးပါပြီ၊ ငါလဲ စိတ်မကောင်းဘူးကွာ"

"ဒါဖြင့် မိ,ကဘာလို့ပြန်မလာလဲ"

"မင်းရဲ့လှလှရှိန်ကိစ္စက ရှိသေးတာ"

"ဟာ ... ထပ်သရီး ... ပေါက်ကရတွေပါကွာ"

"မင်းက ကောင်မလေးနာမည်တွေ ဖိုင်လ်ထဲမှာ စာရွက်ပြည့် ရေးခြစ်ထားတာဆို"

"ဘယ်တုံးက ... အော် ... ငါသိပြီ၊ ဟုတ်တယ်၊ သူ့ဆိုင်းကို ငါထိုးကျင့်တာ၊ ဒီကောင်မလေး ဆေးရုံသုံးရက်လောက်တက်ရတုံး သူ့လက်မှတ်နဲ့တင်စရာ စာရွက်တစ်ရွက် အရေးပေါ်လာလို့ ငါပဲထိုးကျင့်ပြီး ထိုးလိုက်ရတာပေါ့၊ ငါပဲ တာဝန်အယူနိုင်ဆုံးလူကိုးကွ၊ သူ့လက်မှတ်တွေ ထိုးထားတဲ့စာရွက် မိတွေ့တာထင်တယ်၊ ဟာ ... ဟုတ်ပြီ၊ ဟော့ကောင် ... ငါခုပဲ သွားမယ်၊ အိမ်မှာ ချောစုရှိတယ်မို့လား"

"ရှိတယ်"

"ဒါပဲဟော့ကောင်၊ အော် ... ဟော့ကောင် ... ကျေးဇူးပဲ"



ဇော်ရှင်းသည် ဖုန်းကိုခွပ်ခနဲချကာ ... သားနှစ်ကောင်ကို ဘာမှမလဲမလှယ်ဘဲ အိမ်နေပုံစံနှင့်ပင် ကားပေါ်ချီတင်ကာ ... အိမ်ကလူတွေ ဟစ်အော်ပြောပြီး ကားကိုကမန်းကတန်း မောင်းထွက်လာခဲ့ပါသည်။ သားနှစ်ကောင်သည် အိမ်နေရင်းဝတ်သော စွပ်ကျယ်လေးတွေနှင့် ဆော့ထား၍ ဖင်မည်းနေသော ဘောင်းဘီတိုတိုနှင့် နံနက်ရောညနေခင်းပါ ရေမချိုးရ၍ ကြောင်ချေးရုပ်ကိုယ်စီဖြစ်နေကာ ဇော်ရှင်းကား တစ်မျက်နှာလုံး ဆီပြန် ... ဆံပင်တွေပွရောင်း၍ လက်နှစ်ဖက်က မော်တာကူဖြုတ်ထားစဉ်ကအတိုင်း မည်းသည်းနေသည်။

လူတစ်ကိုယ်လုံး ရှုပ်ပွေဖွာများပြီး စိတ်နောက်လှ၍ အကျီတွေဘာတွေလည်း သပ်သပ်ရပ်ရပ်မလဲချင်။ မလဲခဲ့။ ရုံးသို့ မိ မီးပူတိုက်ပေးသော ကော့တောင့်သည့် ရုပ်လက်ရှည်ဝတ်ကာ စတိုင်ကျကျသွားသော ... ဇော်ရှင်းသဏ္ဍာန်သည် မနေ့ကအတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ ယနေ့ ပစ္စုပ္ပန်ဇော်ရှင်းကား တစ်ကိုယ်လုံး ရုပ်ပျက်ပြီး စုတ်ပြတ်သတ်နေပါသည်။

ချောစုတို့အိမ်ရှေ့ ကားထိုးရပ်လိုက်လျှင် ... သားတို့ကိုပင် မခေါ်တော့ဘဲ တံခါးဘဲလ်ကို အပြေးနှိပ်မိသည်။ ချောစု ပြေးထွက်လာကာ ပြုံးစေ့စေ့တံခါးဖွင့်လျှင်

"မိ ... မိရော"

"ရှိပါတယ်၊ ဟယ် ... ရှင်ဘယ်လိုဖြစ်လာတာလဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ရှင်း ... လူရုပ်မပေါ်ပါလား"

"အဟဲ ဟဲ"

"မိရေ ... မိ၊ လာပါအုံး ... မိ"

ဇော်ရှင်းသည် ညည့်ခန်း၌ မထိုင်နိုင်ဘဲ မိုးတိုး မတ်တပ်နှင့် မိ ဘယ်ကထွက်လာမလဲ မျှော်ကာနေသည်။ အဲဒီတုန်း ခန်းဆီးစဖြူဖြူနုစ်စ ... ဖြန်းခနဲဟ,ကာ မိက လှစ်ခနဲထွက်ပေါ်လာပါသည်။

"မိ"

ခါလိုက်သော ဇော်ရှင်းလေသံက ... လည် ချောင်း၌ကပ်သွားလေသည်။ နွယ်နွယ်ကလေး ဝဲကော့နေ သော စတက်ပ်ဆံပင်ပုံကလေးနှင့် ကိုယ်ကျပ်အကျီလုံချည် စကပ်ရှည်ကျပ်ကလေး ဝတ်ထားသည့် အင်မတန်ကြော့ရှင်း နေသော မိန်းမဟာ ... မိ ... မိတဲ့။ ဆံပင်နှင့်မျက်ခုံး ပုံသွင်းလိုက်ရုံနှင့် မျက်နှာရုပ်ရည်က လုံးဝပြောင်းလဲနေ ကာ အဝတ်အစားကြောင့် ကိုယ်လုံးကလေး ချပ်ရပ်ပေါ် လွင်နေပါသည်။ မိ ... မိက သိပ်လှတာပဲ။ ဒီပုံနှင့်သာ ဆို သူ ကိုလတ်ကိုပင် နောက်ကထည့်ရဲမှာမဟုတ်။ စိတ် ချနိုင်စရာမရှိ။

ဝမ်းလည်းနည်း စိတ်လည်းအေးကာ သက် ပြင်းရှိုက်လိုက်မိလျက် ...

"မိ ... ဟိုစာရွက်က လှလှရှိန်နာမည်ကို မောင် လက်မှတ်ထိုးကျင့်ရတာ၊ သူဆေးရုံတက်တုန်း သူ့ လက်မှတ်လိုအပ်နေတဲ့ အရေးကြီးစာရွက်တစ်ရွက်အ



တွက် မောင် ဆိုင်းထိုးကျင့်ရတာ၊ အဲ ... အဲဒါ မိ မယုံနိုင်ဘူးလား"

မိသည် ချက်ချင်းရင်ထဲကအလုံးကြီး ကျကာ မျက်ခုံးလေးပင့်တက် ရွှင်လန်းသွားပြီးလျှင် ...

"မောင် ... ဘယ်လိုပုံဖြစ်နေတာလဲ၊ ဟင် ... သားတို့၊ သားတို့ကလဲ စုတ်ပြတ်သတ်နေပါလား ကွယ်၊ မောင် ရုံးကအပြန် သားတွေကြိုကြတာ ခါ တိုင်း ဒီပုံလား မောင်"

"မိ ... မိရယ် ... မိလိုအပ်နေတယ်၊ မောင်တို့ ဘ၀ထဲမှာ မိ တစ်ရက်ပျောက်သွားရင်တောင် အား လုံး ကပေါက်တိကပေါက်ချာဖြစ်ကုန်မယ်၊ တစ်နေ ကုန် မိ ဘယ်လိုဝန်တွေထမ်းနေ ပိနေရတယ် ... မိ ဘယ်လိုပင်ပန်းနေတယ်ဆို မောင် နားလည်ပါ တယ်၊ အဲဒီအစွမ်းအစ ... မိမှာပဲရှိပါတယ်၊ မိ တမင်တကာ ပန္နလက္ခတ် ကပိုကရိုနေနေတာမဟုတ် တာ မောင် သိပြီ၊ မိ သိပ်လှနေနိုင်သေးတာလဲ အခု မိ ... သိပြီမဟုတ်လား၊ မိ,မရှိဘဲလဲ နောက် တစ်နာရီတောင် ထပ်မနေနိုင်တော့ဘူး မိ၊ တစ်အိမ် လုံးလဲ ဖြောင်းဆန်နေပြီ၊ နော် ... မိနော်၊ သွား ကြစို့တော့ ... နော်"

"ဟင် ... ကိုဇော်ရှင်းတစ်ယောက်ဟာ တစ်ခဏ တောင် မထိုင်နိုင်ဘူး"

"ဟင့်အင်း ... မထိုင်နိုင်ဘူးဗျာ၊ မို့ ကားကို ည

www.burmeseclassic.com

www.burmeseclassic.com



ကျလာပို့ကြ"

ဇော်ရှင်းက မိလက်ကို ဆွတ်ဆွဲခေါ်သည်။ မိရဲ့အိတ်ကို ချောစုသားကလေးက အပြေးယူလာပေးရှာသည်။ သားနှစ်ယောက်ကား ပုံတစ်မျိုး သစ်ထူးကာ လှနေသော သူတို့အမေကို ပြုံးစိစိကြည့်၍တည်း။ သူတို့မိသားစုကိုတင်ဆောင်သော ကားကလေးဟာ သူတို့ရဲ့ သီရိရိပ်မြုံကလေးဆီ အမြန်ဆုံးအပြေးနှင်တော့သည်။

BURMESE CLASSIC .com

လမင်းမိုမို

www.burmeseclassic.com